www.burmeseclassic.com

ညှိုင်ရှာနှာစာပေ

# မတေးဒါ

ရှင် ဓမ ယွန်း ပြန်ဆိုသည်



# *Matilda*

*by Roald Dahl*

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ဦ

လှိုင်ရတနာစာပေ

ကျုပ်ရဲ့ဖယောင်းတိုင်လေးဟာ
အစွန်းနှစ်ဖက်စလုံးမှာ လောင်ကျွမ်းနေတယ်
ဒီညကုန်ဆုံးသွားတဲ့အချိန်ထိတော့ သူ လင်းနိုင်မှာမဟုတ်ပါဘူး
ဒါပေမယ့် . . .
အိုး. . . ကျုပ်ရဲ့ရန်သူတွေ၊ ကျုပ်ရဲ့မိတ်ဆွေတွေ
လှပလွန်းတဲ့အလင်းတန်းတစ်ခုကိုတော့ သူ ပေးနိုင်ခဲ့တယ်လေ။

ရိုးလ်ဒ်ဒေါလ် *Roald Dahl*

www.burmeseclassic.com

www.burmeseclassic.com



# မတေးဒါ

ရှင်မေယွန်း

*Matilda by Roald Dahl*

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်- ၅၀၀၈၁၁၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၀၀၈၀၄၀၆၀၇

❖

ပုံနှိပ်ခြင်း
ပထမအကြိမ် ၊ ၂၀၀၆ ခုနှစ် ၊ စက်တင်ဘာ လ

❖

အုပ်ရေ
၁၀၀၀

❖

မျက်နှာဖုံးဒီဇိုင်း
ဇော်ကြီး (နဝရတ်)

❖

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (၁၀၆၅) ၊ သင်းစာပေ
အမှတ်(၁၀) ၊ ရတနာမြိုင်လမ်း ၊ (၁)ရပ်ကွက် ၊ ကမာရွတ်မြို့နယ်

❖

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဆန်းထူးစိုး (၀၄၆၉၈)
ဆန်းသဇင်ပုံနှိပ်တိုက်
အမှတ်(၁၉၈) ၊ (၃၉)လမ်း ၊ ကျောက်တံတားမြို့နယ်

❖

စီစဉ်ထုတ်လုပ်မှု
လှိုင်ရတနာစာပေ

❖

တန်ဖိုး
၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိဘတွေနဲ့ပတ်သက်ပြီး ထူးဆန်းတာတစ်ခုရှိတယ်၊ ကိုယ့်ကလေးက ဒိုက်သတ်ချင်စရာကောင်းလောက်အောင် ဆိုးသွမ်းနေရင်တောင်မှ လူရည်ချွန်လေးလို့ထင်ပြီး ဖူးဖူးမှုတ်နေကြသေးတာ၊ တချို့ဆို ပိုလို့တောင်အဖြစ်သည်းသေး၊ သားသမီးကိုချစ်လွန်းတော့ စုံလုံးကန်းပြီး ငါ့သား သမီးလေးက တော့ဖြင့် ပါရမီရှင်လေးရယ်ပါလို့တောင် စွတ်ရွတ်ပြီး ကိုယ့်ကိုကိုယ် အယုံသွင်းဖို့ ကြိုးစားကြတဲ့ မိဘမျိုးတွေပေါ့။

အင်း. . ပြောရမယ်ဆိုရင် သူတို့မှားတယ်လို့လည်း မဟုတ်ပါဘူးလေ၊ ဒါဟာလည်း ဟောဒီကမ္ဘာကြီးရဲ့ ဖြစ်ရိုးဖြစ်စဉ်တွေထဲက တစ်ခုပဲမဟုတ်လား၊ အဲဒီလိုမိဘမျိုးတွေက သူတို့ရဲ့ မနှစ်မြို့စရာ သတ္တဝါလေးတွေဘယ်လောက်ထက်မြက်ကြောင်းပြောဖို့ စကားစ,ရှာပြီဆိုတာနဲ့ "ထွေးခံဖြန်ဖြန်ယူခဲ့စမ်းပါ၊ ဒီမှာ အန်ချမိတော့မယ်" ဆိုတဲ့ စကားသံတွေကတော့နောက်ဆက်တွဲ ဖြစ်စဉ်တွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြွားကြွားမိဘတွေရဲ့ အခြေအမြစ်မဲ့စကားတွေကို အများဆုံး ဒုက္ခခံပြီး နားထောင်ရသူတွေကတော့ ကျောင်းဆရာ၊ဆရာမတွေပါပဲ။ ဒါပေမယ့် အတန်းပြီးဆုံးလို့ ရိပို့ကဒ်တွေရပြီဆိုတာနဲ့ အဲဒီလိုမျိုးမိဘတွေ တစ်ကျော့ပြန်ပြီး ဒုက္ခခံပေရော့ပဲ ၊ ကျုပ်သာ ကျောင်းဆရာဆိုလို့ကတော့သည်းသည်းလှုပ်မိဘတွေရဲ့ သားသမီးတွေအတွက် နွေကျောင်းပိတ်ရက်မှာ ဖျတ်ဖျတ်လူး ပူလောင်သွားအောင် မီးမြှိုက်မိမယ် ထင်တာပဲ။

" ခင်ဗျားတို့ရဲ့သား ကိုရွှေတော်လေးကတော့ လုံးဝကို သုံးစားလို့မရဘူး၊ သူ ကျောင်းပြီးသွားတာနဲ့ အလုပ်တန်းပေးနိုင်မယ့် မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုလောက် ခင်ဗျားတို့ဆီမှာရှိပါစေလို့ မျှော်လင့်ပါတယ်ဗျာ။ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားတို့သား ငနုံတစ်ယောက်အတွက် ဘယ်နေရာမှာမှ အလုပ်မရနိုင်ဘူးဆိုတာ သေချာသလောက် ဖြစ်နေလို့ပါ"လို့ ပြောမိမှာပဲ၊ ဒါမှမဟုတ် အဲဒီနေ့မှာ ကျုပ်စိတ်လက်ကြည်လင်နေမယ်ဆိုရင်တော့. . "နံ့ကောင်တွေရဲ့နားအင်္ဂါက ဝမ်းဗိုက်တွေရဲ့အောက်မှာ ရှိတယ်ဆိုတာ တကယ်စိတ်ဝင်စားစရာကောင်းတဲ့ အမှန်တရားတစ်ခုပဲဗျို့၊ ခင်ဗျားရဲ့သမီးမထက်မြက်လေးကတော့ နားအင်္ဂါ လုံးဝပါမလာဘူးဆိုတာ ဒီအတန်းထဲမှာ သူ ဘာတွေသင်ယူတတ်မြောက်ခဲ့လဲ ဆိုတာကိုကြည့်ပြီး ဆုံးဖြတ်ရုံနဲ့သိနိုင်တယ်ဗျ" တစ်ခါတစ်လေကျရင်လည်း သဘာဝနိယာမတွေကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေပြီး စီကာပတ်ကုံး ပြောမိမယ်ထင်တာပဲ၊ " ပုစဉ်းရင်ကွဲတစ်ကောင်ဟာ သားလောင်းဘဝနဲ့ မြေကြီးထဲမှာ ခြောက်နှစ်လောက် အချိန်ကုန်ခံရပြီး နေ ၊လေ ၊သဘာဝရဲ့ လွတ်လပ်တဲ့ သတ္တဝါတစ်ကောင် အဖြစ်နဲ့တော့ ခြောက်ရက်ထက်ပိုပြီး မနေရရှာဘူးတဲ့၊ ခင်ဗျားတို့ရဲ့ အချစ်တုံး မောင်ပုစဉ်းလေးကတော့ ဒီကျောင်းမှာ သားလောင်းအဖြစ်နဲ့ ခြောက်နှစ်လောက် အချိန်ကုန်ခဲ့ပြီးပြီဆိုပေမယ့် လောက်လောက်လားလား ထွက်ပေါ်လာဖို့ ကျုပ်တို့စောင့်နေရတုံးပဲဗျာ" ကျုပ်ပေးလိုက်တဲ့ မှတ်ချက်ကြောင့် ကျုပ်ကိုတော့ အဆိပ်ပြင်းပြင်းကောင်မလေးတစ်ကောင် နာကျည်းသွားလိမ့်မယ်နဲ့တူတယ်။

"လှုလှုတုံဆီမှာ ရေခဲစိုင်လိုအေးမြတဲ့ အလှတရားတွေရှိပါတယ် ၊ ဒါပေမယ့် ရေခဲစိုင်နဲ့ မတူတာက သူ့ရဲ့မျက်နှာပြင်အောက်မှာ ဘာမှမရှိတာပါပဲ"

www.burmeseclassic.com



ကျုပ်ကတော့ အတန်းထဲက ပြဿနာလေးတွေအတွက် ရိုပို့တင်မှတ်ချက်တွေကို နှစ်နှစ်ခြိုက်ခြိုက် ရေးမိနေမှာ မြင်ယောင်မိသေးတယ်ဗျာ၊ ဒါပေမယ့် အဲဒီကိစ္စက တော်လောက်ပြီဗျာ၊ ရှေ့ဆက်ဖို့ ရှိသေးတယ်လေ။

တစ်ခါတလေကျပြန်တော့လည်း ကိုယ့်သားသမီးအပေါ်မှာ လုံးဝစိတ်ဝင်စားမှုမရှိတဲ့ မိဘတွေနဲ့လည်း ဆုံနိုင်သေးတယ်၊ အဲဒီလို မိဘမျိုးတွေကတော့ဖြင့် အစောက သည်းသည်းလှုပ်မိဘတွေထက် ပိုဆိုးတတ်တယ်၊ ဝမ်းဝုဒ်တို့ ဇနီးမောင်နှံကတော့ အဲဒီလိုမိဘနှစ်ပါးလို့ ဆိုရမယ်၊ မိုက်ကယ် နဲ့ မတေးဒါ လို့ခေါ်တဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပေမယ့် မိဘတွေက အထူးသဖြင့် မတေးဒါကို အနာဖေးတစ်ခုလိုပဲ မှတ်ယူထားကြတယ်၊ သိကြတဲ့အတိုင်း အနာဖေးဆိုတာ အောက်ကအသားတက်လာမယ့် အချိန်အထိ စောင့်ပြီး၊ အချိန်တန်တာနဲ့ ခွာပြီးလွှင့်ပစ်လိုက်ရုံပဲ မဟုတ်လား၊ဝမ်းဝုဒ်စုံတွဲကလည်း သူတို့ရဲ့သမီးလေးကို ဟိုဘက်နိုင်ငံ ဒါမှမဟုတ် ဒီထက်ပိုဝေးတဲ့နေရာအထိ စွန့်ပစ်လိုက်ရမယ့်အချိန်ကို မျှော်လင့်တကြီးနဲ့ စောင့်နေကြတဲ့ သူတွေပါ။

မိဘတွေက သာမန်ကလေးတွေကို အနာစိမ်းတွေ၊ အနာဖေးတွေလို သဘောထားပြီး ဆက်ဆံကြတယ်ဆိုရင်တောင် အတော်ဆိုးလွန်းနေပြီ၊ အဲဒီတလေးက သာမန်ထက် ထူးခြားနေမယ်ဆိုရင်တော့ အတော်ဆိုးဆိုးဝါးဝါးတွေဖြစ်လာမှာ အမှန်ပဲ၊ "သာမန်ထက်ထူးခြားတယ်" ဆိုတာ သိတတ် မြင်တတ်ပြီးထက်မြက်တာကို ဆိုလိုချင်တာပါ။

မတေးဒါမှာတော့ အခုနပြောတဲ့အရည်အသွေး နှစ်မျိုးလုံးနဲ့ ပြည့်စုံပြီး၊ အထူးသဖြင့် ဉာဏ်ပညာထက်မြက်တာပါပဲ၊ မတေးဒါရဲ့ ပင်ကိုယ်စိတ်ရင်းက ရိုးရှင်းလှပြီး၊ အလွယ်တကူသင်ယူတတ်မြောက်နိုင်တဲ့ သူ့ရဲ့ဉာဏ်ရည်ကို သိတ်မပါးနပ်တဲ့ မိဘတွေတောင်မှ သိမြင်နိုင်လောက်တယ် ၊ ဒါပေမယ့် ဝမ်းဝုဒ်တို့စုံတွဲကတော့ အတော်လေးကို ထုံအ,ပြီး၊ သူတို့ရဲ့ သေးနုပ်တဲ့ဘဝလေးထဲမှာပဲ ရှုပ်ထွေးလုံးချာပတ်နေလို့ သူတို့ရဲ့သမီးလေးနဲ့ပတ်သက်တဲ့ ထူးခြားမှုကို သတိပြုမိဟန် မရှိဘူး၊အမှန်အတိုင်းပြောရရင် မတေးဒါ ခြေတစ်ဖက်ကျိုးသွားလို့ အိမ်ထဲကို တွားတွားပြီးဝင်လာရင်တောင်မှ သူတို့သတိမှထားမိပါ့မလားလို့ သံသယဖြစ်မိသေးဘယ်။

မတေးဒါရဲ့အစ်ကို မိုက်ကယ်ကတော့ သာမန်ကောင်လေး တစ်ယောက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူညီမကတော့ ကျုပ်ပြောခဲ့တဲ့အတိုင်း ခင်ဗျားမျက်လုံးတွေ အစုံလိုက်ပြူးထွက်လာအောင် လုပ်နိုင်တဲ့အထဲမှာပါတယ်၊ သူမ အသက်တစ်နှစ်ခွဲ လောက်မှာ ပြောတဲ့စကားတွေက အတော်လေးကို ချောမွေ့နေပြီ၊ ပြီးတော့ လူကြီးသူမတွေပြောတဲ့ စကားလုံးကြီးတွေကိုလည်း နားလည်နေပြီ၊ မတေးဒါရဲ့ မိဘတွေကတော့ ချီးမွမ်းရမဲ့အစား စကားများတဲ့ လေအိုးလေးတို့တောင် ခေါ်ကြသေး၊ ပြီးတော့ မိန်းကလေးဆိုတာမျိုးက မြင်ရုံသာအကြည့်ခံရပြီး အသံမထွက်ရဘူးလို့တောင် ခပ်မာမာလေး ငေါက်တတ်ကြသေးတယ်။

အသက်သုံးနှစ်လောက်မှာ မတေးဒါတစ်ယောက် အိမ်မှာရှိတဲ့ သတင်းစာတို့၊ မဂ္ဂဇင်းတို့ကို ဖတ်ရင်းနဲ့ စာအတော်လေး ဖတ်တတ်နေပြီ လေးနှစ်လောက်ရောက်တော့ ခပ်သွက်သွက်နဲ့ ကောင်းကောင်းဖတ်တတ်နေပြီ စာအုပ်တွေကို မက်မှန်းမသိ မက်လာတယ်၊ ဒီလိုအသိဉာဏ်ပညာတွေနဲ့ ပြည့်စုံနေတဲ့ အိမ်ထောင်စုမှာ မတေးဒါရှာတွေ့နိုင်တာက "အလွယ်တကူချက် ပြုတ်နည်း"လို့အမည်တွင်တဲ့ သူမရဲ့အမေပိုင်ဆိုင်တဲ့ စာအုပ်တစ်အုပ်ပဲ ရှိတယ် အဲဒီစာအုပ်ကိုလည်း မျက်နှာဖုံးကနေ နောက်ကျောဖုံးအထိဖတ်ပြီး ချက်ပြုတ် နည်းအားလုံးကို အလွတ်နီးပါး ကျက်မှတ်ပြီးတဲ့နောက် ဒီထက်ပိုပြီး စိတ်ဝင်စား စရာကောင်းတဲ့ စာအုပ်တစ်အုပ်လောက် မတေးဒါ တောင့်တလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. . သမီးကို စာအုပ်တစ်အုပ်လောက် ဝယ်ပေးလို့ရမလား"

"ကြီးကြီးကျယ်ကျယ်နဲ့ ဘာလုပ်ဖို့ စာအုပ်လိုချင်ရတာလဲ"

"ဖတ်ဖို့ပါ"

"တီဗွီက ဘာဖြစ်နေလို့လဲ၊ ငါတို့မှာ ချစ်စရာ ဆယ့်နှစ်လက်မတီဗွီလေး ရှိနေတာတောင် စာအုပ်ဝယ်ခိုင်းသေးတယ်၊ နင်ကတော့ တဖြည်းဖြည်းနဲ့ ဆောင့်တက်လာပြီနော်"

ရုံးဖွင့်ရက် နေ့ခင်းပိုင်းဆိုရင် အိမ်မှာ မတေးဒါတစ်ယောက်တည်း ကျန်နေခဲ့လေ့ရှိတယ်၊ သူမရဲ့အစ်ကိုက ကျောင်းသွား၊ သူမရဲ့ဖခင်ကအလုပ်သွား တယ်၊ မိခင်ကတော့ ရှစ်မိုင်လောက်ဝေးတဲ့ မြို့လေးမှာရှိတဲ့ ဘင်ဂိုလောင်းကစား ဝိုင်းဆီကို ထွက်သွားလေရဲ့၊ မစ္စစ်ဝမ်းဝုဒ်တစ်ယောက် ဘင်ဂိုလောင်းကစားကို တစ်ပတ်မှာ ငါးရက်သွားကစားတဲ့အထိ စွဲမက်နေသူပါ။

စာအုပ်ဝယ်ပေးဖို့ သူမရဲ့ဘခင်က ငြင်းလိုက်တဲ့ နေ့ခင်းပိုင်းမှာတော့ မတေးဒါတစ်ယောက် ရွာထဲက စာကြည့်တိုက်ရှိရာကို တစ်ကိုယ်တော် ခရီးထွက် ခဲ့တယ် ၊ အဲဒီမှာ စာကြည့်တိုက်မှူးမစ္စစ်ဖပ်စ်နဲ့ ကိုယ့်ကိုကိုယ် မိတ်ဆက်ပြီး သူမအနေနဲ့ စာအုပ်ဘစ်အုပ်လောက်များ ဖတ်လို့ရမလားလို့ မေးကြည့်တယ်၊ မိဘတစ်ယောက်မှမပါပဲ ဒီလို ကလေးငယ်တစ်ယောက်တည်း ရောက်လာလို့ မစ္စစ်ဖပ်စ် အတော်လေးကို အံ့ဩသွားမိတာပေါ့၊ ဒါပေမယ့် မတေးဒါကို သူမ ကြိုဆိုကြောင်း ပြောလိုက်တယ်။

"ကလေးစာအုပ်တွေက ဘယ်နားမှာလဲဟင်. . ."

"ဟို. . . . စာအုပ်စင် ခပ်နိမ့်နိမ့်လေးတွေပေါ်မှာ ရှိတယ်၊ သမီးဖတ်ဖို့ အရုပ်တွေအများကြီးနဲ့ စာအုပ်ကောင်းကောင်း တစ်အုပ်လောက် ကူရှာပေးရ မလား. ."

"နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ သမီးဘာသာ သမီးရှာနိုင်မှာပါ. . ."

အဲဒီအချိန်ကစပြီး နေ့ခင်းနေ့လယ်တိုင်း သူမရဲ့မိခင် ဘင်ဂိုကစားဖို့ ထွက်သွားတာနဲ့ စာကြည့်တိုက်ရှိရာကို မတေးဒါသွားလေ့ရှိတယ်၊ လမ်းလျှောက် တာ ဆယ်မိနစ်လောက်သာကြာပေမယ့် အဲဒီအချိန်လေးဟာ သူမအတွက် တိတ်တိတ်ဆိတ်ဆိတ်နဲ့ သက်တောင့်သက်သာရှိလှတဲ့ ထောင့်တစ်ထောင့်မှာ စာ အုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်နေနိုင်ဖို့ အချိန်နှစ်နာရီလောက် ခွင့်ပြုလိုက်

www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ၊ ကလေးစာအုပ်စင်မှာရှိတဲ့ စာအုပ်တိုင်းကို ဖတ်ပြီးတဲ့နောက်မှာ တခြား စိတ်ဝင်စားစရာ စာအုပ် တစ်အုပ်အုပ်ကို မတေးဒါ စတင်ရှာဖွေနေပါပြီ။

လွန်ခဲ့တဲ့ ရက်သတ္တပတ်တွေကတည်းက စိတ်ဝင်တစား စောင့်ကြည့်နေခဲ့တဲ့ မစ္စစ်ဖပ်စ်တစ်ယောက် စားပွဲကနေ မတေးဒါရှိရာကိုသွားခဲ့တယ်။

"ဘာကူညီရမလဲ. . . မတေးဒါ"

"နောက်ထပ် ဘာဖတ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာပါ၊ ဒီကလေး စာအုပ်တွေ အကုန်လုံးကို သမီးဖတ်ပြီးသွားပါပြီ"

"အဲဒီစာအုပ်တွေထဲက ရုပ်ပုံတွေအားလုံးကို ကြည့်ပြီးသွားပြီလို့ ပြောတာလား"

"ဟုတ်ကဲ့. . စာအုပ်တွေကိုလည်း ဖတ်ပြီးသွားပါပြီ"

မစ္စစ်ဖပ်စ်က သူမရဲ့ ထောင်ထောင်မောင်းမောင်း အရပ်ကြီးနဲ့ မတေးဒါကို ငုံ့ကြည့်နေပြီး မတေးဒါကလည်း သူမကို ပြန်ကြည့်နေတယ်။

"တစ်ချို့စာအုပ်တွေက ဇာတ်လမ်းအားနည်းတယ်လို့ သမီးထင်တယ် ဒါပေမယ့် တခြားစာအုပ်တွေကျတော့ စိတ်ဝင်စားစရာကောင်းတယ်၊ အားလုံးထဲမှာ လျှို့ဝှက်ဥယျာဉ်ကို အကြိုက်ဆုံးပဲ၊ အဲဒီထဲမှာ တကယ့်ကို လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေတာပဲ၊ ပိတ်ထားတဲ့အခန်း၊ နောက်. . တံခါးရဲ့လျှို့ဝှက်ချက်၊ ပြီးတော့ အုပ်နံရံနောက်က ဥယျာဉ်ကြီးရဲ့ လျှို့ဝှက်ချက်"

မစ္စစ်ဖပ်စ် အရမ်းအံ့ဩ တုန်လှုပ်သွားတယ်။

"သမီးအသက် အတိအကျ ဘယ်လောက်ရှိပြီလဲ မတေးဒါ"

"လေးနှစ်နဲ့ သုံးလပါ"

မစ္စစ်ဖပ်စ် ပိုပြီးတုန်လှုပ်သွားမိတယ်၊ ဒါပေမယ့် အဲဒီ စိတ်ခံစားချက်ကို မထုတ်ဖော်မိဖို့ သူမ ဆုံးဖြတ်ထားပြီးသားပါ။

"နောက်ထပ် ဘာစာအုပ်ဖတ်ချင်တာလဲ. . ."

"အရွယ်ရောက်ပြီးတဲ့သူတွေ ဖတ်ကြတဲ့ စာအုပ်ကောင်းကောင်း တစ်အုပ်လောက် ဖတ်ချင်ပါတယ်၊ နာမည်ကြီးထဲကပေါ့၊ သမီးကတော့ ဘာနာမည်ကိုမှ မသိဘူး"

မစ္စစ်ဖပ်စ် စာအုပ်စင်တွေကို အေးအေးဆေးဆေး ကြည့်လိုက်တယ် ဘယ်စာအုပ် ထုတ်ပေးရမလဲဆိုတာ သူမ စဉ်းစားရကြပ်နေတယ်၊ ဒီလိုကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက မေးကြည့်မိသေးရဲ့၊ လေးနှစ်အရွယ် ကလေးတစ်ယောက်အတွက် ဘယ်လိုလုပ်ပြီး လူကြီးတွေဖတ်လေ့ရှိတဲ့ နာမည်ကြီးစာအုပ် ရှာပေးရပါလိမ့်၊ သူမရဲ့ ပထမစိတ်ကူးက ဆယ့်လေးငါးနှစ်အရွယ် ကျောင်းသူတွေအတွက် ရေးထားတဲ့ အချစ်ဇာတ်လမ်းမျိုးကို ရွေးပေးမလို့ပါပဲ၊ ဒါပေမယ့် အကြောင်းတချို့ကြောင့် အဲဒီစာအုပ်စင်ကို အလိုအလျောက် ကျော်လျှောက်မိလျက်သား ဖြစ်သွားတယ်။

"ဒီစာအုပ် ဖတ်ကြည့်၊ အဲဒါ အရမ်းနာမည်ကြီးပြီး အရမ်းလည်းကောင်းတယ် ၊မတေးဒါအတွက် ဇာတ်လမ်း သိပ်ရှုပ်နေတယ်ဆိုရင်လည်း ပြောပါ၊ နည်းနည်းတိုပြီး ပိုလွယ်မယ့်တခြား တစ်အုပ် ရှာပေးမယ်"

"ချားလ်စ်ဒစ်ကင်းရေးတဲ့ မြင့်မြတ်တဲ့ မျှော်လင့်ချက်များဆိုပါလား၊ သမီးဖတ်ကြည့်ချင်တယ်"

ငါတော့ ရူးပြီနဲ့တူတယ်လို့ မစ္စစ်ဖပ်စ် ကိုယ့်ကိုကိုယ် ပြောလိုက်မိတယ်၊ ဒါပေမယ့် မတေးဒါကိုတော့ " ဒါပေ့ါ. . စမ်းဖတ်ကြည့်ပေ့ါ" လို့ပြောလိုက်တယ်။

နောက်ပိုင်း နေ့လည်ခင်းတိုင်းမှာ မစ္စစ်ဖပ်စ်အနေနဲ့ အခန်းရဲ့ထောင့်စွန်းမှာရှိတဲ့ ဆိုဖါထိုင်ခုံကြီးပေါ်မှာ စာအုပ်ကို ပေါင်ပေါ်တင်ပြီး တစ်နာရီပြီး တစ်နာရီ ထိုင်ဖတ်နေတဲ့ ကလေးငယ်ဆီကနေ သူမရဲ့မျက်လုံးတွေကို ခွာမရပဲ ဖြစ်လို့နေတယ်၊ အဲဒီစာအုပ်တွေကို မတေးဒါ ပေါင်ပေါ်မှာ တင်ထားမှကို ရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်က သိတ်လေးလွန်းတဲ့အတွက် သူမ ကိုင်မဖတ်နိုင်ပါဘူး၊ တနည်းပြောရမယ်ဆိုရင် စာအုပ်ကို ပေါင်ပေါ်တင်ပြီး ခပ်ကုန်းကုန်းလေး ဖတ်ရတယ်၊ တော်တော်ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုပါပဲ၊ ပုံပြောကောင်းသူ စာရေးဆရာဒစ်ကင်းက သူ့ရဲ့စကားလုံးတွေနဲ့ ရက်လုပ်ထားတဲ့ ပစ်နဲ့ မစ္စဟာဗင်ဟမ်တို့ရဲ့ စွန်းစားခန်းတွေ၊ သူမရဲ့ ပင့်ကူမျှင်အိမ်နဲ့ ကျိန်စာဖျက်မန္တာန် စတာတွေထဲမှာ ဆံပင်အနက်ရောင်ပိုင်ရှင်၊ သေးသေးညှက်ညှက်ပုဂ္ဂိုလ်မလေး(မတေးဒါ)က သူမရဲ့ခြေဖျားတွေ ကြမ်းပြင်နဲ့မထိနိုင်ပဲ စိတ်ဝင်တစား နစ်မျောနေတယ်၊ သူမဆီကနေ မြင်တွေ့ရတဲ့ တစ်ခုတည်းသော လှုပ်ရှားမှုကတော့ လက်တစ်ဖက်ကိုမြှောက်ပြီး စာရွက် တစ်ရွက်ပြီးတစ်ရွက်လှန်တဲ့ လှုပ်ရှားမှုပါပဲ၊ "ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲလိုတော့တယ် မတေးဒါ"လို့ ပြောရတော့မယ့် အချိန်ကို ရောက်ပြီဆိုရင် မစ္စစ်ဖပ်စ် အတော်လေးကို စိတ်မကောင်းဖြစ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com





မတေးဒါရောက်လာတဲ့ ပထမဦးဆုံးအပတ်မှာ မစ္စစ်ဖပ်စ် မေးကြ ခဲ့ဖူးတယ်။

"မတေးဒါရဲ့အမေက ဒီကိုနေ့တိုင်းခေါ်လာပြီး၊ အိမ်ပြန်ဖို့ လာကြိ ကျလား"

"သမီးအမေက နေ့လည်ခင်းတိုင်း ဘင်ဂိုကစားဖို့ အေလစ်ဘူရီ ထွက်သွားလေ့ရှိပါတယ်၊ ဒီကိုလာတာ သူ မသိပါဘူး"

"ဒါပေမယ့် အဲဒါ သိတ်တော့မဟုတ်လှဘူးနော်၊ မတေးဒါအနေနဲ့ သူ ဆီက ခွင့်တောင်းသင့်တယ် ထင်တယ်"

"မပြောတာပဲ ပိုကောင်းပါလိမ့်မယ်၊ သမီးစာဖတ်တာကို အားမပေးဘူး လေ၊ ဖေဖေကလည်း အားမပေးဘူး"

"ဒါဆို ဘယ်သူမှမရှိတဲ့ အိမ်ကြီးထဲမှာ နေ့လည်ခင်းတိုင်း မတေးဒါ ဘာတွေ လုပ်နေစေချင်တာလဲ"

"ဟိုဟိုဒီဒီ လမ်းလျှောက်ပြီး တီဗွီကြည့်နေရုံပေါ့"

"သိပြီ. . . "

"သမီးဘာလုပ်တယ်ဆိုတာ သူတို့ ဂရုမစိုက်ပါဘူး"

မတေးဒါရဲ့ စကားသံထဲမှာ ဝမ်းနည်းသံ ပါနေသဖြင့်၊

မစ္စစ်ဖပ်စ်ကတော့ အင်မတန်လူရှုပ်တဲ့ရွာနဲ့ လမ်းမကြီးတစ်လျှော

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတာတို့၊ လမ်းဖြတ်ကူးတာတို့အတွက် ကလေးရဲ့ ဘေးကင်းရေးကို စိတ်ပူသွားမိတယ်၊ ဒါပေမယ့် ဝင်မစွက်ဖက်ဖို့ သူမ ဆုံးဖြတ်လိုက်တယ်။

တစ်ပတ်အတွင်းမှာပဲ စာမျက်နှာ လေးရာတစ်ဆယ့်တစ်ပါတဲ့ "မြင့်မြတ်တဲ့ မျှော်လင့်ချက်များ" စာအုပ်ကို မတေးဒါ ဖတ်ပြီးသွားပါပြီ။

"သမီး သိပ်ကြိုက်တာပဲ၊ စာရေးဆရာဒစ်ကင်းရေးတဲ့ တခြားစာအုပ်တွေရောရှိလား"

"သိပ်ရှိတာပေါ့၊ မတေးဒါအတွက် ရွေးပေးရမလား"

ခြောက်လကုန်သွားချိန်မှာတော့ မစ္စစ်ဖပ်စ်ရဲ့ ဂရုဏာသက်စွာနဲ့ စောင့်ကြည့်နေတဲ့ မျက်လုံးတွေအောက်မှာ မတေးဒါတစ်ယောက် ဟောဒီစာအုပ်တွေကို ဖတ်ပြီးသွားပါပြီ။

ချားလ်စ်ဒစ်ကင်းရဲ့ . . နစ်ကိုးလပ်စ်နစ်ကယ်ဘီ၊ ချားလ်စ်ဒစ်ကင်းရဲ့ . . အိုလီဗာတွစ်၊ ချားလော့ဘာရွန်တီရဲ့ . . ဂျိမ်းအာယာ၊ ဂျိမ်းသြစတင်ရဲ့ . . . ဝုဏ်ယူခြင်းနဲ့ဘက်လိုက်မှု၊ သောမတ်စ်ဟာဒီရဲ့ . . . မာရီဝပ်ဘ်ရဲ့ကမ္ဘာကြီးသို့ ရောက်ဖူးခြင်း၊ ရွတ်ရာ့ကလင်းရဲ့ . . . ကင်၊ အိပ်ချ်ဂျီဝဲလ်ရဲ့ . . မမြင်နိုင်သောလူသား၊ ဟဲမင်းဝေးရဲ့ . . ပင်လယ်ပြာနှင့်အဖိုးအို၊ ဝီလီယမ်ဖော်ကားရဲ့ . . အသံနှင့်အမျက်ဒေါသ၊ ဂျွန်စတိန်းဘတ်ခ်ရဲ့ . . . ဒေါသအစိုင်အခဲ၊ ဂျေဘီပရိစ်လေးရဲ့ . . သူငယ်ချင်းကောင်းများ၊ ဂရေဟမ်ဂရင်းရဲ့ . . တောက်ပြောင်လွန်းတဲ့ ကျောက်ဆောင်၊ ဂျော့ချ်အိုဝင်ရဲ့ . . . သတ္တဝါတို့ကျက်စားရာ။

တကယ့်ကို အထင်ကြီးစရာကောင်းတဲ့ စာရင်းပါ။ အခုဆိုရင် မစ္စစ်ဖပ်စ်မှာ စိတ်ဝင်စားမှု၊ စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်တင်းနေပြီ၊ ဒါပေမယ့် သူမကိုယ်သူမ ဒီကိစ္စကြီးတစ်ခုလုံးရဲ့ အလွှမ်းမိုးမခံရတာဟာ အကောင်းဆုံးဖြစ်လိမ့်မယ်ဆိုတာ သိထားတယ်၊ တခြားတစ်ယောက်သာ ဒီလိုမျိုး ကလေးတစ်ယောက်ရဲ့ အောင်မြင်ပြီးဆုံးမှုတွေကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့မယ်ဆိုရင် အားလုံး တုန်လှုပ်သွားအောင်လုပ်ဖြစ်ဖို့ ရွာရိုးကိုးပေါက် ကြေငြာမောင်းခတ်ဖို့ ဆန္ဒရှိရင် ရှိကြမှာပါ၊ ဒါပေမယ့် မစ္စစ်ဖပ်စ်ကတော့ အဲဒီလိုလူစားမျိုး မဟုတ်ဘူး၊ သူမရဲ့ အလုပ်ကိစ္စထဲကိုသာ အာရုံနှစ်ထားတတ်တဲ့သူပါ၊ ပြီးတော့ သူတစ်ပါးရဲ့ ကလေးကိစ္စကို ဝင်စွက်ဖက်ဖို့ မထိုက်တန်ဘူးဆိုတဲ့ အတွေ့အကြုံကိုလည်း ရရှိပြီးသူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ ဟဲမင်းဝေးက သမီးနားမလည်အောင် တော်တော်လေး ပြောထားတယ်၊အထူးသဖြင့် ယောကျ်ားတွေ၊ မိန်းမတွေနဲ့ ပတ်သက်ပြီးတော့ပေါ့ ဒါပေမယ့် ဖတ်ရတာကြိုက်ပါတယ်၊ သူပြောပြနေတဲ့ ပုံစံက သမီး အဲဒီနေရာကို ရောက်သွားပြီး ဖြစ်ပျက်နေတာတွေအားလုံးကို ကြည့်နေရသလိုပဲ ခံစားရတယ်"

"စာရေးဆရာကောင်းတွေက အဲဒီလိုမျိုးခံစားရအောင် လုပ်ဆောင်ပေး နိုင်တယ်လေ၊ နားမလည်တဲ့ နေရာတွေအတွက် စိတ်မပူပါနဲ့၊ ပြန်ထိုင်ပြီး စကားလုံးတွေကို သေသေချာချာ စီးဝင်ပါစေ၊ ဂီတတေးသွားလိုမျိုးပေါ့. . ."

"အင်. . . ဟုတ်လား၊ လုပ်ကြည့်ပါမယ်. ."

"ဒီစာကြည့်တိုက်တွေက အိမ်ကို စာအုပ်ငှားခွင့် ပေးတယ်ဆိုတာ မတေးဒါသိလား"

"မသိဘူး. . ၊ သမီးရော အဲဒီလိုငှားလို့ ရပါ့မလား. ."

"သိပ်ရတာပေါ့ ၊ ငှားမယ့်စာအုပ်တွေ ရွေးပြီးသွားတာနဲ့ မှတ်လို့ရ အောင်ဒီကိုယူလာခဲ့၊ ပြီးသွားပြီဆိုရင် အဲဒီစာအုပ်တွေကို မတေးဒါ နှစ်ပတ်ပိုင် သွားပြီပေါ့၊ ဆန္ဒရှိတယ်ဆိုရင် တစ်အုပ်ထက်ပိုပြီး ငှားလို့လည်းရတယ်လေ"



အဲဒီအချိန်ကစပြီး စာအုပ်ဟောင်းတွေ ပြန်အပ်ဖို့နဲ့ စာအုပ်သစ်ငှားဖို့ အတွက် စာကြည့်တိုက်ကို မတေးဒါ တစ်ပတ်တစ်ကြိမ်ပဲ သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ကိုယ်ပိုင်အခန်းငယ်လေးက အခုဆိုရင် သူမအတွက် စာကြည့်ခန်းဖြစ်လာပြီး၊ အဲဒီအခန်းထဲမှာ နေ့လည်ခင်းနီးပါးတိုင်း စာထိုင်ဖတ်နေလေ့ရှိတယ်၊ တစ်ခါတလေ ချောကလက်ပူပူလေးတစ်ခွက်က သူမရဲ့ဘေးနားမှာ အဖော်ပြုနေတတ်တယ်၊ မီးဖိုချောင်ထဲမှာရှိတဲ့ ပစ္စည်းတွေကို လှမ်းယူဖို့ သူမ အရပ်ကသိပ်မရှည်ပေမယ့် အိမ်အပြင်ဘက်မှာ ထားထားတဲ့ သေတ္တာလေးကို ယူလာပြီး သူမလိုအပ်တဲ့ ပစ္စည်းတွေရဖို့အတွက် အဲဒီအပေါ်မှာ မတ်တတ်ရပ်ပြီး လှမ်းယူလေ့ရှိတယ်၊ များသောအားဖြင့်တော့ ချောကလက်ပူပူလေးကိုပဲ သောက်လေ့ရှိပြီး၊ ချောကလက်ထဲထည့်မယ့် နွားနို့ကိုတော့ အိုးထဲထည့်၊ မီးဖိုပေါ်တင်ပြီး နွေးတယ်၊ တစ်ခါတလေကျရင်တော့ အိုဗာတင်း ဒါမှမဟုတ် ဘိုရေးတို့ကို ဖျော်သောက်တတ်သေးတယ်၊ နေ့လည်နေ့ခင်းတိုင်း သောက်စရာပူပူလေးကို အခန်းထဲယူ၊ တိတ်ဆိတ်တဲ့အခန်းထဲမှာ သူမ စာဖတ်နေတုန်း အဲဒီခွက်လေးကို သူမဘေးနားမှာ ထားတာတွေက တကယ်ကြည်နူးစရာတွေပါ၊ စာအုပ်တွေက သူမကို ကမ္ဘာသစ်တွေဆီ ပို့ဆောင်ပေးပြီး စိတ်လှုပ်ရှားစရာဘဝတွေမှာ နေထိုင်ကြတဲ့ လူဆန်းကြယ်တွေနဲ့ မိတ်ဆက်ပေးကြတယ်၊ ဂျိုးဇက်ကွန်ရက်နဲ့ သင်္ဘောတွေစွက်လွှင့်ပြီး အတိတ်ဟောင်းတွေဆီကိုလည်း ရောက်ပြီးသွားပြီ၊ ဟဲမင်းဝေးနဲ့အတူ အာဖရိက၊ ရွတ်ရာ့ကပ်လင်းနဲ့ အန္တိယကိုလည်း သွားလည်ဖူးသွားပြီ၊ အင်္ဂလိပ်ရွာကလေး တစ်ရွာထဲက သူမရဲ့အခန်းငယ်လေးထဲမှာ ထိုင်နေရင်းနဲ့ပဲ မတေးဒါတစ်ယောက် ကမ္ဘာအနှံ့ ခရီးထွက်နေခဲ့တာပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၂)

မတေးဒါရဲ့မိဘတွေက အပေါ်ထပ်မှာ အိပ်ခန်းသုံးခန်း၊ အောက်ထပ်မှာ ထမင်းစားခန်း၊ ဧည့်ခန်းနဲ့ မီးဖိုချောင်ရှိတဲ့ အတော်အသင့်ကောင်းတဲ့ အိမ်တစ်လုံးကို ပိုင်ဆိုင်ကြတယ်၊သူမရဲ့ဖခင်ကတော့ ကားဟောင်းတွေကို အရောင်းအဝယ်လုပ်တဲ့ စီးပွားရေးသမားတစ်ယောက်ဖြစ်ပြီး၊ အတော်လေး အောင်မြင်နေတဲ့ ပုံပါပဲ။

"လွှစာမှုန့်တွေက ငါ့အောင်မြင်မှုရဲ့ အဓိကလျှို့ဝှက်ချက်တွေပဲပေါ့၊ ပြီးတော့ အဲဒါတွေအတွက်လည်း ဘာမှမကုန်ကျဘူး၊ သစ်စက်ကနေ အလကား ရနေတာလေ"

"အဲဒါတွေကို ဘာအတွက်သုံးတာလဲ"

"ဟား. . ဟား. . နင်မသိချင်ဘူးလား"

"လွှစာမှုန့်တွေက ကားဟောင်းတွေကို အရောင်းအဝယ်လုပ်တဲ့နေရာမှာ ဘယ်လိုအသုံးဝင်လဲဆိုတာ သမီးမစဉ်းစားမိဘူး ဖေဖေ"

"ဘာကြောင့်လဲဆိုတော့ နင်က ဗဟုသုတနည်းတဲ့ ငတုံး ငအ,လေး ဖြစ်နေတာကိုး"

သူမဖခင်ရဲ့ စကားတွေက ဘယ်တော့မှ နားဝင်ချိုလေ့ မရှိဘူး၊ ဒါပေမယ့် မတေးဒါကတော့ ဒါကို ကျင့်သားရနေပါပြီ၊ သူမဖခင်က ကြွားကြွားဝါဝါ ပြောရတာကို ကြိုက်နှစ်သက်တာကိုလည်းသိထားပြီး၊ သူမကလည်း မြှောက်ပင့် ပြောပေးလေ့ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကုန်ကျတဲ့ ပစ္စည်းကနေ တစ်ခုခုအသုံးဝင်အောင် လုပ်နိုင်တယ်ဆိုတော့ ဖေဖေက တော်တော်ဉာဏ်ပြေးလို့ပဲ ဖြစ်ရမယ်၊ သမီးလည်း အဲဒီလို ဖြစ်ချင်လိုက်တာ"

"နင်မဖြစ်နိုင်ပါဘူး၊ နင်က အရမ်းကို ထုံထိုင်းလွန်းတယ်၊ ဒါပေမယ့် တစ်နေ့ကျရင် စီးပွားရေးလောကထဲ ဝင်လာမယ့် ငါ့သားမိုက်ကယ်ကို ပြောပြဖို့တော့ ငါ ဝန်မလေးဘူးလေ"

မစ္စတာဝမ်းဝုဒ်က မတေးဒါကို လျစ်လျူရှုရင်း. .

"တချို့လူအ,တွေများ ဂီယာပေါက်သွားရင် စိတ်တွေဆိုး၊ ဒေါသတွေထွက်နေလိုက်ကြတာ၊ ငါ့အတွက်တော့ အဲဒီအခါမျိုးကျရင် ကားတစ်စီးစီးကို အချောင်နီးပါရပြီပဲ၊ အဲဒီအချိန်ဆိုရင် ငါလုပ်ရမှာက ဂီယာဘောက်စ်ထဲမှာ ဆီနဲ့ လွှစာမှုန့်တွေ ရောမွှေပေးရုံပဲ၊ ပြီးရင် ချောမွေ့သွားလိုက်တာ ဘာပြောကောင်းမလဲ"

"အသံပြန်မမြည်ခင် ဘယ်အချိန်လောက်အထိ အဲဒါ ကောင်းနေမှာလဲ"

"ဝယ်တဲ့လူ တော်တော်လေး မောင်းပြီးသွားတဲ့အထိပေါ့၊ မိုင်တစ်ရာနီးပါးလောက်အထိတော့ တော်တော်လေးကောင်းနေမှာပါ"

"အဲဒါ မရိုးသားတာပဲ ဖေဖေ. . .၊ အဲဒါ လိမ်လည်မှုကြီးပဲ"

"ဟေ့. . . ဒီမှာ ရိုးသားပြီး ချမ်းသာသွားတဲ့လူ တစ်ယောက်မှမရှိဘူး"

မစ္စတာဝမ်းဝုဒ်က လူကောင်ကလည်း သေးသေးညှပ်ညှပ်နဲ့ မနှစ်မြို့စရာ ရုပ်ရည်ကို ပိုင်ဆိုင်ထားသူဖြစ်ပြီး၊ ရှေ့သွားတွေကလည်း နှုတ်ခမ်းမွှေးပါးပါးလေးအောက်ကနေ ပြူတစ်ပြူတစ် ထွက်နေသယောင် ရှိနေသေးတယ်၊ အကွက်ကြီးကြီး အရောင်တောက်တောက် ကုတ်အကျႌကို ဝတ်ဆင်တာ ကြိုက်လေ့ရှိပြီး အဝါရောင် ဒါမှမဟုတ် အစိမ်းဖျော့ရောင် နက်ကတိုင်ကိုလည်း ရွေးချယ်လေ့ရှိတယ်။

"ဥပမာအနေနဲ့ ခရီးမိုင်ပေါင်းကိုပဲ စဉ်းစားကြည့်၊ တစ်ယောက်ယောက်က ကားဟောင်းတစ်စီး ဝယ်တော့မယ်ဆိုရင် ပထမဦးဆုံးအနေနဲ့ သူသိချင်တာက မိုင်ပေါင်း ဘယ်လောက် သွားပြီးပြီလဲဆိုတာပဲလေ၊ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့" သူ့သား မိုက်ကယ်ဆီက ထွက်လာတဲ့အသံပါ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုတော့ ငါက ဒိုင်ခွက်မှာ မိုင်ပေါင်းတစ်သိန်းနဲ့ ငါးသောင်းပြနေတဲ့ ကားဟောင်းတစ်စီးကို ဝယ်လိုက်တယ်ဆိုပါတော့၊ အဲဒီကားကို ဈေးပေါပေါနဲ့ ရလိုက်တာနော်၊ ဒါပေမဲ့ အဲဒီလိုမျိုး ဒိုင်ခွက်နဲ့ ကားကို ဘယ်သူမှ ဝယ်မှမဟုတ်ဘူးလေ ပြီးတော့ ဒီခေတ်မှာလည်း လွန်ခဲ့တဲ့ဆယ်နှစ်က လုပ်သလိုမျိုး စပီဒိုမီတာကြိုးကို အပြင်ထုတ်၊ နံပတ်တွေနောက်ပြန်ဆုတ်ပြီး အကြံအဖန်လုပ်လို့ မရတော့ဘူးလေ အကုန်လုံးကို သေသေချာချာ တပ်ထားတာဆိုတော့ မင်းသာ အရမ်းတော်တဲ့ နာရီပြင်ဆရာဟုတ်ရင်ဟုတ်၊ မဟုတ်လို့ကတော့ ဘယ်လိုမှ ဇ သိလို့ ရမှာမဟုတ်ဘူး၊ အဲဒီတော့ ငါဘာလုပ်လဲ၊ ငါ့ဦးနှောက်ကို အသုံးချရတာပေါ့ ကောင်လေးရေ ငါလုပ်တာ ဒါပဲလေ. . . ."

"ဘယ်လိုများ အသုံးချလိုက်တာလဲ ဖေဖေ" ဝမ်းသာအဲလဲအသံကြီးနဲ့ မိုက်ကယ်က မေးလိုက်တာပါ၊ သူကြည့်ရတာ သူ့အဖေရဲ့ အလေးပေးခံရမှု အပေါ်မှာ အတော်လေး ပျော်မွေ့နေပုံရတယ်။

"ငါ ခဏထိုင်ပြီး ကိုယ့်ကိုကိုယ် ပြောလိုက်တယ်၊ ဒီ စပီဒိုမီတာကို တစ်စစီ ဖြစ်သွားအောင် မလုပ်ဘဲနဲ့ မိုင်ပေါင်း တစ်သိန်း၊ ငါးသောင်းပတ်ထားတဲ့ ဒိုင်ခွက်ကို မိုင်ပေါင်း တစ်သောင်းအထိပဲ ဘယ်လိုပြောင်းရင် ကောင်းမလဲလို့ပေါ့၊ ကားကို နောက်ဆုတ်မောင်းရင် အဲဒီအတိုင်းဖြစ်သွားမှာ အသေအချာပေါ့၊ နံပတ်တွေလည်း နောက်ပြန်လည်ကုန်မှာပေါ့၊ ဒါပေမယ့် ဘယ်သူက ကားစုတ်တစ်စီးကို မိုင်ပေါင်း ထောင်ပေါင်းများစွာ နောက်ဆုတ်ပြီး မောင်းနေမှာလဲ၊ ဘယ်သူမှ မလုပ်နိုင်ဘူးလေ"

"ဒါပေါ့ ဘယ်သူက လုပ်နိုင်မှာလဲ"လို့ မိုက်ကယ်က ဝင်ထောက်ပြီး ပြောတယ်။

"အဲဒီတော့ ငါ ခေါင်းကို ကုတ်လိုက်တယ်၊ ငါ့ဦးနှောက်ကို သုံးတယ် မင်းလည်း ငါ့လို ဦးနှောက် ကောင်းနေပြီးသားဆိုတော့ အဲဒါကို အသုံးချရလိမ့်မယ်၊ အဲ. . . ရုတ်တရက်မှာပဲ အဖြေတစ်ခု ရလိုက်တယ်၊ ငါပြောမယ်. . ပင်နီစလင် စမ်းသပ်တွေ့ရှိခဲ့တဲ့ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်လိုပဲ ငါလည်း ခံစားလိုက်ရတယ်၊ "ဟုတ်ပြီကွ"လို့ ထ,အော်လိုက်တယ်၊ ငါရပြီဟေ့. . ."

"ဘယ်လို လုပ်လိုက်တာလဲ ဖေဖေ. ."

"စပီဒိုမီတာပဲလေ၊ အဲဒါကို ရှေ့ဘီးတွေနဲ့ဆက်ထားတဲ့ ဘယ်တစ်ချောင်း



တပဲ အလုပ်လုပ်နေတာ မဟုတ်လား၊ အဲဒီတော့ တေဘယ်ကြိုးနဲ့ ရှေ့ဘီးတွေ ဆက်ထားတဲ့ နေရာကို အရင်ဆုံး ဖြုတ်တောက်လိုက်တယ်၊ နောက်တော့ ငါ့ဆီမှာ အမြန်နှုန်းမြင့်တဲ့ လျှပ်စစ်လွန်တစ်ခု ရထားတယ်လေ၊ အဲဒါကို အခုနတေဘယ်ကြိုးနဲ့ဆက်ပြီး လွန်ကိုလှည့်တဲ့အခါ ကေဘယ်ကြိုးက နောက်ပြန်လည်သလိုမျိုး ဖြစ်သွားပြီပေါ့၊ အခုထိ ငါပြောတာတွေကို မင်း နားလည်ပါတယ်နော်၊ လိုက်မီတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

"လွန်တွေဆိုတာ တော်တော်မြင့်တဲ့အရှိန်နှုန်းနဲ့ သွားတာကွ၊ အဲဒီတော့ လွန်ကို ခလုပ်ဖွင့်လိုက်ပြီဆိုတာနဲ့ ဒိုင်ခွက်ကလက်တံတွေလည်း နောက်ပြန်လှည့်လိုက်တာ တော်တော်လေး သဘောကျစရာကောင်းတဲ့ နှုန်းပဲပေါ့၊ မိုင်ပေါင်း ငါးသောင်းလောက်ကို မိနစ်အနည်းငယ်အတွင်းမှာပဲ ငါ့ရဲ့လျှပ်စစ်လွန် အမြန်နှုန်းနဲ့ လျှော့ချလိုက်လို့ ရတယ်လေ၊ ပြီးသွားချိန်ကျရင်တော့ ကားက မိုင်တစ်သောင်းလောက်အထိပဲ မောင်းပြီးသွားသလိုဖြစ်သွားပြီး ရောင်းဖို့ အဆင်သင့်ဖြစ်နေပြီလေ၊ "လုံးဝ အသစ်အတိုင်းပဲဗျာ" ဝယ်မယ့်သူကို အဲဒီအတိုင်းပဲပြောရတာပေါ့၊ "မိုင်တစ်သောင်းလောက်ပဲ ပြေးထားတဲ့ကောင်ဗျ၊ တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်တဲ့ အခါပဲသုံးတဲ့ အဘွားကြီးတစ်ယောက် ပိုင်တာလေ" ဒါမျိုးပြောရတာပေါ့ကွ"

"လျှပ်စစ်လွန်နဲ့ မီတာဒိုင်ခွက်ကို တကယ်ပဲ နောက်ပြန်ဆုတ်လို့ရလား"

"မင်းကို ငါ့ရဲ့ စီးပွားရေးလျှို့ဝှက်ချက်တွေ ပြောပြနေတာ၊ တခြားဘယ်သူ့ကိုမှ လျှောက်မပြောနဲ့၊ မင်းအဖေကို အကြပ်အတည်းမရောက်စေချင်ဘူး မဟုတ်လား"

"သား ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကားအတော်များများကို ဖေဖေအဲဒီအတိုင်းပဲ လုပ်ခဲ့တာလား. ."

"ငါ့လက်ထဲရောက်လာတဲ့ ကားတိုင်းကို ပြုပြင်မွမ်းမံရတာပဲလေ၊ ရောင်းလို့မရခင် မီတာဒိုင်ခွက်ကို မိုင်တစ်သောင်းအထိ လျှော့ချခံရတယ်၊ ပြန်စဉ်းစားကြည့်ရင်တော့ ဒါတွေအားလုံး ငါကိုယ်တိုင် တီထွင်ခဲ့တာ"လို့ ခပ်ကြွားကြွား ပြောလိုက်သေးတယ်၊ "အဲဒီအတွက် အချိန် တစ်မိနစ်ပဲကြာတယ်"

www.burmeseclassic.com

www.burmeseclassic.com



တပဲ အလုပ်လုပ်နေတာ မဟုတ်လား၊ အဲဒီတော့ ကေဘာယ်ကြိုးနဲ့ ရှေ့ဘီးတွေ ဆက်ထားတဲ့ နေရာကို အရင်ဆုံး ဖြုတ်တောက်လိုက်တယ်၊ နောက်တော့ ငါ့ဆီမှာ အမြန်နှုန်းမြင့်တဲ့ လျှပ်စစ်လွန်တစ်ခု ရထားတယ်လေ၊ အဲဒါကို အခုန ကေဘာယ်ကြိုးနဲ့ဆက်ပြီး လွန်ကိုလှည့်တဲ့အခါ ကေဘာယ်ကြိုးက နောက်ပြန်လည်သလို မျိုး ဖြစ်သွားပြီပေါ့၊ အခုထိ ငါပြောတာတွေကို မင်း နားလည်ပါတယ်နော်၊ လိုက်မီတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

"လွန်တွေဆိုတာ တော်တော်မြင့်တဲ့အရှိန်နှုန်းနဲ့ သွားတာကွ၊ အဲဒီတော့ လွန်ကို ခလုပ်ဖွင့်လိုက်ပြီဆိုတာနဲ့ ဒိုင်ခွက်ကလက်တံတွေလည်း နောက်ပြန်လှည့်လိုက်တာ တော်တော်လေး သဘောကျစရာကောင်းတဲ့ နှုန်းပဲပေါ့၊ မိုင်ပေါင်း ငါးသောင်းလောက်ကို မိနစ်အနည်းငယ်အတွင်းမှာပဲ ငါ့ရဲ့လျှပ်စစ်လွန် အမြန်နှုန်းနဲ့ လျှော့ချလိုက်လို့ ရတယ်လေ၊ ပြီးသွားချိန်ကျရင်တော့ ကားက မိုင်တစ်သောင်းလောက်အထိပဲ မောင်းပြီးသွားသလိုဖြစ်သွားပြီး ရောင်းဖို့ အဆင်သင့်ဖြစ်နေပြီလေ၊ "လုံး၀ အသစ်အတိုင်းပဲဗျာ" ၀ယ်မယ့်သူကို အဲဒီအတိုင်းပဲပြောရတာပေါ့၊ "မိုင်တစ်သောင်းလောက်ပဲ ပြေးထားတဲ့ကောင်ဗျ၊ တစ်ပတ်တစ်ခါ ဈေး၀ယ်ထွက်တဲ့ အခါပဲသုံးတဲ့ အဘွားကြီးတစ်ယောက် ပိုင်တာလေ" ဒါမျိုးပြောရတာပေါ့ကွ"

"လျှပ်စစ်လွန်နဲ့ မီတာဒိုင်ခွက်ကို တကယ်ပဲ နောက်ပြန်ဆုတ်လို့ ရလား"

"မင်းကို ငါ့ရဲ့ စီးပွားရေးလျှို့၀ှက်ချက်တွေ ပြောပြနေတာ၊ တခြားဘယ်သူ့ကိုမှ လျှောက်မပြောနဲ့၊ မင်းအဖေကို အကြပ်အတည်းမရောက်စေချင်းဘူး မဟုတ်လား"

"သား ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကားအတော်များများကို ဖေဖေအဲဒီအတိုင်းပဲ လုပ်ခဲ့တာလား. ."

"ငါ့လက်ထဲရောက်လာတဲ့ ကားတိုင်းကို ပြုပြင်မွမ်းမံရတာပဲလေ၊ ရောင်းလို့မရခင် မီတာဒိုင်ခွက်ကို မိုင်တစ်သောင်းအထိ လျှော့ချခဲ့ရတယ်၊ ပြန်စဉ်းစားကြည့်ရင်တော့ ဒါတွေအားလုံး ငါကိုယ်တိုင် တီထွင်ခဲ့တာ"လို့ ခပ်ကြွားကြွား ပြောလိုက်သေးတယ်၊ "အဲဒီအတွက် အချိန် တစ်မိနစ်ပဲကြာတယ်"

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ နားထောင်နေတဲ့ မတေးဒါဆီက အခုမှပဲ စကားသံထွက်လာတော့တယ်။

"ဒါပေမဲ့ဖေဖေ အဲဒါက လွှစာမှုန့်တွေထက်တောင် ပိုပြီးမရှိသားသေးတယ်၊ အရမ်းဆိုးတယ်၊ ကိုယ့်ကို ယုံကြည်နေတဲ့သူတွေအပေါ် လိမ်ညာနေတာပဲ"

"နင် မကြိုက်ဘူးဆိုရင် ဗီဇိမ်မှာရှိတဲ့ အစားအစာတွေ မစားနဲ့၊ အဲဒါတွေကို ရလာတဲ့အမြတ်တွေနဲ့ ဝယ်ထားတာ"

"အဲဒီပိုက်ဆံတွေက မသန့်ရှင်းဘူး သမိးမုန်းတယ်"

မစ္စတာဝမ်းဝုဒ်ရဲ့ ပါးနှစ်ဘက်မှာ အနီရဲရဲ နှစ်ကွက်ပေါ်လာပြီး။

"နင့်ကိုယ်နင် ဘာထင်နေလဲ၊ ငါ့ကို ရှိုးသားမှု တရားလာဟောနေရအောင် ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ ထင်နေလား၊ မလောက်လေးမလောက်စားနဲ့၊ ကိုယ့်ကိုကိုယ် ဘာတွေပြောနေလို့ ပြောနေမှန်းတောင် သိရဲ့လား"

"မှန်တယ် ဟယ်ရီ" သူမရဲ့ မိခင်ပြောလိုက်တာပါ၊ ပြီးတော့ တဆက်တည်း မတေးဒါဘက်လှည့်ပြီး. .


"ကိုယ့်အဖေကို အဲဒီလိုပြောရအောင် နင် ရူးနေလို့ပဲဖြစ်ရမယ်၊ ဒီတီဗွီအစီအစဉ်ကို အေးအေးဆေးဆေး ကြည့်လို့ရအောင် နင့်ပါးစပ်ပုတ်ကို ပိတ်ထားတော့"

သူတို့အားလုံး ဧည့်ခန်းထဲမှာ ညစာကို ပေါင်ပေါ်တင်ပြီး ထိုင်စားနေကြတာပါ၊ ပြောရမယ်ဆိုရင်တော့ ညစာက အလူမီနီယံပြားပေါ့ပေါ့ထဲမှာ အသားပြုတ်ချက်၊ အာလူးပြုတ်နဲ့ ပဲစေ့တွေအတွက် အကန့်လေးတွေပါတဲ့ တီဗွီညစာလို့ ခေါ်ရမှာပဲ၊ မစ္စစ်ဝမ်းဝုဒ်က သူမရဲ့ညစာကို တမြုံ့မြုံ့ထိုင်ဝါးနေပြီး၊ တီဗွီဖန်သားပြင်ပေါ်က အမေရိကန်ပြဇာတ်ကို မျက်တောင်မခပ် ကြည့်နေသေးတယ်၊ သူမက ထောင်ထောင်မောင်မောင်း အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး၊ အမြစ်ကနေ ထိုးထွက်နေတဲ့ ညိုညစ်ညစ်ဆံပင်သားတွေကလွဲရင် တစ်ခေါင်းလုံးကို ရွှေဖြူရောင်ဆိုးထားသေးတယ်၊ မိတ်ကပ်ထူထူကြီးကို လိမ်းကျံထားပြီး၊ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အသစ်စက်စက်နေရာတွေတနေ စူထွက်မလာအောင် ထိန်းချုပ်နိုင်မယ့်ကံတရား သူမမှာ ပါမလာခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com





“မေမေ” မတေးဒါ စကားဆိုလိုက်တယ်၊ “သမီး စာအုပ်ဖတ်လို့ရအောင် ထမင်းစားခန်းထဲမှာပဲ ညစာသွားစားလို့ရမလား”

“ငါ ခွင့်မပြုဘူး” သူမရဲ့ဖခင်က ခပ်စူးစူးတစ်ချက်ကြည့်ပြီး ပြောလိုက်တယ်၊ “ညစာဆိုတာ မိသားစုအားလုံး စုစုစည်းစည်းရှိတယ်ဆိုတဲ့ သဘောပဲ၊ စားလို့မပြီးသေးပဲနဲ့ ဘယ်သူမှ စားပွဲကနေ ထ,မသွားရဘူး”

“ဒါပေမယ့် သမီးတို့က စားပွဲမှာထိုင်စားနေကြတာမှ မဟုတ်တာ၊ဘယ်တုန်းကမှလည်း မစားခဲ့ဖူးဘူး၊ ပေါင်ပေါ်မှာတင်ပြီး တီဗွီကြည့်ရင်းနဲ့ အမြဲတမ်း စားနေကြတာ”

“တီဗွီကြည့်တော့ ဘာဖြစ်လဲ၊ ကျုပ်မေးပါရစေဦး” သူမရဲ့ဖခင်အသံက ရုတ်တရက်ဆိုသလိုမှာပဲ ပျော့ပြောင်းသွားပြီး အန္တရာယ်ရှိလာပြီ။

သူမဖခင်ရဲ့ အမေးကိုဖြေဖို့ မတေးဒါတစ်ယောက် သူမကိုယ်သူမ မယုံကြည်ရဲဘူး၊ အဲဒါကြောင့် ဆိတ်ဆိတ်သာ နေလိုက်တော့တယ်၊ မိဘတွေကို အခုလို ကန့်လန့်တိုက်ရတာ မကောင်းမှန်းသိပေမယ့်၊ အဲဒီလိုမလုပ်ဖို့ကလည်း သူမအတွက် အခက်တွေ့နေတယ်၊ စာဖတ်တဲ့အကျိုးကြောင့် သူမရဲ့မိဘတွေ မသိရှိဖူးတဲ့ ဘဝအမြင်တွေကိုလည်း မတေးဒါ ရရှိထားသေးတယ်၊ အကယ်လို့သာ

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဒစ်ကင်း ဒါမှမဟုတ် ကစ်လင်းတို့ရေးတဲ့ စာပိုဒ်တစ်စွန်းတစ်စလေး ကိုသာ သူတို့ဖတ်မိမယ်ဆိုရင်၊ ဘဝမှာ လူတွေကို လိမ်ညာတာတွေနဲ့ တီဗွီကြည့် တာတွေထက် အရေးကြီးတာတွေ အများကြီး ရှိသေးတဲ့အကြောင်း သူတို့တွေ တွေ့ရှိလာလိမ့်မယ်။

နောက်တစ်ခုရှိသေးတယ်၊ သူမကို ငတုံး ငအ,လို့အခေါ်ခံရပေမယ့် သူမက အဲဒီလိုမဟုတ်မှန်း သိရှိနေရတဲ့အပေါ်မှာလည်း ဘဝင်မကျနိုင်ဖြစ်မိနေ သေးတယ်၊ သူမရင်ထဲမှာ ဒေါသတွေ ဗလောင်ဆူပွက်နေပြီး၊ အဲဒီညက အိပ် ရာထဲ လှဲချလိုက်တဲ့တစ်ချိန်တည်းမှာပဲ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်၊ သူမရဲ့ အဖေ၊ ဒါမှမဟုတ် အမေက သူမကို မတရားပြောဆိုဆက်ဆံတဲ့အခါတိုင်း သူတို့ကို သင်ခန်းစာတစ်ခုခုပေးဖို့ အမြဲစဉ်းစားနေမိတယ်၊ အောင်မြင်မှုလေး တစ်ခုနှစ်ခု လောက်ကတော့ သူတို့ရဲ့မိုက်မဲမှုကို သီးခံနိုင်ဖို့နဲ့ သူမရဲ့ဒေါသတွေကို ဖြေဖျောက် ပေးနိုင်လိမ့်မယ်၊ သူမရဲ့အသက် ငါးနှစ်မပြည့်သေးဘူးဆိုတာ ခင်ဗျားတို့မေ့ မနေနဲ့ဦးနော်၊ ပြီးတော့ အဲဒီလိုမျိုး ကလေးငယ်တစ်ယောက်က ဩဇာအပြည့် ရှိတဲ့ လူကြီးတွေအပေါ်မှာ အောင်နိုင်ဖို့ မလွယ်ဘူးဆိုတာလည်း ခေါင်းထဲထည့် ထားဦး၊ အဲဒါတောင်မှ လှုပ်ရှားဖို့ သူမဆုံးဖြတ်ထားပြီးပြီ၊ တီဗွီရှေ့မှာဖြစ်ပျက်ခဲ့ တဲ့ အဲဒီညနေက ကိစ္စအတွက်ကြောင့် သူမရဲ့ဖခင်ကတော့ သူမစာရင်းထဲမှာ ထိပ်ဆုံးက နေရာယူထားပါတယ်။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်တစ်နေ့မနက် မတေးဒါရဲ့အဖေ သူ့ရဲ့ ကားဟောင်းရောင်းဝယ်ရေးအလုပ်ရုံကို မသွားခင်လေးမှာ၊ မတေးဒါတစ်ယောက် အဝတ်အစားတွေထားရာ အခန်းငယ်လေးထဲကို အလစ်ဝင်ပြီး၊ သူမရဲ့ဖခင် အလုပ်သွားရာမှာ ဆောင်းလေ့ရှိတဲ့ ဦးထုပ်ကို ရဖို့ကြိုးစားတော့တာပဲ၊ ခြေဖျားထောက် တတ်နိုင်သမျှ ဆန့်တန်းပြီး လမ်းလျှောက်တုတ်နဲ့ ချိတ်မှာချိတ်ထားတဲ့ဦးထုပ်ကို ဖြုတ်ယူတာပေါ့၊ အတောင် မီးရှုံလေးတင်ပဲရှိတယ်၊ ဦးထုပ်က တောဆောင်းဦးထုပ်မျိုးဖြစ်ပြီး၊ ဦးထုပ်မှာ ဗွတ်ကုလားငှက်ရဲ့ အတောင်တစ်ခုကိုလည်း စိုက်ထားလေရဲ့၊ အဲဒါနဲ့ တိတ်သက်ပြီး မစ္စတာဝမ်းဝုဒ်က အရမ်းဂုဏ်ယူလေ့ရှိတာ၊ အဲဒီဦးထုပ်ကိုဆောင်း၊ သူ့ရဲ့ အကွက်ကြီးကြီးအကျႌနဲ့ အစိမ်းရောင်နက်ကတိုင်နဲ့သာ တွဲပြီးဝတ်လိုက်ရင် ခပ်မိမိပုံစံပေါက်သွားမယ်လို့တောင် ကိုယ့်ကိုကိုယ် ထင်ကြေးပေးနေသေး။

မတေးဒါတစ်ယောက် တစ်ဘက်က ဦးထုပ်ကိုကိုင်၊ တစ်ခြားတစ်ဘက်က ကော်ဗူးကိုကိုင်ညှစ်ပြီး၊ ဦးထုပ်အတွင်းဘက် အနားဘက်တစ်လျှောက်မှာ ကော်တွေကို သေသေချာချာသုပ်ထားလိုက်ပြီ၊ ပြီးတော့မှ လမ်းလျှောက်တုတ်ကိုပဲ ပြန်သုံးပြီး ဦးထုပ်ကို အစောကနေရာမှာပဲ လက်ရာမယွင်း ပြန်ချိတ်ထားလိုက်တယ်၊ ဒီစစ်ဆင်ရေးဟာ သူမရဲ့ဖခင် မနက်စာစားပြီး စားပွဲက အထနဲ့ ကော်သုပ်ပြီးတဲ့အချိန်တို့ကို သေသေချာချာချိန်ကိုက်ပြီး လုပ်ဆောင်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဝမ်းဝုဒ်ကတော့ ဘာကိုမှ သတိမထားမိပဲ ဦးထုပ်ကိုဆောင်းပြီး ဆွက်သွားလေရဲ့၊ ခင်ဗျားတို့ မျှော်လင့်ထားတဲ့အတိုင်းပဲ ချွတ်လို့မရတော့ဘူး ပေါ့။ ကော်ဆိုတာက အရမ်းအစွမ်းထက်တဲ့ဟာမျိုးလေ၊ ခင်ဗျားအရမ်းခွဲရင် ခင်ဗျားရဲ့အသားတွေ ပဲ့ထွက်လာလောက်တဲ့အထိ စွမ်းတာ၊ မစ္စတာဝမ်းဝုဒ်တ သူ့ဦးနှောက်နဲ့ ဦးရေခွံမကွာစေချင်တော့ ဂီယာဘောက်စ်ထဲကို လွှဲစာမှုန့်တွေ ဆည့်ချိန်၊ မီတာဒိုင်ခွက်ကို သူ့ရဲ့ လျှပ်စစ်လွှန်နဲ့ ကလိချိန်တွေမှာတောင်၊ ဦးထုပ် တို့ မချွတ်တမ်းဆောင်းထားတော့တယ်၊ ရုပ်ရှင်ထဲမှာပါတဲ့ လူမိုက်ကြီးတွေ ဦးထုပ်ကို တစ်နေကုန်ဆောင်းထားတဲ့ပုံစံမျိုး ဖမ်းထားတယ်ဆိုပြီး၊ သူ့လက် အောက်ငယ်သားတွေ ထင်အောင်တော့ ဟိုလိုလို ဒီလိုလို လုပ်ရတာပေါ့။

သူ့အိမ်ပြန်ရောက်သွားတဲ့ အဲဒီနေ့ညနေအထိ ဦးထုပ်ကို ချွတ်လို့မရ သေးဘူး။

“မအ,စမ်းပါနဲ့၊ ဒီကိုလာ ကျုပ်ချွတ်ပေးမယ်”

မတေးဒါရဲ့အမေက ဦးထုပ်ကို ခပ်ကြမ်းကြမ်းလေး ဆွဲဆောင့်ပြီး ချွတ်လိုက်တယ်၊ ပြတင်းပေါက်က မှန်ချပ်တွေပါ တုန်ခိုင်လောက်တဲ့ အော်သံ နက်ကြီး မစ္စတာဝမ်းဝုဒ်ဆီကထွက်လာတယ်။

“အိုး. . မချွတ်နဲ့တော့ ဖယ်တော့၊ မင်းလုပ်တာနဲ့ ငါ့နာဖူးအရေခွံ တစ် ခြမ်း ဆုတ်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမ ပုံမှန်ထိုင်နေကျ ထိုင်ခုံပေါ်မှာထိုင်နေတဲ့ မတေးဒါကတော့ ဒီလို တင်ဆက်ပြသမှုကို သူမဖတ်နေတဲ့ စာအုပ်ကိုကျော်ပြီး စိတ်ဝင်စားမှုအပြည့်နဲ့ ကြည့်နေလေရဲ့။

"ဘာဖြစ်တာလဲ ဖေဖေ၊ ဖေဖေ့ခေါင်း ဖူးရောင်လာလို့လား၊ ဒါမှမဟုတ် ဘာများဖြစ်တာပါလိမ့်"

ဖခင်က သူ့ရဲ့သမီးကို မသက်သာတဲ့ပုံစံနဲ့ တစ်ချက်လှမ်းကြည့်လိုက်သေးတယ်၊ ဒါပေမယ့် ဘာမှတော့မပြောဘူး၊ သူ ဘယ်လိုပြောနိုင်ပါ့မလဲ။

"အဲဒါ ကော်ကြောင့်ဖြစ်ရမယ်၊ တစ်ခြားဟာတော့မဖြစ်နိုင်ဘူး၊ ရှင်အဲ ဒီလို မဟုတ်ကဟုတ်ကပစ္စည်းတွေနဲ့ ပေါက်တက်ကရ လုပ်တယ်ဆိုတာကို ရပ် တန်းကရပ်ဖို့ သင်ခန်းစာပေးလိုက်တာပဲ၊ ရှင့်ဦးထုပ်မှာ နောက်ထပ်ငှက်မွေး တစ်ချောင်း ထပ်စိုက်ဦးမလား"

"အဲဒီ သောက်ပစ္စည်းတွေကို ငါ့လက်နဲ့တောင် မထိဘူးကွ" အဲဒီလို အော်လည်းအော်၊ ဒီဘက်ကိုလည်း ပြန်လှည့်လာပြီး သူ့ကို အပြစ်ကင်းစင်တဲ့ အညိုရောင်မျက်လုံး ဝိုင်းစက်စက်လေးနဲ့ စိုက်ကြည့်နေတဲ့မတေးဒါကို တစ်ချက် ကြည့်ပြန်ပါသေးတယ်၊ တစ်ချိန်တည်းမှာပဲ မစ္စစ်ဝမ်းဝုဒ်ကလည်း မနားတမ်းကို ပြောနေတော့တာပဲ။

"အဲဒီလို အန္တရာယ်ရှိတဲ့ ပစ္စည်းတွေကို မသုံးခင် အဲဒီဘူးပေါ်မှာ ရေး ထားတဲ့ ညွှန်ကြားချက်တွေကို အရင်ဖတ်ကြည့်သင့်တယ်၊ အဲဒီဘူးပေါ်မှာပါတဲ့ ညွှန်ကြားချက်တွေအတိုင်း အမြဲတမ်းလိုက်နာရမှာ"

"ဘာတွေ လာပြောနေတာလဲ ငတုံးမကြီးရဲ့"

မစ္စတာဝမ်းဝုဒ်က ပြောလည်းပြော၊ တစ်ဘက်ကလည်း သူ့ဦးထုပ်ကို ဆွဲချွတ်မယ့် ဘယ်သူ့ကိုမဆို တားမြစ်မဲ့ဟန်နဲ့ ဦးထုပ်နားပန်းကို တယုတယနဲ့ ကိုင်ထားလိုက်သေးတယ်။

"အဲဒီပစ္စည်းကို ငါ့ခေါင်းကို တမင်သက်သက် သုတ်ရလောက်အောင် ငါရူးနေပြီလို့ မင်းထင်နေလား"

"ဟိုဘက်လမ်းထိပ်မှာ ကောင်လေးတစ်ယောက်လေ၊ သူ့လက်ညှိုးမှာ ကော်ကပ်နေတာကို သတိမထားမိဘဲ၊ အဲဒီလက်ညှိုးနဲ့ နားချေးကော်လိုက် မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဝမ်းဝုဒ် ထ,ခုန်မိသွားတယ်တောင်ထင်ရဲ့၊ ပြီးမှ ထစ်ငေါ့ငေါ့နဲ့ "သူဘာဖြစ်သွားလဲ"

"လက်ညှိုးက နှာခေါင်းထဲမှာ ကပ်နေတာပေါ့၊ ပြီးတော့ အဲဒီအတိုင်း တစ်ပတ်လောက် လျှောက်သွားနေရတာ၊ တွေ့တဲ့လူတိုင်းကပြောတာပေါ့ "ဟဲ့ ကောင်လေး နှာခေါင်းမနိူက်နဲ့လေ"တဲ့၊ ဒါပေမယ့် ဘယ်လိုမှ သူမတတ်နိုင်တဲ့ ဥစ္စာ သူ့ပုံစံက တော်တော်လေးကို ကြည့်ရဆိုးတယ်"

"သူ့ကို အပြစ်ကောင်းကောင်း ပေးလိုက်သလိုမျိုးပဲ"မစ္စတာဝမ်းဝုဒ်က ပြောလိုက်တာပါ၊ "ပထမဦးဆုံးအမှားက နှာခေါင်းထဲကို လက်ထည့်တာပဲ၊ အဲဒါ ကောင်းတဲ့ အကျင့်မှမဟုတ်တာ၊ တကယ်လို့သာ ကလေးတွေအားလုံးရဲ့လက် ထိပ်မှာ ကော်သာသုတ်ပေးထားလိုက်ရင် အဲဒီလိုလုပ်ကြမှာ မဟုတ်တော့ဘူး"

"လူကြီးတွေလည်း လုပ်တာပဲလေ မေမေ" မတေးဒါအတွက် အကွက် ဝင်သွားပြီ၊ "မနေ့က မေမေအဲဒီလိုလုပ်နေတာ သမီးတွေ့တယ်"

မစ္စစ်ဝမ်းဝုဒ် ရှက်ရမ်းရမ်းပြီး ဟန့်လိုက်ရတယ်"တော်လောက်ပြီနော် ပါးစပ်ပိတ်ထား"

မစ္စတာဝမ်းဝုဒ်တစ်ယောက်မှာတော့ တီဗွီရှေ့မှာ ညစာစားတဲ့ တချိန် လုံးမှာလည်း ဦးထုပ်ဆောင်းမြဲအတိုင်း ဆောင်းထားရတယ်၊ သူ့ကြည့်ရတာ အတော်လေး စိတ်ပျက်စရာကောင်းနေပြီး အရမ်းလည်း တိတ်ဆိတ်နေတယ်။

အိပ်ရာဝင်ချိန်ရောက်တော့ သူရော၊ သူ့မိန်းမရော အဲဒါကြီးကို ချွတ်ဖို့ ကြိုးစားကြသေးတယ်၊ ဒါပေမယ့် ဦးထုပ်ကတော့ ယောင်လို့တောင်မရွေ့ဘူး။

"ငါ ဘယ်လိုရေချိုးရပါလိမ့်"

"ရှင့်ခေါင်းပေါ် ရေမလောင်းပဲ ချိုးရုံပဲပေါ့ မဟုတ်လား"

သူ့မိန်းမရဲ့အကြံပေးချက်ပါ၊ နောက်တော့ ခေါင်းပေါ်မှာ တောဆောင်း ဦးထုပ်ကြီးဆောင်း၊ ခရမ်းရောင်အစင်းကျား ညဝတ်အင်္ကျီကိုဝတ်ထားပြီး၊ အိပ်ခန်းထဲမှာ ဟိုလျှောက်ဒီလျှောက်လုပ်နေတဲ့ အရိုးပေါ်အရေတင် သူမရဲ့ခင်ပွန်း သေးသေးညှက်ညှက်လေးကိုကြည့်ပြီး ဘယ်လောက်တောင် ကြည့်ရတာရုပ်ဆိုး ပါလိမ့်မလို့ မစ္စစ်ဝမ်းဝုဒ် တွေးနေတယ်၊ ဒီလိုယောကျာ်းမျိုးကို ဘယ်မိန်းမမှ အိမ်မက် တောင် မက်မှာမဟုတ်ဘူးလို့တောင် သူမကိုယ်သူမ အပြစ်တင်သလိုပြော နေမိတယ်၊ မစ္စတာဝမ်းဝုဒ် သိရှိသွားတာက ခေါင်းပေါ်မှာ ဦးထုပ်ကြီးရှိနေလျှက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရတာ အဆိုးဆုံးဆိုတာပဲ၊ ခေါင်းအုံးပေါ်မှာ သက်တောင့်သက်သာနဲ့ ယဲ လျောင်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

"အရေးမကြီးတာကို အရေးတကြီးလုပ်မနေနဲ့တော့"

ဟိုဘက်၊ ဒီဘက် လှူးလှိမ့်လိုက်၊ မှောက်လိုက်၊ ဖက်လက်လှန်လိုက်နဲ့ တစ်နာရီလောက် လုပ်ပြီးသွားတဲ့အချိန်မှာ သူ့မိန်းမဆီကထွက်လာတဲ့ စိတ်မရှည်တဲ့ အသံပါ။

"မနက်လောက်ကျရင် လျှော့တိလျှော့ရဲ ဖြစ်လောက်ပြီ၊ အဲဒီအခါကျမှ သူ့ဖာသာသူ ရှောရှောရှုရှုကျွတ်သွားလိမ့်မယ်"

ဒါပေမယ့် မနက်မှာလည်း လျှော့တိလျှော့ရဲ မဖြစ်ပါဘူး။

ရှောရှောရှုရှု ကျွတ်သွားဖို့ဆိုတာဝေးရော၊ အဲဒါနဲ့ပဲ မစ္စစ်ဝမ်းဝုဒ်တစ်ယောက် ကပ်ကြေးတစ်ချောင်းယူပြီး သူ့မခင်ပွန်းခေါင်းမှာ ကပ်နေတဲ့ ဟာတွေ အားလုံးကို ထိပ်ကနေစပြီး ဦးထုပ်အနားကွပ်အထိ ဖြည်းဖြည်းချင်းညှပ်ချပစ် လိုက်တယ်၊ ဆံပင်တွေကပ်နေတဲ့ ဦးထုပ်အတွင်းသားကိုလည်း ညှပ်ရတာဆိုတော့ ဆံပင်တွေပါ ဦးရေပြားအထိရောက်အောင် အပြောင်အသိမ်း ညှပ်လိုက်ရတာ ပြီးလည်းပြီးရော မစ္စတာဝမ်းဝုဒ်ရဲ့ ခေါင်းတစ်ဝိုက်မှာ အဖြူရောင်အပြောင်သား အရစ်ပတ်ကြီးလို ဖြစ်ကျန်နေရစ်ခဲ့တယ်၊ အရှေ့ဘက်မှာတော့ ဦးထုပ်အနားကွပ်နဲ့ တိုက်ရိုက်ထိတိတွေ့တဲ့ နဖူးကအရေပြားကို ပြောတာပါ၊ အဲဒီမှာ တော်တော်လေး ဆေးကြောလိုက်တာနဲ့ ကျွတ်ထွက်သွားမဲ့ အညိုရောင်သားရေအဖတ်မျိုးလေး တွေ အများကြီးကျန်ခဲ့တယ်။

မနက်စာစားကျတော့ မတေးဒါက "ဖေဖေ နဖူးပေါ်က အဲဒီတိုလီမုတ်စ တွေ ချွတ်နိုင်အောင် လုပ်ရဦးမယ်နော်၊ ကြည့်ရတာ အညိုရောင်အကောင်လေး တွေ ဖေဖေ့တစ်ကိုယ်လုံးကို လျှောက်နေတဲ့ပုံနဲ့တူတယ်၊ တော်ကြာ လူတွေက ဖေဖေ့မှာ သန်းတွေပေါနေတယ်လို့ ထင်နေကြဦးမယ်"

"တိတ်တိတ်နေစမ်း" ဖခင်က ခပ်ဆတ်ဆတ်လေးငေါက်လိုက်တယ် "နင့်ပါးစပ်ပုတ်ကို ပိတ်မလား၊ မပိတ်ဘူးလား"

ဘာဘဲပြောပြောလေ အဆုံးသတ်ကျတော့ဘဝင်ကျစရာလေ့ကျင့်ခန်း တစ်ခုဖြစ်သွားပြီပဲ၊ ဒါပေမယ့် အဲဒါက သူ့မရဲ့ဖခင်ကို တစ်သစ်တာအတွက် သင်ခန်းစာပေးလိုက်တာလို့ မျှော်လင့်နေမယ်ဆိုရင်တော့ သိပ်လွန်လွန်းရာကျလိမ့် မယ်။

www.burmeseclassic.com

www.burmeseclassic.com





❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဝမ်းဝုဒ်အိမ်ထောင်စုမှာ ကော်ကပ်တဲ့ဇာတ်လမ်းတွဲကြီး ပြီးသွားတဲ့အခါ သိသိသာသာကြီးကိုပဲ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေတယ်၊ အဲဒီ အတွေ့အကြုံက မစ္စတာဝမ်းဝုဒ်ကိုအတော်လေး ဦးကျိုးသွားစေပြီး၊ သူကြည့်ရတာ ကြွားဖို့ ဗိုလ်ကျဖို့ ခဏတဖြုတ် မေ့နေပုံပဲ။

ဒါပေမယ့် ရုတ်တရက် ပြန်သောင်းကျန်းလာတယ်လို့ ဆိုရမှာပဲ၊ ကား အလုပ်ရုံမှာ ကံမကောင်းလို့လည်း ဖြစ်ချင်ဖြစ်မယ်၊ ပြီးတော့ အသုံးမပြုသင့်တော့တဲ့ ကားဟောင်း များများစာစား မရောင်းလိုက်ရလို့လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ညနေမှာ ယောက်ျားအလုပ်ကနေ ပြန်လာပြီဆိုရင် သူ့ကို စိတ်အနှောက်အယှက် ဖြစ်အောင် လုပ်နိုင်တာတွေ အများကြီးရှိတယ်၊ အသိဉာဏ်ရှိတဲ့ ဇနီးသည်ကတော့ မုန်တိုင်းရဲ့ အရိပ်အယောင်ကို အမြဲတမ်းလိုလို သတိပြုမိပြီး သူ့ခင်ပွန်းရဲ့ဒေါသ တွေ တစ်စထက်တစ်စ မီးငြိမ်းသွားတဲ့အထိ မသိကျိုးကျွန်ပြုနေလေ့ရှိတယ်။

အဲဒီညနေက အလုပ်ရုံကပြန်လာပြီးတဲ့နောက်မှာ မစ္စတာဝမ်းဝုဒ်ရဲ့ မျက်နှာတစ်ခုလုံး မည်းမှောင်နေလိုက်တာ ရှာချတော့မယ့် မိုးတိမ်မည်းကြီးကျ နေတာပဲ၊ အဲ. . . တစ်ယောက်ယောက်အပေါ်ကို မကြာခင်ရှာချတော့မယ် ဆိုတာကတော့ သေချာသလောက်ပဲ။

သူ့ရဲ့ဇနီးသည်က အဲဒီလက္ခဏာတွေကို ချက်ခြင်းရိပ်မိပြီး အသာလေး ရှောင်ထွက်နေလိုက်တယ်၊ သူလည်း ဧည့်ခန်းထဲကို တန်းဝင်သွားတယ်၊ ဧတေးဒါ ကတော့ ကုလားထိုင်တစ်လုံးမှာ ခွေခေါက်ထိုင်နေပြီး၊ သူမရဲ့ စာအုပ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဈာန်ဝင်နေပုံပါ။ မစ္စတာဝမ်းဝုဒ်က တီဗွီကို ဖွင့်လိုက်တယ်၊ ဖန်သားပြင်မှာ အရောင်တွေထင်လာပြီး အစီအစဉ်ထဲက အသံတွေလည်း စလာပြီ၊ မစ္စတာဝမ်းဝုဒ်က မတေးဒါကို တစ်ချက်လှမ်းကြည့်လိုက်တယ်၊ သူမကတော့ လုံးဝ မလှုပ်ပါဘူး မသတိစရာ သေတ္တာလေးထဲက ထွက်လာတဲ့ အသံတွေ သူမနားထဲကို မဝင်နိုင်အောင် သူမကိုယ်သူမ လေ့ကျင့်ပြီးသားလို ဖြစ်နေပြီ၊ စာဖတ်တဲ့အပေါ်မှာပဲ အာရုံစိုက်ထားလိုက်တယ်၊ ဒါပေမယ့် အဲဒါက အကြောင်းကြောင်းကြောင့် ဖခင်ကို ဒေါသပိုထွက်စေခဲ့တယ်၊ သူ လက်လမ်းမမီနိုင်တဲ့ တစ်ခုခုကနေ မတေးဒါအတွက် စိတ်ချမ်းသာစရာ တွေ့နေရတယ်ဆိုတာကလည်း မစ္စတာဝမ်းဝုဒ်ရဲ့ ဒေါသကို မီးလောင်ရာ လေပင့်လိုက်သလိုမျိုး ဖြစ်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် စာဖတ်တာ မရပ်နိုင်ဘူးလား"လို့ ခပ်မာမာ မန်လိုက်တယ်။

"အို. . ဖေဖေပါလား" မတေးဒါကတော့ ဘာမှမဖြစ်သလိုနဲ့ သာယာစွာ ဆိုလိုက်တယ်၊ "ဖေဖေ့ အလုပ် အဆင်ပြေရဲ့လား"

"ဒါ ဘာအမှိုက်ထုပ်လဲ" မတေးဒါလက်ထဲက စာအုပ်ကို ဆွဲယူပြီး ပြောလိုက်ခြင်းပါ။

"အဲဒါ အမှိုက်ထုပ်မဟုတ်ပါဘူး၊ အရမ်းစိတ်ဝင်စားစရာ ကောင်းတယ်၊ စာအုပ်နာမည်က အနီရောင်မြင်းပုလေးတဲ့၊ အမေရိကန်စာရေးဆရာ ဂျွန်စတိန်းဘတ်ခ်ရေးတာလေ၊ ဖေဖေ ဖတ်ကြည့်ပါလား၊ ကြိုက်သွားမယ်"

"ညစ်ညမ်းတဲ့စာမျိုးပဲဖြစ်မယ်၊ အမေရိကန်တစ်ယောက် ရေးပြီဆိုရင် ညစ်ညမ်းတဲ့စာပေဖြစ်မှာ သေချာတယ်၊ ဒါမျိုးတွေပဲ သူတို့ ရေးနေကြတာ"

"မဟုတ်ဘူးဖေဖေ. ဇာတ်လမ်းက အရမ်းကောင်းတယ်၊ အမှန်အတိုင်းပြောတာပါ၊ တကယ်ပါ ဘာအကြောင်း ရေးထားသလဲဆိုတော့. . ."

"အဲဒါ ဘာအကြောင်းလဲဆိုတာ ငါ မသိချင်ဘူး၊ နင် စာဖတ်တာကိုလည်း တော်တော်စိတ်ကုန်နေပြီ၊ တခြား အသုံးဝင်တာတစ်ခုခု သွားလုပ်"

လုံးဝမမျှော်လင့်ထားတဲ့ လျှပ်တစ်ပြက်အတွင်းမှာပဲ စာရွက်တွေကို စိတ်ရှိတဲ့အတိုင်း ဆွဲဆုပ်နေပြီး အမှိုက်ချင်းထဲကို ပစ်ထည့်နေတော့တယ်။

မတေးဒါ အရမ်းကိုတုန်လှုပ်ပြီး ကြက်သေသေသွားတယ်၊ ဖခင်ကတော့ လုပ်မြဲအတိုင်း၊ အဲဒီနေရာမှာ ဒီလူရဲ့မနာလိုဖြစ်မှုက မသိမသာလေး ပေါ်လွင်နေတယ်၊ စာရွက် တစ်ရွက်ချင်းစီကိုလည်း ဆုပ်ဖြဲရင်း "သူမ ဘယ်လောက်တောင် လုပ်ရဲသလဲ၊ ငါမလုပ်နိုင်တဲ့ စာအုပ်ဖတ်တဲ့အပေါ် ဘယ်လောက်တောင် နှစ်ခြိုက်ဝံ့သလဲ"ဆိုပြီး မြည်တွန်နေတဲ့ပုံပဲ၊ မတေးဒါ ဘယ်လောက်တောင် လုပ်ဝံ့သလဲ။

"အဲဒါ စာကြည့်တိုက်က စာအုပ်" မတေးဒါ အော်ပြောလိုက်တာပါ၊ "သမီးကိုယ်ပိုင်စာအုပ် မဟုတ်ဘူး၊ မစ္စစ်ဖပ်စ်ကို ပြန်ပေးရမှာ"

"ဒါဆို နင် နောက်တစ်အုပ်ဝယ်ရတော့မယ် ဆိုပါတော့" မစ္စတာဝမ်းဝုဒ်က ဖြလည်းဖြ ပြောလည်းပြောရင်းပဲ၊ "နင့်ရဲ့ အဖိုးတန်မစ္စစ်ဖပ်စ်အတွက် နောက်ထပ်အသစ်တစ်အုပ် ဝယ်လို့ရတဲ့အထိ စုဘူးထဲမှာ မုန့်ဖိုးပြည့်အောင်စုရဦးမယ်ပေ့ါ၊ ဟုတ်စ. . ."

အဲဒီစကားပြောပြီးသွားတော့ အဖုံးသာကျန်တော့တဲ့ စာအုပ်ကို ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းထဲ ပစ်ထည့်ပြီး တီဗွီကိုဖွင့်လျက်နဲ့ အခန်းထဲကနေ ဆောင့်အောင့်ပြီး ထွက်သွားတယ်။

မတေးဒါနေရာမှာ တခြားကလေးတွေသာဆိုရင် မျက်ရည်တွေပြည့် လျှံပြီး အော်ကြီးဟစ်ကျယ် ငိုလိမ့်မယ်၊ သူမကတော့ ဒီလိုမလုပ်ဘူး၊ အဲဒီနေရာမှာပဲ ငြိမ်ငြိမ်လေးထိုင်နေပြီး တစ်ခုခုကို နက်နက်နဲနဲစဉ်းစားနေတယ်၊ ငိုတာတို့ ဘိုဟိုဒီဒီ ယောက်ယက်ခပ်တာတွေက ဘယ်သူ့ကိုမှ ဘာအကျိုးမှမရှိစေဘူးဆိုတာ သူမ ကောင်းကောင်းသိပုံပေါ်တယ်၊ တိုက်ခိုက်ခံရတဲ့အခါ လုပ်ရမယ့် တစ်ခုတည်းသော နည်းလမ်းကောင်းက စစ်ဘုရင်နပိုလီယံပြောခဲ့တဲ့အတိုင်း တန်ပြန်တိုက်ခိုက်ခြင်းပဲဖြစ်တယ်၊ မတေးဒါရဲ့ တည်ငြိမ်နေတဲ့စိတ်ထဲမှာ ဒီလိုမျိုး အဆိပ်ရှိတဲ့ မိဘတွေအတွက် သင့်လျော်တဲ့ နောက်ထပ်အပြစ်ဒဏ်ပေးနိုင်ဖို့ အံ့ဩစရာကောင်းလောက်အောင် တီထွင်ပြီးသွားပြီ၊ အဲဒီအစီအစဉ်ကို သူမစိတ်ထဲမှာ တစ်ကိုယ်တည်း လျှို့ဝှက်ကြံစည်ပေမဲ့ ဖရက်ဒ် လေ့ကျင့်ပေးထားတဲ့အတိုင်း ဖြစ်လာတဲ့ ဖရက်ဒ်ရဲ့ ကြက်တူရွေး လေပေါလေးကိုတော့ အားကိုးရဦးမယ် ။



www.burmeseclassic.com

www.burmeseclassic.com



ဖရက်ဒ်ဆိုတာ မတေးဒါရဲ့ သူငယ်ချင်းတစ်ယောက်ပါ၊ ခြောက်နှစ်သာ ရှိသေးတဲ့ ကောင်လေးတစ်ယောက်ဖြစ်ပြီး သူမတို့အိမ်ရဲ့ ထောင့်နားလောက်က အိမ်မှာ နေတယ်၊ ဒီအတောအတွင်းမှာ သူ့အဖေဝယ်ပေးထားတဲ့ ကြက်တူရွေး အကြောင်းကို ဖရက်ဒ်တစ်ယောက် ကြွားလုံးထုတ်နေတာ ကြာပြီ။

ဒီလိုနဲ့ နောက်တစ်နေ့ နေ့လည်ခင်းမှာ ဘင်ဂိုတစ်ပွဲလောက်ကစားဖို့ မစ္စစ်ဝမ်းဝုဒ် အိမ်ကထွက်သွားပြီဆိုတာနဲ့ အခြေအနေကို စူးစမ်းလေ့လာဖို့ ဖရက်ဒ် တို့ အိမ်ဘက်ကို မတေးဒါ ခြေဆန့်ခဲ့တယ်၊ သူမက တံခါးခေါက်လိုက်ပြီး နာ မည်ကြီးငှက်ကလေးကို ကြည့်လို့ရမလားလို့ မေးလိုက်တယ်၊ ဖရက်ဒ်ကလည်း ပျော်ရွှင်သွားပြီး လှောင်ချိုင့်ရှည်ထဲမှာထည့်ထားတဲ့ အပြာနဲ့အဝါစပ်ထားပြီး တကယ့်ကိုလှပတဲ့ ကြက်တူရွေးလေးထားရှိရာ သူ့အခန်းထဲကို ခေါ်သွားတယ်၊

"ဒီမှာလေ. . သူ့ကို ချော်ပါလို့ ခေါ်တယ်"

"စကားပြောအောင် လုပ်ကြည့်စမ်းပါ" မတေးဒါ အရမ်းစိတ်ဝင်စား နေပြီ။

"သူ စကားပြောအောင် လုပ်လို့ မရဘူးဟ. . .၊ စိတ်ရှည်ရှည်ထားရ မယ်၊ သူ့ဘာသာ ပြောချင်စိတ်ရှိလာမှ ပြောလိမ့်မယ်. ."

သူတို့နှစ်ယောက်လည်း စကားတွေပြောရင်း စောင့်နေလိုက်တယ် ရုတ်တရက် ကြက်တူရွေးလေးက. . .

"ဟဲလို၊ ဟဲလို၊ ဟဲလို. ."

လူသားတစ်ယောက်ရဲ့ အသံနဲ့ တကယ်တူတာပါ။

"အရမ်း အံ့သြဖို့ကောင်းတာပဲ၊ နောက်ထပ် ဘာတွေပြောတတ်သေး လဲ. ."

"ကျုပ်အရိုးတွေကို ခေါက်ကြည့်"ကျောချမ်းစရာကောင်းလောက် အောင်ကို ကြက်တူရွေးလေးက အသံတုပြီး ပြောလိုက်တာပါ။

"ကျုပ်အရိုးတွေကို ခေါက်ကြည့်"

"အဲဒါကို သူ့အမြဲတမ်း ပြောနေတယ်" ဖရက်ဒ်က သူမကို ရှင်းပြနေ တယ်။

"အဲဒါပဲ၊ ဒါပေမယ့် တကယ်ချိုးကျူးစရာကောင်းတယ်လို့ နင် မထင် ဘူးလား. ."

www.burmeseclassic.com

www.burmeseclassic.com



"တကယ် စိတ်ဝင်စားစရာ ကောင်းတယ်၊ ငါ့ကို တစ်ညလောက် ငှားလို့ ရမလား"

"မရဘူး၊ လုံးဝ မငှားနိုင်ဘူး. . ."

"နောက်အပတ်မှာ ငါရမယ့်မုန့်ဖိုးအကုန်လုံးကို နင့်ကို ပေးမယ်လေဟာ"

ဒါကတော့ မတူတော့ဘူး၊ ဖရက်ဒ်က စက္ကန့်အနည်းငယ်ကြာစဉ်းစား ခန်းဝင်ပြီး၊ "ဒါဆိုလည်း ကောင်းပြီလေ၊ မနက်ဖြန်ကျရင် သူ့ကိုပြန်ပေးမယ်လို့ ကတိပေးမယ်ဆိုရင်ပေါ့. ."

တစ်ယောက်မှမရှိတဲ့ သူမတို့ရဲ့အိမ်ဆီ ကြက်တူးရွှေးလှောင်ချိုင့်ရှည်ကြီးကို လက်နှစ်ဘက်နဲ့သယ်ပြီး မတေးဒါပြန်လာခဲ့တယ်၊ သူမတို့အိမ်ရဲ့ ထမင်းစားခန်းထဲမှာ မီးလင်းဖိုခပ်ကြီးကြီးတစ်ခုရှိပြီး အစောက ကြက်တူရွှေးလှောင်ချိုင့်ရှည်ကို မီးခိုးခေါင်းတိုင်ရဲ့ မမြင်နိုင်တဲ့နေရာလောက်မှာ သပ်ရိုက်ပြီးချိတ်ထားလိုက်တယ်၊ သိပ်ပြီး လွယ်ကူလှတယ်ရယ်လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် အဆုံးထိရောက်အောင် သူမ ဆောင်ရွက်နိုင်ခဲ့တယ်။

"ဟဲလို၊ ဟဲလို၊ ဟဲလို" ငှက်ကလေးက သူမကို အော်ခေါ်နေတယ်။

"ပါးစပ်ပိတ်ထားစမ်း၊ ကောင်စုတ်လေး. . ." အဲဒီလိုပြောပြီး သူမလက်ထဲမှာပေနေတဲ့ ကြပ်ခိုးတွေကို ဆေးကြောဖို့ ထွက်လာခဲ့တယ်။

အဲဒီနေ့ညနေမှာ သူမရဲ့ဖခင်၊ မိခင်၊ အစ်ကိုနဲ့ မတေးဒါတို့ ထုံးစံအတိုင်း ဧည့်ခန်းထဲက တီဗွီရှေ့မှာ ညစာစားနေကြတုန်း၊ အိမ်ရှေ့ခန်းကိုဖြတ်ပြီး ထမင်းစားခန်းထဲကနေ ထင်ထင်ရှားရှား အသံကျယ်တစ်ခု ထွက်လာတယ်။

"ဟဲလို၊ ဟဲလို၊ ဟဲလို" ဆိုပါလား. .။

"ဟယ်ရီ" ဖြူစပ်ဖြူရော်ဖြစ်နေတဲ့ မိခင်က ထ,အော်လိုက်တဲ့အသံပါ။

"အိမ်ထဲမှာ တစ်ယောက်ယောက် ရောက်နေပြီနဲ့တူတယ်၊ ကျုပ်အသံတစ်သံ ကြားလိုက်တယ်"

"သားရောပဲ. ." အစ်ကိုလုပ်တဲ့သူက ပြောလိုက်ပြန်တယ်၊ မတေးဒါ ထ,ပြီး တီဗွီကိုအမြန်ပြေးပိတ်လိုက်တယ်။

"ရှူး. . . နားထောင်"

သူတို့အားလုံး စားတာကိုရပ်ပြီး တုတ်တုတ်မှမလှုပ်ကြပဲ ထိုင်နားထောင်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို၊ ဟဲလို၊ ဟဲလို"ဆိုတဲ့အသံ ထွက်လာပြန်ပြီ။

"အဲဒီ အသံပဲ" မိုက်ကယ်ကပြောလိုက်တာပါ။

"အိမ်ကို ဖောက်ထွင်းတဲ့လူတွေပဲ ဖြစ်ရမယ်" မိခင်ဖြစ်သူက တီးတိုး ဆိုလိုက်တယ်၊ "ထမင်းစားခန်းထဲမှာ ရောက်နေကြတာနဲ့တူတယ်"

"သူတို့လို့ ငါလည်းထင်တယ်" မလှုပ်မယှက်ထိုင်နေတဲ့ ဖခင်ဖြစ်သူက ပြောလိုက်တယ်၊

"ဒါဆိုရင်လည်း သွားဖမ်းချည်လေ. . ဟယ်ရီ" မိခင်ဖြစ်သူက တိုက်တွန်းလိုက်သံ။

ဖခင်ဖြစ်သူကတော့ လုံးဝမလှုပ်ပါဘူး၊ သူ့ကိုကြည့်ရတာ ဝရုန်းသုန်းကားနဲ့ပြေးသွားပြီး သူရဲကောင်းကြီးလုပ်ဖို့အတွက် အလျင်စလိုဖြစ်နေပုံမရဘူး၊ မျက်နှာကလည်း အညိုရောင်ဘက်ကို ပြောင်းသွားပြီ။

"မြန်မြန်လုပ်လေ" မိခင်ဖြစ်သူရဲ့ ထပ်မံနှိုးဆော်လိုက်သံ၊ "ပိုက်ဆံလာရှာကြတာပဲဖြစ်မှာ"

ခင်ပွန်းသည်က သူ့နှုတ်ခမ်းတွေကို စိတ်လှုပ်ရှားစွာနဲ့သုတ်လိုက်ပြီး"ငါတို့အားလုံး အတူတူသွားပြီး ရှာကြမယ်လေ"လို့ပြောလိုက်တယ်။

"ဒါဆိုလည်း မြန်မြန်လာ" အစ်ကိုလုပ်သူက ပြောတာပါ၊ "မြန်မြန်လာ မေမေ"

"သူတို့ ထမင်းစားခန်းထဲမှာရှိနေတာ သေချာတယ်" မတေးဒါက တီးတိုးပြောလိုက်တယ်၊ "အဲဒီမှာရှိနေတယ်ဆိုတာ သမီး သေချာတယ်"

မိခင်ဖြစ်သူက မီးလင်းဖိုထဲက မီးဆွဲတံကိုယူလိုက်တယ်၊ ဖခင်ဖြစ်သူကတော့ ဂေါက်ရိုက်တံတစ်ချောင်းကိုကိုင်ပြီး အခန်းထောင့်မှာ မတ်တတ်ရပ်နေတယ်၊ အစ်ကိုလုပ်တဲ့သူက စားပွဲတင်မီးအိမ်တစ်လုံးကို ပလပ်ပေါက်က ပလပ်ကြိုးဆွဲဖြုတ်ပြီး ဒရွတ်တိုက်ယူလာတယ်၊ သူမက ညစာစားရာမှာအသုံးပြုတဲ့ ဓားကို ကိုင်ထားတယ်၊ နောက် သူတို့လေးဦးသား ထမင်းစားခန်းထဲကို တရွေ့ရွေ့ ချီတက်သွားကြတယ်၊ ဖခင်ဖြစ်သူ မစ္စတာဝမ်းဝုဒ်က အားလုံးရဲ့နောက်မှာ အတော်လေး ချန်နေရစ်ခဲ့တာပါ။

"ဟဲလို၊ ဟဲလို၊ ဟဲလို" ဆိုတဲ့ အသံကြီးက ထွက်လာပြန်ပြီ။

"မြန်မြန်လာ" မတေးဒါက သူမရဲ့ဓားကို ဝှေ့ယမ်းပြီး အခန်းထဲကိုဝင်ရင်း အော်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေက သူတို့ကိုင်ထားတဲ့ လက်နက်တွေကို ဝှေ့ယမ်းပြီး …တေးဒါလေးရဲ့ နောက်ကနေ လိုက်လာကြတယ်၊ သူတို့အားလုံး အခန်းတစ် …က်ကို ဝေ့ကြည့်လိုက်ကြတယ်၊ တစ်ယောက်မှ မရှိဘူး။

"ဒီမှာ တစ်ယောက်မှ မရှိပါဘူး" အတော်လေးကို ပေါ့ပါးသွားတဲ့ အသံနဲ့ …ခင်ဖြစ်သူက ပြောလိုက်တာပါ။

"ကျွန်မ သေသေချာချာ ကြားလိုက်တယ် . . ဟယ်ရီ" ကြောက်ရွံ့တုန် …ုပ်နေသေးသယောင် ရှိနေသေးပေမယ့် မိခင်ဖြစ်သူက အော်ပြောလိုက်တာပါ။

"ကျွန်မ သူ့အသံကို သေသေချာချာ ကြားလိုက်တာပါ၊ ရှင်လည်း ကြား …တာပဲလေ"

"သမီးလည်း သေသေချာချာ ကြားလိုက်တယ်" မတေးဒါက ကြားဝင် …ထာက်ပြန်ပြီ၊ "သူ ဒီအထဲက တစ်နေရာရာမှာ ရှိနေတယ်" ပြောရင်းနဲ့ စားပွဲ …တွေနဲ့ လိုက်ကာတွေရဲ့နောက်ကို ရှာနေတော့တယ်။

အသံကြီးက ထွက်လာပြန်ပါပြီ၊ ဒီတစ်ကြိမ်မှာတော့ နည်းပြီး ကျောချမ်း …ယာက်စရာ ကောင်းတယ်။

"ကျုပ်အရိုးတွေကို ခေါက်ကြည့်၊ ကျုပ်အရိုးတွေကို ခေါက်ကြည့်"ဆို …ါလား။

အားလုံး ထ,ခုန်မိကြတယ်၊ ဒီနေရာမှာ အထူးသရုပ်ဆောင်ကောင်းတဲ့ …တေးဒါလည်း အပါအဝင်ပေါ့၊ အခန်းတစ်ပိုက်ကို ဝေ့ကြည့်လိုက်ကြတယ်၊ …တစ်ယောက်မှကို မတွေ့ရဘူး။

"သရဲပဲဖြစ်ရမယ်"

"ဘုရားသခင် ကယ်တော်မူပါ" မိခင်ဖြစ်သူက သူမခင်ပွန်းရဲ့လည်ပင်း …ကိုဖက်တွယ်ရင်း အော်နေတာပါ။

"သရဲလို့ သမီးသိနေတယ်၊ အရင်တုန်းကလည်း ဒီနေရာမှာ သမီးအဲဒီ …အသံကို ကြားဖူးတယ်၊ ဒီအခန်းက ခြောက်တယ်ဆိုတာ မေမေတို့လည်း သိလိမ့် …ယ်လို့ ထင်နေတာ"

"ကယ်ကြပါဦး. "မစ္စစ်ဝမ်းဝုဒ်တစ်ယောက် အော်လည်းအော်ရင်း သူ့မ …ခင်ပွန်းသည်ကိုလည်း လည်ပင်းညှစ်သတ်မိလုမတတ် ဖြစ်နေပြီ။

"ငါတော့ ဒီကနေ သွားတော့မယ်" အရင်ကထက်ပိုပြီးဖြူဖတ်ဖြူရော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ ဖခင်ဖြစ်သူက ပြောလိုက်တာပါ၊ အခန်းတံခါးကို ဆောင့်ပိတ်ပြီး သူတို့အားလုံး သုတ်ခြေတင်ကြတော့တယ်။

နောက်တစ်နေ့ နေ့လည်ကျတော့ အတော်လေးကို ဒေါကန်နေပြီး ကြပ်ခိုးစွဲနေတဲ့ ကြက်တူရွေးကို မီးခိုးခေါင်းတိုင်ကနေ အသာလေးချပြီး တ ယောက်မှ မမြင်စေရပဲ အိမ်ထဲကိုထုတ်လာခဲ့လိုက်တယ်၊ နောက်ဘေးတံခါး ပေါက်ကနေ သယ်ထုတ်လာပြီး ဖရက်ဒ်တို့ရဲ့အိမ်ကို တစ်ချိုးတည်း ပြေးတော့ တာပေါ့။

"ဒီကောင် ကောင်းကောင်းနေရဲ့လား. . "ဖရက်ဒ်က မေးလိုက် တယ်။

"သူ့ကြောင့် ငါတို့မိသားစု အတော်လေးကို ပျော်ခဲ့ကြတယ်၊ ငါ့မိ တွေလည်း သူ့ကို တအားချစ်သွားကြတယ်"



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၅)

မတေးဒါက သူမရဲ့မိဘတွေကို ထက်မြက်ပြီး၊ ချစ်ခင်တတ် နားလည် ...းတတ်စေချင်ရုံသာမက လေးစားစရာလည်းကောင်းစေချင်တယ်၊ ဒီလိုအရည် ...ချင်းတွေအားလုံး သူတို့မှာမရှိတဲ့အချက်ကတော့ သူမရင်ဆိုင်ရမယ့်အရာလို ...ဖြစ်နေတယ်၊ ရင်ဆိုင်နိုင်ဖို့ဆိုတာကလည်း သိတ်ပြီးတော့ မလွယ်ကူလှဘူး၊ ဒါ ...မယ့် သူတို့ထဲက တစ်ယောက်ယောက် ဒါမှမဟုတ် နှစ်ယောက်စလုံးက လူ ...ဆန်စွာ ဆက်ဆံလာတဲ့အခါတိုင်း သူမတီထွင်ထားတဲ့ ကစားနည်းတွေနဲ့ ပြစ် ...ဏ်ခတ်လိုက်ပြီးတဲ့အချိန်တိုင်း သူမရဲ့ဘဝမှာ အနည်းနဲ့အများတော့ နေသာ ...ိုင်သာရှိသွားတာ အမှန်ပါ။

အရမ်းငယ်ပြီး လူကောင်အရမ်းသေးနေတဲ့အတွက်ကြောင့် ဒီတစ်မိ ...ားစုလုံးမှာရှိတဲ့ လူတွေထက် သာနိုင်တဲ့စွမ်းရည်ကတော့ ဦးနှောက်စွမ်းရည်ပဲ ...တယ်၊ သာလွန်တဲ့ ဉာဏ်ပြေးမှုကြောင့်လည်း သူမ စိစဉ်အကွက်ချတဲ့အတိုင်း ...ဖြစ်ရတာပါပဲ၊ ဘယ်မိသားစုမှာမဆို ငါးနှစ်အရွယ်သာရှိသေးတဲ့ ဘယ်မိန်းကလေး ...ဆို သူမကိုပေးလာတဲ့ တစ်ချက်လွှတ်အမိန့် ရလာပြီဆိုရင် အဲဒီအမိန့်တွေက ...ယ်လောက်ပဲ မမှန်မကန်ဖြစ်နေပါစေ၊ လိုက်နာရမယ်ဆိုတဲ့ အချက်တစ်ချက်က ...ည်း ကျန်ရှိနေသေးတယ်၊ အဲဒါကြောင့် မသတီစရာ သေတ္တာလေးရဲ့ရှေ့မှာ ...ဒီဗွီ-လင်ပန်းညစာကို ပြီးအောင်စားဖို့ အမြဲတမ်း ဖိအားပေးခံနေရတယ်၊ ရုံးပိတ် ...က်တွေမှာ နေ့ခင်းနေ့လည်းတိုင်း တစ်ယောက်တည်းနေခဲ့ရပြီး၊ ဘယ်အချိန် ...ဆို သူမအသံတိတ်ဖို့ အပြောခံရပြီဆိုတာနဲ့ ပါးစပ်ပိတ်ရတော့တယ်။

သူမအတွက် လုံခြုံရေးလက်နက်လို ဖြစ်နေတဲ့ အရာကတော့ ဒေါ်သ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လွန်းလို့ သူမ ပေါက်ကွဲမှာကို တားဆီးပေးနိုင်တဲ့ အဲဒီလို ပိပိရိရိနဲ့ သေသေ သပ်သပ် အကွက်စေ့တဲ့ အပြစ်ဒဏ်လေးတွေကို စီစဉ်ခြင်းပဲ ဖြစ်တယ်၊ အခု အရာကလည်း အတော်လေးကို အလုပ်ဖြစ်ပုံပဲ၊ အချိန်အတိုင်းအတာ တစ်ခု အတွင်းမှာ အနည်းနဲ့အများပေါ့လေ၊ အထူးသဖြင့် ဖခင်ဖြစ်သူ မစ္စတာဝမ်းဝုဒ်က မတေးဒါရဲ့ အံ့မခန်း ဆေးတစ်တိုစာကို ရလိုက်ပြီးကတည်းက ရက်အတော်ကြာ တဲ့အထိ ဆူညံတာတို့ သောင်းကျန်းတာတို့ ဗိုလ်ကျတာတို့ နည်းသွားတတ်တယ်။

မီးခိုးခေါင်းတိုင်ထဲက ကြက်တူရွေးကိစ္စကလည်း မိဘနှစ်ပါးစလုံးကို အတော်လေးပြုပြင်လိုက်နိုင်ပြီး၊ တစ်ပတ်ကျော်ကျော်လောက်ကြာတဲ့အထိ သူတို့ရဲ့ သမီးငယ်လေးအပေါ်မှာ သိသိသာသာကြီး နူးညံ့သိမ်မွေ့နေတယ်၊ ဒါ ပေမယ့် သိပ်ပြီးကြာရှည်မခံလိုက်ပါဘူး၊ တစ်ညနေမှာ နောက်တစ်ကြိမ်မီးပွားစေ ဧည့်ခန်းထဲမှာ ထ,တောက်တော့တာပဲ၊ မစ္စတာဝမ်းဝုဒ်က အလုပ်ကနေပြန်လာ တာပါ၊ မတေးဒါနဲ့ သူ့အစ်ကိုမိုက်ကယ်တို့က ဧည့်ခန်းထဲကဆိုဖာပေါ်မှာထိုင်ရင်း လင်ပန်းထဲ ညစာထည့်ယူလာမယ့် သူတို့ရဲ့မိခင်ကို ထိုင်စောင့်နေကြတယ်၊ တီဗွီ လည်း မဖွင့်ရသေးဘူး။

မစ္စတာဝမ်းဝုဒ်က ထုံးစံအတိုင်း အကွက်ကြီးကြီးကုတ်အကျႌနဲ့ နက်ကတိုင် အဝါရောင်ကို တွဲဖက်ပြီးဝတ်ဆင်ထားတယ်၊ စိတ်ပျက်စရာကောင်းလောက်အောင် အဝါနဲ့ အစိမ်းရောင် အကွက်ကြီးကြီးကုတ်အကျႌနဲ့ ဘောင်းဘီတွေက မြင်ရသူ ဘယ်သူ့ကိုမဆို တကယ်ပဲ မျက်စေ့ကျိန်းသွားစေလောက်တယ်၊ သူ့ပုံစံက သတို့သား ဖြစ်သူရဲ့ မင်္ဂလာပွဲအတွက် ကျကျနနဝတ်ဆင်ထားတဲ့ အောက်ကျနောက်ကျ စက်ချုပ်သမားတစ်ယောက်လို ဖြစ်နေပြီး၊ အဲဒီညနေမှာတော့ သူ့ကိုယ်သူ လုံးဝ ကြေနပ်နေတဲ့ပုံပဲ၊ ကုလားထိုင်တစ်လုံးမှာ ထိုင်ချလိုက်ပြီး၊ သူ့လက်တွေကို ပွတ် သပ်နေရင်းက သူ့သားကို အသံကျယ်ကျယ်နဲ့ ခေါ်လိုက်တယ်၊

"ကိုင်း. . လူလေးရေ မင်းအဖေတော့ အအောင်မြင်ဆုံး နေ့တစ်နေ့ကို ပိုင်ဆိုင်ခဲ့ပြီကွ၊ ဒီမနက်ထက်ကို ဒီနေ့ညမှာ ပိုပြီးချမ်းသာလာတယ်၊ ကားငါးစီးထက် မနည်းရောင်းရပြီး အားလုံးကို မျိုးမျိုးမြက်မြက်လေး ရလိုက်တယ်၊ ဂီယာဘောက်စ် ထဲက လွှစာမှုန့်တွေရယ်၊ စပီဒိုမီတာက ကေဘယ်ကြိုးအတွက် လျှပ်စစ်သွပ်နန်းရယ်၊ ဟိုနား ဒီနား ဆေးတစ်ကွက်နှစ်ကွက်လောက် သုပ်လိုက်ပြီး၊ တစ်ခါးဉာဏ်ဆင် ထားတဲ့ အကွက်လေးတွေ နည်းနည်းထည့်လိုက်တာနဲ့ အရူးတွေ အငမ်းမရ

www.burmeseclassic.com



ကြတော့တာပဲလေ”

သူ့အိပ်ကပ်က စာရွက်တစ်ရွက်နှိုက်လိုက်ပြီး သေသေချာချာထိုင်ကြည့်နေတယ်၊ “နားထောင်. . ကောင်လေး” မတေးဒါကို လျစ်လျူရှုရင်း သူ့သားကို ထပ်ခေါ်လိုက်ပြန်တယ်၊ “မင်း. . တစ်နေ့ကျရင် ငါနဲ့အတူ စီးပွားရေးလောကထဲကို ဝင်လာမှာဆိုတော့ တစ်နေ့ကုန်သွားတိုင်း ရလာတဲ့အမြတ်တွေကို ဘယ်လိုပေါင်းရမလဲဆိုတာ မင်း သိထားရမယ်၊ စာရွက်တစ်ရွက်နဲ့ ခဲတံ သွားယူလာခဲ့ မင်း ဘယ်လောက်ဉာဏ်ကောင်းလဲဆိုတာ ကြည့်ရအောင်. .”

သားဖြစ်သူကလည်း နာခံစွာနဲ့ပဲ အခန်းထဲကနေထွက်သွားပြီး စာရေးကရိယာတွေနဲ့ ပြန်ဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂဏန်းတွေကို ချရေး" သူ့စာရွက်ကိုဖတ်ရင်းနဲ့ ပြောလိုက်တယ်၊ "ကားနံပတ်တစ်ကို နှစ်ရာ့ ခုနှစ်ဆယ် ရှစ်ပေါင်နဲ့ ဝယ်လိုက်ပြီး၊ တစ်ထောင့် လေးရာ့ နှစ်ဆယ့်ငါးနဲ့ ပြန်ရောင်းလိုက်တယ်၊ ရပြီလား. . "

ဆယ်နှစ်သားလေးက ငွေပမာဏနှစ်ခုကို သေသေချာချာ ဖြည်းဖြည်းချင်း ရေးချနေတယ်။

"ကားနံပတ်နှစ်က တစ်ရာ့ ဆယ်ပေါင် ကုန်ကျတယ်၊ ခုနှစ်ရာ့ခြောက်ဆယ်နဲ့ ပြန်ရောင်းလိုက်တယ်၊ ရပြီလား"

"ဟုတ်ကဲ့ဖေဖေ၊ ရေးပြီးပါပြီ"

"ကားနံပတ်သုံးက တစ်ရာ့ ဆယ့်တစ်ပေါင်ပေးရပြီး၊ ကိုးရာ့ ကိုးဆယ့်ကိုးပေါင်နဲ့ ပဲနိငါးဆယ်ရလိုက်တယ်"

"ပြန်ပြောပါဦး၊ အဲဒါကို ဘယ်လောက်နဲ့ ရောင်းလိုက်တာလဲ"

"ကိုးရာကိုးဆယ့်ကိုးပေါင်နဲ့ ပဲနိငါးဆယ်လေ. . .၊ ဒါနဲ့ အဲဒီနည်းက ဝယ်သူကိုလှည့်ဖို့ နောက်လိမ်ဆင်တစ်ခုလေ၊ ဂဏန်းအကြီးကြီးကို ဘယ်တော့မှ မပြောနဲ့၊ ကိုးရာကိုးဆယ့်ကိုးနဲ့ ပဲနိငါးဆယ်လို့သာပြော၊ အများကြီး သက်သာသွားပုံရပေမယ့် အဲဒီလိုမဟုတ်ဘူး၊ ဉာဏ်ကောင်းတယ် မဟုတ်လား"

"တအားပဲ. . . ဖေဖေက အရမ်းဉာဏ်ကောင်းတာပဲနော်. . "

"ကားနံပတ်လေးက ရှစ်ဆယ့်ခြောက်ပေါင်ပဲကျတယ်၊ အဲဒီကားက တော်တော်လည်း အခြေအနေဆိုးနေပြီ၊ အဲဒါကို ခြောက်ရာ့ကိုးဆယ့်ကိုးပေါင်နဲ့ ပဲနိငါးဆယ်ရလိုက်တယ်"

"သိပ်အမြန်ကြီးမပြောပါနဲ့" နံပတ်တွေကို ချရေးရင်းနဲ့ သားလုပ်သူက ပြောလိုက်တာပါ။

"ဟုတ်ပြီ၊ ရေးပြီးသွားပြီ"

"ကားနံပတ်ငါးက ခြောက်ရာ သုံးဆယ့် ခုနှစ်ပေါင်ပေးရတယ်၊ ပြီးတော့ တစ်ထောင့်ခြောက်ရာ့၊ လေးဆယ့်ကိုးပေါင်နဲ့ ပဲနိငါးဆယ်တိတိနဲ့ရောင်းလိုက်တယ်၊ အဲဒါတွေအားလုံး ချရေးပြီးသွားပြီမဟုတ်လား သား"

"ဟုတ်ကဲ့. . ဖေဖေ" သူ့စာရွက်နဲ့ မျက်နှာထိလုမတတ် သေသေချာချာ ရေးရင်းနဲ့ ပြောလိုက်တာပါ။

"ကောင်းပြီ၊ အခု အဲဒီကားတစ်စီးချင်းစီအတွက် အမြတ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



တွက်ထုတ်ပြီး အားလုံးပေါင်းလိုက်၊ ပြီးရင် ဒီနေ့အတွက် မင်းရဲ့ထတ်မြတ်တဲ့ အဖေ ငွေဘယ်လောက်ဝင်လာလည်းဆိုတာ ပြောပြနိုင်လိမ့်မယ်"

"ငွေပမာဏတွေကတော့ အများကြီးပဲ"

"ဒါပေါ့. . အများကြီးပဲ၊ ဒါပေမယ့် မင်း ငါ့လို ကြီးကြီးမားမားစီးပွားရေးလောကထဲ ဝင်ပြီဆိုတာနဲ့ ဂဏန်းသင်္ချာနဲ့ပတ်သက်ပြီး ထူးချွန်နေရမယ်၊ ငါ့အတွက်တော့ အဲဒါကြီးတစ်ခုလုံးကိုတွက်ချက်တာ ဆယ်မိနစ်ထက်ပိုမကြာဘူး"

"ဖေဖေ့ခေါင်းထဲမှာ ဒီအတိုင်းတွက်ချက်ခဲ့တာလား" သားလုပ်တဲ့သူက ငေးစိုက်ကြည့်ရင်း မေးလိုက်တာပါ။

"ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီလိုမျိုး ဘယ်သူမှမလုပ်နိုင်ဘူး၊ ဒါပေမယ့် ငါ့အတွက်တော့ သိတ်မကြာပါဘူးကွာ၊ မင်းတွက်ပြီးသွားရင် ဒီနေ့အတွက် ငါ ဘယ်လောက်အမြတ်ရခဲ့လဲဆိုတာပြော၊ ငါ ဒီစာရွက်ပေါ်မှာ တွက်ပြီးသား အဖြေစုစုပေါင်းရေးထားတယ်၊ မင်းအဖြေ မှန်၊ မမှန် ငါပြောမယ်"

မတေးဒါက အသံတိုးတိုးလေးနဲ့ "ဖေဖေ. . ဖေဖေ့အမြတ်စုစုပေါင်းက လေးထောင့်သုံးရာ၊ သုံးပေါင်နဲ့ ငါးဆယ်ပဲနိတိတိပါ"

"ကြားဖြတ်မပြောစမ်းနဲ့. . ၊ ငါနဲ့ နင့်အစ်ကို အရေးကြီးတဲ့ဘဏ္ဍာရေးအတွက် အလုပ်ရှုပ်နေကြတယ်"

"ဒါပေမယ့်. . . ဖေဖေ. . ."

"ပါးစပ်ပိတ်ထားစမ်း၊ မှန်းသမ်းပြီး ဉာဏ်ကောင်းတဲ့ပုံစံမျိုး လာ. . မလုပ်နဲ့"

"ဖေဖေ့ရဲ့အဖြေကို ကြည့်လိုက်ပါ၊ တကယ်လို့ အမှားအယွင်းမရှိပဲ ဖေဖေတွက်ချက်တာ မှန်ခဲ့တယ်ဆိုရင်၊ အဖြေက လေးထောင့်သုံးရာသုံးပေါင်နဲ့ ငါးဆယ်ပဲနိတိတိဖြစ်နေလိမ့်မယ်၊ အဲဒါ ဖေဖေရခဲ့တဲ့ အမြတ်မဟုတ်ဘူးလား"

ဖခင်ဖြစ်သူက သူ့လက်ထဲက စာရွက်ဆီ တစ်ချက်ငုံ့ကြည့်လိုက်တယ်၊ သူ့ခန္ဓာကိုယ်တစ်ခုလုံး မာမာတောင့်တောင့်ကြီးဖြစ်သွားသလိုပဲ၊ တော်တော်လေးလည်း ငြိမ်သက်သွားတယ်၊ အဲဒီမှာ တိတ်ဆိတ်မှုရှိနေတာတော့ အသေအချာပဲ။

"အဲဒါ ပြန်ပြောစမ်း"

"လေးထောင့်၊ သုံးရာ၊ သုံးပေါင်နဲ့ ပဲနိငါးဆယ်"

နောက်ထပ်တိတ်ဆိတ်မှုတစ်ခု ဖြစ်ခဲ့ပြန်ပြီ၊ ဖခင်ဖြစ်သူရဲ့ မျက်နှာက

www.burmeseclassic.com

www.burmeseclassic.com



အနီပုတ်ရောင်ဘက် ပြောင်းလာပြီ။

"သမီးအဖြေ မှန်တယ်ဆိုတာ သေချာတယ်"

"နင်. . သူခိုးလေးပဲ" ဖခင်က ရုတ်တရက် လက်ညှိုးထိုးပြီး သူမကို ထ,အော်တော့တယ်။

"ငါ့စာရွက်ကို နင် ကြည့်ပြီးသွားပြီ၊ ငါဒီမှာ ရေးထားတာကို အဲဒီကနေ အလွတ်ရွတ်ပြနေတာ"

"ဖေဖေ. . သမီးက အခန်းရဲ့ဒီဘက်မှာလေ၊ ဘယ်လိုလုပ် မြင်ရမှာလဲ"

"ငါ့ကို ဘာဆင်ခြေမှ လာမပေးနဲ့ သေချာတာပေါ့၊ နင် ကြည့်ပြီးသွားပြီ၊ ဒီကမ္ဘာပေါ်မှာ ဘယ်သူမှ ဒီလိုအဖြေမှန်ကို ချက်ခြင်းမတွက်နိုင်ဘူး၊ အထူးသဖြင့် မိန်းကလေးတွေပဲ၊ နင်ဟာ လူလိမ်တစ်ယောက်ပဲ၊ အဲဒါ နင် ဘယ်သူလဲဆိုတာ လူလိမ်၊ လူညာ. . . "

အဲဒီအချိန်မှာပဲ မိခင်က လေးယောက်အတွက် ညစာတွေကို လင်ပန်းပေါ်တင်ပြီး သယ်လာတယ်၊ ဒီတစ်ခါတော့ မစ္စစ်ဝမ်းဝုဒ် ဘင်ဂိုကစားပြီးတဲ့နောက် စိတ်ရောကိုယ်ပါ အတော်လေး မောဟိုက်သွားတဲ့အတွက် ညနေစာချက်ဖို့ လုံလောက်တဲ့အင်အား သူမဆီမှာမကျန်တော့တဲ့ဟန် ပေါက်နေတယ်၊ အဲဒါကြောင့် တီဗွီညစာလို့မခေါ်ရင်တော့ ငါး-အာလူးကြော်ညစာလို့ ခေါ်ရတော့မှာပဲ၊ "ဘာကိစ္စကြောင့် အဲဒီလောက်ထိ မျက်နှာနီနေရတာလဲ ဟယ်ရီ" သူမရဲ့ လင်ပန်းကို ကော်ဖီတင်စားပွဲပေါ်မှာချရင်း မေးလိုက်တာပါ။

"နင့်သမီးက လူလိမ် လူညာတစ်ယောက်ပဲ" ပြောလည်းပြောရင်း၊ သူ့ရဲ့ငါးကြော်ပန်းကန်ကို ပေါင်ပေါ် နေရာချထားလိုက်တယ်။

"တီဗွီဖွင့်လိုက်တော့ ဘယ်သူမှ ဘာတစ်ခွန်းမှ မပြောကြနဲ့တော့"



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၆)

တီဗွီကို ဉပေက္ခာပြုပြီး၊ သူမရဲ့ညစာအဖြစ် ငါးကြော်နဲ့ အားလူးကြော်ကို စားရင်း ဖခင်ရဲ့ သူမအပေါ် အခုနောက်ဆုံး ဆိုးယုတ်မှုအတွက် ပြစ်ဒဏ်ကြီး ကြီး ထိုက်တန်တယ်ဆိုပြီး မတေးဒါခေါင်းထဲမှာ စဉ်းစားနေလိမ့်မယ်ဆိုတာကို တော့ သံသယဖြစ်စရာမရှိဘူး၊ သူမရဲ့ဦးနှောက်ကလည်း ဖြစ်နိုင်ချေများစွာကို တွက်ထုတ်ကြည့်နေပါသေးတယ်၊ အိပ်ရာဝင်ချိန်မှာတော့ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချပြီးသွားပြီပေါ့။

နောက်နေ့မနက်မှာ အိပ်ရာစောစောထ၊ ရေချိုးခန်းထဲဝင်ပြီး တံခါးကို ချက်ထိုးထားလိုက်တယ်၊ ကျုပ်တို့သိခဲ့ပြီးအတိုင်းပဲ မစ္စစ်ဝမ်းဝုဒ်ရဲ့ဆံပင်က ပလက်တီနမ်ရောင် ခပ်ဖျော့ဖျော့ဆေးဆိုးထားလေ့ရှိပြီး၊ ဆက်ကပ်ထဲက ကြိုးတန်း လျှောက်တဲ့မိန်းမရဲ့ ပေါင်တံထိရှည်တဲ့ ငွေရောင်ရွှန်းရွှန်းစိုတဲ့အရောင်နဲ့ တစ်ထပ် တည်း၊ ဆေးဆိုးတဲ့ကိစ္စကိုတော့ ဆံပင်ညှပ်ဆိုင်မှာ တစ်နှစ်ကို နှစ်ကြိမ်လောက် လုပ်လေ့ရှိပြီး၊ တစ်လ တစ်ခါဆိုသလို အိမ်ကမျက်နှာသစ်ဇလုံမှာ "ပလက်တီနမ် ရောင်အပြင်းစားဆံပင်ဆိုးဆေး"လို့တွင်တဲ့အရာနဲ့ အရောင်တင်ပေးလေ့ရှိတယ်၊ အဲဒီလိုလုပ်ခြင်းအားဖြင့် အောက်ခြေကနေထိုးထွက်လာတဲ့ အမြစ်သားအညို ရောင်လေးတွေကိုပါ ဆေးဆိုးပြီးသားဖြစ်သွားပြီ၊ "ပလက်တီနမ်ရောင်အပြင်းစား ဆံပင်ဆိုးဆေး"ဆိုတဲ့ဗူးကို ရေချိုးခန်းထဲက ဗီရိုအသေးစားလေးထဲမှာ ထည့်ထား လေ့ရှိတယ်၊ တံဆိပ်ရဲ့အောက်မှာတော့ "သတိပြုရန်၊ ဤဆေးတွင် ဟိုက်ဒရိုဂျင် ပါအောက်ဆိုဒ် ပါဝင်သည်၊ ကလေးသူငယ်များနှင့်ဝေးသည့်နေရာတွင်ထားပါ" လို့ ရေးထားတဲ့ စာတန်းတစ်ကြောင်းပါတယ်၊ အဲဒီစာကြောင်းကို စိတ်ဝင်တစားနဲ့ မတေးဒါက ဖန်တရာတေအောင် ဖတ်ပြီးသွားပြီ။

မတေးဒါရဲ့အဖေကတော့ အနက်ရောင်ဆံပင်အုံထူထူကြီးကို ပိုင်ဆိုင် တယ်၊ အဲဒီဆံပင်အုံကြီးကို အလည်တည့်တည့်ကနေ ခွဲပြီးဖြီးလေ့ရှိပြီး ဆံပင်နဲ့ ပတ်သက်လို့ အလွန့်အလွန်ဂုဏ်ယူလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သန့်စွမ်းလိုက်တဲ့ ဆံပင်ကြီးတွေရဲ့အမိပ္ပာယ်က အောက်မှာသန့်စွမ်းတဲ့ ဦးနှောက်တစ်ခုရှိနေတယ်လို့ ဆိုလိုတာပဲ"

"ရှိတ်စပီးယားလိုပေါ့နော်" တစ်ခါတုန်းက မတေးဒါက အဲဒီလိုမျိုးပြော ဖူးတယ်။

"ဘယ်သူလဲ"

"ရှိတ်စပီးယားပါဖေဖေ"

"သူက အရမ်းဉာဏ်ကောင်းလို့လား"

"သိပ်ကောင်းပါတယ် ဖေဖေ"

"သူ့ဆီမှာ ငါ့လိုပဲ ဆံပင်အုံထူထူကြီးရှိတယ်မို့လား"

"သူက ထိပ်ပြောင်တယ်ဖေဖေရဲ့. . . "

ဖခင်ဖြစ်သူ ခပ်ဆတ်ဆတ်ငေါက်ချိန် ရောက်လာပြီ။

"အဓိပ္ပာယ်ရှိတဲ့စကား မပြောတတ်ဘူးဆိုရင် နှင့်ပါးစပ်ပိတ်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် မစ္စတာဝမ်းဝုဒ်ကတော့ သူ့ဆံပင်ကို ပိုပြီးသန့်ရှင်း
က်ပြောင်နေအောင် ထိန်းသိမ်းသွားမှာပါ။ "ဆံပင်အနက်ရောင်အားဖြည့်ဆေး"
လို့ခေါ်တဲ့ လူးဆေးတစ်မျိုးကို သူ့ဆံပင်ထဲ ခပ်များများထည့်ပေးပြီး လိမ်းပေး
ခြင်းအားဖြင့် ဆံပင်ထိန်းသိမ်းမှုကို လုပ်ဆောင်တယ်၊ ဒီလိုအနံ့ထွက်တဲ့ ခရမ်း
ရောင်ဘူးကို မျက်နှာသစ်စင်ရဲ့ အပေါ်ဘက်မှာရှိတဲ့ စင်လေးပေါ်မှာ သွားတိုက်
တံတွေနဲ့ ဘေးချင်းကပ်ယှဉ်ထားလေ့ရှိတယ်၊ ပြီးတော့ မုတ်ဆိတ်မွေးရိပ်ပြီးတိုင်း
"ဆံပင်အနက်ရောင်အားဖြည့်ဆေး"နဲ့ သူ့ဦးရေနှိပ်နယ်ခြင်းကို စိတ်ပါလက်ပါ
လုပ်ဆောင်လေ့ရှိတယ်၊ ဒီလို ဆံပင်ဆေးဆိုးခြင်းနဲ့ ဦးရေပြားနှိပ်နယ်ခြင်းတို့ရဲ့
နောက်မှာ ကျယ်လောင်တဲ့ ခပ်ပြင်းပြင်းအသက်ရှူသံနဲ့ ဟောဟဲလိုက်ပြီး "အား
အား. . ပိုကောင်းသွားပြီ၊ ဒါပဲလေ အမြစ်တွေကို ခပ်မိမိလေး လိမ်းပေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အသံကို စကြံ့ လမ်းတစ်ဘက်က မတေးဒါရဲ့အိပ်ခန်းထဲကနေ ကောင်းကောင်းကြားနိုင်တယ်။

အခု ဒီမနက်စောစော ရေချိုးခန်းထဲမှာ သူမဖခင်ရဲ့ အနက်ရောင်ဆေးဘူး အဖုံးကိုဖွင့်ပြီး၊ ဆေးရည်တွေရဲ့ လေးပုံသုံးပုံလောက်ကို ရေပြွန်ထဲစုပ်ထည့်လိုက်တယ်၊ ပြီးတဲ့နောက် သူမမိခင်ရဲ့ "ပလက်တီနမ်ရောင်အပြင်းစားဆိုးဆေး" ကို ဘူးထဲထည့်လိုက်တယ်၊ ဖခင်ရဲ့ ဆံပင်အားတိုးဆေးအစစ်ကို အပေါ်ယံကနေ ဖြည့်ထည့်ပြီး၊ ကောင်းကောင်းလှုပ်ခါလိုက်တဲ့အခါမှာတော့ ဘူးတစ်ခုလုံးက အပြင်ဘက်ကကြည့်ရင် အစောကအရောင်အတိုင်းပဲ ရှိနေတယ်၊ အဲဒီနောက် နေရာတကျပြန်ထားလိုက်ပြီး၊ သူမမိခင်ရဲ့ ဆံပင်ဆိုးဆေးကိုတော့ ဗီရိုထဲပြန်ထည့်ထားလိုက်တယ်၊ အခုချိန်ထိတော့ ဟုတ်နေသေးတယ်။

မနက်စာစားချိန်ကျတော့ ထမင်းစားစားပွဲမှာ သူမရဲ့ပြောင်းဖူးမုန့်ဆမ်းကို မတေးဒါတစ်ယောက် တိတ်တဆိတ်ထိုင်စားနေတယ်၊ သူမရဲ့မျက်နှာချင်းဆိုင်မှာတော့ အစ်ကိုဖြစ်သူက တံခါးကိုကျောပေးထိုင်နေရင်း စတော်ဘယ်ရီယိုနဲ့ မြေပဲထောပတ် ရောသုပ်ထားတဲ့ ပေါင်မုန့်တစ်ထပ်ကို အငမ်းမရစားနေတယ်၊ မီးဖိုချောင်ထဲမှာပဲ မမြင်နိုင်တဲ့ထောင့်တစ်နေရာမှာ မိခင်ဖြစ်သူက မစ္စတာဝမ်းဝုဒ်ရဲ့ မနက်စာဖြစ်တဲ့ ပေါင်မုန့်ကြော်ပေါ်မှာ ကြက်ဥကြော်နှစ်ခု၊ ဝက်အူချောင်းကြော်သုံးခု၊ ဝက်ဆားနယ်ခြောက်သုံးမျောင်းနဲ့အတူ ခရမ်းချဉ်သီးကြော်ကိုလည်း စီစဉ်နေတယ်။

အဲဒီအချိန်မှာပဲ အခန်းထဲကို မစ္စတာဝမ်းဝုဒ် ဆူဆူညံညံနဲ့ ဝင်လာတယ်၊ သူကတော့ ဘယ်အခန်းကိုမဆို တိတ်တိတ်ဆိတ်ဆိတ်နဲ့ မဝင်နိုင်ဘူး၊ အထူးသဖြင့် ဒီလိုမနက်စာ စားချိန်မှာပေါ့၊ ဆူညံသံတွေ မြည်တွန်သံတွေနဲ့ သူ့ရဲ့အသွင်အပြင်ကို မှန်းကြည့်နိုင်တယ်၊ "အဲဒါ ငါပဲ ဒီမှာလာနေပြီ မြင့်မြတ်တဲ့လူသား၊ ဒီအိမ်ရဲ့အရှင်သခင်၊ ဝင်ငွေကောင်းကောင်းဝင်တဲ့လူ၊ မင်းတို့တွေအားလုံး အခုလို ကောင်းကောင်းနေရအောင် လုပ်ပေးနိုင်တဲ့လူပဲ၊ ငါ့ကို ဂရုစိုက်ပြီးအလေးပြုကြ"

ဒီအခါသမယမှာတော့ အခန်းထဲကိုဝင်လာပြီး၊ သူ့သားရဲ့ကျောကို တစ်ချက်ပုတ်ရင်းနဲ့ ပြောလိုက်တယ်"ကဲ. . လူလေး၊ ဒီနေ့တော့ မင်းအဖေ ကား အလုပ်ရုံမှာ နောက်ထပ်ဝင်ငွေကောင်းဦးမယ်ဆိုပြီး ခံစားရတယ်၊ ဒီနေ့မနက် အရူးတွေကိုရောင်းဖို့ ကားကောင်းကောင်းသန့်သန့်လေးတွေ ငါရှိထားတယ်၊ငါ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



...က်စာ ဘယ်မှာလဲ"

"လာပါပြီ ရှင်ကြီးရဲ့" မီးဖိုချောင်ထဲက မစ္စစ်ဝမ်းဝုဒ်ရဲ့အသံထွက်လာ ...ယ်၊

မတေးဒါကတော့ သူ့မျက်နှာကို ပြောင်းဖူးမုန့်ဆမ်းထဲကိုထည့်ပြီး ...ထွက်ထားတယ်၊ သူမ လုံးဝမော်မကြည့်ရဲဘူး၊ ပထမဦးဆုံးအနေနဲ့ ဘာတွေ ...င်တွေရမလဲဆိုတာ သူမ မသေချာဘူး၊ ပြီးတော့ နောက်တစ်ချက်က သူမရဲ့ ...က်နှာကို ပုံမှန်အတိုင်း တည်တည်ကြည်ကြည်ထားနိုင်ပါ့မလားဆိုတာ သူမ ...ယ် သူမ မယုံရဲဘူးဖြစ်နေတယ်၊ သားဖြစ်သူက ပေါင်မုန့်ကို မြေပဲထောပတ်နဲ့ ...တော်ဘယ်ရီယို သုတ်ထားတာကို ကျေနပ်နှစ်သိမ့်စွာစားရင်း ပြတင်းပေါက် ...ပြင်ဘက်ကိုပဲ တည့်တည့်ကြည့်နေတယ်။

ဖခင်ဖြစ်သူက စားပွဲထိပ်မှာထိုင်ဖို့ နေရာရွှေ့သွားချိန်မှာ မိခင်က ...က်ဥတွေ၊ ဝက်အူချောင်းတွေ၊ ဝက်ဆားနယ်ခြောက်နဲ့ ခရမ်းချဉ်သီးတွေ ...ထပ်ကြီးထည့်ထားတဲ့ ပန်းကန်ပြားကိုသယ်ရင်း မီးဖိုချောင်ထဲကနေ တလှုပ်လှုပ် ...ထွက်လာတယ်၊ သူမ မော်ကြည့်လိုက်တယ်၊ သူမရဲ့ခင်ပွန်းကို တွေ့သွားပြီး ...က်သေသေသွားတယ်၊ သူမခန္ဓာကိုယ်ကြီးကို လေထဲအထိ မြောက်တက်သွား ...နိုင်တဲ့ အသံနက်ကြီးတစ်ခုကိုထုတ်လိုက်ပြီး၊ ပစ္စည်းတွေပြုတ်ကျသံနဲ့အတူ ...းတန်ပြားကိုလည်း ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်၊ အကုန်လုံး ထ,ခုန်သွားမိ ...ယ်၊ မစ္စတာဝမ်းဝုဒ် အပါအဝင်ပေါ့။

"မင်း ဘယ်လိုဖြစ်ရတာလဲ မိန်းမရ၊ ကော်ဇောပေါ်မှာ မင်းကြောင့် ...ဖိသွားတဲ့ဟာတွေကို ကြည့်စမ်း. . ."

"ရှင့်ရဲ့. . . . ဆံပင်" သူမရဲ့ခင်ပွန်းကို တုန်တုန်ယင်ယင်လက်ညှိုးနဲ့ ...ပြီး ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်တယ်။

"ရှင့်ဆံပင်တွေကို ကြည့်စမ်းပါဦး၊ ဆံပင်တွေကို ဘယ်လိုလုပ်လိုက် ...လဲ"

"ငါ့ဆံပင်က ဘာဖြစ်နေလို့လဲ၊ မေးပါရစေဦး"

"အမယ်လေး ဖေဖေ. . .၊ ဖေဖေ့ဆံပင်တွေ ဘာဖြစ်ကုန်ပြီလဲ"သား ...ဖြစ်သူက အော်လိုက်တာပါ။

မနက်စာအခန်းထဲမှာ တမူထူးခြားတဲ့အသံတွေနဲ့ ဆူဆူညံညံဖြည့်နှက် ...သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com





မတေးဒါကတော့ ဘာမှဝင်မပြောဘူး၊ ခပ်ငြိမ်ငြိမ်လေးထိုင်နေပြီး၊ သူ့
ကျိုးစားအားထုတ်မှုကြောင့် ဖြစ်လာတဲ့အပေါ် ကျေနပ်အားရနေတယ်၊ မစ္စတာ
ဝမ်းဝုဒ်ရဲ့ အနက်ရောင်ဆံပင်အုံထူကြီးက အခုဆိုရင် ဆက်ကပ်ပြပွဲတစ်ခုရဲ့
ပွဲစဉ်တစ်လျှောက်လုံးမှာ မလျှော်ဖွတ်ပဲဝတ်နေတဲ့ ကြိုးတန်းလျှောက်သမားရဲ့
ပေါင်တံအထိရှည်တဲ့ ခြေအိတ်ရှည်ရဲ့ ညိုညိုညစ်ညစ်ငွေရောင်လို ဖြစ်နေပြီ

"ရှင်. . ရှင်. . ရှင်ဆံပင်ကို ဆေးဆိုးလိုက်တာလား"ထစ်အအနဲ့မေး
လိုက်တာပါ၊ "ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ အရှုးကြီးရဲ့၊ တကယ်ကြောက်စရာ
ကောင်းတာပဲ၊ ရွံစရာကောင်းနေပြီ၊ ရှင့်ကိုကြည့်ရတာ ကြောင်တောင်တောင်
ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ဘယ်လိုကြောင့် အနှစ်သာရမရှိတဲ့စကားတွေ ပြောနေရတာ လဲတွေ. . " မစ္စတာဝမ်းဝုဒ် အော်လည်းအော်ရင်း၊ သူ့ဆံပင်ကိုလည်း လက်နှစ်ဘက်စလုံးနဲ့ ပွတ်သပ်စမ်းကြည့်နေတယ်၊ "ငါ လုံးဝဆေးမဆိုးပါဘူးတွေ့ ငါ့ဆေးဆိုးလိုက်တာ ဘာဖြစ်လို့ပြောရတာတုန်း၊ ဘာတွေဖြစ်ကုန်လို့လဲ၊ ဒါမှမဟုတ်ရင် ဒါ အပေါ်စားဖျက်လုံးတစ်ခုလား. . . " သူ့ရဲ့မျက်နှာက ချဉ်တဲ့အရသာရှိတဲ့ သန်းသီးအစိမ်းဖျော့ရောင်ဘက်ကို သမ်းနေတယ်။

"ဖေဖေဆေးဆိုးလိုက်တာပဲဖြစ်ရမယ်၊ မေမေခေါင်းဆေးမဆိုးခင် ဖြစ်နေတဲ့အရောင်နဲ့ တထပ်တည်းပဲ"

"ဒါပေါ့. . သူ ဆံပင်ဆေးဆိုးလိုက်တာ သေချာတယ်၊ သူ့ဘာသာသူတော့ ဆံပင်က အရောင်မပြောင်းနိုင်ပါဘူး၊ ရှင့်ကိုရှင် ဘယ်လိုဖြစ်သွားအောင် လုပ်နေတာလဲ၊ ပိုပြီး ခန့်ချောကြီးဖြစ်သွားစေချင်လို့လား၊ ရှင့်ရဲ့ အခုပုံစံကတော့ လူအွားကြီးတစ်ယောက် စိတ်ဖောက်သွားတာနဲ့ ပိုတူနေတယ်"

"မှန်တစ်ချပ် ယူပေးစမ်း၊ အဲဒီမှာရပ်ပြီး ငါ့ကို စကားအထစ်ထစ်နဲ့လာပြောမနေနဲ့၊ မှန် မြန်မြန်ယူပေး"

မစ္စစ်ဝမ်းဝုဒ်ရဲ့ လက်ကိုင်အိပ်ကို စားပွဲရဲ့တခြားတစ်ဘက်က ကုလားထိုင်ပေါ်မှာတင်ထားတယ်၊ အိပ်ကိုဖွင့်လိုက်ပြီး အထဲမှာ မှန်ဝိုင်းသေးသေးလေးပါတဲ့ ပေါင်ဒါမှုန့်ဘူးကို ယူလိုက်တယ်၊ ဘူးကိုဖွင့်ပြီး ခင်ပွန်းဖြစ်သူကို လှမ်းပေးလိုက်တယ်၊ သူကဆွဲယူပြီး သူ့မျက်နှာရှေ့မှာ မှန်ကိုထားပြီးတဲ့အခါမှာတော့ ပေါင်ဒါမှုန့်အတော်များများ သူ့ရဲ့ဟာသဖြစ်စရာ ကုတ်အင်္ကျီပေါ် ကျကုန်တယ်။

"သတိထား. . " မိန်းမက ထစ်အ,ထစ်အ,နဲ့အော်လိုက်တဲ့အသံ၊ "ရှင်လုပ်လိုက်တာကို ကြည့်စမ်း. . ၊ အဲဒါ. . ကျုပ်ရဲ့အကောင်းစား အဲလီစဘက်အာဒန် ဖျက်လိမ်းပေါင်ဒါရှင့်. . . "

"အမယ်လေး. . ဘုရားရေ. . " မှန်ဝိုင်းသေးသေးလေးထဲကို ငေးကြည့်ရင်း ဖခင်က အော်လိုက်တယ်။

"ဘာတွေဖြစ်ကုန်ပြီလဲ၊ ကြည့်ရတာ တော်တော်ဆိုးသွားတာပဲ၊ မင်းစိတ်ဖောက်သွားတဲ့ပုံနဲ့တူနေတယ်၊ ဒီလိုပုံစံမျိုးနဲ့ ငါ အလုပ်ရုံကိုသွားပြီးကားရောင်းဖို့မဖြစ်နိုင်ဘူး" သူက အခန်းထဲကို ဝေ့ဝိုက်ကြည့်လိုက်တယ်၊ ပထမ ဇနီးသည်၊ ပြီးတော့သား၊ အဲဒီနောက် မတေးဒါ၊ "ဒါ. . ဘယ်လိုဖြစ်သွားရတာလဲ" သူအော်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးထင်တာကတော့၊ ဖေဖေ သေသေချာမကြည့်ပဲ မေမေ့ရဲ့ ဆံ ဆေးဆိုးပုလင်းကို ဖေဖေ့ဟာထင်ပြီး သုံးလိုက်တာနဲ့တူတယ်. . "

"ဟုတ်တယ်. . အဲဒီအတိုင်းပဲဖြစ်ရမယ်၊ ကြည့်စမ်း. . ဟယ်ရီ ရှင်ဘ လောက်တောင် ရှုးသလဲဆိုတာကို၊ ရှင့်တခေါင်းလုံးပေါ်ကို ဒါတွေလောင်းမ တံဆိပ်ကို ဘာဖြစ်လို့မဖတ်ရတာလဲ၊ ကျုပ်ဆေးက အရမ်းပြင်းတယ်၊ ကျုပ်တော မျက်နှာသစ်ဇလုံထဲ ရေအပြည့်ထည့်ပြီး အဲဒီဆေးကို လဘက်ရည်ဇွန်းတစ်ဇွ ထည့်သုံးရတာ၊ ရှင်ကရှုးပြီး တခေါင်းလုံးအကုန်အနှံ့ လျှောက်လိမ်းပစ်တ ရှင့်ဆံပင်တွေအကုန်လုံး အရင်းကနေ ကျွတ်ထွက်လာလိမ့်မယ်၊ အခု ခေါ နေလား"

"မင်းပြောတဲ့အဓိပ္ပာယ်က ငါ့ဆံပင်တွေအားလုံး ဆုံးရှုံးတော့မယ် ဟုတ်လား. . "

"အဲဒီလိုထင်တာပဲ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ဆိုတာ အရမ်းပြင် ဓာတုပစ္စည်းတစ်မျိုးလေ၊ အိမ်သာအိုးထဲက အညစ်အကြေးတွေကို ပိုးသတ် အခါကျရင် ဒါကိုပဲသုံးတာ၊ တစ်ခြားနာမည်တစ်ခု ပေးထားတာပဲကွာတ"

"မင်း ဘာတွေလာပြောနေတာလဲ၊ ငါက အိမ်သာအိုးမဟုတ်ဘူး ပိုးသတ်သလို အသတ်လည်း မခံနိုင်ဘူး"

"ကျုပ်သုံးတဲ့ ပမာဏကတောင် ကျုပ်ဆံပင်တွေကို အထွေးလိုက်ကျွ စေတာ၊ အလို. . . ရှင်ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ ဘုရားသခင်ပဲသိမှာ တစ်ခေါင်းလုံးပြောင်သွားအောင် ဆံပင်တွေကျွတ်ကျမဲ့အချိန်ကတော့ ကြာ မှာမဟုတ်ဘူး"

"ငါဘယ်လိုလုပ်ရမလဲ. . ၊ ဆံပင်တွေ စ,မကျွတ်ခင် ဘယ်လိုမြန် ပြောစမ်းပါ"

မတေးဒါကတော့ အကြံပေးရှာတယ်။

"ကောင်းကောင်းလျှော်ပစ်ရမယ် ဖေဖေ၊ သမီးသာ ဖေဖေ့နေရာ ဆိုရင် ဆပ်ပြာနဲ့တိုက်ပြီး ရေများများနဲ့လျှော်ပစ်မယ်၊ ဒါပေမယ့် မြန်မြန် တော့ လိုလိမ့်မယ်"

"ဆံပင်က အနက်ရောင်ပြန်ပြောင်းသွားမှာလား"

"ဘယ်လိုလုပ်ပြောင်းသွားမှာလဲ အရူးတွေရဲ့"

"ဒါဆို. . ငါ ဘယ်လိုလုပ်ရမလဲ၊ ဒီပုံစံတိုင်းကြီးနဲ့ ငါ တစ်သက်လုံး နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အနက်ရောင်ပြန်ဆိုးရမယ်၊ ဒါပေမယ့် ခေါင်းကို အရင်သွားလျှော်လိုက်ဦး၊ နို့မို့ဆိုရင် ဆေးဆိုးလည်း ဘာမှထူးခြားလာမှာမဟုတ်ဘူး"

"မှန်တယ်" အခုမှ အသက်ပြန်ဝင်လာတဲ့ပုံစံနဲ့ မစ္စတာဝမ်းဝုဒ်ထ အော်လိုက်တာပါ။

"မင်းရဲ့ဆံပင်ပြင်တဲ့သူဆီမှာ ဒီ ဆေးဆိုးတာလုပ်ဖို့ ရက်ချိန်းယူလိုက်ဒါ အရေးပေါ်လို့ သူတို့ကို ပြောလိုက်ဦး၊ သူတို့ရဲ့စာရင်းထဲကနေ တစ်ခြားလူတွေကို ဖယ်ထားမှဖြစ်မယ်လို့၊ ငါ အခုအပေါ်ထပ်သွားပြီး ခေါင်းလျှော်လိုက်တော့မယ်" ပြောရင်းနဲ့ မစ္စတာဝမ်းဝုဒ် ပြေးထွက်သွားတယ်၊ မစ္စစ်ဝမ်းဝုဒ်ကတော့ သက်ပြင်းခပ်လေးလေးကြီးချရင်း ဆံပင်ညှပ်ဆိုင်ဆီကို ဖုန်းဆက်ဖို့ထွက်လာခဲ့တယ်။

"သူကတော့ တကယ်မိုက်ရူးရဲဆန်တာတွေကို တစ်ခုပြီးတစ်ခု လုပ်နေတော့တာပဲနော်. . မေမေ"

တယ်လီဖုန်းနံပတ်တွေ နှိပ်နေရင်းနဲ့ မိခင်ဖြစ်သူက "ယောကျ်ားတွေဟာ သူတို့ထင်နေသလိုမျိုး အမြဲတမ်း မထက်မြက်နိုင်ဘူး၊ ဒီအကြောင်းကို နည်းနည်းပိုကြီးလာရင် သိလာလိမ့်မယ် ငါ့သမီးရဲ့"



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၇)

မတေးဒါ ကျောင်းစတက်တာ နည်းနည်းနောက်ကျတယ်၊ တော်တော်များများက ငါးနှစ်လောက် ဒါမှမဟုတ် အဲဒီထက်နည်းနည်းပိုစောပြီးတော့တောင် မူလတန်းကျောင်းစတက်ကြတာပါ၊ သူတို့သမီငယ်လေးရဲ့ပညာရေးနဲ့ပတ်သက်ပြီး တစိုးတစဥ့်မျှ စိုးရိမ်ပူပန်မှုမရှိတဲ့ မတေးဒါရဲ့မိဘတွေကတော့ လိုအပ်တဲ့ စီစဥ်မှုတွေကို ကြိုတင်ပြုလုပ်ထားဖို့ မေ့နေကြဟန်ရှိတယ်၊ ကျောင်းထဲကို ပထမဦးဆုံး သူမ ဝင်ရောက်တဲ့အချိန်မှာ အသက် ငါးနှစ်ရှိနေပြီ။

ကလေးငယ်တွေအတွက် ရွာကျောင်းလေးကတော့ အုပ်နီခဲသက်သက်ကြီးနဲ့ပဲဆောက်ထားတဲ့ "ခရန်ချမ်ဟော"လို့ခေါ်တဲ့ မူလတန်းကျောင်းလေးပါပဲ၊ အသက် ငါးနှစ်ကနေ၊ ဆယ့်နှစ်နှစ်အောက် ပညာအရေအတွက် နှစ်ရာ့ငါးဆယ်နီးပါးလောက်ရှိတယ်၊ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းပိုင်ရှင်၊ ဒီကျောင်းပေါ်ပေါက်လာမှုကြီးအတွက် ညွှန်ကြားတဲ့အကြီးအကဲကတော့ အရှိန်အဝါကြီးမားလှတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ မစ္စထရန့်ဘူလ်လို့ခေါ်တဲ့ လူလတ်ပိုင်းအရွယ် အမျိုးသမီးကြီးတစ်ဦးပါ။

သဘာဝအတိုင်းပါပဲ၊ မတေးဒါကို သူမနဲ့ရွယ်တူနီးပါးလောက်ရှိတဲ့ တခြားကောင်လေး၊ ကောင်မလေး သေးသေးလေး ဆယ့်ရှစ်ယောက်လောက်ရှိတဲ့ အောက်ဆုံးကအတန်းမှာထားတယ်၊ သူတို့ရဲ့ဆရာမကတော့ အသက်နှစ်ဆယ့်သုံး၊နှစ်ဆယ့်လေးနှစ်ထက် ပိုမရှိနိုင်လောက်သေးတဲ့ မစ္စဟန်နီဆိုတဲ့ ဆရာမလေးပါပဲ၊သူမမှာ နှစ်လိုစဖွယ်မျက်နှာနုနုဝိုင်းနဲ့ ပြာလဲ့ရောင်မျက်လုံးအစုံကိုပိုင်ဆိုင်ပြီး၊ ဆံပင်ကတော့ အညိုနုရောင်ပါ၊ ခန္ဓာကိုယ်က အတော်လေးကိုပိန်ပါးသေးသွယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နည်းလွန်းတဲ့အတွက်ကြောင့် တကယ်လို့ သူမသာ လဲကျသွားခဲ့ရင် ကြွေထည်ပစ္စည်းတစ်ခုလို အပိုင်းအစတစ်ထောင်မက ကွဲထွက်သွားနိုင်တယ်လို့ ထင်ရလောက်တယ်။

မစ္စဂျနီဖာဟာန်နီက အသံကျယ်ကျယ်နဲ့ ဘယ်သောအခါမှ စကားပြောလေ့မရှိတဲ့အပြင် ပြုံးနိုင်ခဲ့လှတဲ့ နူးညံ့သိမ်မွေ့သူပါ၊ဒါပေမယ့် သူမရဲ့စောင့်ရှောက်မှုအောက်ရှိခဲ့တဲ့ ကလေးငယ်တိုင်းက သူမကိုချစ်မြတ်နိုးတယ်ဆိုတဲ့ ရှားပါးလှတဲ့လက်ဆောင်တစ်ခုကိုလည်း ပိုင်ဆိုင်ထားပြန်တယ်၊စာသင်ခန်းတစ်ခုအတွင်းကို ပထမဦးဆုံးအကြိမ်သွတ်သွင်းခဲ့လိုက်ရပြီး၊ အမိနဲ့တွေနခဲ့ဖို့ အပြောခံရတဲ့ ကလေးတွေရဲ့စိတ်ထဲမှာ လွှမ်းမိုးနေတဲ့ ကြောက်ရွံ့မှုနဲ့ စိတ်ရှုပ်ထွေးမှုတွေကို သူမက လုံးဝနားလည်ထားတဲ့ပုံပဲ၊ စိတ်ရှုပ်ထွေးရင်းနဲ့ အိမ်ကိုလွမ်းရင်းနဲ့ အတန်းထဲကိုရောက်လာတဲ့ လူသစ်လေးတစ်ယောက်နဲ့ သူမစကားပြောတဲ့အခါ မစ္စဟန်နီရဲ့ နွေးထွေးမှုတွေ အမှန်တကယ် ထင်ဟတ်နေတတ်တယ်။

ကျောင်းအုပ်ဆရာမကြီး မစ္စထရန့်ဘူလ်ကလည်းတစ်မျိုး၊ သူမကတော့ ကျောင်းမှာရှိတဲ့ဆရာတွေ၊ တပည့်တွေရဲ့ဘဝတွေကို ခြောက်လှန့်နေတဲ့ ကြောက်မက်ဖွယ်ကောင်းပြီး နိုင်လိုမင်းထက်ပြုလွန်းလှတယ်၊ တော်တော်လေး အလှမ်းကွာတဲ့နေရာမှာ သူမ ရှိနေရင်တောင် အန္တရာယ်ရဲ့လက္ခဏာကို ခံစားသိရှိနိုင်တယ်၊ အဲ. . . သူမသာ ခင်ဗျားနားကပ်လာပြီဆိုတာနဲ့ အန္တရာယ်အပူမီးကြီးက သူမဆီကနေ ရောင်ပြန်ဟတ်ပြီး ထွက်လာလိုက်တာ သံချောင်းတစ်ခုက မီးရှိန်းရှိန်းတောက်နေတဲ့ အတိုင်းပဲ၊ အင်း. . . သူမ ချီတက်လာပြီဆိုတာနဲ့. . ၊ မစ္စထရန့်ဘူလ်က လမ်းလျှောက်တဲ့အခါအတိုင်း သံချပ်ကာတပ်က တပ်သားတစ်ယောက်လို လက်နှစ်ဘက်ကိုလွှဲပြီး၊ ခြေလှမ်းကျဲကျဲကြီးတွေနဲ့ပဲ အမြဲတမ်းချီတက်လေ့ရှိတယ်၊ သူမ ချီတက်လာပြီဆိုတာနဲ့ ကော်ရီဒါတစ်လျှောက်မှာရှိတဲ့လူတိုင်း သူမရဲ့ နှာမှုတ်သံကြီးကို ကြားနိုင်လောက်တယ်၊ တကယ်လို့သာ သူမသွားမယ့်လမ်းကြောင်းမှာ ကလေးတစ်စုရှိနေပြီဆိုလို့ကတော့ တင့်ကားကြီးတစ်စီး သူတို့ကြားထဲကနေ ဖြတ်သွားတဲ့ပုံစံအတိုင်း သူမရဲ့ ခန္ဓာကိုယ်ကြီးနဲ့တွန်းတိုက်သွားလို့ လူသေးသေးလေးတွေကို ဘေးတစ်ဘက်တစ်ချက်စီ ပုတ်ထုတ်လိုက်သလိုအတိုင်း ဖြစ်သွားလေ့ရှိတယ်၊ အမယ်လေး. . တော်သေးတာပေါ့၊ သူမလိုလူမျိုးတွေ ဒီကမ္ဘာမှာ များများစားစားသိပ်မရှိတာ၊ သူတို့တွေ ရှိကောင်းရှိနိုင်ပေမယ့် ကျုပ်တို့ရဲ့

www.burmeseclassic.com



ဘဝမှာ အနည်းဆုံးတစ်ယောက်လောက်နဲ့ပဲ အမှတ်မထင်ကြုံတွေ့နိုင်တာပါ၊ တကယ်လို့သာ ခင်ဗျားကြုံခဲ့မယ်ဆိုရင် ချုံပုတ်ထဲကနေ နှာတရှူးရှူးနဲ့ ဒေါပွနေတဲ့ ကြံ့ရိုင်းကြီးတစ်ကောင်ကို တွေ့လိုက်ရသလိုမျိုးသာ ကျင့်ကြံပေတော့၊ အနီးစပ်ဆုံး သစ်ပင်အပေါ် ပြေးတက်ပြီး၊ အဲဒီအကောင်ကြီး ဝေးဝေးရောက်သွားတဲ့အထိ သစ်ပင်ပေါ် မှာပဲနေလိုက်၊ လူမတူ တမူထူးခြားတဲ့ အလေ့အထတွေရှိတဲ့ ဒီအမျိုးသမီးကြီးကို ပုံဖော်ဖို့ အတော်ကိုခက်ခဲလှတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ သူမနဲ့ ပတ်သက်ပြီးရှင်းပြဖို့ ကျုပ် ရည်ရွယ်ထားသေးတယ်၊ အဲဒီတော့ အခု သူမကိုခဏ မေ့ထားပြီး၊ မတေးဒါလေးနဲ့ မစ္စဟန်နီအခန်းထဲက သူမရဲ့ပထမဦးဆုံး ကျောင်းတက်ရက်ဆီ ပြန်သွားရအောင်။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်တဲ့ ကလေးတွေရဲ့နာမည်တွေကိုခေါ် လူနဲ့ တိုက်ကြည့်စစ်ဆေးပြီး၊ တပည့်သစ်လေး တစ်ယောက်ချင်းစီကို လုံးဝအသစ်စက် စက် လေ့ကျင့်ခန်းစာအုပ် တစ်အုပ်စီကို ဝေပေးနေတယ်။

“မင်းတို့ရဲ့ ကိုယ်ပိုင်ခဲတံတွေ ယူလာကြတယ်မဟုတ်လား. . ”

“ဟုတ်ကဲ့. . ဆရာမ. . ” ကလေးတွေက ပြိုင်တူအော်ကြတယ်။

“ကောင်းပြီ၊ ဒီနေ့ဟာ မင်းတို့တစ်ယောက်ချင်းစီအတွက် ပထမဦးဆုံး ကျောင်းတက်တဲ့နေ့ပဲ၊ ပြီးတော့ ဒါဟာ အနည်းဆုံး ဆယ့်တစ်နှစ်ကြာကျောင်း တက်ပြီး ဖြတ်သန်းရမဲ့ခရီးရဲ့ အစလည်းဖြစ်တယ်၊ အဲဒီထဲက ခြောက်နှစ်ကို ဟောဒီ ‘ခရန်ချမ်ဟော’မှာ ကုန်ဆုံးရမှာဖြစ်ပြီး၊ ကျောင်းအုပ်ဆရာမကြီးကတော့ မင်းတို့ သိပြီးတဲ့အတိုင်း မစ္စထရန့်ဘူလ်ပဲ၊ မစ္စထရန့်ဘူလ်နဲ့ပတ်သက်ပြီး မင်းတို့ကောင်း ဖို့အတွက် ဆရာမပြောပြချင်တာလေးတွေရှိတယ်၊ ဆရာမကြီးက ဒီကျောင်းမှာ တင်းကြပ်တဲ့စည်းကမ်းနဲ့အုပ်ချုပ်ပြီး၊ ဆရာမပေးတဲ့အကြံအတိုင်းသာ မင်းတို့ လုပ်ဆောင်မယ်ဆိုရင် ဆရာမကြီး ဒီအတန်းထဲလာစစ်တဲ့အချိန်မှာ ကိုယ့်ကိုကိုယ် အတွက် အကောင်းဆုံးဖြစ်အောင် မင်းတို့လုပ်နိုင်ကြလိမ့်မယ်၊ ဆရာမကြီးနဲ့ ဘယ်တော့မှ အငြင်းအခုန်မလုပ်နဲ့၊ ဘယ်တော့မှ မေးခွန်းပြန်မထုတ်နဲ့၊ ဆရာမ ကြီးပြောတဲ့အတိုင်းပဲလုပ်၊ တကယ်လို့ မင်းကိုသာ ဆရာမကြီးနဲ့ဆန့်ကျင်ဘက် ဖြစ်နေပြီဆိုရင် မီးဖိုချောင်မှာရှိတဲ့ သီးစုံဖျော်စက်ထဲက မုံလာအချိုတွေလို မင်းတို့ ကို အရည်ညှစ်ပစ်လိမ့်မယ်၊ ဘာမှရယ်စရာမရှိဘူးနော် လာဗန်ဒါ သမီးမျက်နှာ ပေါ်မှာ အဲဒီလို ပြုံးဖြဲဖြဲဘယ်တော့မှ မလုပ်နဲ့၊ ပြီးတော့ ဒီကျောင်းမှာရှိတဲ့ ဘယ်သူ မဆို စည်းကမ်းဖောက်ဖျက်ရင် မစ္စထရန့်ဘူလ်က ကောင်းကောင်းအရေးယူလေ့ ရှိတယ်ဆိုတာကိုပါ သတိရနေကြပါ၊ ဆရာမပြောတာ အားလုံးသဘောပေါက် ကြတယ်မို့လား”

“ဟုတ်ကဲ့ ဆရာမ” အသံသေးသေးလေးတွေ ဆယ့်ရှစ်သံရဲ့ ကြွက်ကြွက် စီသံ ထွက်ပေါ်လာတယ်။

“ဆရာမကိုယ်တိုင်ကလည်း မင်းတို့ ဒီအခန်းထဲမှာရှိနေတုန်း ဖြစ်နိုင် သမျှ သင်ယူတတ်မြောက်သွားအောင် ကူညီပေးမှာပါ၊ ဘာကြောင့်လဲဆို ဒီလို သင်ထားတဲ့အတွက်ကြောင့် မင်းတို့ရင်ဆိုင်ရမယ့်နောက်ပိုင်းမှာ ပိုပြီးလွယ်လိမ့် မယ်ဆိုတာ သိနေလို့ပဲ၊ ဥပမာဆိုရင် ဒီအပတ်ပြီးတာနဲ့ မင်းတို့အကုန်လုံး နှစ်

www.burmeseclassic.com

www.burmeseclassic.com



အလီဇယားကို အလွတ်ရသွားလိမ့်မယ်လို့ ဆရာမမျှော်လင့်ထားတယ်၊ ပြီးတော့ ဒီနှစ်ကုန်သွားရင် ဆယ့်နှစ်အလီအထိကို သိသွားလိမ့်မယ်လို့လည်း ထင်တယ် မင်းတို့ကို အများကြီးအထောက်အကူပြုလိမ့်မယ်၊ ဆရာမပြောတဲ့အတိုင်းသာ လိုက်နာမယ်ဆိုရင်ပေါ့၊ ကဲ. . အခု မင်းတို့အထဲက ဘယ်နှစ်ယောက်များ နှစ်အလီ ဇယားကို တတ်ပြီးသွားပြီလဲ"



မတေးဒါ လက်ထောင်တယ်၊ သူမက တစ်ဦးတည်းသောသူပါပဲ။

မစ္စဟာန်နီက ဒုတိယတန်းမှာထိုင်နေတဲ့ မျက်နှာဝိုင်းဝိုင်းတည်တည် လေးနဲ့ ဆံပင်အနက်ရောင် ခပ်သေးသေးမိန်းကလေးကို သေချာအသေအချာကြည့် လိုက်တယ်။

"သိပ်ကောင်းတာပေါ့၊ မတ်တတ်ရပ်ပြီး ဘယ်လောက်ထိ တတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုတာ ဆရာမကို ဆိုပြပါဦး"

မတေးဒါ မတ်တတ်ထ,ရပ်ပြီး နှစ်အလီဇယားကို စ,ရွတ်တယ်၊ နှစ်ဆယ့်နှစ်လီ၊ နှစ် ဆယ့်လေးလီ ရောက်သွားတဲ့အထိ သူမ မရပ်သေးဘူး "နှစ်ဆယ့်သုံးလီနှစ်ဆယ့်ခြောက်၊ နှစ် ဆယ့်လေးလီ နှစ်ဆယ့်ရှစ်၊ နှစ် ဆယ့်ငါးလီ သုံးဆယ်၊ နှစ် ဆယ့်ခြောက်လီ. . . ."

"ရပ်တော့. . " အခုလို ချောချောမောမော ရွတ်ဆိုနေမှုကို အသက်ရှူမှမတတ် နားထောင်နေတဲ့ မစ္စဟာန်နီက ပြောလိုက်တာပါ။

"ဘယ်လောက်အထိ သမီးဆက်ဆိုနိုင်လဲ"

"ဘယ်လောက်အထိလဲ. . သမီးလည်းအသေအချာမသိဘူး ဆရာမ၊ တော်တော်ရောက်တဲ့အထိ ဆိုနိုင်တယ်ထင်တာပဲ. . ."

ဒီလို မေးခွန်းထုတ်စရာ အကြောင်းတစ်ကြောင်း စိမ့်ဝင်သွားအောင် မစ္စဟာန်နီ အတော်လေး အချိန်ယူလိုက်ရတယ်။

"သမီးဆိုလိုတာက နှစ် နှစ်ဆယ့်ရှစ်လီ ဘယ်လောက်လဲဆိုတာ၊ ပြောပြနိုင်တယ်ပေါ့"

"ဟုတ်ကဲ့ ဆရာမ"

"ဒါဆို ဘယ်လောက်လဲ"

"ငါးဆယ့်ခြောက်ပါ"

"ဒီထက် ပိုခက်တာဆိုရင်ရော ဥပမာ နှစ် လေးရာ့ရှစ်ဆယ့်ခုနှစ်လီတို့ပေါ့"

"ပြောနိုင်မယ်ထင်တယ်၊ ဟုတ်ကဲ့. . . "

"သေချာလား. . "

"ဘာဖြစ်လို့လဲ. . . သမီးသေချာသလောက် ရှိပါတယ်"

"ဒါဆို ဘယ်လောက်လဲ၊ နှစ် လေးရာ့ရှစ်ဆယ့်ခုနှစ်လီ"

"ကိုးရာ့ခုနှစ်ဆယ့်လေး" မဆိုင်းမတွပဲ မတေးဒါ ပြန်ဖြေတယ်၊ မတေးဒါက ယဉ်ယဉ်ကျေးကျေး ပြောဆိုနေပြီး၊ ကြွားဝါလိုတဲ့ လက္ခဏာလည်း ဒီးစဉ်မျှ မတွေ့ရဘူး။

မစ္စဟာန်နီကတော့ မတေးဒါကို လုံးဝ အံ့ဩသွားတဲ့ အမူအယာနဲ့ ခိုက်ကြည့်နေပြီး၊ နောက်တစ်ကြိမ် စကားထပ်ပြောတဲ့အခါမှာတော့ တုန်လှုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အသံပါမသွားအောင်၊ သူမကိုယ်သူမ ထိန်းပြောတယ်။

"အဲဒါကတော့ တကယ်တော်တာပဲ၊ ဒါပေမယ့် နှစ်အလီဇယား ဆိုတာက တခြားနံပတ်ကြီးတွေ မြှောက်တာထက်စာရင် လွယ်တာပေါ့၊ တခြား အလီဇယားတွေဆိုရင်ရော ဘယ်လိုလဲ၊ အဲဒါတွေကို သိထားတာ တွေ ရှိလား"

"သိတယ်လို့ထင်ပါတယ်၊ သမီး ပြောနိုင်မယ်လို့ ထင်တယ်"

"ဘယ်ဟာကိုပြောတာလဲ၊ မတေးဒါ ဘယ်အထိ ရလဲ"

"သမီး. . . သမီး မသိဘူး၊ ဆရာမ ဘာကိုဆိုလိုတာလဲဆိုတာ သမီး မရှင်းဘူး"

"ဆရာမ ဘာကိုဆိုလိုချင်လဲဆိုတော့၊ ဥပမာ သုံးအလီဇယားဆိုရင်ရော သိလား"

"ဟုတ်ကဲ့"

"လေးအလီဇယားရော"

"ဟုတ်ကဲ့"

"ကဲ. . . ဒါဆို၊ ဘယ်လောက်အထိ သိတာလဲ၊ ဆယ့်နှစ်အလီ အထိ အကုန်ရလား. . "

"ရပါတယ်. . "

"ဒါဆို. . ဆယ့်နှစ် ခုနှစ်လီ ဘယ်လောက်လဲ"

"ရှစ်ဆယ့်လေးပါ"

မစ္စဟန်နီ တအောင့် ငြိမ်သက်သွားပြီး၊ အတန်းရှေ့ဘက်ကြမ်း ပြင်ရဲ့ အလယ်မှာချထားတဲ့ ဗလာစားပွဲခုံနောက်က သူမရဲ့ကုလားထိုင် ပေါ်ကို နောက်မှီထိုင်လိုက်တယ်၊ ဒီထူးခြားမှုကြီးရဲ့ လှုပ်ခါမှုကြီးကို သိသိ သာကြီး သူမ ခံလိုက်ရပေမယ့်၊ အဲဒီရဲ့အကျိုးဆက်ကို မထုတ်ဖော်မိအောင် သူမ အထူးသတိထားထယ်၊ သူမအနေနဲ့ကတော့ အခုလို ပါရမီမျိုးရှိတဲ့ ဂဏန်းအားလုံးနီးပါးကို မြှောက်နိုင်တဲ့ ငါးနှစ်သမီးအရွယ်လေး၊ ဒါမှမဟုတ် ဆယ်နှစ်အရွယ် ကလေးတစ်ယောက်ကိုတောင် သူမဘဝမှာ မကြုံဖူးသေး ဘူး။

"မင်းတို့လည်း အားလုံး နားထောင်နေကြတယ်လို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘန်းကို ပြောလိုက်တယ်၊ "မတေးဒါက အင်မတန်မှ ကံကောင်းတဲ့မိန်းကလေးတစ်ယောက်ပဲ၊ ဂဏန်းတွေအများကြီးကို ဘယ်လောက်မြှောက်ရမယ်လို့သင်ပေးတဲ့ မိဘတွေ ရှိတယ်၊ အမေ သင်ပေးတာလား မတေးဒါ ဘယ်သူသင်ပေးတာလဲ. ."

"မဟုတ်ပါဘူး ဆရာမ၊ အမေ မသင်ပေးပါဘူး"

"ဒါဆို သိပ်တော်တဲ့ ဖခင်တစ်ယောက် ရှိလို့ပဲဖြစ်ရမယ်"

"မဟုတ်ပါဘူး. . ဆရာမ၊ သမီးအဖေလည်း မသင်ပေးပါဘူး"

"ဒါဆို ကိုယ့်ဘာသာကို သင်တာလို့ ဆိုလိုချင်တာလား"

"သမီးလည်း သေချာမသိဘူး" မတေးဒါက အမှန်အတိုင်းပြောတယ်၊ "ဂဏန်းတစ်ခုနဲ့ တစ်ခု မြှောက်ရတာ သမီးအတွက် သိပ်မခက်ဘူး၊ ဒီလောက်ပါပဲ"

မစ္စဟန်နီ အသက်ခပ်ပြင်းပြင်းရှူပြီး အသာလေး မှုတ်ထုတ်လိုက်တယ်၊ တည်တည်ကြည်ကြည်ပုံစံလေးနဲ့ အေးအေးဆေးဆေး ပြောပြနေပြီး သူမရဲ့ စားပွဲခုံနားမှာ မတ်တတ်ရပ်နေတဲ့ မျက်လုံးအရောင်လဲ့လဲ့နဲ့ ကလေးမလေးကို မစ္စဟန်နီ နောက်တစ်ခါ သေချာစိုက်ကြည့်လိုက်တယ်။

"ဂဏန်း တစ်ခုနဲ့တစ်ခု မြှောက်ရတာ သမီးအတွက် သိပ်မခက်ဘူးလို့ ပြောခဲ့တယ်နော်၊ အဲဒီအကြောင်း ဆရာမကို နည်းနည်းလောက်ရှင်းပြပေးလို့ ရမလား"

"အို. . . ဘုရားသခင်၊ ဘယ်လိုပုံစံမျိုးနဲ့ ရှင်းပြရမလဲဆိုတာကို သမီး မသိဘူး"

မစ္စဟန်နီ စောင့်နေတယ်၊ တစ်တန်းလုံးကလည်း ငြိမ်သက်စွာနားထောင်ရင်းနဲ့ စောင့်နေကြတယ်။

"ဥပမာ. . ." မစ္စဟန်နီ စကားဆိုလိုက်တာပါ၊ "တကယ်လို့ဆရာမက ဆယ့်လေးကို ဆယ့်ကိုးနဲ့ မြှောက်ခိုင်းမယ်ဆိုရင်ရော. . ၊မဟုတ်သေးဘူး၊ အဲဒါ. . သိပ်ခက်လွန်းနေတယ်. ."

"အဖြေက နှစ်ရာ့ ခြောက်ဆယ့်ခြောက်ပါ" ညင်ညင်သာသာနဲ့ပြောလိုက်တဲ့ မတေးဒါရဲ့ အသံပါ။

မစ္စဟန်နီ သူမကို လှမ်းကြည့်လိုက်တယ်၊ ပြီးတော့ ခဲတံတစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကိုယူပြီး ပုစ္ဆာကို စာရွက်တစ်ရွက်ပေါ်မှာ အမြန်ဆုံး တွက်ထုတ်နေတယ်၊ ပြီးမှ မော့ကြည့်ရင်း "သမီး အခုန ပြောလိုက်တဲ့ အဖြေ ဘယ်လောက်လဲ" လို့ မေးလိုက်ပြန်တယ်။

"နှစ်ရာ့ ခြောက်ဆယ့်ခြောက်ပါ ဆရာမ"

မစ္စဟန်နီတစ်ယောက် ခဲတံကိုချ၊ သူမရဲ့ မျက်မှန်ကို ချွတ်ပြီး မျက်မှန်ကို တစ်ရှူးစလေး တစ်စနဲ့ ပွတ်သပ်နေတော့တယ်၊ တစ်တန်းလုံးက သူမကိုကြည့်ပြီး နောက်ထပ် ဘာတွေဖြစ်လာဦးမလဲဆိုတာကို စောင့်နေရင်းနဲ့ တိတ်ဆိတ်နေဆဲပါ၊ မတေးဒါလည်း သူမရဲ့ စားပွဲခုံဘေးမှာ မတ်တတ်ရပ်နေဆဲပါ။



"မတေးဒါ ဆရာမကို ပြောပါဦး. . "မစ္စဟန်နီက မျက်မှန်ကို သုတ်နေရင်း "အဲဒီလို ဂဏန်းတွေ မြှောက်ရတော့မယ်ဆိုရင် သမီးရဲ့ခေါင်းထဲမှာ ဘာတွေဖြစ်နေလဲဆိုတာကို နည်းနည်းကြိုးစားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို ရှင်းပြပါဦး၊ ဒီဂဏန်းတွေကို တစ်နည်းနည်းတော့ တွက်ထုတ်ရမှာပါ၊ ဒါပေမယ့် မတေးဒါကို ကြည့်ရတာ အဖြေကို ချတ်ခြင်းနီးပါးရနေသလိုပဲ၊ အခုနက ဆယ့်လေးနဲ့ ဆယ့်ကိုးမြှောက်ခဲ့တာကိုပဲ ဥပမာယူပြီး ပြောပြပါ"

"သမီး. . . သမီး. ခေါင်းထဲမှာ ဆယ့်လေးကို မှတ်ထားလိုက်ပြီး ဆယ့်ကိုးနဲ့ ရိုးရိုးရှင်းရှင်းလေး မြှောက်လိုက်တာပါ၊ ဒီထက်ပိုပြီး တခြားဘယ်လိုနည်းနဲ့ ရှင်းပြရမလဲဆိုတာ မသိတဲ့အတွက် သမီးတောင်းပန်ပါတယ်၊ သမီး ကိုယ့်ကိုကိုယ် အမြဲပြောတာ တစ်ခုတော့ ရှိတယ်၊ အိပ်ဆောင်ဂဏန်းပေါင်းစက်လေးတောင် ဒါကိုလုပ်နိုင်ရင် ငါ ဘာလို့ မလုပ်နိုင်ရမလဲဆိုပြီးတော့ပါ"

"သိပ်မှန်တာပေါ့၊ လူတွေရဲ့ဦးနှောက်က အရမ်းအံ့သြစရာကောင်းတဲ့ အရာတစ်ခုပဲလေ. . . "

"လူ့ဦးနှောက်က သတ္တုတုံးလေးတစ်တုံးထက် အများကြီးသာတယ်လို့ ထင်ပါတယ်၊ ဂဏန်းပေါင်းစက်ထဲမှာ အဲဒါပဲ ပါတာလေ"

"မှန်လိုက်လေကွယ်. . ၊ ပြီးတော့ အိပ်ဆောင်ဂဏန်းပေါင်းစက်တွေကိုလည်း ဒီကျောင်းမှာ အသုံးပြုခွင့် မရှိဘူး" မစ္စဟန်နီ နည်းနည်းတော့ တုန်လှုပ်နေတယ်၊ သူမအနေနဲ့ အမှန်တကယ်ထူးချွန်တဲ့ သချာဦးနှောက်လေးတစ်ခုကို လာတွေ့ရတယ်ဆိုတဲ့ အတွေးမျိုး သူမခေါင်းထဲရောက်နေတာ အသေအချာပဲ၊ ဒါ့အပြင် ကလေးပါရမီရှင် အရွယ်နဲ့မလိုက်အောင် ထူးချွန်တဲ့သူ စတဲ့ စတဲ့ စကားလုံးတွေကလည်း သူမခေါင်းထဲမှာ လူးလာခပ်နေတော့တယ်၊ ဒီလို အံ့ဖွယ်ကိစ္စရပ်တွေက ဒီကမ္ဘာမှာ အခါခါ ပေါ်ပေါက်နိုင်တယ်ဆိုတာ သိထားပေမယ့် နှစ်တစ်ရာနေမှ တစ်ကြိမ် နှစ်ကြိမ်လောက်ပဲ ဖြစ်လေ့ရှိတာပါ၊ ခြုံပြောရရင် စန္ဒယားဂီတအတွက် တေးချင်းတွေစရေးစဉ်က မိုးဇက်ရဲ့အသက်က ငါးနှစ်သားလေးပဲ ရှိသေးတာပါပေမယ့် သူဘာဖြစ်သွားသလဲဆိုတာ စဉ်းစားကြည့်ပါ။

"အဲဒါတော့ မတရားဘူး" လာဗန်ဒါက ပြောလိုက်တာပါ၊ "သူကျတော့ ပြောနိုင်ပြီး၊ သမီးတို့ကျတော့ ဘာဖြစ်လို့ မပြောနိုင်ရတာလဲ"

"မပူပါနဲ့. . လာဗန်ဒါ. သမီးလည်း မကြာခင် သူ့လိုမီသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ သွားတွေကိုဖြတ်ပြီး လိမ်ညာတဲ့ စကားတစ်ခွန်းကို မစ္စဟန်နီ ဆိုလိုက်တာပါ။

အခုလောလောဆယ်မှာ ဒီ အုံ့ဖွယ်ကလေးရဲ့ ဦးနှောက် ဘယ်လောက်ထိ သွားနိုင်မလဲဆိုတာ သိလိုစိတ်ရဲ့ ဖြားယောင်မှုကြီးကို မစ္စဟန်နီ ဘယ်လိုမှ မတွန်းလှန်နိုင်ပဲ ဖြစ်နေတယ်၊ အတန်းထဲက ကျန်တဲ့ကလေး တွေကိုလည်း အာရုံစိုက်သင့်တယ်ဆိုတာ သူမ နားလည်ပေမယ့် အခြားတစ် ဘက်မှာလည်း ကျန်တဲ့ကိစ္စအတွက် သိလိုစိတ်တွေ တက်ကြွနေတယ်။

"ကဲ. . " တစ်တန်းလုံးကို ပြောလိုက်တဲ့ ပုံစံမျိုးနဲ့ စကားစလိုက် ပြီး၊ "သချ်ာကိစ္စကို ဆရာမတို့ ခဏထားခဲ့ပြီး၊ မင်းတို့ထဲက ဘယ်သူတွေ စာလုံးပေါင်း သင်ပြီးလဲဆိုတာ ကြည့်ကြရအောင်၊ "ကြောင်"ဆိုတာကို စာလုံးပေါင်းတတ်တဲ့သူရှိရင် လက်ညှိုးထောင်ပါ"

လက်သုံးချောင်း မြှောက်တက်လာတယ်၊ လာဗန်ဒါ၊ နိုင်ဂျဲလ်၊ ဂျွန် ခေါ်တဲ့ ကောင်လေးတစ်ယောက်၊ ပြီးတော့ မတေးဒါ။

"ကြောင်ကို စာလုံးပေါင်းပြပါ နိုင်ဂျဲလ်"

နိုင်ဂျဲလ် ပေါင်းပြတယ်။

အခုတစ်ခါ ဒီအတန်းရဲ့ ပထမဦးဆုံးနေ့မှာ မေးဖို့ အိပ်မက်ထဲ မှာတောင် ထည့်မမက်ဖူးတဲ့ မေးခွန်းတစ်ခုကို မေးဖို့ မစ္စဟန်နီ ဆုံးဖြတ် လိုက်တယ်။

"ကြောင်ကို စာလုံးပေါင်းတတ်တဲ့ မင်းတို့သုံးယောက်ထဲက ဝါကျ တစ်ကြောင်းထဲမှာ အဲဒီလို စာလုံးစုထားတာကို ဖတ်နိုင်ဖို့ သင်ပြီးသွားတဲ့သူ ဘယ်သူများ ရှိမလဲလို့ ဆရာမ သိချင်လိုက်တာ. . "

"သား. . . သင်ပြီးသွားပါပြီ" နိုင်ဂျဲလ်က ဖြေတယ်။

"သမီးလည်း သင်ပြီးသွားပါပြီ" လာဗန်ဒါဆီက အသံ။

ကျောက်သင်ပုန်းဘက်ကို မစ္စဟန်နီ ပြန်လျှောက်သွားပြီး၊ မြေဖြူ ခဲနဲ့ ဝါကျတစ်ကြောင်းကို ချရေးလိုက်တယ်.

"စာကြောင်းရှည်ကြီးတွေကို ဘယ်လိုဖတ်ရမလဲဆိုတာ သင်ပြီး သွားပါပြီ" ဒီစာကြောင်းကို ခက်အောင် တမင်သက်သက် ရည်ရွယ်ပြီး ရေးချလိုက်တာပါ၊ ပြီးတော့ ဒါကို စွမ်းဆောင်နိုင်မယ့် အနိုးတန် ငါးနှစ်သား

www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးတွေ ရှိနေတယ်ဆိုတာ၊ သူမ သိနေတယ်။

"အဲဒါ ဘာကို ဆိုလိုတာလဲဆိုတာ ပြောပြနိုင်မလား. . နိုင်ဝှယ်"

"အဲဒါကြီးကတော့ ခက်လွန်းတယ်"

"လာဗန်ဒါရော. ."

"ပထမ စာလုံးက စာ,တဲ့"

"စာတစ်ကြောင်းလုံးကို ဖတ်နိုင်တဲ့သူ မရှိဘူးလား" မတေးဒါဆိုတ "ဟုတ်ကဲ့"ဆိုတဲ့ စကားသံထွက်လာမှာကို မစ္စဟန်နီ သိနေလျက်နဲ့ မေ လိုက်တယ်။

"ဟုတ်ကဲ. . ဖတ်နိုင်ပါတယ်"

"ဖတ်ပြပါဦး. ."

စာကြောင်း တစ်ကြောင်းလုံးကို အထစ်အငေါ့မရှိပဲ မတေးဒ ဖတ်ပြတယ်။

"အဲဒါ. . အရမ်းတော်တယ်လို့ ခေါ်ရမှာပဲ" ခပ်လျှော့လျှော့ပြေ လိုက်ခြင်းပါ။ "ဘယ်လောက်အထိ ဖတ်နိုင်မလဲ မတေးဒါ"

"တော်တော်များများကို ဖတ်နိုင်တယ်လို့ ထင်ပါတယ် ဆရာမ တစ်ခါတလေ အဓိပ္ပာယ်နားမလည်တာမျိုးကိုတော့ ကြုံရပါတယ်"

မစ္စဟန်နီ အခန်းအပြင်ဘက်ကို ခဏထွက်သွားတယ်၊ စက္ကန့် သုံးဆယ်လောက်အကြာမှာ စာအုပ်အထူကြီးတစ်အုပ်ကို ကိုင်ပြီးပြန်ဝင် လာတယ်၊ ရောက်ရာစာမျက်နှာကို လှန်လိုက်ပြီး၊ မတေးဒါရဲ့ စားပွဲပေါ်တ တင်လိုက်တယ်၊ "ဒီစာအုပ်က ဟာသကဗျာစာအုပ်မျိုးပဲ၊ အဲဒီထဲက တင် ပုဒ်ကို မတေးဒါ ဖတ်ပြနိုင်မလား"

ရပ်နားမှုမရှိ၊ ချောချောမွတ်မွတ် အသံနေအသံထား မှန်မှန်န မတေးဒါ စ,ဖတ်တယ်။

*"အသားကောင်းကြိုက်သူ ဆိုင်ခရွးမှာ ညစာစား*
*ကြွက်ကြီးတစ်ကောင်ကို ပန်းကန်ထဲမှာ တွေ့လို့သွား*
*စားပွဲထိုးလေးက ပြောလိုက်ပုံများ*
*မအော်ပါနဲ့ ၊ မမြှောက်နဲ့*
*တခြားလူတွေက လိုချင်ရင် ခင်ဗျားငတ်သွားမယ်ဆိုတာ*
*သတိထား"*

www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲက ကလေးငယ်တွေက ကာရံလေးနဲ့ ရယ်စရာ ပျက်လုံးလေးကို သဘောကျပြီး၊ တဝါးဝါးနဲ့ ရယ်နေကြတယ်၊ မစ္စဟန်နီက. .

"အဲဒီ ခရူးဆိုင်ထဲကို ရောက်သွားတဲ့သူ ဘယ်သူဆိုတာ သိလား မတေးဒါ"

"အသားဟင်းကောင်း ကြိုက်တဲ့လူပါ"

"မှန်တယ်. . ဒီလို ကဗျာအမျိုးအစားကိုရော ဘယ်လိုခေါ်သလဲ ဆိုတာ သိလား"

"ငါးကြောင်းပါ ဟာသကဗျာတို့ အမျိုးအစားပါ၊ ဒီတစ်ပုဒ်က ဖတ်လို့ကောင်းတယ် အတော်လည်း ရယ်ရတယ်"

"အဲဒါ နာမည်ကြီးပဲလေ. ." မစ္စဟန်နီက စာအုပ်ကို ပြန်ယူပြီး အတန်းရှေ့က သူ့စားပွဲဆီကို ပြန်သွားတယ်၊ "ဇဝနဉာဏ်ရွှင်ရွှင်နဲ့ ဖွဲ့ရေးထားတဲ့ အဲဒီ ကဗျာအမျိုးအစားက အတော်လေးကို ရေးရခက်တယ်၊ ဖတ်ကြည့်ရတာ လွယ်ပေမယ့် ရေးရတာကြတော့ အင်မတန်ကို ခက်ခဲတယ်"

"သမီးသိတယ်၊ သမီး ကြိုးစားပြီး ရေးကြည့်ဖူးပေမယ့် သမီးကဗျာတွေက ဘယ်တော့မှ ဖတ်လို့မကောင်းဘူး"

"ရေးကြည့်ဖူးတယ်. . . ဟုတ်လား" မစ္စဟန်နီ ပိုပြီး ချောက်ချားသွားမိတယ်၊ "ဒါဆို. . မတေးဒါ သမီးရေးခဲ့ဖူးတဲ့ ဟာသကဗျာတွေထဲက တစ်ပုဒ်ကို ဆရာမ အရမ်းနားထောင်ကြည့်ချင်တယ်၊ ဆရာမကို ဆိုပြနိုင်မလား. ."

မတေးဒါ တစ်ခဏမျှ ဆိုင်းတွပြီး၊ "သမီးတို့ ဒီမှာထိုင်နေရင်း ဆရာမနဲ့ပတ်သက်တဲ့ ကဗျာတစ်ပုဒ်တောင် သမီး စပ်ကြည့်နေပါတယ်"

"ဆရာမနဲ့ပတ်သက်ပြီး. ဟုတ်လား.၊ ဒါဆို အဲဒီတစ်ပုဒ်ကိုပဲ နားထောင်ကြည့်ကြတာပေါ့. . မဟုတ်လား. ."

"သမီး မဆိုချင်ဘူး. . ဆရာမ"

"ဆိုပြပါကွယ်. .၊ ဆရာမ စိတ်မခုဘူးလို့ ကတိပေးပါတယ်"

"ဆရာမ စိတ်ဆိုးမယ်လို့ သမီးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကဗျာကို ကာရံညီအောင် ဆရာမရဲ့ ပထမဆုံးနာမည်ကို သုံးထားလို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သမီး မပြောချင်ပါဘူး”

“ဆရာမရဲ့ ပထမဆုံးနာမည်ကို ဘယ်လိုလုပ် သိသွားတာလဲ”

“ဒီအခန်းထဲကို မဝင်ခင် တခြားဆရာမတစ်ယောက်က လှမ်းခေါ်လိုက်တဲ့အသံကို သမီး ကြားလိုက်ရတာပါ၊ သူက ဆရာမကို ဂျင်းနီလို့ ခေါ်လိုက်တယ်လေ. . ”

“အဲဒီ ကဗျာကိုဆိုပြဖို့ ဆရာမ တောင်းဆိုတယ် မတေးဒါ” ပြုံးနိုင်ခဲထဲကနေ တစ်ချက်ပြုံးရင်း ပြောလိုက်တယ်၊ “မတ်တတ်ရပ်ပြီး ဆိုပြပါ”

စိတ်မပါ့တပါနဲ့ မတေးဒါ မတ်တတ်ရပ်လိုက်ပြီး၊ ဖြေးဖြေးလေးလေးနဲ့ စိတ်လှုပ်ရှားစွာ သူမရဲ့ ဟာသကဗျာကို စ,ရွတ်တော့တယ်။

*“ဂျင်းနီ အကြောင်း မေးလေ့ရှိတဲ့ တစ်ခု*
*အများကြီးမရှိနိုင်တဲ့ ယခု*
*ဒီနေရာက မိန်းမငယ်လေးဆိုရင်*
*အဖြေက မမေးနဲ့တော့ နောက်တစ်ခု”*

မစ္စဟန်နီရဲ့ နှစ်လိုဖွယ် မျက်နှာဝိုင်းဝိုင်းလေးမှာ ပန်းနုရောင် ဆေးခြယ်လိုက်သလိုဖြစ်သွားတယ်၊ နောက်တစ်ကြိမ် သူမ ပြုံးပြန်တယ်၊ ဒီတစ်ခါတော့ ပကတိအပြစ်ကင်းစင်တဲ့ အပြုံးကြီးကြီးပါ။

“ကျေးဇူးပဲ၊ မတေးဒါ” ပြုံးနေတုန်းပါပဲ၊ “ဆရာမအတွက် သိပ်မမှန်လှပေမယ့်၊ တကယ်ကောင်းတဲ့ ဟာသကဗျာတိုလေး တစ်ပုဒ်ပဲ၊ ဒီကဗျာကို မှတ်ထားရမယ်”

သုံးတန်းမြောက်မှာ ထိုင်နေတဲ့ လာဗန်ဒါက

“အဲဒါလေး နားထောင်လို့ကောင်းတယ်၊ သမီး ကြိုက်တယ်”

“မှန်လည်း မှန်တယ်” ရှုံ့ပုတ်လို့ခေါ်တဲ့ ကောင်လေးက ဆိုလိုက်တယ်။

“ဟုတ်တယ်၊ သိတ်မှန်တယ်. . ” နိုင်ဂျဲလ်က ဆိုလိုက်တာပါ။

မတေးဒါကလွဲရင် သူတို့ကို ဂရုမပြုမိတော့တဲ့ ဆရာမဟန်နီကို တစ်တန်းလုံးက နွေးထွေးမှုတွေ ပေးနေတော့တယ်။

“စာဖတ်တတ်အောင် ဘယ်သူ သင်ပေးတာလဲ၊ မတေးဒါ”

www.burmeseclassic.com

www.burmeseclassic.com



"သမီးဘာသာ သင်တဲ့ ပုံစံမျိုးပါပဲ ဆရာမ"

"ဒါဆိုရင် တခြား ဘာစာအုပ်တွေရော ဖတ်ပြီးသွားပြီလဲ၊ ကလေးစာအုပ်အမျိုးအစားတွေကို ပြောတာပါ"

"လမ်းမကြီးပေါ်မှာရှိတဲ့ စာကြည့်တိုက်က ကလေးစာအုပ်တွေအကုန်လုံးကို ဖတ်ပြီးသွားပါပြီ ဆရာမ"

"ကြိုက်ရဲ့လား"

"တချို့ကို အရမ်းကြိုက်ပါတယ်၊ ဒါပေမယ့် တခြားစာအုပ်တွေကတော့ နည်းနည်းပြင်းစရာ ကောင်းတယ်"

"မတေးဒါကြိုက်တဲ့ စာအုပ်တစ်အုပ်လောက် ပြောပြပါဦး. ."

"ခြင်္သေ့၊ အမယ်အိုနဲ့ အဝတ်ဗီရိုဆိုတဲ့ စာအုပ်ကို အရမ်းကြိုက်ပါတယ်၊ မစ္စတာစီအက်စ်လူးဝစ်စ်က အရမ်းကောင်းတဲ့ စာရေးဆရာတစ်ယောက်ပါ၊ ဒါပေမယ့် သူ့မှာ အားနည်းချက်တစ်ခုတော့ ရှိတယ်၊ သူ့စာအုပ်တွေထဲမှာ ရယ်စရာ သိပ်မရှိဘူး"

"သိပ်မှန်တယ်"

"မစ္စတာတိုကီရဲ့ စာအုပ်တွေမှာလည်း ရယ်စရာသိပ်မပါဘူး"

"ကလေးစာအုပ်တိုင်းမှာ ရယ်စရာပါသင့်တယ်လို့ မတေးဒါက မှတ်ယူထားတာလား. ."

"အဲဒီလိုပဲ ထင်ပါတယ်၊ ကလေးတွေဆိုတာ လူကြီးတွေလို လေးလေးနက်နက် သိပ်မရှိလှဘူး၊ ပြီးတော့ သူတို့က ရယ်ရတာကိုလည်း နှစ်သက်တယ်လေ"

ဒီကလေးလေးရဲ့ ပညာဉာဏ်ကို မစ္စဟန်နီ အတော်အံ့အားသင့်သွားတယ်။

"ကလေးစာအုပ်တွေ အကုန်ဖတ်ပြီးသွားတော့ ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"

"သမီး တခြားစာအုပ်တွေကို ဆက်ဖတ်မှာပါ၊ စာကြည့်တိုက်က ငှားထားတာတွေ ရှိပါတယ်၊ စာကြည့်တိုက်မှူး မစ္စဖပ်စ်ကလည်း အရမ်းကြင်နာတတ်တယ်၊ သမီးကို လူကြီးစာအုပ်တွေ ရွေးပေးပါတယ်"

မစ္စဟန်နီက သူမရဲ့စားပွဲကနေ ရှေ့ကို ခပ်စိုက်စိုက်လေးနေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေးကို အံ့သြတကြီးနဲ့သာ ငေးကြည့်နေမိတော့တယ်၊ အတန်း
ထဲက ကျန်တဲ့ကလေးတွေကိုတော့ လုံးဝမေ့သွားပါပြီ။

“ဘာ. . . တခြားစာအုပ်တွေလဲ. . ဟင်” သူမရဲ့ ရေရွတ်သံ။

“ချားလ်စ်ဒစ်ကင်းကို သမီး သိပ်ကြိုက်တယ်၊ အရမ်း ရယ်ရတယ်၊
ထူးသဖြင့် မစ္စတာပစ်ခ်ဝစ်ခ်ဆိုတဲ့ စာအုပ်ပေါ့”

အဲဒီအချိန်မှာပဲ မုန့်စားဆင်းချိန်အတွက် ကော်ရီဒါမှာ ခေါင်း
လောင်းသံ ညံသွားတော့တယ်။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၈)

မုန့်စားဆင်းချိန်မှာ စာသင်ခန်းထဲက ထွက်ခဲ့ပြီး၊ ကျောင်းအု ဆရာမကြီးရဲ့ အခန်းထဲကို မစ္စဟန်နီ ဦးတည်ခဲ့တယ်၊ သူမ တော်တေ လေးကို စိတ်လှုပ်ရှားနေတယ်၊ သာမန်ထက်လွန်ကဲတဲ့ ဉာဏ်ပညာကို ဆိုင်ထားတဲ့ ကလေးတစ်ယောက်ကို သူမ စောစောကလေးတင် တွေ့ခဲ့ တယ်၊ အဲဒီကလေး ဘယ်လောက်ထိ ဉာဏ်ကောင်းတယ်ဆိုတာကို စ သပ်ဖို့ အချိန်မရခဲ့ပေမဲ့၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုကို တတ်နိုင်သ အမြန်ဆုံး လုပ်ဆောင်ရမယ်ဆိုတာ မစ္စဟန်နီ ကောင်းကောင်းနားလ သဘောပေါက်ထားတယ်၊ အဲဒီလို အစွမ်းရှိတဲ့ ကလေးမျိုးကို အောက် တန်းမှာ ဒီအတိုင်းပဲ မသိကျိုးကျွံပြုပြီး ထားလိုက်မယ်ဆိုရင်၊ အဲ လေးကို ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်တယ်။

သာမန်အားဖြင့်တော့ ကျောင်းအုပ်ဆရာမကြီးဆိုရင် မစ္စဟ အတော်လေး လန့်လေ့ရှိပြီး၊ ထိပ်တိုက်မဖြစ်အောင် ရှောင်လေ့ရှိတ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ဘယ်သူ့ကိုမဆို ရင်ဆိုင်ဖို့ သူမ အဆင်သ ဖြစ်လို့နေတယ်၊ ကျောင်းအုပ်ဆရာမကြီး မစ္စထရန့်ဘူလ်ရဲ့ ချောက်ခ စရာကောင်းတဲ့ ကိုယ်ပိုင်စာကြည့်ခန်း တံခါးကို ခေါက်လိုက်တယ်"ဝင် မစ္စထရန့်ဘူလ်ရဲ့ အန္တရာယ်ကြီးတဲ့ အသံနက်ကြီး စာကြည့်ခန်းထဲမှ ပေါက်သွားတယ်၊ မစ္စဟန်နီ ဝင်သွားခဲ့တယ်။

ကျောင်းအုပ်ဆရာ၊ ဆရာမတွေဆိုတာ သူတို့ပိုင်ဆိုင်တဲ့အချ

www.burmeseclassic.com

www.burmeseclassic.com



ချင်းကောင်းတွေကြောင့် ထိုက်တန်တဲ့ ကျောင်းအုပ်ကြီးဆိုတဲ့ ရာထူး
ရာအတွက် အရွေးချယ်ခံထားကြရတာပါ၊ သူတို့က တလေးတွေကို
ာင်းကောင်းနားလည်ပြီး ကလေးတွေအပေါ်မှာ စိတ်ဝင်စားမှုလည်း
ပြည့်ရှိကြတဲ့ သူတွေပါ၊ ကိုယ်ချင်းစာတတ်ပြီး တရားမျှတမှုရှိတဲ့အပြင်
ညာရေးဘက်မှာလည်း အတော်လေး စိတ်အားထက်သန်မှု ရှိကြတဲ့သူ
တွေ ဖြစ်ကြတယ်၊ မစ္စထရန့်ဘူလ်မှာတော့ ဒီလို အရည်အချင်းတွေ တစ်ခု
မရှိဘူး၊ ဒါပေမယ့် လက်ရှိအလုပ်ကို သူမ ဘယ်လိုရလာလဲဆိုတာက
ာ့ အခုထိ ပဟေဠိဆန်နေဆဲပါ။

အားလုံး ခြုံပြောရမယ်ဆိုရင်တော့ သူမဟာ လူရှိန်လောက်တဲ့
သတ္တဝါကြီးပါ၊ တစ်ခါတုန်းကတော့ ကျော်ကြားတဲ့ အားကစားသမား
စ်ယောက် ဖြစ်ခဲ့ဘူးပြီး၊ သူမရဲ့ ကြွက်သားတွေကတော့ အခုထိအောင်
အထောက်အထားတွေအနေနဲ့ ရှိနေသေးတယ်၊ ဂုတ်တိုတို၊ ပုခုံးကျယ်ကျယ်၊
တ်မောင်းကြီးကြီး၊ လက်ကောက်ဝတ်တုတ်တုတ်နဲ့ ခြေထောက်ထွားထွား
ြီးတွေကို ခင်ဗျားမြင်နိုင်တာပဲလေ၊ သူမကိုကြည့်လိုက်တာနဲ့ သံမဏိ
ချောင်းကြီးတွေကို တစ်ကြိမ်တည်းနဲ့ ကွေးနိုင်ပြီး၊ တယ်လီဖုန်းလမ်းညွှန်
အုပ်ကို တစ်ခါတည်းနဲ့ အလယ်ကနေ နှစ်ခြမ်းကွဲ ဆွဲဖြဲနိုင်တဲ့လူဆိုတဲ့
အတွေးမျိုး ခင်ဗျားခေါင်းထဲ ရောက်လာလိမ့်မယ်၊ သူမရဲ့မျက်နှာကတော့
ပြောရမှာလည်း အားနာပါတယ်၊ အလှအပတရား ဆိုတာမျိုးရော၊ နှစ်လို
ယ် ဆိုတာမျိုးရော တစ်စက်မှ မရှိဘူး၊ မေးရိုးကားကား၊ ရုတ်ရင်းကြမ်း
မ်းတဲ့ ပါးစပ်နဲ့ အထက်စီးကနေ ကြည့်တတ်တဲ့ မျက်လုံးအစုံကို ပိုင်
ိုင်ထားတယ်၊ သူမ ဝတ်ဆင်လေ့ရှိတဲ့ အဝတ်အစားတွေကတော့၊ အဲဒါ
တွေကတော့. . လိုရင်း၊ တိုရှင်းပြောရရင် အတော်လေးကို ကြောင်တောင်တောင်
ိုင်လွန်းတယ်၊ အညိုရောင် ကော်တွန်သားနဲ့ ချုပ်ထားတဲ့ မိန်းမဝတ်
င်တိုင်းကြီးကို သားရေခါးပတ် အပြားကြီးကြီးနဲ့ ပတ်ထားတာပါ၊ သင်
ိုင်းအကျီကနေ ထွက်လာတဲ့ ရောမ ပေါင်လုံးကြီးတွေကိုတော့ ကြမ်း
ထော်လှပြီး အစိမ်းရင့်ရောင်ရှိတဲ့ တွီသားနဲ့ချုပ်ထားတဲ့ မြင်းစီးဘောင်းဘီ
ြီးနဲ့ပဲ ဖုံးအုပ်ထားတယ်၊ အဲဒီ မြင်းစီးဘောင်းဘီကြီးက ဒူးခေါင်းအောက်
းလောက်အထိ ရှည်ပြီး၊ အဲဒီနေရာကနေစပြီး အောက်ပိုင်းကိုတော့. . .

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



...ထက်နားခေါက်လို့ရတဲ့ အစိမ်းရောင် ခြေအိပ်ရှည်ကြီးကို ရွေးချယ်ပြီး ...တ်ဆင်ပြန်တယ်၊ သူမရဲ့ ခြေသလုံးကြွက်သားကြီးတွေကိုတြွားတြွားပါပါ ...ဖြစ်နေတာကိုလည်း မြင်နိုင်တယ်၊ ခြေထောက်အတွက်တော့ ဒေါက်မြင့် ...မပါပဲ သားရေအဖတ်လေးတွေနဲ့ ဒီဇိုင်းဖော်ထားတဲ့ ရှူးဖိနပ်ကို ဝတ်ဆင် ...ထားတယ်၊ သူမရဲ့ပုံစံက ကလေးငယ်တွေအတွက်ဖွင့်ထားတဲ့ ကျောင်း ...ကောင်းကောင်းက ကျောင်းအုပ်ဆရာမကြီးထက်ကို သားကောင်လိုက်မုဆိုးရဲ့ ...ထူးဆန်းဆန်းနဲ့ သွေးဆာနေတဲ့ နောက်လိုက်နဲ့ပိုလိုတောင်တူနေတယ် ...ပြီးတော့ပဲ အတိုချုပ် ပြောရတော့မယ်၊ ထပ်မံပြီး အားနာမိပြန်တယ်။

စာကြည့်ခန်းထဲကို မစ္စဟန်နီ ဝင်သွားတော့ မစ္စထရန့်ဘူလ်က ...ကြီးမားလှတဲ့ သူမရဲ့စားပွဲဘေးနားမှာ ရပ်နေပြီး၊ စိတ်မရှည်တဲ့အရိပ် ...တွေဏာတွေကလည်း သူမ မျက်နှာပေါ်မှာ တဖျတ်ဖျတ်တောက်နေ ...တယ်။

"ဟုတ်ကဲ့၊ မစ္စဟန်နီ" သူမ စကားဆိုလိုက်တယ်။

"ဘာများ အလိုရှိနေတာလဲ၊ နင့်ကိုကြည့်ရတာ ဒီတစ်မနက်ခင်းလုံး ...တုန်ကယင်နဲ့ ပျာယာကို ခပ်နေတာပဲ၊ ဘာဖြစ်ရတာလဲ၊ ပြဿနာလေး ...တွေက နင့်ကို တံတွေးလုံးနဲ့ ပေါက်ထည့်လိုက်လို့လား. . . "

"မဟုတ်ပါဘူး. . ဆရာမကြီး၊ အဲဒီလိုမျိုး မဟုတ်ပါဘူး"

"အဲဒါဆို ဘာလဲ၊ မြန်မြန်ပြော ငါက အလုပ်များတယ်" သူမက ...ပြောနေရင်းနဲ့ပဲ သူမရဲ့ စားပွဲပေါ်မှာ အမြဲတင်ထားလေ့ရှိတဲ့ ရေကရား ...ထဲကနေ ရေတစ်ခွက် ငှဲ့ထည့်နေတယ်။

"ကျွန်မရဲ့ အတန်းထဲမှာ မတေးဒါဝမ်းဝုဒ်လို့ခေါ်တဲ့ မိန်းကလေး ...တစ်ယောက်ရှိပါတယ်" ဆိုပြီး၊ မစ္စဟန်နီ စကားစ,လိုက်တယ်။

"အဲဒါ. . ရွာထဲက ဝမ်းဝုဒ် မော်တော်ကားပိုင်ရှင်ရဲ့ သမီးပေါ့" ...စ္စထရန့်ဘူလ် ဟိန်းလိုက်တယ်၊ သူမက စကားကို သာမန်အသံနဲ့ အင် ...တန် ပြောခဲလှတယ်၊ ဟိန်းရင်ဟိန်း မဟိန်းရင် အော်မယ်။

"ဝမ်းဝုဒ်က သိပ်ကောင်းတဲ့ ပုဂ္ဂိုလ်" သူမဘာသာ ဆက်ပြောနေ ...တာပါ၊ "မနေ့ကပဲ သူ့ဆိုင်ကို ငါရောက်သွားသေးတယ်၊ ငါ့ကို ...ားတစ်စီး ...ရောင်းလိုက်တယ်၊ လုံးဝ အသစ်အတိုင်းပဲ၊ မိုင်တစ်သော...ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ မောင်းရသေးတယ်၊ အရင်ပိုင်ရှင်က အများဆုံး တစ်နေ့ တစ်ကြိမ်သာ စီးတတ်တဲ့ အမျိုးသမီးကြီးတစ်ယောက်တဲ့၊ အရမ်းကို သက်သာတယ်၊ အေး. . အဲဒီပုဂ္ဂိုလ်ကို ငါ လေးစားတယ်၊ ငါတို့ လူ့အသိုင်း အဝိုင်းအတွက် တကယ်အရေးပါတဲ့ မျက်နှာဖုံးပဲ၊ ဒါပေမယ့် သူ့သမီး တော့ အတော်ဆိုးတယ်လို့ ငါ့ကို ပြောပြလိုက်သေးတယ်၊ သူ့ကို စော ကြည့်ထားတဲ့. . ၊ ကျောင်းမှာ မကောင်းတာ တစ်ခုခုဖြစ်လို့ကတော့ သမီးလုပ်တာ သေချာတယ်တဲ့၊ အဲဒီ အရှုပ်မလေးကို မမြင်ဖူးသေး ဒါပေမယ့် ငါ့ကို တွေ့ရင်တော့ ငါ့အကြောင်း ကောင်းကောင်း သိသွား ပါ၊ သူ့အဖေ ပြောတာကတော့ သူက တကယ့်ကို အရှုပ်ထုပ်ပဲတဲ့. .

"အို. . . မဟုတ်ဘူး၊ ဆရာမကြီး. . ၊ အဲဒါ မမှန်နိုင်ဘူး. . မစ္စဟန်နီ ငြင်းတော့တယ်။

"အိုး. . သိပ်ဟုတ်တာပေါ့ မစ္စဟန်နီ၊ အဲဒါ သိပ်မှန်တယ်၊ တက တော့ အခုမှ ငါ စဉ်းစားမိတယ်၊ ဒီနေ့မနက် ငါ့ စားပွဲအောက်မှာ ဘူးကြီးတစ်ခု လာချထားတာ သူပဲဖြစ်ရမယ်၊ တစ်ခန်းလုံးကို မိလ္လာ နံသွားတာပဲ၊ အမှန်ပဲ၊ အဲဒါ သူပဲ၊ တော်တော်ဆိုးတဲ့ တိရိစ္ဆာန်မလေး ဖြစ်ရမယ်၊ ငါ့ရဲ့ ကျောင်းဆရာ ဘဝတစ်လျှောက်မှာ သိခဲ့တာက မိန်းကလေးဆိုးက ယောကျာ်းလေးဆိုးထက် ပိုပြီးအန္တရာယ်ရှိတဲ့သတ္တဝါ သူတို့ကို အမှုန့်ချေဖို့ ပိုခက်တယ်၊ မိန်းကလေးဆိုး တစ်ယောက်ကို ညှက်ညှက်ချေတာ ယင်ကောင်ရှိုင်းကို စိစိညှက်ညှက်ချေတာထက်တော ပိုခက်သေးတယ်၊ ဘုန်းကနဲ မြည်အောင် နင် ရိုက်ချလိုက်ပေမယ့် အဲ သတ္တဝါက အဲဒီမှာ ရှိမနေဘူးလေ၊ ကောင်မလေး သေးသေးလေးတွေ ရွံဖို့ကောင်းတဲ့ သတ္တဝါလေးတွေနဲ့ အတူတူပဲ၊ တော်သေးတာပေါ့ ငါအဲဒီ တစ်ခါမှ မဖြစ်ခဲ့တာ"

"တစ်ချိန်တုန်းကတော့ ဆရာမကြီးလည်း မိန်းကလေး ဖြစ်ခဲ့ သေချာပါတယ်"

"သိပ်အကြာကြီးတော့ မဟုတ်ဘူး" မဲ့ရွဲ့ပြီး ဟိန်းပြောပြ၊ "ငါ မိန်းကလေးတစ်ယောက် မြန်မြန်ဖြစ်လာတာ"

ဒီ မိန်းမကြီး တကယ်ပဲ စိတ်ဖောက်သွားပြီလို့ မစ္စဟန်နီ တွေး

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်၊ ကြမ်းပိုးတစ်ကောင်လိုပဲ စိတ်ရှုပ်ထွေးစရာ ကောင်းပါလား. . မစ္စဟန်နီက ကျောင်းအုပ်ဆရာမကြီးနဲ့ အတော်လေး အလှမ်းဝေးတဲ့ နေရာမှာ ရပ်နေတာပါ။ အဲဒါမှာတော့ လေလုံးကြီးတွေနဲ့ သူ မပိနိုင်တော့ ဘူးပေါ့။

"ဆရာမကြီးကို ပြောရဦးမယ်၊ ဆရာမကြီးရဲ့ စားပွဲအောက်မှာ လေနံဘူး လာထားသွားတာ မတေးဒါ လုံးဝမဟုတ်ပါဘူး"

"ငါ ဘယ်တော့မှ မှားလေ့မရှိဘူး၊ မစ္စဟန်နီ"

"ဒါပေမယ့် ဆရာမကြီး၊ ဒီကလေးက ဒီမနက်လေးတင်ကမှ ကျောင်းကို ရောက်လာပြီး စာသင်ခန်းထဲကို တန်းဝင်လာတာပါ"

"ငါနဲ့ လာမငြင်းနဲ့၊ အဲဒီသတ္တဝါ မတေးဒါ၊ သူ့နာမည်က ဘာပဲ ဖြစ်နေဖြစ်နေ ငါ့ စားပွဲအောက်မှာ လေနံဘူးထားသွားတာ သူပဲ၊ အဲဒါနဲ့ ပတ်သက်ပြီး ဘာမှ သံသယဖြစ်စရာ မရှိဘူး၊ အဲဒါကို အဆိုပြုပေးတဲ့အတွက် ကျေးဇူးပဲ. . "

"ကျွန်မ အကြံမပြုပါဘူး"

"နင် အကြံပြုတာပဲလေ၊ ကဲ. . . အခု ဘာလိုချင်လို့လဲ မစ္စဟန်နီ"

"မတေးဒါအကြောင်း ပြောဖို့လာခဲ့တာပါ ဆရာမကြီး၊ ဒီကလေးနဲ့ ပတ်သက်ပြီး သိပ်ထူးခြားတဲ့ ကိစ္စလေးတွေကို တင်ပြချင်ပါတယ်၊ အတန်းထဲမှာ ဘာတွေ ဖြစ်ခဲ့လဲဆိုတာ ကျွန်မကို ပြောပြခွင့်ပြုပါ. . "

"ငါ ထင်တာကတော့ နင့် စကပ်ကို မီးရှို့ပြီး အတွင်းခံကို မီးလောက်လိုက်ပြီနဲ့ တူတယ်"

"မဟုတ်ဘူး. . မဟုတ်ဘူး၊ မတေးဒါက ပါရမီရှင်လေးပါ"

အဲဒီ စကားလုံးကို သုံးလိုက်ပြီးတဲ့အချိန်မှာ မစ္စထရန့်ဘူလ် မျက်နှာတစ်ခုလုံး မည်းပုတ်သွားပြီး၊ ဖားပြုတ်ကြီးတစ်ကောင်လို စူတက် လာတော့တယ်။

". . . . ပါရမီရှင်. . . ဟုတ်လား. . " သူမ စ,အော်ပြီ၊ "ဘာတွေ တွေကရာရှစ်သောင်း လာပြောနေတာလဲ လူကြီးမင်းမ,ရဲ့၊ နင်တော့ ပေါက် သွားပြီနဲ့တူတယ်၊ ဒီကလေးက ဆိုးပေတေးလေးပါလို့ သူ့အဖေ ကိုယ်တိုင် ပြောတာကို ငါ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေ မှားနေပြီ ဆရာမကြီး"

"မတုံးစမ်းပါနဲ့ . . မစ္စဟန်နီ၊ ဒီသတ္တဝါလေးကို နင်က နာရီဝထဲ မြင်ဖူးသေးတာ၊ သူ့အဖေက သူ့ဘဝတစ်လျှောက်လုံး သူ့ကို သိလာတာ

ဒါပေမယ့် မစ္စဟန်နီကတော့ သူမ စကားကို ဆက်ဖို့နဲ့ ဂဏ သချာနဲ့ ပတ်သက်ပြီး ၊ အတော်အံ့ဩစရာကောင်းတဲ့ ကိစ္စတွေကို မတေ စွမ်းဆောင်နိုင်ခဲ့တာကို ရှင်းပြဖို့ စိတ်ပိုင်းဖြတ်ထားပြီးပါပြီ။

"ဘာ. . အလီဇယားတွေကို အလွတ်ကျက်ပြီးသွားပြီ၊ ဟုတ်လာ ဒီမယ် မိန်းမငယ်လေးရဲ့ အဲဒါ ပါရမီရှင်မဟုတ်ဘူး၊ စကားကြောရှည် ကြက်တူရွေးပဲ"

"ဒါပေမယ့် ဆရာမကြီး၊ သူက စာလည်း ကောင်းကောင်းဖ တတ်နေပြီ"

"ငါလည်း သိပ်ဖတ်တတ်တာပေါ့" ခတ်ပြတ်ပြတ်အသံနဲ့ ထေ လော်ကန့်လန့် ပြောနေပြန်ပြီ။

"ကျွန်မအမြင်မှာတော့ မတေးဒါကို ကျွန်မအတန်းထဲကနေ ထု လိုက်ပြီး၊ ဆယ့်တစ်နှစ်ကလေးတွေထားတဲ့ ထိပ်ဆုံးအခန်းမှာ အမြန် နေရာချထားသင့်တယ်"

"အော်. . လက်စသတ်တော့ နင်က သူ့ကို ပ,ထုတ်ချင်နေတာ နင် သူ့ကို မကိုင်တွယ်နိုင်ဘူးမို့လား၊ အဲဒီတော့ သူ့ကိုထုတ်ပြီး မစ္စပလ ဆိုးရဲ့ အခန်းမှာ သွားထားချင်တာပေါ့၊ အဲဒီတော့ ပိုပြီးသောင်းကျန်း ရသွားပြီပေါ့ ဟုတ်လား. . "

"မဟုတ်ဘူး. . မဟုတ်ဘူး၊ အဲဒါ ကျွန်မရဲ့ အကြောင်းပြခ မဟုတ်ပါဘူး"

"အိုး. . သိပ်ဟုတ်တာပေါ့၊ နင့်ရဲ့ အကြံအစည် သေးသေးသေ တွေကိုတောင် ငါမြင်နေသေးတယ်၊ အေး. . . ငါ့ရဲ့ အဖြေကတော့၊ လုံး မရဘူးပဲ၊ မတေးဒါက သူ အခုလက်ရှိ နေနေတဲ့ အခန်းမှာပဲ ရှိနေရမ သူ့ကို ထိန်းသိမ်းဖို့ကတော့ နင့် တာဝန်ပဲ"

"ဒါပေမယ့်. . ဆရာမကြီး"

"ဆက်မပြောနဲ့တော့. . ၊ ပြီးတော့ ဘယ်လိုအခြေအနေမျိုးမှ ဖြစ်ပါစေ၊ ကလေးတွေအားလုံးကို သူတို့ရဲ့ အရည်အချင်းကို ဘေးခ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး၊ သူတို့ သက်ဆိုင်ရာ အသက်အုပ်စုမှာပဲ နေရမယ်ဆိုတဲ့ စည်းကမ်းတစ်ခု ငါ့ရဲ့ ဒီကျောင်းမှာရှိတယ်၊ အလိုတော်. . . . ငါးနှစ်အရွယ် သောင်းကျန်းသူကို သူ့ထက် အများကြီးအသက်ကြီးတဲ့ စီနီယာတန်းတမိန်းကလေး၊ ယောက်ျားလေးတွေနဲ့ထားပြီး အတန်းတက်စေမယ်တဲ့၊ ဒီလိုကိစ္စမျိုး ဘယ်သူမှ ကြားဖူးမှာ မဟုတ်ဘူး"

မစ္စဟန်နီ ခမျာမှာ ဒီလို ဧရာမ ပုခုံးကျယ် ဘီလူးကြီးရှေ့မှာ အားကိုးရာမဲ့စွာနဲ့ မတ်တတ်ရပ်နေတယ်၊ သူမမှာ ပြောစရာတွေ အများကြီး ရှိနေသေးပေမယ့် အကျိုးရှိမှာ မဟုတ်ဘူးဆိုတာ ကောင်းကောင်းတွက်ဆမိနေပါပြီ၊ တိုးညှင်းစွာနဲ့ပဲ "ဒါဆိုလည်း. . ကောင်းပါပြီ၊ ဆရာမကြီး သဘောအတိုင်းပါပဲ"

"ဒါပေါ့. . ၊ငါ့ သဘောအတိုင်းပဲ ဖြစ်ရမှာပေါ့၊ ပြီးတော့ မမေ့နဲ့ဦး မိန်းကလေး၊ အဲဒီ ကလေးဆိုးလေးကို ငါ့ စားပွဲခုံအောက်မှာ လေနံဘူးထားခဲ့တာနဲ့ပတ်သက်ပြီး ရှင်းရဦးမယ်နော်. ."

"အဲဒါ သူလုပ်တာ မဟုတ်ဘူး ဆရာမကြီး"

"သူလုပ်တာ အမှန်ပဲ၊ နင့်ကို ငါ ပြောဦးမယ်၊ ဟိုး. . အရင်တုံးက ငါ သုံးလေ့ရှိတဲ့ ကြိမ်လုံးတို့၊ ခါးပတ်ကြိုးတို့ကို အခုထိ သုံးလို့ရပါစေလို့ အမြဲဆုတောင်းတယ်၊ အဲဒီလိုသာဆိုရင် မတေးဒါ တစ်လလောက် ထိုင်လို့မရအောင် သူ့တင်ပါးကို မီးတင်သလိုဖြစ်သွားအောင် လုပ်လိုက်မှာ"

မျက်နှာလွှဲလိုက်ပြီး၊ စာကြည့်ခန်းထဲကနေ မစ္စဟန်နီ စိတ်ဓာတ်ကျစွာနဲ့ ထွက်လာခဲ့တယ်၊ ရှုံးနိမ့်ခဲ့တယ်လို့တော့ မဆိုလိုဘူး၊ ဒီကဂလေး အတွက် ငါ တစ်ခုခု လုပ်ပေးမှဖြစ်မယ်လို့လည်း သူမဘာသာ ရေရွတ်နေသေးတယ်၊ "ဘာလုပ်ပေးရမဲဆိုတာတော့ မသိဘူး၊ ဒါပေမယ့် နောက်ဆုံးကျတော့ သူ့ကို ကူညီနိုင်မယ့် နည်းလမ်းတစ်ခုတော့ ငါ တွေ့မှာပါ"



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကျောင်းအုပ်ဆရာမကြီးရဲ့ အခန်းထဲကနေ မစ္စဟန်နီ ထွက်လာတဲ့ အချိန်မှာ ကလေးတော်တော်များများ ကစားကွင်းထဲ ရောက်နေပြီ၊ သူမရဲ့ ပထမဆုံးခြေလှမ်းက အတန်းကြီးတွေကိုသင်တဲ့ ဆရာ၊ ဆရာမ အတော်များများဆီကို သွားပြီး၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီ၊ ပြင်သစ်စာပေ၊ အင်္ဂလိပ်စာပေ စတဲ့စာအုပ်တွေကို ငှားယူတယ်၊ ပြီးတော့ မတေးဒါကို ရှာပြီး၊ အတန်းထဲကို ခေါ်လိုက်တယ်။

သူမကပဲ စ,ပြီး "အတန်းထဲက ကျန်တဲ့ကလေးတွေကို နှစ်အလီ ဇယားနဲ့ ကြောင်တို့၊ ကြွက်တို့ကို ဘယ်လို စာလုံးပေါင်းရမလဲဆိုတာ ဆရာမ သင်ပေးနေတဲ့အချိန် မတေးဒါ ဒီအတိုင်း ထိုင်နေလို့ အကျိုးမရှိဘူးလေ၊ အဲဒီတော့ စာသင်ချိန်တိုင်းမှာ လေ့လာဖို့ ဒီဖတ်စာ စာအုပ်တစ်အုပ်စီ ပေးမယ်၊ စာသင်ချိန်ပြီးသွားတာနဲ့ နားမလည်တာရှိရင် ဆရာမကို လာမေး၊ မတေးဒါ နားလည်အောင် ဆရာမ အတတ်နိုင်ဆုံး ရှင်းပြပေးမယ်. . ဘယ်လိုလဲ"

"ကျေးဇူးတင်ပါတယ်. . ဆရာမ၊ ကောင်းမယ့်သဘောမှာ ရှိပါတယ်"

"ဒါပေါ့. . ၊ အတော်လေးကြာလာတဲ့အခါ သမီးကို ဒီထက်မြင့်တဲ့ အတန်းမှာ ထားနိုင်မှာ သေချာတယ်၊ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ဆရာမကြီးက သမီးရောက်နေတဲ့ အတန်းမှာပဲ နေစေလိုတဲ့ ဆန္ဒရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဆရာမ၊ ဒီ စာအုပ်ယူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဘယ်လောက်တောင် လိမ်မာရေးခြားရှိလှတဲ့ ကလေးလဲဆိုပြီး မစ္စဟန်နီ တွေးနေမိတယ်၊ သူ့အဖေ ဘာပဲပြောပြော၊ သူ့ကိုကြည့်ရတာ အတော်လေးအေးချမ်းပြီး နူးညံ့သိမ်မွေ့တယ်၊ ပြီးတော့ ဥာဏ်ကောင်းလှပြီဆိုတဲ့ ဆောင့်ကြွားဆောင့်ကြွား အမူအယာလည်း တစ်စက်မှ မရှိဘူးတကယ်တော့ မတေးဒါကိုကြည့်ရတာ အဲဒါနဲ့ပတ်သက်ပြီး သူမကိုယ်သူမတောင် သတိမထားမိဘူးနဲ့ တူတယ်။

အဲဒီလိုနဲ့ အတန်းပြန်တက်တော့ သူမစားပွဲကို အသာလေးလျှောက်သွားပြီး၊ မစ္စဟန်နီ သူမကိုပေးထားတဲ့ ဂျီဩမေတြီနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို စ,ဖတ်နေတော့တယ်၊ ဆရာမက သူမကို မသိမသာ တစ်ချိန်လုံး လှမ်းကြည့်နေပြီး၊ သိပ်မကြာခင်မှာပဲ ဒီကလေးဟာ စာအုပ်ထဲမှာ အတော်လေးစိတ်နှစ်သွားပုံကို သတိထားမိတယ်၊ စာသင်ချိန် တစ်ချိန်လုံးမှာ တစ်ချက်မှ မော့မကြည့်ဘူး။

ဒီအတောအတွင်းမှာ မစ္စဟန်နီတစ်ယောက် နောက်ထပ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ မတေးဒါရဲ့မိဘတွေနဲ့ တတ်နိုင်သမျှအမြန်ဆုံး သွားတွေ့ပြီး စကားပြောဖို့ပါ၊ အခုကိစ္စကြီးကို ဒီအတိုင်းပစ်ထားလိုက်ရမှာ သူမ ဘယ်လိုမှ လက်မခံနိုင်ဘူးဖြစ်နေတယ်၊ အဖြစ်အပျက်ကြီးတစ်ခုလုံးက ဆိုးရွားလွန်းတယ်၊ ကိုယ့်သမီးရဲ့ မယုံနိုင်လောက်စရာဗီဇကို သတိမထားမိတဲ့ မိဘတွေကိုလည်း သူမ အံ့ဩနေမိတယ်၊ ဒီ့အပြင် မစ္စတာဝမ်းဝုဒ်က အောင်မြင်နေတဲ့ မော်တော်ကားအရောင်းအဝယ် စီးပွားရေးသမားဆိုတော့ သူကိုယ်တိုင်ကလည်း ထက်မြက်လိမ့်မယ်လို့ သူမ ယူဆမိပြန်တယ်၊ ဘယ်လိုပဲဖြစ်ပစေ ဘယ်မိဘကမှ ကိုယ့်သား သမီးကို အထင်မသေးတတ်ကြဘူး မဟုတ်လား၊ ဒါပေမယ့် ပြောင်းပြန် အဖြစ်အပျက်မျိုးလည်း ကြုံနိုင်ပြန်သေးတယ်၊ တစ်ခါတလေ ကပြန်တော့ သူတို့ရဲ့ ချစ်လှစွာသော ပြဿနာလေးတွေက အတော်ကိုဆိုးတဲ့ အခြေအနေ ရောက်နေပြီဆိုတာ ဆရာ၊ ဆရာမတွေအနေနဲ့ ခပ်ကြွားကြွားမိဘတွေကို မနည်းကြီး အယုံသွင်းရတယ်၊ မတေးဒါလေ့ဟာ

www.burmeseclassic.com



သာမန်ကလေးတွေထက် ထူးခြားတယ်ဆိုတာနဲ့ ပတ်သက်ပြီး၊ ဝမ်းဝုဒ်ဇနီးမောင်နှံကို အယုံသွင်းဖို့ကိစ္စမှာ အခက်အခဲ မရှိလောက်ဘူးလို့ မစ္စဟန်နီထင်တယ်၊ ပြဿနာကတော့ သူတို့ အရမ်း စိတ်လှုပ်မရှားသွားအောင် တားဆီးနိုင်ဖို့ပဲ။

ပြီးတော့ အခုဆိုရင် မစ္စဟန်နီရဲ့ အိပ်မက်တွေက ပိုပြီးတော့ တောင် ကျယ်ပြန့်နေသေးတယ်၊ ကျောင်းပြီးတာနဲ့ မတေးဒါကို တသီးပုဂ္ဂလ ကျူရှင်သင်ပေးဖို့ ခွင့်ပြုပါ့မလားဆိုတာကိုလည်း မစ္စဟန်နီ သိချင်နေပြန်သေးတယ်၊ ဒီလို ဉာဏ်ကောင်းတဲ့ ကလေးတစ်ယောက်ကို ကောင်းကောင်း မွန်မွန် ထိန်းကွပ်ပေးလိုက်တာနဲ့ ကျွမ်းကျင်တဲ့ ဆရာမတစ်ယောက်ဖြစ်ဖို့ သူမကို အများကြီး အထောက်အကူ ပြုပေးနိုင်မှာပါ၊ ဝမ်းဝုဒ်ဇနီးမောင်နှံကို ဒီနေ့ညနေပဲ သွားတွေ့ပြီး ဆွေးနွေးဖို့ သူမ ရုတ်တရက်ပဲ ဆုံးဖြတ်လိုက်တယ်၊ နည်းနည်း နောက်ကျပြီးမှသွားမယ်၊ ကိုးနာရီနဲ့ ဆယ်နာရီ ကြားလောက်ပေါ့၊ အဲဒီအချိန်ဆို မတေးဒါ အိပ်ယာထဲ ဝင်နေလောက်ပြီ။

အဲဒီအတိုင်းပဲ သူမ အတိအကျ လုပ်ခဲ့တယ်၊ ကျောင်းမှတ်တမ်းတွေဆီကနေ လိပ်စာရလာပြီး၊ ကိုးနာရီကျော်ကျော်လောက်မှာ ဝမ်းဝုဒ်မိသားစုနေအိမ်ကို သူမနေထိုင်ရာဆီကနေ လမ်းလျှောက်ထွက်လာခဲ့တယ်၊ ကိုယ်ပိုင်ဥယျာဉ် အသေးစားလေးတွေ ကိုယ်စီနဲ့ အိမ်ကလေးတွေ တည်ရှိရာနေရာကတော့ လမ်းကောင်းလမ်းသန့် တစ်ခုပါ၊ မတေးဒါတို့ရဲ့ အိမ်ကတော့ ခေတ်မီပုံစံမျိုးနဲ့ ဆောက်ထားပြီး၊ ဈေးကတော့ နည်းမယ့်ပုံမရှိဘူး၊ အဝင်ဂိတ်မှာ "နွေးထွေးတဲ့အိမ်" ဆိုပြီး ဆိုင်းဘုတ်ကို ချိတ်ထားသေးတယ်၊ "ခွေးမွေးလို့ပိုင်"ဆိုရင် ပိုပြီးကောင်းလိမ့်မယ်လို့ သူမဘာသာတွေးနေမိသေးတယ်၊ သူမကတော့ စကားလုံးတွေကို ဒီလို လှည့်ပတ်ပြီး စိကုံးနေကျ၊ ဂိတ်ဝ,ကနေ လူလျှောက်လမ်းလေးအတိုင်း လျှောက်သွားလိုက်ပြီး၊ ဘဲလ်တီးလိုက်တယ်၊ သူမ အဲဒီမှာရပ်နေတုန်း အိမ်ထဲကနေ တီဗွီအသံကျယ်ကြီး ဖွင့်ထားတာကိုလည်း ကြားနေရတယ်၊ ရုပ်ရည်က ချောမောပြေပြစ်မှုမရှိပဲ လိမ္မော်ရောင်နဲ့ အနီရောင်အစင်းကျား အားကစားကုတ်အကျီကို ဝတ်ထားတဲ့ နှုပ်ခမ်းမွှေးစပ်စပ်နဲ့ လူတစ်ယောက် တံခါးလာဖွင့်ပေးတယ်၊ မစ္စဟန်နီကို တစ်ချက်စောင်းငဲ့ကြည့်ပြီး "ဘာကိစ္စလဲ

www.burmeseclassic.com



ရုံပွဲငွေရှာဖို့အတွက် လက်မှတ် လာရောင်းတာဆိုရင်တော့ ကျွန်မဝယ်သေးဘူး"

"မဟုတ်ပါဘူး၊ အခုလို အနှောက်အယှက်ပေးသလိုမျိုး ဖြစ်သွားတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မက မတေးဒါရဲ့ ရှာမ မတေးဒါနဲ့ပတ်သက်ပြီး ... နဲ့ ရှင့်အမျိုးသမီးတို့ ... အရေးတကြီး ဆွေးနွေးရာရှိလို့ လာခဲ့တာပါ"

"ပြဿနာ ရှာပြီးသွားပြီးမို့လား" တံခါးဝမှာ ပိတ်ထားရင်းမစ္စတာဝမ်းဝုဒ်က ဆိုလိုက်တာပါ၊ "အင်း. . . အခုချိန်ကစပြီး၊ သူကတော့ ခင်ဗျားရဲ့ တာဝန်ယူမှုအောက်ကို ရောက်သွားပြီ၊ သူ့ကို ခင်ဗျားရင်ဆိုင်ရတော့မယ်"

"မတေးဒါက လုံးဝ ပြဿနာမရှာပါဘူး၊ သူနဲ့ပတ်သက်ပြီး သတင်းကောင်း ပေးစရာရှိလို့ လာခဲ့တာပါ၊ တကယ့်ကို လန့်ဖျားစရာကောင်းတဲ့ သတင်းပါ မစ္စတာဝမ်းဝုဒ်၊ ကျွန်မ အိမ်ထဲကို ခဏဝင်ပြီး မတေးဒါနဲ့ပတ်သက်ပြီး ဆွေးနွေးလို့ရမလား"

"ကျုပ်တို့က အခု ကျုပ်တို့အကြိုက်ဆုံး တီဗွီအစီအစဉ်ကို ကြည့်နေကြတာ၊ ခင်ဗျားဝင်လာရင် ဖိမ်ပျက်သလိုဖြစ်သွားလိမ့်မယ်၊ နောက်နေ့မှပဲ ပြန်လာခဲ့လိုက်ပါ"

မစ္စဟန်နီရဲ့ စိတ်ရှည်မှုအတိုင်းအတာ ကုန်လွန်စပြုနေပြီ၊ "ဒီမယ် မစ္စတာဝမ်းဝုဒ် တီဗွီအစီအစဉ် အစုတ်ပလုပ်က ရှင့်သမီးရဲ့ အနာဂတ်ထက် အရေးကြီးတယ်ထင်နေရင် ရှင် မိဘတစ်ယောက် မဖြစ်ထိုက်ဘူး၊ အရေးပေါ်တဲ့ဟာကြီးကို ပိတ်ပြီး ကျွန်မပြောတာ နားထောင်ပါလား"

မစ္စတာဝမ်းဝုဒ်ကို ကိုင်လှုပ်လိုက်သလိုပဲ၊ သူ့ကို အခုလိုပြောဆိုခံရတာမျိုးကို သူ ကျင့်သားမရသေးဘူး၊ တံစက်မြိတ်အောက်မှာ 'ရပ်နေတဲ့ ပိန်ပိန်ပါးပါးနဲ့ ဆတ်ဆတ်ထိမခံတဲ့ အမျိုးသမီးငယ်လေးကို သူ သေသေချာချာ ကြည့်လိုက်တယ်၊ "အို. . . ဒါဆိုလည်း ပြီးရောလေ" အသံပြော ကြီးနဲ့ "အထဲဝင်လာခဲ့ပါ၊ ကျုပ်တို့ တိုင်ပင်ကြတာပေါ့. . "

အထဲကို မစ္စဟန်နီ ခပ်သွက်သွက်ကလေး ခြေလှမ်း လှမ်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဝမ်းဝုဒ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားသို့
ကျေးဇူးတင်မှာ မဟုတ်ဘူး" တီဗွီဖန်သားပြင်ကို ရွှန်းရွှန်းစားစား
ကြည့်နေပြီး၊ တစ်ခေါင်းလုံး ပလက်တီနမ်ရောင်ဆိုးထားတဲ့ မိန်းမခပ်
ကြီးတစ်ယောက် ထိုင်နေတဲ့ ဧည့်ခန်းထဲကို သူမကို ခေါ်သွားတယ်၊



"ဘယ်သူလဲ" လှည့်မကြည့်ပဲ အဲဒီ မိန်းမကြီးက မေးလိုက်
ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆရာမ တစ်ယောက်ပါ၊ မတေးဒါနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်လို့ ပြောတယ်"၊ တီဗွီစင်ဘက်ကို မစ္စတာဝမ်းဝုဒ် ဖြတ်သွားပြီး အသံကို ပိတ်လိုက်တယ်၊ ဒါပေမယ့် ဖန်သားပြင်ပေါ်က ရုပ်ပုံတွေကိုတော့ ချန်ထားသေးတယ်။

"အဲဒီလို မလုပ်နဲ့ ဟယ်ရီ" မစ္စဝမ်းဝုဒ်က ထ,အော်လိုက်တာပါ "ဝေလက အင်္ဂလာကို ချစ်ရေးဆိုတော့မှာ"

"စကားပြောနေရင်းနဲ့လည်း မင်း ကြည့်လို့ရတာပဲ၊ ဒါ မတေးဒါရဲ့ ဆရာမတဲ့၊ ငါတို့ကို သတင်း ပေးစရာရှိတယ်လို့ ပြောတယ်"

"ကျွန်မနာမည်က ဂျနီဖာဟန်နီပါ၊ တွေ့ရတာ ဝမ်းသာပါတယ် မစ္စစ်ဝမ်းဝုဒ်"

မစ္စစ်ဝမ်းဝုဒ်က လှည့်ကြည့်ပြီး "ဘာ ပြဿနာရှိလို့လဲ"

မစ္စဟန်နီကို ထိုင်ဖို့ ဘယ်သူမှ မဖိတ်ခေါ်ကြဘူး၊ အဲဒါကြောင့် သူမဘာသာပဲ ခုံတစ်လုံးရွေးပြီး ဝင်ထိုင်လိုက်တယ်၊ "ဒီနေ့ဟာ ရှင်တို့ သမီးလေးရဲ့ ပထမဆုံး ကျောင်းတက်တဲ့ နေ့ပဲ"

"သိတယ်လေ" သူမရဲ့ တီဗွီအစီအစဉ်ကို မကြည့်လိုက်ရတဲ့အတွက် စိတ်ကသိကအောင့် ဖြစ်နေပုံ ရတယ်။

"အဲဒါပြောဖို့အတွက် လာခဲ့တာလား"

မစ္စစ်ဝမ်းဝုဒ် အနေရအထိုင်ရ ခက်သွားလောက်အောင် အဲဒီမိန်းမကြီးရဲ့ အညိုရောင်မျက်လုံးအစုံကို မစ္စဟန်နီက ခပ်စူးစူး စိုက်ကြည့်နေလိုက်ပြီး၊ လေထဲမှာ အတန်ကြာ တိတ်ဆိတ်သွားအောင် နေလိုက်တယ်ပြီးမှ "ကျွန်မ ဘာကြောင့် ရောက်လာရသလဲဆိုတာ ရှင်းပြစေချင်လား"

"ဒါဆိုလည်း မြန်မြန်ပြော" မစ္စစ်ဝမ်းဝုဒ်က ပြောလိုက်တာပါ။

"ကျောင်းမှာရှိတဲ့ အောက်ဆုံးတန်းက ကလေးငယ်တွေဟာ သူတို့ကျောင်းကို ပထမဆုံးရောက်လာတဲ့အချိန်မှာ စာဖတ်၊ စာလုံးပေါင်းတတ်၊ ဒါမှမဟုတ် ဂဏန်းသင်္ချာတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုမရှိကြဘူးဆိုတာ ရှင်တို့လည်း သိထားမှာပါ၊ ငါးနှစ်အရွယ် ကလေးငယ်တွေအားလုံး အဲဒီလိုမျိုး မလုပ်နိုင်ပါဘူး၊ ဒါပေမယ့် မတေးဒါက အားလုံး တတ်နေပြီးပြီးတော့. . . သူမစကားကို ယုံရမယ်ဆိုရင်. . . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါသာဆို မယုံဘူး" မစွစ်ဝမ်းဝုဒ် ဆိုလိုက်တာပါ၊ တိဗွီအသံ နားမထောင်ရလို့ စိတ်အနှောင့်အယှက် ဖြစ်နေသေးပုံပဲ။

"ဒါဆို သူ့ကို သင်္ချာဂဏန်းတွေ မြှောက်တတ်ဖို့၊ စာဖတ်တတ်ဖို့ ဘယ်သူကမှ သင်ပေးတာ မဟုတ်ဘူးဆိုတာ၊ သူ ညာပြောနေတာလား ရှင်တို့ထဲက သူ့ကို အဲဒီလိုဖြစ်အောင် ဘယ်သူ သင်ပေးတာလဲ"

"သူ့ကို ဘာသင်ပေးရမှာလဲ" မစ္စတာဝမ်းဝုဒ် ကြားဖြတ်ဝင်ခေ တယ်။

"ဖတ်တတ်ဖို့၊ စာအုပ်ဖတ်တတ်ဖို့လေ၊ ရှင်တို့ သင်ပေးတာဖြစ် မှာပါ၊ သူ ညာနေတာပဲနေမှာ၊ ဒီ တစ်အိမ်လုံးအပြည့် စာအုပ်စင်တွေ ရှင် တို့ဆီမှာ ရှိမယ်နဲ့တူတယ်၊ အဲဒါတွေကို ကျွန်မ မသိနိုင်ဘူး၊ ဒါမှမဟုတ် ရှင်တို့ နှစ်ယောက်လုံးက စာပေဝါသနာအိုးတွေပဲ ဖြစ်မယ်"

"ဒါပေါ့. . ကျုပ်တို့ စာသိပ်ဖတ်တာပေါ့၊ ပေါကြောင်ကြောင် လာ မပြောစမ်းပါနဲ့၊ အော်တိုကာတို့ မော်တော်ကားစာစောင်တို့ကို အပတ်စဉ် တိုင်း မျက်နှာဖုံးကနေ နောက်ကျောဖုံးအထိ ကျုပ်ဖတ်တယ်"

"ဒီကလေးက အတော်အံ့သြစရာကောင်းလောက်တဲ့ စာအုပ်အ ရေအတွက် အတော်များများကို ဖတ်ပြီးသွားပြီ၊ စာအုပ်စာပေကောင်းတွေ ကို ချစ်မြတ်နိုးတဲ့ မိသားစု အသိုင်းအဝိုင်းက လာတာလားဆိုတာ၊ ကျွန်မ သိချင်ရုံလေးပါ"

"ကျုပ်တို့ စာအုပ်ကြီး ကိုင်ဖတ်ပြီးမနေဘူး၊ ကြောင်တိကြောင် တောင် ဇာတ်လမ်းစာအုပ်တွေဖတ်ပြီး ထိုင်နေရှုံနဲ့ ဝမ်းရေးအတွက် စိတ် မအေးရဘူး၊ ဒီအိမ်မှာလည်း ဘာစာအုပ်မှ မသိမ်းခဲ့ဘူး"

"ကျွန်မ သဘောပေါက်ပါပြီ၊ ကျွန်မ အခုလို လာခဲ့ရတာကတော့ မတေးဒါက အင်မတန်မှ ဉာဏ်ကောင်းလှတယ်ဆိုတာ ပြောဖို့ပါ၊ ဒါပေမယ့် အဲဒါကို ရှင်တို့ သိပြီးသားလို့ ထင်ပါတယ်"

"သူ စာဖတ်တတ်မှန်း ငါတို့ သိပ်သိတာပေါ့" မိခင်ဖြစ်သူ ဝင် ပြောတာပါ၊ "သူ့ရဲ့ဘဝကို အဓိပ္ပာယ်မရှိတဲ့ စာအုပ်တွေနဲ့ အချိန်ကုန်ခံပြီး အခန်းထဲမှာ မြှုတ်နှံခဲ့တာလေ"

"အဲဒါ. . ရှင်တို့ စိတ်မဝင်စားဘူးလား၊ ငါးနှစ်သားအရွယ် ကလေး



တစ်ယောက်က ဒစ်တင်းတို့ ဟဲမင်းဝေးတို့ရေးထားတဲ့ လူကြီးဖတ်ဝတ္ထု ရှည်ကြီးကို ဖတ်နေတာလေ၊ အဲဒါ ရှင်တို့ကို ထ,ခုန်သွားစေပြီး စိတ်လှုပ် ရှားလွန်းလို့ ရှင်တို့ ပြန်ငြိမ်မသက်သွားဘူးလား"

"လုံးဝပဲ" မိခင်ဖြစ်သူကလည်း ချေပတယ်၊ "စာပေယောင်ယောင် အဖျပိုးယောင်ယောင် မိန်းကလေးတွေကို ငါ လုံးဝအားမပေးဘူး၊ မိန်း ကလေးတစ်ယောက်က သူ့ကိုယ်သူ ဆွဲဆောင်မှုရှိအောင်ပဲ လုပ်သင့်တယ်၊ အဲဒါဆိုတော့ နောက်ကျရင် ယောကျ်ားကောင်းကောင်းတစ်ယောက် ရ နိုင်တယ်လေ၊ အလှအပက စာအုပ်ထက် ပိုအရေးပါတယ် မစ္စဟန်နီ"

"မစ္စဟန်နီပါ"

"တဲ. . . ငါ့ကိုကြည့်၊ ပြီးရင် ကိုယ့်ကိုကိုယ်ကြည့်၊ နင်ကစာအုပ် ရွေးတယ်၊ ငါက အလှအပရွေးတယ်"

အခန်းရဲ့ ဟိုဘက်ထောင့်မှာ ထိုင်နေတဲ့ အဆီခဲအရစ်လိုက်နဲ့ မိန်းမကြီးကို မစ္စဟန်နီ ကြည့်နေလိုက်တယ်၊ "ရှင် ဘာပြောလိုက်တာလဲ"

"ငါပြောတာက ငါက အလှအပရွေးတယ်၊ နင်က စာအုပ်ရွေး တယ်၊ ဒါပေမယ့် ဘယ်သူ့ရဲ့ ဇာတ်သိမ်းက ပိုကောင်းလဲ၊ ငါပဲပေါ့ ငါက သိပ်ကောင်းတဲ့အိမ်ထဲမှာ အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ယောက် နဲ့ပြီး၊ အေးအေးဆေးဆေး ဇိမ်နဲ့ထိုင်နေတဲ့အချိန်မှာ နင်ကတော့ ကလေး ဆိုးလေးတွေကို တစ် နှစ် သုံး လေး သင်ရင်းနဲ့ ဝင်္ဂခံနေရတယ်"

"သိပ်မှန်တာပေါ့ မိန်းမရယ်" အန်ချချင်စရာ အကြည့်မျိုးနဲ့ သူ့မိန်းမကို ရွှန်းရွှန်းစားစားကြီး ကြည့်ပြီးပြောလိုက်တဲ့ မစ္စတာဝမ်းဝုဒ်ရဲ့ အသံပါ။

ဒီလူတွေနဲ့ အလုပ်မဖြစ်ဘူးဆိုရင် သူ့မအနေနဲ့ အနည်းဆုံးတော့ စိတ်ကို ထိန်းရမယ်ဆိုတာကို မစ္စဟန်နီ ကောင်းကောင်းနားလည်ထားတယ်၊ "ကျွန်မအနေနဲ့ အကုန်လုံး မရှင်းပြရသေးဘူး၊ မတေးဒါက ဒီလို အသက် အရွယ်လေးမှာတင် သင်္ချာပါရမီရှင်လေးလို ဖြစ်နေပါတယ်၊ သိပ်ရှုပ်ထွေး တဲ့ ဂဏန်းကြီးတွေကိုတောင် သူ့ခေါင်းထဲမှာ လျှပ်စီးလက်သလို အမြန် တွက်ချက်နိုင်ပါတယ်"

"ဂဏန်းပေါင်းစက်တစ်ခု ဝယ်လိုက်တော့ရော ဘာဖြစ်သွားမှာ မို့လဲ" မစ္စတာဝမ်းဝုဒ်ရဲ့ အရွဲ့တိုက်သံ၊ "မိန်းကလေးတစ်ယောက်က သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဒစ်တင်းတို့ ဟဲမင်းဝေးတို့ရေးထားတဲ့ လူကြီးဖတ်ဝတ္ထု ရှည်ကြီးကို ဖတ်နေတာလေ၊ အဲဒါ ရှင်တို့ကို ထ,ခုန်သွားစေပြီး၊ စိတ်လှုပ်ရှားလွန်းလို့ ရှင်တို့ ပြန်ငြိမ်မသက်သွားဘူးလား"

"လုံးဝပဲ" မိခင်ဖြစ်သူကလည်း ချေပတယ်၊ "စာပေယောင်ယောင် ဘာဂျပိုးယောင်ယောင် မိန်းကလေးတွေကို ငါ လုံးဝအားမပေးဘူး၊ မိန်းကလေးတစ်ယောက်က သူ့ကိုယ်သူ ဆွဲဆောင်မှုရှိအောင်ပဲ လုပ်သင့်တယ်၊ အဲဒါဆိုတော့ နောက်ကျရင် ယောကျ်ားကောင်းကောင်းတစ်ယောက် ရနိုင်တယ်လေ၊ အလှအပက စာအုပ်ထက် ပိုအရေးပါတယ် မစ္စဟန်ကီ"

"မစ္စဟန်နီပါ"

"တဲ့. . . ငါ့ကိုကြည့်၊ ပြီးရင် ကိုယ့်ကိုကိုယ်ကြည့်၊ နင်ကစာအုပ်ရွေးတယ်၊ ငါက အလှအပရွေးတယ်"

အခန်းရဲ့ ဟိုဘက်ထောင့်မှာ ထိုင်နေတဲ့ အဆီခဲအရစ်လိုက်နဲ့ မိန်းမကြီးကို မစ္စဟန်နီ ကြည့်နေလိုက်တယ်၊ "ရှင် ဘာပြောလိုက်တာလဲ"

"ငါပြောတာက ငါက အလှအပရွေးတယ်၊ နင်က စာအုပ်ရွေးတယ်၊ ဒါပေမယ့် ဘယ်သူ့ရဲ့ ဇာတ်သိမ်းက ပိုကောင်းလဲ၊ ငါပဲပေါ့ ငါက ဆိပ်ကောင်းတဲ့အိမ်ထဲမှာ အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ယောက်ယူပြီး၊ အေးအေးဆေးဆေး ဇိမ်နဲ့ထိုင်နေတဲ့အချိန်မှာ နင်ကတော့ ကလေးဆိုးလေးတွေကို တစ် နှစ် သုံး လေး သင်ရင်းနဲ့ ဝဋ်ခံနေရတယ်"

"သိပ်မှန်တာပေါ့ မိန်းမရယ်" အန်ချချင်စရာ အကြည့်မျိုးနဲ့ သူ့မိန်းမကို ရွှန်းရွှန်းစားစားကြီး ကြည့်ပြီးပြောလိုက်တဲ့ မစ္စတာဝမ်းဝုဒ်ရဲ့ စကားပါ။

ဒီလူတွေနဲ့ အလုပ်မဖြစ်ဘူးဆိုရင် သူမအနေနဲ့ အနည်းဆုံးတော့ စိတ်ကို ထိန်းရမယ်ဆိုတာကို မစ္စဟန်နီ ကောင်းကောင်းနားလည်ထားတယ်၊ "ကျွန်မအနေနဲ့ အကုန်လုံး မရှင်းပြရသေးဘူး၊ မတေးဒါက ဒီလို အသက်အရွယ်လေးမှာတင် သင်္ချာပါရမီရှင်လေးလို ဖြစ်နေပါတယ်၊ သိပ်ရှုပ်ထွေးတဲ့ ဂဏန်းကြီးတွေကိုတောင် သူ့ခေါင်းထဲမှာ လျှပ်စီးလက်သလို အမြန်တွက်ချက်နိုင်ပါတယ်"

"ဂဏန်းပေါင်းစက်တစ်ခု ဝယ်လိုက်တော့ရော ဘာဖြစ်သွားမှာ မို့လဲ" မစ္စတာဝမ်းဝုဒ်ရဲ့ အရွဲ့တိုက်သံ၊ "မိန်းကလေးတစ်ယောက်က သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ကောင်းနေရုံနဲ့လည်း ယောကျ်ားကောင်းကောင်း မရနိုင်ဘူး" မစွစ်ဝမ်းဝုဒ်ရဲ့ ထင်မြင်ချက်၊ "ဥပမာဆိုရင် အဲဒီ သရုပ်ဆောင်ကိုပဲကြည့် တိတ်ဆိတ်နေတဲ့ တီဗွီဖန်သားပြင်ကိုညွှန်ပြရင်း ဆိုတယ်၊ အဲဒီထဲမှာတော့ ကြွက်သားအဖုဖု အထစ်ထစ်နဲ့ မင်းသားက ခပ်ဖြောင့်ဖြောင့်မိန်းမတစ် ယောက်ကို ပွေ့ဖက်နေတယ်၊ "ဒီမင်းသားရဲ့ရှေ့မှာ ဂဏန်းတွေ မြှောက်ပြ ရုံနဲ့ သူနဲ့ ညားမယ်လို့တော့ မထင်ပါဘူးနော်၊ အဲဒီလိုမျိုး ဘယ်တော့မှ မဖြစ်ဘူး၊ ပြီးရော့ ဒီမိန်းမကို သူလက်ထပ်တော့မယ်၊ မယုံရင် စောင့် ကြည့်နေ၊ ပြီးတော့ ဒီမိန်းမ အိမ်ကြီးရခိုင်ထဲမှာ ဘဏ္ဍာစိုးတစ်ယောက်ရယ် အိမ်စေတွေအများကြီးရယ် နေရတော့မှာ"

အခုလို ကြားနေရတာကို မစွဟန်နီတစ်ယောက် သူမနားကို သူ မယုံနိုင်အောင်ဖြစ်နေတယ်၊ ဒီလိုမိဘမျိုးတွေ နေရာအနှံ့မှာ ရှိတယ်ဆိုတာ သူမ ကြားဖူးတာ အမှန်ပါ၊ ပြီးတော့ သူတို့သားသမီးတွေက ဆိုးသွမ်းတဲ့ ကလေးတွေ၊ ပညာရေး တပိုင်းတစနဲ့ဖြစ်သွားတဲ့ ကလေးတွေချည်းပါပဲ ဒါပေမယ့် ဒီစုံတွဲကို ကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့လိုက်ရတော့ တော် တော့်ကို တုန်လှုပ်သွားမိတယ်။

"မတေးဒါရဲ့ ပြဿနာက. . " နောက်တစ်ဖန် ကြိုးစားပြီး စကား ဆက်ကြည့်မိပြန်တယ်၊ "သူရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ကလေးတွေရဲ့ရှေ့က အတော်ဝေးဝေးရောက်နေပြီး၊ သူ့အတွက် သီးသန့်ကျူရှင် သဘောမျိုး စီစဉ်ပေးမယ်ဆိုရင် အကြံကောင်းတစ်ခုဖြစ်ပါလိမ့်မယ်၊ သင့်တင့်တဲ့ ထိန်း ကွပ်မှုနဲ့ဆိုရင် နောက် နှစ်နှစ် သုံးနှစ် ပြီးတာနဲ့ တက္ကသိုလ် တန်းတက်နိုင် တဲ့အဆင့်ထိ ပြုစုပျိုးထောင်နိုင်မှာပါ"

"တက္ကသိုလ်ဟုတ်လား. . " မစွဝမ်းဝုဒ်က သူ့ကုလားထိုင်မှာ ထ ခုန်ရင်း အော်နေတာပါ၊ "အလိုလေး. . ဘယ်သူကများ တက္ကသိုလ်တက် ချင်လို့လဲ၊ သူတို့ အဲဒီမှာ အကုန်လုံး မကောင်းတာချည်းပဲ"

"အဲဒါ မမှန်ပါဘူး၊ ရှင်သာ အခုချိန်မှာ နှလုံးခုံရပ်သွားရင်၊ ဆရာ ဝန်တစ်ယောက် အမြန်ခေါ်ရလိမ့်မယ်၊ အဲဒီ ဆရာဝန်က တက္ကသိုလ်တစ်ခု က ဘွဲ့ရတာဖြစ်လိမ့်မယ်၊ တကယ်လို့ ကားဟောင်း ကားစုတ်တွေရောင်းတဲ့ တစ်ယောက်ယောက်က ရှင့်ကို တရားစွဲပြီဆိုရင် ရှေ့နေတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



အမြန်ငှားရလိမ့်မယ်၊ အဲဒီ ရှေ့နေကလည်း တက္ကသိုလ်က ဘွဲ့ရခြစ်လိမ့်မယ်၊ ပညာတတ်တွေကို နှိမ့်ချတဲ့စကားမျိုး မပြောပါနဲ့ မစ္စတာဝမ်းဝုဒ်၊ လောလောဆယ်တော့ ကျွန်မတို့ ဘယ်လိုမှ အမြင်မတူနိုင်တော့ဘူး ရှင်တို့ကို အခုလို အနှောက်အယှက်ပေးမိတဲ့အတွက် ဝမ်းနည်းပါတယ်" သူမရဲ့ ကုလားထိုင်ပေါ်ကနေ မစ္စဟန်နီ ဆတ်ခနဲထပြီး အခန်းထဲကနေ အမြန်ထွက်ခဲ့တယ်။

မစ္စတာဝမ်းဝုဒ်က သူမနောက်ကနေ အိမ်ရှေ့တံခါးလိုက်ဖွင့်ပေးရင်းနဲ့ "အခုလို တကူးတက လာလည်တဲ့အတွက် ကျေးဇူးပဲ မစ္စဟောကီ၊ ဒါမှမဟုတ် . . . မစ္စဟယ်ရစ်လား . . "

"ဘာမှမဟုတ်ပါဘူး၊ ဒါပေမယ် . . နေပါစေတော့" ပြောပြီးတာနဲ့ သူတို့နဲ့ဝေးရာကိုသာ မစ္စဟန်နီ အမြန်ဆုံး ထွက်ခဲ့တော့တယ်။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

မတေးဒါနဲ့ပတ်သက်ပြီး၊ ကောင်းတဲ့အချက် တစ်ချက်က ခင်ဗျား သူမ... သာမန်အတိုင်း တွေ့သိပြီး စကားပြောကြည့်မယ်ဆိုရင် ဒီကလေးမ... သာမန်ငါးနှစ်ခွဲအရွယ် ကလေးငယ်လေးလို့ပဲ ထင်နေလိမ့်မယ်၊ သူမရဲ့ ဉာဏ်ပညာနဲ့ပတ်သက်ပြီး အပြင်ပန်းမှာ ကြွားဝါလိုတဲ့ လက္ခဏာမျိုး သူမ... လုံးဝမရှိဘူး၊ "တကယ့်ကို စဉ်းစဉ်းစားစားနဲ့ အေးအေးချမ်းချမ်းရှိ... ကောင်မလေးပဲ"လို့ ကိုယ့်ကိုကိုယ် ပြောမိလိမ့်မယ်၊ အကြောင်းကြော... စာပေ၊ ဒါမှမဟုတ်သင်္ချာဘာသာရပ်နဲ့ပတ်သက်ပြီး သူမနဲ့ ဆွေးနွေးခ... စ,လိုက်တာနဲ့. . . မတေးဒါ ဦးနှောက်စွမ်းအားရဲ့ အတိုင်းအတာကို ခင်ဗျာ... လုံးဝခန့်မှန်းနိုင်တော့မှာ မဟုတ်ဘူး။

အဲဒီအကြောင်းတွေကြောင့် တခြားကလေးတွေနဲ့ အပေါင်းအသင်း... လုပ်ဖို့ မတေးဒါအတွက် လွယ်ကူတယ်၊ သူမ အတန်းထဲမှာရှိတဲ့ သူငယ်ချင်း... တွေ အားလုံးကလည်း သူမကို နှစ်သက်ကြတယ်၊ မတေးဒါဟာ အင်မတန်... ဉာဏ်ကောင်းမှန်း သူတို့ သိကြတာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ အတန်းရဲ့ ပထမဦးဆုံးနေ့မှာ မစ္စဟန်နီနဲ့ အမေး အဖြေလုပ်တာကို သူတို့အားလုံး ကြား... ကြတာပဲလေ၊ ပြီးတော့ စာသင်နေတဲ့အချိန်မှာ သူမကို စာအုပ်တစ်အုပ် ... ထားပြီး၊ ဆရာမကို အရေးစိုက်ဖို့ မလိုတာကိုလည်း သူတို့ သိနေကြတ... လေ၊ ဒါပေမယ့် သူတို့အရွယ် ကလေးတွေက ဘာကြောင့်လဲဆိုတဲ့ အကြောင်း... ပြချက်ကို နက်နက်နဲနဲ မရှာဖွေတတ်ကြဘူး၊ သူတို့ရဲ့ အကစားအတည်းလေး... တွေထဲမှာပဲ လုံးထွေးရစ်ပတ်ပြီး စိုးရိမ်ပူပန်စိတ်တွေ ...လွန်းနေလေတော့...

www.burmeseclassic.com

www.burmeseclassic.com



ဘခြားလူတွေ ဘာလုပ်နေကြလဲ ဆိုတာဘက်ကို မလှည့်နိုင်ကြတော့ဘူး။

မတေးဒါရဲ့ သူငယ်ချင်း အသစ်တွေထဲက တောင်မလေးတစ်ယောက်ကတော့ လာဗန်ဒါလို့ခေါ်တယ်၊ အတန်းရဲ့ ပထမဆုံးနေ့တစ်ပြီး မနက်ပိုင်း ခဏနားချိန်ရော၊ နေ့လည် မုန့်စားကျောင်းဆင်းချိန်တွေမှာရော နှစ်ယောက်သား တစ်တွဲတွဲနဲ့ ကျောင်းကို စ,ပြီးလျှောက်ကြည့်ကြတော့တာ၊ လာဗန်ဒါက သူမရဲ့ အရွယ်အတွက်ဆိုရင် ထူးထူးခြားခြား သေးလွန်းတယ်၊ အရိုးပေါ် အရေတင် မျက်ကွင်းမည်းမည်းညိုညိုလေးနဲ့ ပိုးတိုးလုံးလေးလို့ ထင်မှတ်စရာပဲ ဆံပင်အနက်ကို ပိုင်ဆိုင်ထားပြီး၊ နဖူးရှေ့ဘက်မှာ ဆံရစ်ချထားသေးတယ် မတေးဒါက သူမကို ဖွဲ့ကောင်းပြီး၊ စွန့်စားတတ်လို့ နှစ်သက်တာဖြစ်ပြီး လာဗန်ဒါကလည်း ဒီလိုအချက်တွေကြောင့် မတေးဒါကို ခင်မင်တာပါ။

အတန်းရဲ့ ပထမအပတ် မကုန်ဆုံးခင်မှာပဲ ကျောင်းအုပ်ဆရာမကြီး မစ္စထရန့်ဘူလ်နဲ့ပတ်သက်တဲ့ ကြောက်မက်ဖွယ် ဇာတ်လမ်းတွဲတွေက ကျောင်းသူသစ်လေး နှစ်ယောက်ရှိရာဆီကို တရွေ့ရွေ့နဲ့ တိုးလာပါပြီ၊ မတေးဒါနဲ့ လာဗန်ဒါတို့နှစ်ယောက် တတိယမြောက်နေ့ရဲ့ မနက်ပိုင်း နားချိန်မှာ ကစားကွင်းရဲ့ ထောင့်တစ်ထောင့်မှာ ရပ်နေတုန်း၊ ဟိုတန်ဆီးယာလို့ခေါ်တဲ့ နာခေါင်းပေါ်မှာ အနားစိမ်းတစ်ခုပိုင်ရှင် အချိုးမကျလှတဲ့ ဆယ်နှစ်အရွယ်လောက် တစ်ယောက် ချဉ်းကပ်လာတယ်၊ "ဆန်ကုန်၊မြေလေး အသစ်ကလေးတွေနဲ့တူတယ်" ဟိုတန်ဆီးယာက သူမရဲ့ ဒေါင်ကောင်းကောင်း အရပ်မောင်းကြီးကနေ ငုံ့ကြည့်ရင်း ပြောလိုက်တာပါ၊ သူမက အလွန်ကြီးလွန်းတဲ့ အာလူးကြော် အိပ်ကို ကိုင်ထားပြီး၊ တစ်ချက်တစ်ချက်ကျရင်လည်း လက်နဲ့အပြည့် အဲဒီ ပစ္စည်းတွေကို နှိုက်ထုတ်လိုက်သေးတယ်၊အာလူးကြော်အပိုင်းအစတွေက နှင်းဖွဲ့လေးတွေလို သူမရဲ့ ပါးစပ်ကနေ ဝဲကျလာတယ်၊ ဒီလို ဧရာမကြီးနဲ့ ထိပ်တိုက်တွေ့နေတဲ့ လူသေးသေးလေး နှစ်ယောက်ကတော့ သတိနဲ့ စောင့်ကြည့်နေရင်း ငြိမ်သက်တိတ်ဆိတ်နေတယ်။

"မစ္စထရန့်ဘူလ်ကို တွေ့ပြီးသွားကြပြီလား" ဟိုတန်ဆီးယာက မေးလိုက်တာပါ။

"ဆုတောင်းပွဲတုန်းကတော့ မြင်ဖူးပြီးပြီ၊ ဒါပေမယ့် မတွေ့ဖူးသေးဘူး" လို့ လာဗန်ဒါက ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတန်ဆီးယားက ဆက်ပြီး "နင်တို့ကို ပြုစုဖို့ လာလိမ့်မယ်၊ သူက အရမ်းသေးတဲ့ ကလေးတွေဆို မုန်းတယ်၊ အဲဒါကြောင့် သူက အောက်ဆုံး အတန်းဆိုရင် လုံးဝ မလိုလားဘူး၊ အဲဒီအတန်းက လူတွေရောပဲ၊ ငါးနှစ်အရွယ် တွေဆိုရင် မဖွံ့ဖြိုးသေးတဲ့ ပိုးလောက်လန်းလေးတွေလို သဘောထားတာ" ပြောနေရင်းနဲ့ နောက်ထပ် လက်တစ်ဆုပ်က အာလူးကြော်တွေ ဝင်သွားပြီး သူမ ပါးစပ် ဟ,လိုက်တာနဲ့ နှင်းဖွဲ့တွေ ကျလာပြန်တယ်၊ "နင်တို့ ပထမဆုံး နှစ်ကို ကောင်းကောင်း ကျော်ဖြတ်နိုင်မယ်ဆိုရင် ဒီမှာနေရမယ့် ကျန်တဲ့ အချိန်တွေမှာလည်း အေးအေးဆေးဆေး ဖြစ်သွားပြီ၊ ဒါပေမယ့် အများစု ကတော့ မကျော်ဖြတ်နိုင်ကြဘူး၊ အဲဒီလိုမျိုးတွေကို မကြာခဏ တွေ့နေရတယ်" ဟိုတန်ဆီးယားက သူမစကားကို ခဏရပ်ပြီး၊ သူမရဲ့ ခြိမ်းခြောက်တဲ့ စကား တွေက ဒီလူပေါက်စလေးတွေအပေါ် အကျိုးသက်ရောက်မှုမှ ရှိရဲ့လားဆိုပြီး အကဲခပ်နေသေးတယ် သိပ်မရှိလှဘူး၊ သူတို့ကြည့်ရတာ အတော် သတ္တိကောင်း ပုံရတယ်၊ ဒီတော့ လူကောင်ကြီးက ပိုပြည့်စုံတဲ့ အချက်အလက်တွေနဲ့ သူတို့ကို အားပေးဖို့ ဆုံးဖြတ်လိုက်တယ်။

"မစ္စထရန့်ဘူလ်က အကျဉ်းခန်းလို့ခေါ်တဲ့ အလုံပိတ်ဗီရိုတစ်လုံးကို သူ့ရုပ်ကွက်ထဲမှာ ထားတယ်ဆိုတာ သိကြတယ်မို့လား၊ အကျဉ်းခန်းကို ကြား ဖူးကြလား"

မတေးဒါနဲ့ လာဗန်ဒါက ခေါင်းခါပြီး၊ အဲဒီ ရောမကြီးကို ဆက်ငေး ကြည့်နေတယ်၊ အရမ်းသေးလွန်းနေတဲ့အတွက်ကြောင့် သူတို့ထက် လူကောင် ကြီးတဲ့ ဘယ်သတ္တဝါမျိုးကိုမဆို အထူးသဖြင့် အတန်းကြီးက မိန်းကလေး တွေဆို တော်ရုံတန်ရုံနဲ့ မယုံရဲကြဘူး။

ဟိုတန်ဆီးယားက ဆက်ပြီး "အကျဉ်းခန်းဆိုတာ အရမ်းရှည်ပေမယ့် အရမ်းကျဉ်းတဲ့ ဗီရိုတစ်လုံးပဲ၊ ကြမ်းပြင်က ဆယ်လက်မလောက်ပဲ ကျယ် တာဆိုတော့ အထဲမှာ ထိုင်လို့မရဘူး၊ မတ်တတ် ရပ်ကိုရပ်ရမယ်၊ ပြီးတော့ နံရံသုံးခုက ပုလင်းကွဲစတွေ စိုက်ထားတဲ့ ဘိလပ်မြေနံရံနဲ့ လုပ်ထားတာ၊ အဲ ဒီတော့ မှီလို့လည်းမရဘူး၊ အဲဒီအထဲမှာ ပိတ်ခံရပြီဆိုတာနဲ့ စိတ်ပါ၊ မပါ ပါ တစ်ချိန်လုံး မတ်တတ်ရပ်နေရမှာ၊ အတော်ဆိုးတယ်. . "

"တံခါးကိုရော မှီလို့မရဘူးလား. . "မတေးဒါဆီက အမေးစကား။

www.burmeseclassic.com

www.burmeseclassic.com



"ရှူးမနေနဲ့ တံခါးမှာလည်း အပြင်ဘက်ကနေ ရိုက်ထားတဲ့ သံချောင်းချွန်ချွန်တွေ အများကြီးပဲ၊ မစ္စထရန့်ဘူလ်ကိုယ်တိုင် ရိုက်ထားတာတွေပေါ့"

"အဲဒီအထဲကို ရောက်ဖူးလား. . ." လာဗန်ဒါရဲ့ စပ်စပ်စုစုမေးသံ၊

"ငါ့ရဲ့ ပထမဆုံးအတန်းမှာ ခြောက်ကြိမ်ရောက်ဖူးတယ်၊ နှစ်ကြိမ်မှာတော့ တစ်နေ့ကုန်နေရပြီး၊ ကျန်တဲ့အကြိမ်တွေကျတော့ နှစ်နာရီစီပဲ၊ ဒါပေမယ့် နှစ်နာရီဆိုတာနဲ့တင် အတော်ဖူလုံနေပြီ၊ အထဲမှာ လုံး၀ မှောင်မည်းနေပြီး အဲဒီကို ရောက်သွားရင် သေမတတ် ဆန့်ဆန့်ကြီး ရပ်နေရတာ၊ တကယ်လို့သာ နင် နည်းနည်းလှုပ်လိုက်တာနဲ့ နံရံက ပုလင်းကွဲစတွေ၊ ဒါမှမဟုတ် တံခါးက သံချောင်းတွေ လာစူးပြီပဲ"

မတေးဒါက "ဘာဖြစ်လို့ အဲဒီထဲကို ရောက်သွားရတာလဲ၊ ဘာလုပ်လို့လဲ"



"ပထမအကြိမ်တုန်းကတော့ ဆုတောင်းပွဲမှာထိုင်မယ့် မစ္စထရန့်ဘူလ်ရဲ့ ထိုင်ခုံပေါ် သကြားရည်ရဲ့ တစ်ဝက်လောက် လောင်းထည့်လိုက်လို့၊ တော်

www.burmeseclassic.com



တော်ကြည့်လို့ကောင်းတယ်ဟ၊ သူ ထိုင်ခုံပေါ် ထိုင်ချလိုက်တာနဲ့ တစွပ်စွပ် မြည်သံများ ဆူညံသွားလိုက်တာ၊ လင်းပိုပိုမြစ်ကမ်းပေါ်က ရွှံ့ဗွက်ထဲကို ရေ မြင်းကြီး ခြေထောက်ချလိုက်လို့ မြည်တဲ့အသံနဲ့ တစ်ပုံစံထဲပဲ၊ ဒါပေမယ့် . . နင်တို့က အရမ်းငယ်သေးပြီး၊ ထုံလွန်းနေသေးတော့ "ဇာတ်လမ်းတွဲများ"တ အုပ်ကို ဘယ်ဖတ်ဖူးဦးမှာလဲ"

"ဖတ်ပြီးသွားပါပြီ" မတေးဒါက တုန့်ပြန်တယ်။

"လာညာနေပြန်ပြီ၊ နင်တို့ စာတောင် မမြင်ဖူးသေးဘဲနဲ့၊ ဒါပေမယ့် ထားလိုက်ပါတော့. . .၊ အဲဒီလိုနဲ့ သကြားရည်တွေအပေါ် မစ္စထရန့်ဘူလ် ထိုင်ချလိုက်ရော တစွပ်စွပ်နဲ့ မြည်သံတွေက အတော်ကို နားထောင်လို့ ကောင်း တယ်၊ သူလည်းထ,လိုက်ရော ခုံက သူဝတ်ထားတဲ့ အစိမ်းရောင် မြင်းစီးဘောင်း ဘီမှာ သွားကပ်သလိုဖြစ်နေပြီး၊ တော်တော်လေးကြာတော့မှ သကြားရည် တွေ ပြန်ကွာကျသွားတာ၊ ပြီးတော့ သူ့လက်နှစ်ဘက်ကို ဘောင်းဘီရဲ့ နောက် ကို ကိုင်လိုက်တာ လက်နှစ်ဘက်စလုံး ညစ်ပတ်သွားလိုက်တာ ဘာပြောကောင်း မလဲ၊ သူ့ရဲ့ လိပ်ခေါင်းကွဲအော်သံကြီးကို နင်တို့ ကြားစေချင်လိုက်တာ"

"ဒါပေမယ့် . . ဘယ်သူ လုပ်တယ်ဆိုတာ သူ ဘယ်လိုလုပ် သိသွား တာလဲ"

"အိုလီဘော့ဝစ်စယ်လို့ခေါ်တဲ့ မလောက်လေး မလောက်စားကောင် က ငါ့ကို သစ္စာဖောက်တယ်လေ၊ သူ့ ရှေ့သွားကျိုးထွက်သွားအောင် ငါ ပြုစုပေးလိုက်တယ်"

"အဲဒါနဲ့ မစ္စထရန့်ဘူလ်က အကျဉ်းခန်းထဲမှာ တစ်နေကုန် ထည့် ထားတော့ထာပေါ့. . ဟုတ်လား" မတေးဒါက တံတွေးသည်းရင်း မေးလိုက် တယ်။

"တစ်နေကုန်ပဲ၊ ငါ့ကို တံခါးလာဖွင့်ပေးတော့ ကိုယ့်ကိုကိုယ် ပေါက် သွားပြီလို့တောင် ထင်မိတယ်၊ ကြောင်တောင်တောင်ဖြစ်ပြီး သောင်စဉ်ရေ တွေ လျှောက်ပြောနေမိတယ်လေ"

"နောက်ထပ် ဘာတွေလုပ်လိုက်လို့ အကျဉ်းခန်းထဲ ထည့်သည်ခံ တာလဲ" လာဗန်ဒါမှာလည်း သိချင်စိတ်တွေ များနေပုံပဲ။

"အိုး. . . အကုန်လုံးတော့ ငါ ဘယ်မှတ်မိတော့မလဲ" ဟိုတန်ဆီး ယာကို ကြည့်ရတာ စစ်မြေပြင်ကို မကြာခဏရောက်ဖူးနေလို့ စစ်ပွဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



...အတွက် သာမန်ကိုစွလိုဖြစ်နေတဲ့ ဝါရင့် ရဲမက်တစ်ယောက်လို၊

"အဖြစ်အပျက်တွေက အရမ်း ကြာနေပြီ" အာလူးကြော်တွေကို ... ပါးစပ်ထဲသွတ်သွင်းရင်း. . .

"အော်. . ဟုတ်ပြီ၊ တစ်ခုကိုတော့ မှတ်မိပြီ၊ မစ္စထရန့်ဘူလ်တစ် ...ာက် ခြောက်တန်းကို စာသင်ဖို့ ထွက်သွားတယ်ဆိုတာ ငါသိလိုက်တယ်၊ ...ဒီတော့ အိမ်သာသွားဖို့ ဆရာမဆီမှာ ခွင့်တောင်းပြီး ငါ ထွက်လာခဲ့လိုက် ...ယ်၊ ဒါပေမယ့် အဲဒီကို သွားမယ့်အစား မစ္စထရန့်ဘူလ်ရဲ့ အခန်းထဲကို ...သစ်ဝင်ခဲ့တယ်၊ ပြီးတော့ သူ့ရဲ့ အားကစားဝတ်စုံတွေထားတဲ့ အံဆွဲကို ...မြန် ရှာတာပေါ့"

"ဆက်ပြော. . . နောက် ဘာဖြစ်သွားလဲ" မတေးဒါ ကြည့်ရတာ ...တော်လေး အားတက်သရော ဖြစ်နေပုံပဲ။

"အရမ်း အစွမ်းထက်တဲ့ ဒီ အယားမှုန့်တွေကို တစ်ထုပ် ငါ့းဆယ့်ငါး ...ိနဲ့ ဝယ်ထားတာ ငါ့မှာရှိတယ်၊ အသားယားဆေးလို့လည်း ခေါ်တယ်၊ ...ထုပ်ပေါ်မှာ ပြောထားတာကတော့ သေနေတဲ့ မြွေရဲ့သွားကို အမှုန့်ကြိတ် ...ားတာတဲ့၊ ပြီးတော့ အသားအရေပေါ်မှာရှိတဲ့ အဖုအထစ်တွေကို ကြွလာ ...ရမယ်လို့လည်း အာမခံထားတယ်၊ အဲဒါနဲ့ အဲဒီအမှုန့်တွေကို အံဆွဲထဲမှာ ...ိတဲ့ ဘောင်းဘီတွေထဲ ဖြူးထည့်လိုက်ပြီး၊ သေသေချာချာ ပြန်ခေါက်ထည့် ...ားလိုက်တယ်" အာလူးကြော်တွေကို သူ့မပါးစပ်ထဲ ထပ်ထည့်ဖို့ ဟိုတန် ...းယာ ခဏနားလိုက်တယ်။

"အလုပ်ဖြစ်ရဲ့လား" လာဗန်ဒါဆီက မေးခွန်း။

"အင်း. . နောက်ရက်အတော်လေးကြာတော့ ဆုတောင်းပွဲမှာ သူ့ ...အောက်ပိုင်းကို ကုတ်နေလိုက်တာများ၊ အရှုးကြီးကျနေတာပဲ၊ အား. . ဟာ့ ...ါ တစ်ယောက်ထဲ ကြိတ်စဉ်းစားနေတာပါ၊ အစွမ်းပြပြီးဟော့. . ၊ အားကစား ...င်ဖို့ သူက ဘောင်းဘီလဲလာပြီကိုး၊ မစ္စထရန့်ဘူလ်ရဲ့ ဘောင်းဘီထဲမှာ ...ာတွေဖြစ်နေသလဲဆိုတာ ဒီတစ်ကျောင်းလုံးမှာ သိတဲ့လူ ငါ တစ်ယောက် ...ည်းရှိတယ်ဆိုတာကို သိပြီး၊ အကုန်လုံး ထိုင်ကြည့်နေရတာ တော်တော် ...ရသာရှိတယ်၊ ပြီးတော့ ကိုယ့်ကိုကိုယ်လည်း လုံခြုံတယ်လေ၊ ငါ့ကို မဖမ်း ...ဘူးဆိုတာ သိထားတာကိုး၊ အဲဒီအချိန်မှာ ကုတ်ပွဲကြီးက ပိုပို ဆိုးလာတယ်

www.burmeseclassic.com

www.burmeseclassic.com



သူ မရပ်နိုင်တော့ဘူး၊ စုကျယ်ကောင်ရဲ့ အသိုက် သူ့ဘောင်းဘီထဲ ဝင်နေ
တယ်လို့ ထင်နေတယ်နဲ့ တူတယ်၊ အဲဒီလိုနဲ့ ဆုတောင်းပွဲ အလယ်လောက်လည်း
ရောက်ရော ထ,ခုန်ပြီး ခြေထောက်နဲ့ တင်ပါး တစ်ဖဝါးတည်းကျအောင်
ပြေးလိုက်တာများ. . . . ပြောမနေနဲ့တော့"

မတေးဒါရော လာဗန်ဒါပါ နှစ်ယောက်စလုံး ပီတိဖြစ်နေတဲ့
ဒီအချိန်က သူတို့ရှေ့မှာ ဆရာကောင်း၊ သမားကောင်းတစ်ယောက် ရောက်
နေသလို ဖြစ်နေတာ သေချာတယ်၊ မသမာမှုအနုပညာကို အထွဋ်အထိပ်
ရသမြောက်သွားအောင် မှန်းချယ်ပေးနိုင်သူ၊ ဒါ့အပြင် အကွက်ချထား
အတိုင်း ဘဝပဲစွန့်ရစွန့်ရ၊ သူတစ်ပါးကို ဒုက္ခပေးရမှသာ ပဓာနလို့ သဘော
ထားတဲ့လူလေ၊ ဒီလို လူစွမ်းကောင်းကြီးကို အံ့ဩတကြီးနဲ့ သူတို့ ငေးကြည့်
နေမိတယ်၊ အဲဒီအချိန်မှာပဲ သူမ နှာခေါင်းပေါ်က အနာစိမ်းက ခွဲစရာမဟုတ်
တော့ဘဲ၊ ဖွဲ့သတ္တိရဲ့ အမှတ်တံဆိပ်လို ဖြစ်နေပြီ။

"ဒါပေမယ့် ဒီတစ်ကြိမ်ရော သူက ဘယ်လို မိသွားရတာလဲ" အသံ
ရှူဖို့မေ့နေရင်းကနေ ဝမ်းသာလုံးဆို့သံကြီးနဲ့ လာဗန်ဒါက မေးလိုက်တယ်

"သူ. . မမိပါဘူး၊ ဒါပေမယ့်. . အကျဉ်းခန်းထဲကိုတော့ ငါ ရောက်
သွားတယ်"

"ဘာဖြစ်လို့လဲ" သံပြိုင်မေးလိုက်ကြတယ်။

"မစ္စထရန့်ဘူလ်ဆီမှာ လျှောက်ပြီးမှန်းဆတတ်တဲ့ မကောင်းတဲ့ အကျင့်
တစ်ခု ရှိတယ်၊ တရားခံဘယ်သူလဲဆိုတာ သူ သေသေချာချာမသိရင် ခန့်
မှန်းတော့တာပဲ၊ ဒါပေမယ့်. . ပြဿနာက သူမှန်းပြောလိုက်ရင် မှန်သွားတာ
ချည်းပဲ ဖြစ်နေတယ်၊ သကြားရည်ဇာတ်လမ်းကြောင့် ဒီတစ်ကြိမ်မှာ ငါက
သံသယဖြစ်စရာ အကောင်းဆုံးလူ ဖြစ်သွားတယ်၊ သူ့ဆီမှာ သက်သေပြစရာ
မရှိလို့ ငါ ဘယ်လိုပဲပြောပြော ဘာမှ ထူးခြားမလာဘူး၊ "သမီးဘာလုပ်ရ
လဲ ဆရာမကြီးရဲ့ ဒီကျောင်းမှာ ဆရာမကြီး အားကစားဝတ်စုံတွေ ထားတယ်
ဆိုတာတောင် မသိပါဘူး၊ အသားယားမှုန့်က ဘာလဲဆိုတာတောင် မသိပါ
ဘူး၊ ကြားတောင် မကြားဖူးပါဘူး"ဘာညာဆိုပြီး လျှောက်အော်ရတော့တာ
ပေါ့၊ ဒါပေမယ့် သရုပ်ဆောင်ကောင်းကောင်းနဲ့ လိမ်ညာပြောတာလည်း မ
ဘူး၊ မစ္စထရန့်ဘူလ်က ငါ့ကို နားရွက်တစ်ဘက်ကဆွဲဆွဲ၊ အကျဉ်းခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အခန်းတံခါးကို ပိတ်ထားလိုက်တယ်၊ အဲဒါ ငါ့ရဲ့ ဒုတိယမြောက် စစ်နေ့လုံး နေရတာလေ၊ တကယ့် ညှင်းပမ်းနှိပ်စက်မှုကြီးအတိုင်းပဲ၊ ငါ ပြန် ထွက်လာတော့ တကိုယ်လုံးမှာ အစူးရာ၊ အခြစ်ရာတွေ အပြည့်ပဲ"

"စစ်ပွဲကြီးအတိုင်းပဲနော်. . "မတေးဒါက နားထောင်နေရင်းတနေ ထင်စားလိုက်တာပါ။

"သိတ်မှန်တာပေါ့၊ စစ်ပွဲအတိုင်းပဲ၊ စစ်ပွဲမှာ ဒါဏ်ရာရတဲ့လူ၊ အသက်ပေးရတဲ့လူတွေက ဂုဏ်ပြုထိုက်စရာ ကောင်းတယ်၊ ငါတို့တစ်တွေက စစ်ပွဲမှာ တိုက်ခိုက်နေကြတဲ့သူတွေ၊ ဘာလက်နက်မှ မကိုင်ထားဘဲ ငါတို့ရဲ့ အဖအတွက် မြင့်မြတ်တဲ့ တိုက်ပွဲဝင်တွေပဲ၊ မစ္စထရန့်ဘူလ်ကတော့ အမှောင် င်းသမီး၊ ယုတ်မာတဲ့ မွေဆိုးကြီး၊ မီးလိုပူတဲ့ နဂါးယုတ်ကြီးပေါ့၊ သူ အမိန့် ပေးလိုက်တာနဲ့ လက်နက်တွေကလည်း အဆင်သင့်ပဲ၊ တော်တော်ကြမ်းတမ်းတဲ့ ဝပဲ၊ ငါတို့အားလုံး တစ်ယောက်ကိုတစ်ယောက် အားပေးကူညီကြရမယ်"

"အားကိုးနိုင်ပါတယ်" သူမရဲ့ သုံးပေနဲ့နှစ်လက်မလောက်ပဲရှည်တဲ့ ခရပ်ကလေးကို ရှည်နိုင်သမျှရှည်အောင် ဆန့်ထုတ်လိုက်ပြီး လာဗန်ဒါက ပြောလိုက်တယ်။

"မဖြစ်ဘူး၊ နင်တို့ကို အားကိုးလို့ မဖြစ်သေးဘူး၊ နင်တို့က အခုမှ နှန်ဆိတ်သာသာပဲ ရှိသေးတာ၊ ဒါပေမယ်. . . မသိနိုင်ဘူးလေ၊ တစ်နေ့ကျ င် လျှို့ဝှက်တာဝန်ထမ်းဆောင်ဖို့ နင်တို့ကို လိုအပ်ရင် လိုအပ်လာမှာပါ"

"သူ ဘာတွေ လုပ်သေးလဲဆိုတာ ပြောပြပါဦး" မတေးဒါကပြော တာပါ။

"နင်တို့ကို ဒီကိုရောက်လို့ တစ်ပတ်မပြည့်သေးခင်မှာ သိပ် ခြောက် နဲ့လို့ မဖြစ်သေးဘူး"

"မဖြစ်ပါဘူး၊ လူကောင်သေးပေမယ့် သတ္တိတော့ အပြည့်ရှိပါတယ်" သတ္တိခဲလေး လာဗန်ဒါရဲ့ စကားသံ။

"ဒါဆိုလည်း နားထောင်၊ မနေ့ကလေးတင်ကပဲ ဂျူးလီးယက်စ်ရော င်ကယ်လ်လို့ခေါ်တဲ့ ကောင်လေးတစ်ယောက် သမ္မာကျမ်းစာသင်နေတဲ့ အချိန်မှာ အချိုရည်ခိုးသောက်တာ မိသွားတယ်၊ သူ့ကို မစ္စထရန့်ဘူလ်က တက်မောင်းကနေ ကိုင်မြှောက်ပြီး ပြတင်းပေါက်အပြင်ဘက်ကို ဒွင့်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါတို့အခန်းက အပေါ်ထပ်မှာဆိုတော့ ဂျူလီယက်စ်ရော့ဝင်ကတ
တစ်ယောက် ပန်းကန်ပြားပျံလို ပျံထွက်သွားပြီး၊ ဆလပ်ပင်တွေကြားထဲ
ဘုန်းခနဲဆိုတဲ့ အသံကြီးနဲ့ ကျသွားတယ်၊ ပြီးတော့ မစ္စထရန့်ဘူလ်က ငါ
ဘက်ကိုလှည့်ပြီး အတန်းထဲမှာ စာသင်နေတုန်း မုန့်ခိုးစားတာတွေ
ဘယ်သူမဆို ပြတင်းပေါက်ကနေ တန်းတန်းထွက်သွားရမယ်တဲ့. . "

"အဲဒီကောင်လေး အရိုးကျိုးသွားသေးလား. . " လာဗန်ဒါက သိ
စိတ်နဲ့ မေးလိုက်တယ်။

"နည်းနည်းပါးပါးပါ. . ၊ နင်တို့ နောက်တစ်ခု သိထားဖို့က မစ္စထ
ဘူလ်က အိုလံပစ်ပြိုင်ပွဲတုန်းက သံလုံးပစ်ပွဲမှာ အင်္ဂလန်နိုင်ငံအတွက် ဂု
ထူးဆောင် အားကစားသမားတစ်ယောက် ဆိုတာပဲ၊ အဲဒါကြောင့် သူ
ညာဘက်လက်မောင်းနဲ့ပတ်သက်ပြီး သူက သိပ်ဂုဏ်ယူလေ့ရှိတာ"

"သံလုံးပစ်ပွဲဆိုတာ ဘာလဲ"

"သံလုံးပစ်ပွဲဆိုတာ တကယ်တော့ သတ်မှတ်ထားတဲ့ နီနီကျင်
အလုံးကြီးတစ်လုံးကို သံကြိုးရှည်တစ်ခုရဲ့ ထိပ်မှာတပ်ထားပြီး၊ ပစ်တဲ့သူ
သူ့ခေါင်းမှာ အဲဒါကြီးကို လှည့်လှည့်ပြီး အရှိန်ရလာပြီဆိုတာနဲ့ ပစ်ထည့်လို
တာ၊ အရမ်းကို သန်စွမ်းတဲ့သူတွေပဲ လုပ်နိုင်တာ၊ မစ္စထရန့်ဘူလ်က သူ့လက်
ရောက်လာတဲ့ ဘာမဆို ပစ်နိုင်တယ်"

"အမလေးနော်. . " လာဗန်ဒါဆီက ပထမဆုံး အမေရိုက်စကားသံ

"သူပြောတာ ငါ တစ်ခါကြားဖူးတယ်၊ ကောင်လေး ခပ်ကြီးကြီးတစ်
ယောက်ရဲ့ အလေးချိန်က အိုလံပစ်ပွဲမှာပစ်တဲ့ သံလုံးနဲ့ အတူတူလောက်
တဲ့၊ အဲဒါကြောင့် လေ့ကျင့်ဖို့အတွက် တော်တော်အသုံးဝင်တယ် ဆိုလားပဲ"

အဲဒီအချိန်မှာ ထူးဆန်းတာ တစ်ခုခု ဖြစ်နေပါပြီ၊ ကလေးကစား
ကွင်းထဲမှာ ကစားနေတဲ့ကလေးတွေ ပြဿနာတစ်ခုခုကြောင့် စီစီညံသံတွေ
အော်ဟစ်သံတွေ ဖုံးလွှမ်းသွားပြီး၊ ရုတ်တရက်ဆိုသလိုပဲ သုသာန်တစပြင်
တိတ်ဆိတ်သွားပြန်တယ်၊

"သတိထား. . . " ဟိုတန်ဆီးယားက တိုးတိုးလေး ပြောလိုက်တယ်
မတေးဒါနဲ့ လာဗန်ဒါတို့ နှစ်ယောက်စလုံး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်
လိုက်ပြီး၊ ကောင်လေး ကောင်မလေးတွေကြားထဲကို ကြောက်မက်ဖွယ် ခြေ

www.burmeseclassic.com

www.burmeseclassic.com



ဘုမ်းကျဲကြီးတွေနဲ့ ချိတက်လာတဲ့ မစ္စထရန့်ဘူလ်ရဲ့ ရောမရှပ်သဏ္ဍာန်ကြီးကို တွေ့လိုက်ရတယ်၊ ကလေးတွေအားလုံးကလည်း သူမ ဖြတ်သွားလို့ရအောင် အား ဘယ် ညာကို အလျင်အမြန် ပြေးကပ်ကြတယ်၊ ဒူးခေါင်းအောက်က သူမ ခြေအိပ်ရှည်ကြားထဲကနေ ဖုထွက်နေတဲ့ ခြေသလုံးကြွက်သွားတွေကလည်း ပျော့သီး အပြွတ်လိုက်တွေလို၊ "အမန်ဒါထရစ်ပ်" သူမ စ,အော်ပြီ၊

"အမန်ဒါထရစ်ပ် . . ဒီကိုလာခဲ့စမ်း"

"သတိထားနေ" ဟိုတန်ဆီးယာက တိုးတိုးလေး ထပ်ပြောပြန်တယ်၊

"ဘာတွေဖြစ်တော့မှာလဲ" လာဗန်ဒါက တိုးတိုးလေးပြန်မေးတယ်၊

"အဲဒီ အရူးမ အမန်ဒါပေါ့ . . နွေရာသီကျောင်းပိတ်ရက်မှာ ဆံပင် ရှည်အောင်ထားပြီး၊ သူ့အမေက ကျစ်ဆံမြီး ကျစ်ပေးလိုက်ပြန်ပြီလေ၊ တော်တော် တုံးတဲ့အလုပ်"

"ဘာဖြစ်လို့ တုံးရတာလဲ" မတေးဒါက မေးလိုက်တယ်။

"မစ္စထရန့်ဘူလ် မကြိုက်တဲ့ နောက်တစ်ခုက ကျစ်ဆံမြီးတွေပဲလေ"

မတေးဒါနဲ့ လာဗန်ဒါတို့လည်း ရွှေရောင်ကျစ်ဆံမြီး လှတ,ပတ,လေး တွေကို ပုခုံးပေါ်မှာ အသာချထားတဲ့ ဆယ်နှစ်အရွယ် ကောင်မလေးဆီကို မြင်းစီးဘောင်းဘီ အစိမ်းရောင်ကြီးဝတ်ထားတဲ့ ရောမလူသားကြီး ချီတက် နေတဲ့ပုံရိပ်ကို မျက်တောင်မခပ်ဘဲ ရပ်ကြည့်နေကြတယ်၊ ကျစ်ဆံမြီး နှစ်ဘက် စလုံးရဲ့ အောက်ခြေမှာ အပြာရောင် ဖဲပြားကြိုးလေးတွေ စည်းထားပြီး၊ အတော်လေးကို ကြည့်လို့ကောင်းတယ်၊ ကျစ်ဆံမြီးကျစ်ထားတဲ့ အမန်ဒါထရစ်ပ် လို့ခေါ်တဲ့ ကောင်မလေးကတော့ သူမဆီကို ရောမလူကြီး ချဉ်းကပ်လာတာ ကို မတုန်မလှုပ်ဘဲ ရပ်ကြည့်နေတယ်၊ သူမ မျက်နှာပြင်ပေါ်က အမူအယာ ကတော့ လယ်ကွင်းခပ်သေးသေးတစ်ခုမှာ ဒေါ်ပွနေတဲ့ ကျွဲရိုင်းကြီးတစ်ကောင် သူမဆီ မီးကုန်ယမ်းကုန် ပြေးလာလို့ ကြောက်ရွံ့နေတဲ့ လူတစ်ယောက်ရဲ့ အမူအယာနဲ့ တထေရာတည်း၊ ကောင်မလေးမှာ တုန်ရီ မျက်လုံးပြူး မျက် နှာငယ် ချွေးပြန်နေပြီး၊ သူမအတွက် စီရင်ချက်ချမယ့်နေရာ ရောက်လာပြီ ဆိုတာ သိနေသလိုပဲ။

ဒုက္ခသည်ရှေ့ကို မစ္စထရန့်ဘူလ် ရောက်သွားပြီ၊ သူမရှေ့ကနေ တာဆီးအုပ်ဖို့ ရပ်လိုက်တယ်၊ "အဲဒီ ဝက်မြီးလို ပုံမကျ၊ ပုံမကျတွေကို

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ကျောင်းလာတာနဲ့ ဖြတ်ပြီးသား ဖြစ်နေပစေ၊ ဖြတ်ပစ်ပြီး အမှိုက်ပုံးထဲ လွှင့်ပစ်လိုက် ကြားလား. . ”

ကြောက်စိတ်တွေ မွှန်ထူနေတဲ့ အမန်ဒါတစ်ယောက် မငို့မရဲနဲ့ အသံထွက်အောင် ကြိုးစားနေတယ်။

“သမီး. . မေ. . မေမေက အရမ်း ကြိုက်ပါတယ်၊ သမီးအတွက် မနက်တိုင်း ကျစ်. . ကျစ်. . ကျစ်ပေးတာပါ”

“နင့်အမေက ငတုံးပဲ” မစ္စထရန့်ဘူလ် ထ,တွန်တယ်၊ ပြီးတော့ အစိမ်းစား ကြက်အူချောင်း တစ်ချောင်းစာလောက်ရှိတဲ့ သူမရဲ့ လက်ညှိုးကြီးနဲ့ ကလေးမခေါင်းကို တွန်းလိုက်ပြီး အော်ပြန်တယ်၊ “နင့် ကြည့်ရတာ ခေါင်းကနေ အမြီးထွက်လာတဲ့ ကြွက်စုတ်တစ်ကောင်နဲ့ တူတယ်”

“သမီး. . မေ. . မေမေက သမီးကို ချစ်စရာကောင်းတယ်လို့ ထင်ပါတယ်၊ ဆ. ရာ. မကြီး” ကျောက်ကျောတုံးလို တုန်တုန်ယင်ယင်နဲ့ အမန်ဒါ အရဲစွန့်ပြီး ခွန်းတုံ့ပြန်နေတာပါ။

“နင့်အမေက နင့်ကို ဘာထင်လဲဆိုတာကို နားထောင်ဖို့ ငါ အချိန်မရဘူး” မစ္စထရန့်ဘူလ်က အော်လည်းအော်၊ ရှေ့ကိုလည်း ခြေလှမ်းတစ်လှမ်းလောက် ထပ်တိုးလိုက်ပြီး၊ အမန်ဒါရဲ့ ဝက်မြီးဆိုတာတွေကို သူမရဲ့ ညာလက်သီးနဲ့ ဆုတ်ယူလိုက်တာ ကောင်မလေးခမျာ မြေကြီးနဲ့ အတော်လေးကို လွတ်သွားတယ်၊ ပြီးတော့ သူမ နှာခေါင်းတစ်ဝိုက်မှာ စပြီးရမ်းတော့တယ်၊ အမန်ဒါခမျာ အော်လိုက်တာ အသံတွေ ပြာထွက်မတတ်ပဲ၊ မစ္စထရန့်ဘူလ်ကလည်းအော်တယ်၊ “နင့်ကို ဝက်မြီးရှည်ရှည်ဖြစ်အောင် လုပ်ပေးမယ်၊ ကြွက်စုတ်လေး”

“အိုလံပစ်ပွဲရဲ့ အရိပ်အယောင်တွေလေ” ဟိုတန်ဆီးယားက ငြီးတွားသလိုပြောတယ်၊ “သူ အရှိန်ရလာပြီဆိုတာနဲ့ သံလုံးပစ်သလို ပစ်တော့မယ်၊ တစ်ကနေ တစ်ဆယ်ရေပြီး ပြည့်တာနဲ့ ပစ်တော့မှာ”

အခုဆိုရင် မစ္စထရန့်ဘူလ် လည်နေတဲ့ ကောင်မလေးရဲ့ အလေးချိန်ကို ထိန်းထားရင်းနဲ့ပဲ သူမရဲ့ ခြေထောက်ထိပ်ဖျားပေါ်မှာ ရပ်နေတာများ တကယ့်ကို ထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးအတိုင်းပဲ၊ မကြာခင်မှာပဲ အမန်ဒါ ထရစ်ပ်လည်တာ အရမ်းမြန်လာလွန်းလို့ သူမကိုတောင် ပျပျလေးပဲ မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်၊ အဲ. . ရုတ်တရက်ပါပဲ မစ္စထရန့်ဘူလ်က ဝက်မြီးတွေရော အမန်းဒါကိုပါ ဒုံးပံတစ်လုံး လွှတ်ဖောက်လိုက်သလို ပစ်ထည့်လိုက်တာ ကျောင်းခြံ စည်းရိုးကိုကျော်ပြီး ကောင်းကင်ပေါ်တောင် တက်သွားတယ်၊

"ပစ်ချက် သိပ်ကောင်းတာပဲ"ဆိုပြီး ကစားကွင်း ဟိုဘက်ခြမ်းတနေ ရာစ်ယောက်ယောက်က ကောင်းချီးပေးသလို မြှောက်ပြောနေပြန်ပြီ၊ အဖြစ် အပျက်ကြီးတစ်ခုလုံးရဲ့ ဖမ်းစားခံရသလိုဖြစ်နေတဲ့ မတေးဒါကတော့ ဟိုဘက် တော်တော်ဝေးဝေး နေရာအထိ သက်ဆင်းသွားတဲ့ အမန်းဒါထရစ်ပ်ရဲ့ ခရီး ဆုံးကို ရင်သပ်ရှုမောစွာနဲ့ လိုက်ကြည့်နေတယ်၊ မြက်ခင်းပေါ်မှာ ခရီးတစ် ထောက် နားတာဖြစ်ပြီး၊ သုံးကြိမ်လောက် ခုန်ဆွခုန်ဆွဖြစ်ပြီးတော့မှ တကယ့် ခရီးဆုံးကို ရောက်သွားတာပါ၊ ပြီးတော့ အံ့သြစရာပဲ ဒီကလေးမ ချက်ခြင်း မတ်တတ်ထရပ်တယ်၊ သူမပုံစံက မုန့်ကြိုးလိမ်တစ်ချောင်း မှုးနောက်နောက်နဲ့ သမ်းလျှောက်တဲ့ ပုံစံမျိုးပါ၊ အားကစားကွင်းဆီကို ဒယီးဒယိုင်နဲ့ ပြန်လျှောက် လာတယ်။



မစ္စထရန့်ဘူလ်က အားကစားကွင်းထဲမှာ သူမလက်ကို ဖွန်တွေခါ နေရင်း"သိပ်မဆိုးပါဘူး၊ သေချာမလေ့ကျင့်ဘဲနဲ့ ဒီလောက်အထိ တိုးတက်လာ တယ်ဆိုတော့ သိပ်မဆိုးဘူးခေါ် ရမှာပေါ့"တဲ့၊ ပြီးတော့ လှည့်ထွက်သွားတယ်။

www.burmeseclassic.com



"သူတော့ ရှုးနေပြီ" ဟိုတန်ဆီးယာက ကောက်ချက်ချတယ်။

"မိဘတွေကရော မတိုင်ကြဘူးလား" မတေးဒါက မေးကြည့်တယ်။

"နင့်မိဘတွေဆိုရင်ရော တိုင်မှာလား" ဟိုတန်ဆီးယာက ပြန်မေးပြီး၊ "ငါ့မိဘတွေကတော့ တိုင်မှာမဟုတ်ဘူးဆိုတာ သိနေတယ်၊ သူက မိဘတွေကိုလည်း ကလေးတွေကို ဆက်ဆံသလိုမျိုး ဆက်ဆံတာဆိုတော့ မိဘတွေလည်း သေမှာကြောက်ပြီး ဝေးဝေးရှောင်ကြတာပေါ့၊ နင်တို့ နှစ်ယောက်စလုံးကို နောက်မှပဲ ပြန်တွေ့တော့မယ်၊ သွားပြီဟေ့. . " အဲဒီလိုပြောပြီး စိမ်ပြေနပြေ လျှောက်သွားတော့တယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

"သူ ဘယ်လိုများ လွတ်ကျွတ်နေတာလဲ" လာဗန်ဒါက မတေးဒါကို စကားစ,ပြီး မေးကြည့်နေတယ်၊ "ကလေးတွေက အိမ်ပြန်ပြီး သူတို့ အဖေတွေ၊ အမေတွေကို ပြန်တိုင်မှာပဲ၊ ကျောင်းအုပ်ဆရာမကြီးက ငါ့ကို ဆံပင်ကနေ ဆောင့်ဆွဲပြီး အားကစားကွင်း ဟိုဘက်ကို လွှင့်ပစ်လိုက်တယ်လို့ ပြောပြရင် ငါ့အဖေက တအားကို ဒေါကန်မှာ"

"ဟင့်အင်း. . . သူ ဒေါမကန်လောက်ဘူး၊ ဘာကြောင့်လဲဆိုတာ နင့်ကို ပြောပြမယ်၊ နင့်ကို သူ လုံးဝ မယုံနိုင်လို့ပဲ"

"အို. . . ယုံမှာပါ"

"မယုံနိုင်ဘူး. . ၊ ဘာကြောင့်လဲဆိုတော့ အဖြေက ရှင်းနေတာပဲ၊ နင်ပြောလိုက်တဲ့ ပုံပြင်က ယုံချင်စရာ တစ်စက်မှ မရှိဘူး၊ အဲဒါ မစ္စထရန့်ဘူလ်ရဲ့ လျှို့ဝှက်ချက်ကြီးပဲ"

"ဘာပြောတယ်" လာဗန်ဒါ အံဩသွားတယ်။

"နင် အောင်မြင်ချင်ရင် ဘယ်ကိစ္စကိုမှ တစ်ဝက်တပျက် မလုပ်နဲ့၊ ရိုင်းရိုင်းစိုင်းစိုင်းဖြစ်ပစေ တစ်ခုလုံးကို လက်ဝါးကြီးအုပ်ထား၊ နင် လုပ်လိုက်တဲ့ ကိစ္စတစ်ခုလုံးက ကြောင်တိုကြောင်တောင်နိုင်လွန်းလို့ မယုံနိုင်စရာဖြစ်ပစေ၊ အဲဒါပဲ၊ ဘယ်မိဘကမှ ဒီ ဝက်မြီးဇာတ်လမ်းကို ယုံမှာမဟုတ်ဘူး၊ နှစ်ရှည်သိန်းပြည့်သွားတာတောင် ယုံတဲ့မိဘ တစ်ယောက်တစ်လေတောင် ပေါ်လာမှာ မဟုတ်ဘူး၊ ငါ့ မိဘတွေလည်း ယုံမှာမဟုတ်ဘူး၊ ငါ့ကို အလိမ်အညာလို့တောင်

www.burmeseclassic.com



ခေါ်ကြလိမ့်မယ်. . .”

လာဗန်ဒါက မလျှော့သေးဘဲ “ဒါဆို အမန်ဒါက သူ့ဝက်မြီးကို ဖြတ်ပေးဖို့ သူ့အမေကို မပြောဘူးပေါ့”

“ဟင့်အင်း. . . ပြောမှာ မဟုတ်ဘူး၊ သူ့ဘာသာသူ ဖြတ်ပစ်လိမ့်မယ်၊ မယုံရင် စောင့်ကြည့်နေ”

“သူ ရှူးနေပြီလို့ နင် ထင်လား”

“ဘယ်သူလဲ”

“မစ္စထရန့်ဘူလ်”

“ဟင့်အင်း သူ ရှူးနေပြီလို့ ငါ မထင်ဘူး၊ ဒါပေမယ့် သူက အရမ်းတော့ အန္တရာယ်များတယ်၊ ဒီကျောင်းမှာရှိနေတာ မြွေဟောက်တစ်ကောင်နဲ့ လှောင်အိမ်တစ်ခုထဲမှာ အတူတူနေရသလိုပဲ၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်လို့သာ မှတ်ထားပေတော့”

ကျောင်းအုပ်ဆရာမကြီးက ဘယ်လောက်အန္တရာယ်ကြီးသလဲ ဆိုတာနဲ့ပတ်သက်ပြီး၊ နောက်ထပ် ဥပမာတစ်ခုကို နောက်တစ်နေ့မှာပဲ ရလိုက်တယ်၊ နေ့လည်စာ စားနေကြတုန်းမှာ နေ့လည်စာစားပြီးတာနဲ့ တစ်ကျောင်းလုံး စည်းဝေးခန်းမထဲမှာ နေရာယူရမယ်ဆိုတဲ့ ကြေညာချက်ထွက်လာတယ်။

နှစ်ရာငါးဆယ်စလုံး၊ ဒါမှမဟုတ် ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေအများကြီး စည်းဝေးခန်းမထဲမှာ နေရာယူပြီးတာနဲ့ မစ္စထရန့်ဘူလ်တစ်ယောက် လှေကျောက်လမ်းမှာ ထွက်ပေါ်လာပါပြီ၊ သူမနဲ့အတူ ဘယ် ဆရာ ဆရာမမှ မလိုက်လာကြဘူး၊ သူမရဲ့ ညာဘက်လက်ထဲမှာလည်း မြင်းစီးတုတ် တစ်ချောင်းကို ကိုင်ထားသေးတယ်၊ အဲဒီ မြင်းစီးတုတ်ကြီးကို လက်မှာကိုင်ထားရက်နဲ့ စင်ပေါ်တက်ပြီး သူမကို မော်ကြည့်နေတဲ့ မျက်နှာလေးတွေကို ကြည့်နေတယ်။

“ဘာတွေဖြစ်တော့မှာလဲ” လာဗန်ဒါက တိုးတိုးလေး မေးတယ်။

“ငါလည်း မသိဘူး” မတေးဒါကလည်း တိုးတိုးလေး ပြန်ပြောတယ်။

နောက်ထပ် ဘာတွေဖြစ်လာမလဲဆိုတာ တစ်ကျောင်းလုံးက စောင့်ကြည့်နေကြတယ်။

“ဘရူးစ်ဘော့ခ်” ရုတ်တရက်ကြီးမှာပဲ မစ္စထရန့်ဘူလ် ထ,ဟိန်းတယ်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ဘရှုးစ်ဘော့ခ်"

ထိုင်နေတဲ့ ကလေးတွေကြားထဲကနေ လတ်တလေးတစ်ချောင်း ထောင်တက်လာတယ်။

"ဒီဘက်ကိုလာခဲ့၊ မြန်မြန်လာခဲ့"

ဆယ့်တစ်နှစ်သားကောင်လေးက ချက်ချင်းပဲ မတ်တတ်ထ,ရပ်ပြီး ရှေ့ဘက်ကို ခြေလှမ်းခပ်သွက်သွက် လှမ်းလိုက်တယ်၊ ပြီးတော့ စင်ပေါ်ကို တက်လိုက်တယ်။

"အဲဒီမှာရပ်နေ" ကောင်လေးရပ်ဖို့ နေရာကိုညွှန်ပြပြီး မစ္စထရန့်ဘူလ် အမိန့်ပေးလိုက်တယ်၊ သူ့ကိုကြည့်ရတာ အတော်လေး စိတ်လှုပ်ရှားနေပုံရတယ်၊ ဒီအပေါ် သူ့ကိုခေါ်တာ ဆုချီးမြှင့်ဖို့မဟုတ်ဘူးဆိုတာ သူ ကောင်းကောင်းသိထားတယ်၊ ပြီးတော့လည်း ကျောင်းအုပ်ဆရာမကြီးကို တတ်နိုင်သမျှ သတိရှိတဲ့မျက်လုံးအစုံနဲ့ စောင့်ကြည့်နေပြီး၊ သူ့ရဲ့ ခြေထောက်လေးတွေကို ရှေ့ရင်းရှေ့ရင်းနဲ့ သူမနဲ့ဝေးရာဘက်ကို တိုးတိုးသွားတယ်၊ အခန်းတစ်ခန်းထဲမှာ ဘယ်ရီယာခွေးကိုတွေ့လို့ ထောင့်တစ်ထောင့်ကိုပြေးနေတဲ့ ကြွက်တစ်ကောင်နဲ့တောင် တူနေတယ်၊ ကြောက်စိတ်ဖုံးလွှမ်းနေတဲ့ ပူပန်မှုကြောင့် သူ့ရဲ့ လုံးလုံးဖောင်းဖောင်း မျက်နှာဝိုင်းလေးက မီးခိုးရောင်ဖြစ်နေတယ်၊ သူ့ရဲ့ ခြေအိပ်တွေကလည်း ခြေကျင်းဝတ်တစ်ပိုက်မှာ တွဲကျလို့၊

"ဒီ ငပေါ ငကြောင်" သူမရဲ့ မြင်းစီးတုတ်ကြီးကို ဓားရှည်ကြီးလို ကလေးကိုညွှန်ပြရင်း မစ္စထရန့်ဘူလ် စ,ပြီးပေါက်ကွဲပါပြီ၊ "ဦးနှောက်မရှိတဲ့ အကောင်၊ အသုံးမကျတဲ့ အနာလိုမျိုးပဲ၊ အဆိပ်ပြင်းတဲ့ ပြည်ကောင်လိုမျိုး မြေအောက်ကမ္ဘာက တိရိစ္ဆာန်၊ မာဖီးယားအဖွဲ့ဝင်. . "

"ဘယ်သူလဲ. . ကျွန်တော်လား" အမှန်တကယ်ပဲ ဝေခွဲမရတဲ့ပုံစံနဲ့ ဘရှုးစ်ဘော့ခ်က မေးလိုက်တာပါ။

"သူခိုး၊ လူဆိုး၊ ဓားပြ၊ အလစ်သုတ်သမား. . . "

"နေပါဦး. . ဆရာမကြီး၊ ဘာတွေ လာပြောနေတာလဲ"

"နင် ငြင်းချင်သေးတယ်လား ကောင်စုတ်လေးရဲ့၊ နင် အပြစ်ရှိတဲ့အကြောင်း ဝန်မခံချင်သေးဘူးလား"

"ဆရာမကြီး ဘာတွေပြောနေလဲဆိုတာ ကျွန်တော် မသိဘူး"ကောင်


www.burmeseclassic.com

www.burmeseclassic.com



လေးကြည့်ရတာ အရင်ကထက် ပိုရှုပ်ထွေးသွားပုံရတယ်။

"ငါ ဘာတွေပြောနေလဲဆိုတာ ပြောပြမယ် ကောင်စုတ်လေးရဲ့ မနေ့က မနက်အားလပ်ချိန်မှာ မီးဖိုချောင်ထဲ မြွေတစ်ကောင်လို လှစ်ကနဲ ဝင်ပြီး ငါ့ လဘက်ရည်ပန်းထဲက ငါ့ကိုယ်ပိုင် ချောကလက်ကို နင် အလစ်သုတ်သွားတယ်လေ၊ အဲဒီ လက်ဖက်ရည်ပန်းက ငါ့အတွက် သီးသန့်ဆိုပြီး စားဖိုမှူးကြီးက စီစဉ်ပေးထားတာ၊ အဲဒါ ငါ့ရဲ့မနက်စာ၊ ကိတ်မုန့်ကတော့ ငါ့ရဲ့ ကိုယ်ပိုင်ကိတ်၊ ယောကျ်ားလေးတွေစားဖို့ ကိတ်မဟုတ်ဘူး၊ မကောင်းတဲ့ ပစ္စည်းနဲ့လုပ်ထားတဲ့ဟာကို ငါ စားမယ်လို့ နင် ထင်နေလား၊ အဲဒီ ကိတ်မုန့်က ထောပတ်အစစ်၊ ခရင်မ်အစစ်နဲ့ လုပ်ထားတာ၊ အဲဒါကို အလစ်သုတ်သမား အချောင်သမားက ဝင်ပြီးခိုးတယ်၊ ပြီးတော့ စားပစ်လိုက်တယ်"



"ကျွန်တော်မလုပ်ဘူး" ငြင်းနေရင်းကပဲ ကောင်းလေးမျက်နှာက

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ကနေ အဖြူရောင်ဘက် ပြောင်းသွားပြီ။

"ငါ့ကို မညာနဲ့ ဘရူးစ်ဘော့ခ်၊ စားဖိုမှူးကိုယ်တိုင် မြင်လိုက်တယ် နင် စားနေတာကိုလည်း တွေ့လိုက်သေးတယ်"

သူမ နှုတ်ခမ်းကို တံတွေးဆွတ်ဖို့ မစ္စထရန့်ဘူလ် ခဏနားလိုက်တယ်။

သူမ စကားပြန်ပြောတော့ သူမရဲ့စကားသံက ရုတ်တရက်ပဲ ပိုနူးညံ့ပြီး ပိုပြီး ခင်မင်ဖော်ရွေလာပြီး ကောင်လေးရဲ့ရှေ့ဘက်ကို ကိုယ်ကိုညွတ်ပြီး ခပ်ပြုံးပြုံးလေးနဲ့ ပြောလိုက်တယ်။

"ငါ့ရဲ့ စပယ်ရှယ်ချောကလက်ကိတ်ကို နင် ကြိုက်တယ်မို့လား၊ ဘရူးစ်ဘော့ခ်၊ အဲဒါ အရမ်းချိုပြီး အရသာရှိတယ်လေ. ."

"သိပ်ကောင်းပါတယ်" ကောင်လေး သံယောင်လိုက်မိသွားတယ်၊ သူ့ကိုယ်သူ မထိန်းနိုင်ခင်မှာပဲ ဒီစကားလုံးတွေ ထွက်လာတာပါ။

"မှန်တယ် အဲဒါ အရမ်း စားကောင်းတယ်၊ အဲဒါကြောင့် စားဖိုမှူးကို နင် ဂုဏ်ပြုသင့်တယ်လို့ ထင်တယ်၊ ဒီမှာ ဘရူးစ်ရဲ့ လူကြီးလူကောင်းတစ်ယောက်က ဟင်းလျာကောင်းကောင်း စားပြီးသွားပြီဆိုရင် စားဖိုမှူးကို သူ့ရဲ့ ချီးမြှင့်စကား ပေးလေ့ရှိတယ်၊ အဲဒါကို မသိဘူးမို့လား ဘရူးစ်၊ ဒါပေမယ့် အကျင့်မကောင်းတဲ့ မြေအောက်ရာဇဝတ်သားက အမူအယာကောင်းတွေကို လေ့ကျင့်ပေးမထားတော့ ဘယ်သိပါ့မလဲ"

ကောင်လေးကတော့ တိတ်ဆိတ်နေဆဲ။

"စားဖိုမှူး" ခေါင်းကို တံခါးဝရှိရာဘက်ကို လှည့်ပြီး မစ္စထရန့်ဘူလ် အော်လိုက်တယ်၊ "ဒီကိုလာပါဦး စားဖိုမှူးကြီးရဲ့၊ ဘရူးစ်ဘော့ခ်က ရှင့်ရဲ့ ချောကလက်ကိတ် ကောင်းတဲ့အကြောင်း ချီးကျူးချင်လို့တဲ့"

သူမရဲ့ ဘဝတစ်လျှောက်လုံးကို ဖိုပူပူကြီးထဲမှာ နှစ်မြှုပ်ထားရလို့ ခန္ဓာကိုယ်မှာရှိတဲ့ အဆီအသားတွေ အကုန်လုံး ခမ်းခြောက်နေပုံပေါက်နေတဲ့ အရပ်ရှည်ရှည် မ,သတ္တဝါတစ်ယောက် ညစ်ပတ်ပေရေနေတဲ့ ရှေ့ဖုံးခါးစည်းကြီးကိုပတ်ပြီး တရွေ့ရွေ့နဲ့ လျှောက်လာနေတယ်၊ သူမ ဝင်လာတဲ့ပုံစံက ကျောင်းအုပ်ဆရာမကြီး အရင်ကတည်းက ကြိုတင်စီမံထားတဲ့ပုံစံဆိုတာ အရမ်း သိသာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. ဘရူးစ်ဘော့ခ်ရေ သူ့ ချောကလက်ကိတ်နဲ့ပတ်သက်ပြီး စားဖိုမှူးကြီးကို ပြောပြလိုက်ပါဦး"

"သိပ်ကောင်းပါတယ်"လို့ ကောင်လေးက ရေရွတ်သလို ပြောတယ် ဒီပြဿနာကြီးက ဘာတွေ ဆက်ဖြစ်သွားမလဲဆိုတာ ဒီကောင်လေး အရမ်း သိချင်နေတယ်ဆိုတာ မြင်သာတယ်၊ သူ စဉ်းစားမိသလောက်တော့ ကျောင်း အုပ်ဆရာမကြီးရဲ့ ပေါင်ဘေးနား တွဲလဲချပြီးကိုင်ထားတဲ့ မြင်းစီးတုတ်နဲ့ သူ့ကို ချီးမြှင့်လိမ့်မယ်လို့ ဉပဒေရှိတဲ့အတိုင်း သူ တွက်ဆ,ထားတယ်၊ အဲဒါ ဆိုရင်တော့ နည်းနည်းသက်သာမယ်၊ ဒါပေမယ့်လည်း မစ္စထရန့်ဘူလ်ရဲ့ အစွမ်းကို ဘယ်သူမှ မခန့်နိုင်ဘူး၊ သူမ ဘာဆက်လုပ်မယ်ဆိုတာ ဘယ်သူမှ အတတ်မပြောနိုင်ဘူး။

"အဲဒါပဲ စားဖိုမှူးကြီး၊ ဘရူးစ်ဘော့ခ်က ရှင့်ရဲ့ ကိတ်မုန့်ကို အရမ်း ကြိုက်တယ်တဲ့၊ သူ့ကိုပေးမဲ့ နောက်ထပ်ကိတ်မုန့်တွေ ရှင်မှာ ရှိသေးလား"

" ရှိပါတယ်"လို့ စားဖိုမှူးက ပြောတယ်၊ သူမကိုကြည့်ရတာ ပြော ရမယ့်စာကြောင်းကို အလွတ်ကျက်လာတာနဲ့ တူနေတယ်။

"ဒါဆို သွားယူချည်၊ လှီးဖို့ ဓားတစ်ချောင်းပါ ယူလာခဲ့"

စာဖိုမှူး ပျောက်သွားတယ်၊ ချက်ချင်းဆိုသလိုပဲ တရုတ်ပြည်လုပ် ကြွေပန်းကန်ပြားကြီးပေါ်မှာ ရောမ ချောကလက်ကိတ်မုန့်ဝိုင်းကြီးကို မနိုင် တနိုင်သယ်ရင်း ပြန်ရောက်လာတယ်၊ ကိတ်မုန့်က အချင်း ဆယ့်ရှစ်မလောက် ရှိပြီး၊ အညိုရင့်ရောင် ချောကလက်သကာရည် လောင်းထားတယ်၊ "စားပွဲ ပေါ်မှာ တင်ထားလိုက်" မစ္စထရန့်ဘူလ်က ပြောလိုက်တယ်။

စင်ရဲ့အလယ်မှာ စားပွဲသေးသေးလေး တစ်လုံးနဲ့ ကုလားထိုင်လေး တစ်ခုချထားတယ်၊ စားဖိုမှူးက ကိတ်မုန့်ကြီးကို စားပွဲပေါ် သေသေချာချာ ချထားလိုက်တယ်။

"ထိုင်. . ဘရူးစ်၊ အဲဒီမှာထိုင်ပါ" ကောင်လေးက သတိကြီးစွာနဲ့ စားပွဲ ဘက်ကို ရွေ့ပြီးထိုင်ချလိုက်တယ်၊ အလွန်တရာကြီးမားလှတဲ့ကိတ်မုန့်ကြီး ကိုလည်း ငေးကြည့်နေသေးတယ်။

"ကဲ. . ဘရူးစ်ရေ" မစ္စထရန့်ဘူလ်ရဲ့ အသံက နောက်တစ်ခါပြန်ပြီး နူးညံ့ ချိုသာပြီး မယုံနိုင်လောက်အောင် သိမ်မွေ့လာတယ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းအတွက်ပဲ၊ အကုန်လုံးပေါ့ မနေ့က ကိတ်မုန့်တစ်စိတ်ကို မင်းနှစ်သက်သလိုမျိုးပဲ ဒီကိတ်မုန့်ကြီးတစ်ခုလုံးကို မင်းတစ်ယောက်တည်း စားလို့ ငါ အမိန့်ပေးတယ်"



"အင်း. . ကျေးဇူးတင်ပါတယ်" ကောင်လေးခမျာ တော်တော်လေး ကို ဇဝေဇဝါဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ကျေးဇူးမတင်နဲ့၊ စားဖိုမှူးကို ကျေးဇူးတင်" မစ္စထရန့်ဘူလ်က ပြောလိုက်တာပါ။

"ကျေးဇူးတင်ပါတယ် စားဖိုမှူးကြီး"

စားဖိုမှူးကတော့ အဲဒီနေရာမှာပဲ ဘွတ်ဖိနပ်ကြိုးတစ်စလို၊ မလှုပ် မယှက်၊ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ရေငုံနှုတ်ပိတ်နေတယ်၊ သူ့မကို ကြည့် ရတာ သံပုရာသီး ချဉ်ချဉ်တစ်လုံးကို ငုံထားသလိုပဲ။

"ဒါဆိုလည်း မြန်မြန်လုပ် ခပ်ကြီးကြီး တစ်စိတ်လှီးပြီး မြည်းကြည့် ပါလား"

"ခင်ဗျာ. . . အခု စားရမှာလား" ကောင်လေး တော်တော်တုန်လှုပ် သွားတယ်နဲ့တူတယ်၊ တစ်နေရာရာမှာ ထောင်ချောက်တစ်ခု ရှိနေတယ်ဆို တာ သူ သိပေမယ့်၊ ဘယ်နေရာမှာလဲဆိုတာ မသေချာဘူး ဖြစ်နေတယ် "အိမ်ကို ယူသွားလို့ မရဘူးလား"

"အဲဒါဆိုရင် သိပ်ရိုင်းရာ ကျသွားမှာပေါ့" မစ္စထရန့်ဘူလ်က အံ နေပြီဆိုတဲ့ သဘောမျိုးပါတဲ့ အပြုံးမျိုးပြုံးရင်း ပြန်ပြောတယ်၊ "ဒီစားဖိုမှူး ကြီး ယူလာတဲ့ ကိတ်မုန့်အတွက်ကြောင့် ဘယ်လောက်တောင် ကျေးဇူးတင် တယ်ဆိုတာ ပြရဦးမယ်လေ. ."

ကောင်လေးကတော့ လုံးဝ မလှုပ်ဘူး။

"လာ. . . မြန်မြန်လုပ်၊ တစ်စိတ်လောက်လှီးပြီး မြည်းကြည့်၊ ငါ့ မှာ တစ်နေကုန် အချိန်မပေးနိုင်ဘူး"

ကောင်လေးက ဓားကိုကောက်ကိုင်လိုက်ပြီး၊ လှီးမဲ့အချိန်မှာပဲ ပြန် ရပ်သွားပြန်တယ်၊ ကိတ်မုန့်ကို စိုက်ကြည့်နေပြန်တယ်၊ ပြီးတော့ မစ္စထရန့် ဘူလ်ကို တစ်ချက်ပြန်ကြည့်လိုက်တယ်၊ ပြီးတော့ ရှည်မျော့မျော့ သေးသေး မျှင်မျှင် သံပုရာသီးပါးစပ်ပိုင်ရှင် စားဖိုမှူးကို ကြည့်တယ်၊ ခန်းမထဲမှာရှိတဲ့ ကလေးတွေအားလုံးက နောက်ထပ် ဘာဖြစ်မလဲဆိုတာကို တိတ်ဆိတ်စွာ စောင့်ကြည့်နေကြတယ်၊

တစ်ခုခု ဖြစ်မယ်ဆိုတာကိုတော့ သူတို့ သေသေချာချာ သိနေ တယ်၊ မစ္စထရန့်ဘူလ်က တစ်ယောက်ယောက်ကို အကြင်နာအပြည့်နဲ့ ချောကလက်ကိတ်မုန့်ကြီး တစ်ခုလုံး ပေးမယ့်လူစားမျိုး မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများကတော့ ကိတ်မုန့်ထဲမှာ ငွေရှပ်တောင်းမှုန့်၊ ဒါမှမဟုတ် ကြက်ဆူဆီ၊ ဒါမှမဟုတ် ရွှံစရာကောင်းတဲ့ ပစ္စည်းတွေထည့်ပြီး ဒီကောင်လေး တစ်ချက်တည်းနဲ့ အပြင်းဖျားသွားလိမ့်မယ်လို့ ခန့်မှန်းနေကြတယ်၊ သူ့ကို ဆယ်စက္ကန့်အတွင်း အသက်ပျောက်သွားစေတဲ့ အဆိပ်တောင် ဖြစ်သောက်တယ်ဆိုပြီး ထင်ကြေးပေးနေကြတယ်၊ ဒါမှမဟုတ်ရင် ကိတ်မုန့်ထဲမှာ ဆောင် ချောက်လုံးတစ်လုံး ဆင်ထားပြီး၊ ကိတ်မုန့်ကို လှီးလိုက်တာနဲ့ ဘရှစ်ဘော့ခ်ပါ တစ်ခါတည်း မြောက်တက်သွားရင်သွားမှာ၊ ဒီလိုကိစ္စတွေထဲက တစ်ခုခုကို မစ္စထရန့်ဘူလ် မလုပ်ဝံ့ဘူးလို့ ဘယ်သူမှ မထင်ကြဘူး။

"ကျွန်တော် မစားချင်ဘူး" ကောင်လေးက ပြောတယ်။

"မြည်းကြည့်စမ်း ကောင်စုတ်လေး၊ နင်က စားဖို့မှူးကို စော်ကား နေတာလား"

မဝံ့မရဲဘဲ ကိတ်မုန့်အကြီးကြီးထဲက ခပ်ပါးပါးတစ်စိတ်ကို ကောင် လေး စ,လှီးလိုက်တယ်၊ ပြီးတော့ အဲဒီအစိတ်ကို အပြင်ဘက် အသာလေး ဆွတ်လိုက်တယ်၊ ခါးကို အသာချပြီး အခုနက စေးကပ်ကပ်မုန့်ကို သူ့လက် ချောင်းလေးတွေနဲ့ သေသေချာချာကိုင်ပြီး တဖြည်းဖြည်းချင်း စ,စားတော့ တယ်။

"ကောင်းတယ်မို့လား" မစ္စထရန့်ဘူလ်ရဲ့ အသံပါ။

"သိပ်ကောင်းပါတယ်" ဝါးစားရင်း၊ မျိုချရင်းနဲ့ ကောင်လေးက ပြန်ဖြေတယ်၊ အဲဒီအစိတ်ကို သူ စားပြီးသွားပြီ။

"နောက်တစ်ခု ထပ်စား"

"တော်လောက်ပါပြီ၊ ကျေးဇူးတင်ပါတယ်" ပလုပ်ပလောင်းစားရင်းနဲ့ ကောင်လေးက ပြန်ပြောတယ်။

"နောက်တစ်ခု ထပ်စားလို့ ငါ ပြောနေတယ်နော်" ဒီတစ်ခါတော့ မစ္စထရန့်ဘူလ်ရဲ့ အသံက နည်းနည်းစူးလာတယ်၊ "နောက်တစ်စိတ် ထပ်စား ပြောတဲ့အတိုင်းလုပ်"

"ကျွန်တော် မစားချင်တော့ဘူး" ကောင်လေးက ငြင်းတယ်။

မစ္စထရန့်ဘူလ် ရုတ်တရက် ထ,ပေါက်ကွဲတော့တယ်၊ "စား . . ." ငြင်းစီးတုတ်ကြီးကို ဘယ်ညာလွှဲရင်း အော်တာပါ၊ "ငါ စားခိုင်းရင် နင် စားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ နင် ကိတ်မုန့်ကြိုက်တယ်မို့လား၊ ကိတ်မုန့်တောင် ခိုးလိုက်သေးတယ် အခု ရပြီလေ၊ ဘာလိုသေးလဲ၊ နင် စားဖို့ပဲရှိတော့တယ်၊ နင် ဒီကိတ်မုန့်ကြီး တစ်ခုလုံးကို စားလို့မပြီးမချင်း ဒီစင်ပေါ်က ဆင်းသွားဖို့ မစဉ်းစားနဲ့၊ နင့် ရှေ့မှာ ထိုင်နေတဲ့လူတွေရော နင် မပြီးမချင်း ထိုင်ကြည့်နေလိမ့်မယ်၊ ငါ ပြောတာ ရှင်းရဲ့လား ဘရွေးစ်ဘော့ခ်၊ ငါ ဆိုလိုတာကို သဘောပေါက်တယ် နော်. . . "

ကောင်လေးက မစ္စထရန့်ဘူလ်ကို ကြည့်လိုက်တယ်၊ ပြီးတော့ ရောမကိတ်မုန့်ကြီးကို ပြန်ငုံ့ကြည့်တယ်။

"စား. . ၊ စား. . ၊ စားလေ"ဆိုပြီး မစ္စထရန့်ဘူလ်ကလည်း သံကုန် ညှစ်အော်နေတယ်။

ကောင်လေးက ကိတ်မုန့် နောက်တစ်စိတ်ကို ထပ်လှီးပြီး စ,စား တော့တယ်။

မတေးဒါ အတော်သဘောကျသွားတယ်၊ "သူ ကုန်အောင်စားနိုင် မယ်လို့ ထင်လား" လာဗန်ဒါကို တိုးတိုးလေး မေးကြည့်တယ်၊ "ဟင့်အင်း" လာဗန်ဒါကလည်း တိုးတိုးလေးနဲ့"မဖြစ်နိုင်ဘူး၊ မကုန်ခင်တစ်ဝက်လောက်မှာ သူ့အံထွက်လာလိမ့်မယ်"

ကောင်လေးကတော့ ဆက်စားနေတယ်၊ ဒုတိယ ကိတ်မုန့်စိတ် ကုန်သွားတော့ တွန့်ဆုတ်တွန့်ဆုတ်နဲ့ မစ္စထရန့်ဘူလ်ကို တစ်ချက် လှမ်းကြည့် သေးတယ်၊ "စား. . " ဆိုပြီး အော်ပြန်တယ်၊ "ကိတ်မုန့်ကြိုက်တဲ့ လောဘကြီး သူခိုးလေးကို ကိတ်မုန့်ပေးရမယ်၊ မြန်မြန်စား ကောင်လေး၊ မြန်မြန်စား ဒီနေရာမှာတင် ငါတို့ တစ်နေကုန်မသွားချင်ဘူး၊ ပြီးတော့ နင် အခုလုပ်နေ ပုံစံမျိုး လုပ်ဖို့မစဉ်းစားနဲ့၊ မပြီးသေးခင် နောက်တစ်ခါ ရပ်လို့ကတော့ အကျဉ်း ခန်းထဲ အပိတ်ခံရပြီသာမှတ်၊ ပြီးရင် သော့ကို ရေတွင်းထဲ ငါ ပစ်ချလိုက် မယ်"

ကောင်လေးက တတိယမြောက် ကိတ်မုန့်စိတ်ကို လှီးပြီး စ,စား တယ်၊ ဒီတစ်ခါတော့ ပထမနှစ်ခုစားတာထက် ပိုမြန်ပြီး၊ ပြီးသွားအောင်နဲ့ ချင်းပဲ ဓားကိုကောက်ကိုင်ပြီး၊ နောက်ထပ်တစ်စိတ် ထပ်လှီးတော့တယ် တစ်နည်းနည်းနဲ့ ကြည့်မယ်ဆိုရင်လည်း ကောင်လေးကိုကြည့်ရတာ သူ့

www.burmeseclassic.com

www.burmeseclassic.com



သမ်းကြောင်းပေါ်ကို ရောက်နေတဲ့ပုံပဲ။

သေသေချာချာ အနီးကပ်ကြည့်နေတဲ့ မတေးဒါတ ကောင်လေးဆီမှာ စိတ်မာတတ်ကျတဲ့ လက္ခဏာကို လုံးဝမတွေ့ရဘူး၊ သူ ဒီလိုခရီးဆက်နေတုန်း ယုံကြည်မှုတွေ ပိုပိုပြီး ရှိလာတဲ့ပုံပါ၊ "သူကြည့်ရတာ လက်မလျှော့ခဲ့ပုံပဲ" လာဗန်ဒါကို တိုးတိုးလေး ကပ်ပြောကြည့်ပြန်တယ်။

"မကြာခင် အန်ချတော့မှာပါ" လာဗန်ဒါကလည်း ထုံးစံအတိုင်း တိုးတိုးလေး၊ "ဆိုးဆိုးရွားရွား ဖြစ်တော့မယ်"

ကိတ်မုန့်ကြီးရဲ့ တစ်ဝက်ကို စားပြီးတဲ့နောက် ဘရူးစ်ဘော့ခ် စတ္တန့် အနည်းငယ်လောက်နားပြီး၊ အသက်ခပ်ပြင်းပြင်း ရှုလိုက်သေးတယ်၊

ခါးထောက်ထားတဲ့ မစ္စထရန့်ဘူလ်က သူ့ကိုကြည့်ပြီး "မြန်မြန်လုပ်၊ အတုန်စားပစ်စမ်း"

ခန်းမကြီးတစ်ခုလုံးကို မိုးကြိုးပစ်ချလိုက်သလို ကောင်လေးက ခပ်ကျယ်ကျယ် လေချဉ်တက်လိုက်တော့ ပရိတ်သတ်တော်တော်များများ ခိုးခိုး ခစ်ခစ် ရယ်တော့တယ်၊

"တိတ်တိတ်နေကြစမ်း" မစ္စထရန့်ဘူလ်က ငေါက်လိုက်တယ်၊

ကောင်လေးက နောက်ထပ် ခပ်ထူထူလေး တစ်ချပ်လှီးပြီး မြန်မြန် စားပစ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဆီမှာ ခြေကုန်လက်ပမ်းကျတဲ့ပုံစံရော၊ လက်လျှော့မဲ့ ပုံစံရော အရိပ်အယောင်တောင် မတွေ့ရသေးဘူး၊ ရပ်လိုက်ပြီး "မစားနိုင် တော့ဘူး၊ ကျွန်တော် မစားနိုင်တော့ဘူး"လို့ အော်ဖို့ဝေးစွ၊ အခုထက်ထိ ပြေးလမ်းပေါ်မှာ အပြုံးပန်းတွေ တဝေဝေနဲ့။

ထိုင်ကြည့်နေကြတဲ့ နှစ်ရာ့ငါးဆယ်သော ကလေးငယ်တွေထဲမှာ မသိမသာ ပြောင်းလဲမှုလေး ဖြစ်သွားတယ်၊ အစောပိုင်းကတော့ သဘာဝ ကပ်ဆိုးကြီးတစ်ခု ကျရောက်တော့မယ်လို့ သူတို့ ခံစားနေမိပုံ၊ အသက်ရှူ မှားမတတ် ဖြစ်နေတဲ့ ကောင်လေးရဲ့ ပါးစပ်ထဲ ကိတ်မုန့်တွေ ထပ်ထပ်ထည့် အောင် တွန်းအားပေးနေတဲ့ အနိုင်စီးရပြီးသား မစ္စထရန့်ဘူလ်ဆီမှာ အညွှန်း အရှုံးပေးပြီး ခွင့်လွှတ်ဖို့တောင်းပန်မယ့် ပါးစပ်ထဲ ချောကလက်ကိတ်တွေ သွတ်သပ်ထားတဲ့ ခပ်ဆိုးဆိုးကောင်လေးတစ်ယောက်ရဲ့ မြင်ကွင်းကို သူတို့ ပြင်ဆင်ပြီးသားပါ။

အဲဒီလိုဖြစ်မယ့်ပုံ တစ်စက်မှ မရှိဘူး၊ လေးပုံ သုံးပုံခရီးကို သူရောက် နေပြီ၊ ဆက်ပြီးတောင် ခံနိုင်သေးတဲ့ပုံ၊ သူကိုယ်သူ အခုမှစပြီး ကြေနပ်နေတယ် လို့တောင် ထင်ရလောက်တယ်၊ နောက်ထပ် ဆက်တက်ရမဲ့ တောင်တစ်ထွာ သူ့မှာ ကျန်နေသေးပြီး၊ တောင်ထိပ်ကိုပဲ ရောက်သွားမလား၊ ဒါမှမဟုတ် အောင်မြင်စွာနဲ့ အသေခံမလား ဆိုတာကိုပဲ စောင့်ကြည့်ရတော့မယ်၊ ဒီထက် ပိုတာက သူ့ရဲ့ပရိတ်သတ်က သူ့ကို မသိမသာအားပေးမှုကိုလည်း သတိထား မိလာတယ်၊ ဒီကိစ္စကြီးက သူနဲ့ ဆိုးသွမ်းတဲ့ မစ္စထရန့်ဘူလ်တို့ကြားထဲက တိုက်ပွဲစစ်စစ် တစ်ပွဲပဲ။

ရုတ်တရက် တစ်ယောက်ယောက်က ထ,အော်လိုက်တယ်"တော့ ထား ဘရုစ်၊ မင်း ကုန်အောင်စားနိုင်ပါတယ်"တဲ့။

မစ္စထရန့်ဘူလ်ရဲ့ခေါင်း ချာကနဲလှည့်သွားပြီး "တိတ်တိတ်နေ စမ်း"လို့ အော်တယ်၊ ပရိတ်သတ်ကလည်း စိတ်ဝင်တစားနဲ့ စောင့်ကြည့် ကြတယ်၊ ပြိုင်ပွဲရဲ့ ဖမ်းစားမှုကို သူတို့ ကောင်းကောင်းကြီး ခံလိုက်ရ ဘရုစ်ဘော့ခ်ကို သူတို့ အားပေးချင်ကြပေမယ့် မလုပ်ရဲကြဘူး။

"သူ နိုင်တော့မယ် ထင်တယ်"လို့ မတေးဒါက ပြောတယ်၊

"ငါလည်း အဲဒီလိုပဲ ထင်တယ်၊ ဒီအရွယ်အစားလောက်ကြီး ကိတ်မုန့်ကြီးတစ်ခုလုံး တစ်ထိုင်တည်း စားပစ်နိုင်တယ်ဆိုတာ ငါ ယုံတော့

www.burmeseclassic.com



မယုံရဲဘူး"လို့ လာဗန်ဒါက ခပ်တိုးတိုးလေး ပြန်ပြောတယ်။

မတေးဒါက "မစ္စထရန့်ဘူလ်ကိုယ်တိုင်ကလည်း မယုံနိုင်ဘူးဖြစ်နေတယ်၊ သူ့ကိုကြည့် တစ်ကိုယ်လုံး နီရဲလာပြီ၊ ဘရွးစ်ဘောခ်နိုင်သွားရင် သူ သတ်လိမ့်မယ်"

ကောင်းလေးက တဖြည်းဖြည်းနဲ့ အရှိန်လျှော့သွားပြီဆိုတာ သံသယဖြစ်စရာ မရှိတော့ဘူး၊ ပန်းတိုင်ကို လှမ်းမြင်နေရတဲ့ တာဝေးအပြေးသမားလို ဇွဲနပဲကြီးစွာနဲ့ ကျန်တဲ့ကိတ်မုန့်တွေကို သူ့ပါးစပ်ထဲ ဆက်ထည့်နေပြီး သူ ဆက်ပြေးရမယ်ဆိုတာ သိတယ်၊ ပါးစပ်အပြည့်ထည့်ထားတဲ့ နောက်ဆုံးကိတ်မုန့်လည်းကုန်ရော ပရိတ်သတ်ကြီးဆီကနေ ကောင်းချီးပေးသံတွေ၊ ကုလားထိုင်ပေါ်မှာ ထ,ခုန်သံတွေ၊ အော်ဟစ်သံတွေ၊ လက်ခုတ်တီးသံတွေ ခန်းမအပြည့် ဆူညံသွားတော့တာပဲ၊ "တော်တယ် ဘရွးစ်၊ သိပ်ကောင်းတယ်၊ မင်း ရွှေတံဆိပ်ဆုရတယ် ဘရွးစ်"တဲ့။

မစ္စထရန့်ဘူလ်ကတော့ ခံစားချက်မဲ့စွာနဲ့ စင်ပေါ်မှာ အတောင့်လိုက်ကြီး မတ်တတ်ရပ်နေတယ်၊ သူမရဲ့ မြင်းမျက်နှာကြီးလည်း မီးတောင်ထဲက လတ်လတ်ဆတ်ဆတ်ထွက်လာတဲ့ ချော်ရည်ပူရောင် ပြောင်းသွားပြီ၊ သူမ မျက်လုံးထဲမှာလည်း အမျက်ဒေါသစိတ်တွေ ဖိတ်ဖိတ်တောက်နေတယ်၊ တစ်ကိုယ်လုံး ပြည့်ဖောင်း၊ အားအင်ကုန်ခမ်းပြီး၊ စကားမပြောနိုင် မလှုပ်နိုင်ဖြစ်နေတဲ့ အစားပုတ် ပိုးတိုးလုံးလို သူ့ကုလားထိုင်ခုံပေါ်မှာ ကျကျနနထိုင်နေတဲ့ ဘရွးစ်ဘောခ်ကိုလည်း ကြည့်နေတယ်၊ ကောင်လေးရဲ့ နဖူးပေါ်မှာ ကိတ်မုန့်စလေးတွေ ကပ်နေပေမယ့် သူ့မျက်နှာပေါ်မှာတော့ အောင်မြင်တဲ့ အပြုံးတစ်ခု ရှိနေတာ အမှန်ပါ။

မစ္စထရန့်ဘူလ် ရုတ်တရက် ထ,ရပ်လိုက်ပြီး၊ အရင်တုန်းက ရောမကိတ်မုန့်ကြီးရှိခဲ့တဲ့ တရုတ်ပန်းကန်ပြားအလွတ်ကို ကောက်ဆွဲလိုက်တယ်၊ အဲဒါကို လေထဲမှာမြှောက်တင်လိုက်ပြီး တော်တော်အလိုက်ကန်းဆိုးမသိတဲ့ ဘရွးစ်ဘောခ်ရဲ့ ထိပ်တည့်တည့်ကို ရိုက်ထည့်လိုက်တာများ ပန်းကန်စတွေ ခင်ပေါ်မှာ ပြန့်ကျဲသွားတော့တယ်။

အဲဒီကောင်လေးက အခုဆို ကိတ်မုန့်ကြီးတစ်ခုလုံးကို အွတ်သွင်းထားတာဆိုတော့ သူ့ခန္ဓာကိုယ်က ဘိလပ်မြေနဲ့ဖွဲ့စည်းထားသလို ဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



အရိုးရှည်ရှည်တွေနဲ့ ထုခွဲရင်တောင် ဘာမှဖြစ်မဲ့ပုံမပေါ်ဘူး၊ သူ့ခေါင်းကို ဘယ်ညာလှည့်ပြီး ပြုံးနေလိုက်သေး၊

"သွားသေလိုက်"ဆိုပြီး မစ္စထရန့်ဘူလ် အသံနက်ကြီးနဲ့ အော်ပြီး စင်ပေါ်ကနေ ဆင်းချသွားတော့ စားဖိုမှူးကြီးကလည်း နောက်ကနေ ခပ်ကုတ်ကုတ်လေး လိုက်သွားတာပေါ့။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

မတေးဒါ ပထမဦးဆုံးအတန်းရဲ့ ပထမပတ် အလည်လောက်မှာ မစ္စဟန်နီက အတန်းကိုပြောတယ် "မင်းတို့ အားလုံးကို ဆရာမ အရေးတကြီး ပြောစရာ တစ်ခုရှိတယ်၊ အဲဒီတော့ သေသေချာချာ နားထောင်ကြပါ၊ မတေးဒါ အဲဒီ စာအုပ်ကို ခဏချထားပြီး၊ ဆရာမပြောတာကို နားထောင်"

လိုလိုလားလားရှိတဲ့ မျက်နှာသေးလေးတွေ မော့ကြည့်ပြီး နားထောင်နေကြတယ်။

"ကျောင်းအုပ်ဆရာမကြီးဆီမှာ ထုံးစံတစ်ခုရှိတယ်၊ အဲဒါကတော့ အပတ်စဉ်တိုင်း အခန်းတစ်ခန်းဆီက အချိန်တစ်ချိန်ယူပြီး သင်လေ့ရှိတယ်၊ ဆရာမတို့အတန်းအတွက် အချိန်က ကြာသပတေးနေ့ နေ့လည်နှစ်နာရီတိတိ နေ့လည် မုန့်စားဆင်းချိန်ပြီးရင်ပေါ့၊ ဒါကြောင့် မနက်ဖြန် နေ့လည်နှစ်နာရီ ဆိုရင် မစ္စထရန့်ဘူလ် တစ်ချိန်ဝင်သင်လိမ့်မယ်၊ ဆရာမလည်း ဒီမှာရှိနေမှာ ပါ ဒါပေမယ့် ရေငုံနှုတ်ပိတ် အသိသက်သေအဖြစ်နဲ့ပါပဲ၊ ဆရာမ ပြောတာ နားလည်တယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမ" သံပြိုင်ဟစ်ကြတယ်။

"အားလုံးကို သတိပေးရဦးမယ်"လို့ မစ္စဟန်နီက ဆက်ပြောတယ်၊ "ကျောင်းအုပ်ဆရာမကြီးက အားလုံးနဲ့ပတ်သက်ပြီး စည်းကမ်းကြီးတယ်၊ အဲဒီ တော့ မနက်ဖြန်ကျရင် မင်းတို့ရဲ့ အဝတ်အစားတွေ၊ လက်တွေ၊ မျက်နှာတွေ သန့်ရှင်းနေပစေ၊ ကိုယ့်ကို စကားပြောမှသာ ပြန်ပြောပါ၊ တစ်ခုခုမေးပြီဆို

www.burmeseclassic.com



တာနဲ့ ချက်ချင်း မတ်တတ်ရပ်ပြီးဖြေပါ၊ သူနဲ့ ဘယ်တော့မှ မငြင်းခုံနဲ့၊ မေးခွန်း ပြန်မထုတ်နဲ့၊ ဟာသ မလုပ်နဲ့၊ အဲဒါတွေ လုပ်လို့ကတော့ သူဒေါသထွက်အောင် လုပ်မိတာနဲ့ အတူတူပဲ၊ ကျောင်းအုပ်ဆရာမကြီး ဒေါသထွက်လာပြီဆိုတာနဲ့ မင်းတို့လည်း သတိထားပေတော့ပဲ"

"သိပ်မှန်တာပေါ့" လာဗန်ဒါက ရေရွတ်သလိုနဲ့ မစ္စဟန်နီကို ထောက်ခံလိုက်သေးတယ်။

"ဒီအပတ်မှာ မင်းတို့အတွက် သတ်မှတ်ထားတဲ့သင်ခန်းစာ ပြီး၊ မပြီး ကိုပဲ စစ်လိမ့်မယ်လို့ ဆရာမ ထင်တယ်၊ နှစ်အလီဇယားကိုပေါ့၊ ဒီနေ့ည အိမ်ပြန်ရောက်သွားတာနဲ့ အဲဒီဇယားကို သေချာ ပြန်ကျက်ခဲ့စေချင်တယ် အလွတ်ရသွားရင် မင်းတို့ အဖေ၊ ဒါမှမဟုတ် အမေ့ကိုခေါ်ပြီး နားထောင်ခိုင်းပေါ့"

"နောက်ထပ် ဘာစစ်ဦးမလဲ. . " တစ်ယောက်ယောက်က လှမ်းမေးလိုက်တာပါ။

"စာလုံးပေါင်း. . ၊ အဲဒီတော့ ဒီ နောက်ပိုင်းရက်တွေမှာ သင်ခဲ့တဲ့ စာလုံးပေါင်းတွေကို သေချာပြန်ကျက်ခဲ့ကြပါ၊ အော်. . နောက်တစ်ခု ပြောစရာ ကျန်သေးတယ်၊ ကျောင်းအုပ်ဆရာမကြီး ဝင်လာတာနဲ့ ရေကရားတစ်ခုနဲ့ ဖန်ခွက်တစ်ခွက် စားပွဲပေါ်မှာ အမြဲတမ်း ရှိနေရမယ်၊ အဲဒါတွေမရှိဘဲနဲ့ သူ ဘယ်တော့ စာသင်လေ့မရှိဘူး၊ ကဲ. . အဲဒီအတွက် ဘယ်သူ တာဝန်ယူမေး နိုင်မလဲ"

"သမီးလုပ်မယ်" လာဗန်ဒါက ချက်ချင်း အဖြေပေးတယ်။

"ကောင်းပြီ လာဗန်ဒါ၊ ဒါဆိုရင် အဲဒါ သမီးတာဝန် ဖြစ်သွားပြီ အတန်းမစ,ခင် မီးဖိုချောင်ထဲသွား၊ ရေကရားတစ်ခုယူ ရေဖြည့်ပြီး ဒီစားပွဲ ပေါ်မှာ တင်ထားလိုက်၊ သန့်သန့်ရှင်းရှင်း ဖန်ခွက်တစ်လုံးပါ ယူလာခဲ့ဖို့ မမေ့နဲ့ဦးနော်. . . . "

"မီးဖိုချောင်ထဲမှာ ရေကရား မရှိရင်ရော"လို့ လာဗန်ဒါကမေးတယ်

"တစ်ဒါဇင်လောက်ရှိတဲ့ ရေကရားနဲ့ ဖန်ခွက်တွေ မီးဖိုချောင်ထဲမှာ အမြဲတမ်းရှိတယ်၊ ဒီ တစ်ကျောင်းလုံးမှာ အဲဒါတွေပဲ သုံးနေကြတာ"

"သမီး သတိမမေ့စေရပါဘူး၊ ကတိပေးပါတယ်" လာဗန်ဒါက ခေါ်

www.burmeseclassic.com

www.burmeseclassic.com



တငြိမ့်ငြိမ့်နဲ့ ပြောတယ်။

လာဗန်ဒါရဲ့ အစီအစဉ်ဆွဲနေတဲ့ ခေါင်းထဲမှာတော့ သူမအတွက် သမ်းဖွင့်ပေးလိုက်တဲ့ ဒီ ရေကရားအလုပ်အတွက် ဖြစ်နိုင်ချေတွေကို မြန်ဆန်ကျုတ် တွေးတောနေတော့တယ်၊ အမှန်တကယ် သူရဲကောင်းဆန်တဲ့ အလုပ်တစ်ခုကို သူမ တောင့်တနေတာ ကြာပြီ၊ ကျောင်းအုပ်ဆရာမကြီး စိတ်မွန်းကြပ်သွား စေတဲ့ စွမ်းဆောင်ချက်တွေကို ပီပီပြင်ပြင်ဆောင်ရွက်ခဲ့တဲ့ ဟိုတန်ဆီးယာကို သူမ အတော်လေးစားတယ်၊ ဒို့အပြင် ကြက်တူရွေးကို အိမ်သယ်ပြီး ပညာ ပြတဲ့ မတေးဒါနဲ့ သူမရဲ့ အကြံအစည်ကြောင့် မတေးဒါရဲ့ဖခင် ဆံပင်အရောင် ပြောင်းသွားတာတွေအတွက်လည်း မတေးဒါကို သူမ လေးစားတယ်၊ ဒီတစ်ခါ တော့ တကယ်ကောင်းတဲ့ ဇာတ်လမ်းဇာတ်ကွက်တွေကိုသာ တီထွင်နိုင်ခဲ့မယ် ဆိုရင် သူရဲကောင်းဖြစ်ဖို့ သူမအလှည့် ရောက်ပြီပဲ။

အဲဒီနေ့က ကျောင်းကနေ အိမ်အပြန် လမ်းတစ်လျှောက်လုံးမှာ ဖြစ်နိုင်ချေ တော်တော်များများကို သူမ အချိန်ယူ စဉ်းစားနေတယ်၊ နောက် ဆုံးမှာ တန်ဖိုးကြီးအကြံကောင်းလေးတစ်ချက်ကို ရလိုက်တော့၊ အဲဒီ အကြံ အစည်ကို ချဲ့ထွင်၊ သေချာအကွက်ချပြီး လုပ်နေလိုက်ပုံများ ဝါတာလူးစစ်ပွဲ ကြီးကို ဝင်မတိုက်ခင်က ဝဲလ်လင်တန်မြို့စားကြီးရဲ့ လှုပ်ရှားမှုတွေနဲ့ တစ် ထပ်တည်း ကျနေလား အောက်မေ့ရတယ်၊ ဒီအခြေအနေမှာတော့ ရန်သူက ဒိုလီယံမဟုတ်ဘူးဆိုတာ ဝန်ခံရလိမ့်မယ်၊ ဒါပေမယ့် ဒီ ခရမ်ချန်ကျောင်းမှာ ကျောင်းအုပ်ဆရာမကြီးက နာမည်ကြီး ပြင်သစ်လူမျိုးလောက် ကြောက်စရာ ကောင်းပါဘူးလို့ ပြောရဲတဲ့လူ တစ်ယောက်မှမရှိမှာကိုတော့ ခင်ဗျား အသေ အချာ သိနေမှာပါ၊ ကောင်းကောင်း ကျွမ်းကျင်ဖို့အတွက်လည်း လေ့ကျင့်ရ ယ်လို့ လာဗန်ဒါက သူမကိုသူမ ပြောနေတယ်၊ ဒီ စွန့်စားခန်းကြီးကို ပီပြင် ချောင်ရင် လျှို့ဝှက်လုံခြုံမှုလည်း ရှိရမယ်ဆိုတာ သူမ သိထားတယ်။

လာဗန်ဒါတို့ အိမ်ဥယျာဉ်ရဲ့ အစပ်လောက်မှာ ရွံ့ဗွက်အိုင်လေး တစ်ခုရှိပြီး၊ အဲဒါကို ရေပုတ်သင်ငယ်လေးတွေက ကျူးကျော်သိမ်းပိုက်ထား ပြီး အိမ်လုပ်နေကြတယ်၊ ရေပုတ်သင်ငယ်ဆိုတာ အင်္ဂလိပ်ရွံ့ဗွက်အိုင် ထဲမှာတော့ သာမန်သတ္တဝါလောက် ဖြစ်နေပေမယ့် သူ့ကို လူတွေမြင်နိုင်ဖို့ ခဲ့တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီသတ္တဝါမျိုးက ရှက်တတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မှန်ဝါးဝါးဖြစ်နေတတ်လို့ပါ၊ တကယ့်ကို ရွံစရာကောင်းတဲ့ သတ္တဝါမျိုးဖြစ်
ခေါင်းတိုတိုလေးနဲ့ မိချောင်းပေါက်စနလေးတွေနဲ့တောင် ခပ်ဆင်ဆင်တူ
တယ်၊ အန္တရာယ်မပေးနိုင်ပေမယ့် အဆိပ်ရှိမဲ့အကောင်ပုံစံမျိုး၊ ဝမ်းဗိုက်
လိမ္မော်ရောင်ရှိပြီး အပေါ်ပိုင်းက အစိမ်းရောင်နဲ့ အညိုရောင်ဆက်ထား
အသားအရေမျိုး၊ ခြောက်လက်မလောက်ရှည်ပြီး ပိန်ပိန်ပါးပါး အကောင်
ရေပေါ်မှာရော ရေထဲမှာပါ နေနိုင်တဲ့ ကုန်း၊ရေသတ္တဝါပါ။

အဲဒီညနေက ဥယျာဉ်အစပ်နားကို သွားပြီး၊ ရေပုတ်သင်ငယ်
ကောင်လောက် ဖမ်းဖို့ လာဇန်ဒါ ဆုံးဖြတ်ထားတယ်၊ သူတို့က ခပ်မြန်
ရွေ့လျားတတ်တဲ့ အကောင်တွေဆိုတော့ မိမိရရဖမ်းမိဖို့ မလွယ်လှဘူး၊ အ
စားကြီး တစ်ကောင်လောက်ကို ဖမ်းမိဖို့ ရွေးချယ်ပြီးတဲ့အချိန်ထိ ဗွက်
ဘေးမှာ စိတ်ရှည်ရှည်နဲ့ အကြာကြီးထိုင်စောင့်နေလိုက်တယ်၊ ပြီးတော့ သူ
ကျောင်းဦးထုပ်ကို ပိုက်ကွန်လိုသုံးပြီး တစ်ခါတည်း ထိုးခပ်ပြီး ဖမ်းလိုက်တ
သူမရဲ့ ကွန်ပါဘူးထဲမှာ ရေအိုင်ထဲက မှော်ပင်လေးတွေကို အဆင်သင့် ထ
ထားတယ်၊ ဒါပေမယ့် ရေပုတ်သင်ငယ်ကို ဦးထုပ်ထဲကထုတ်ပြီး ကွန်ပါ
ထဲကိုထည့်ဖို့ မလွယ်မှန်း သူမ သိလာတယ်၊ အဲဒီအကောင်က တွန့်လိမ်
လူးလွန့်နေလိုက်တာ ပြဒါးကျနေတာပဲ၊ အဲဒါအပြင် ကွန်ပါဘူးကလည်း
ပုတ်သင်ငယ်ထည့်ဖို့ပဲ ဆန့်တယ်၊ ကွန်ပါဘူးထဲလဲ သေသေချာချာ ထည့်
သွားရော ကွန်ပါဘူးဖုံးပိတ်လိုက်တဲ့အခါ အမြီးမပြတ်သွားအောင် အ
သတိထားရတယ်၊ သူမတို့အိမ်နားက ရှုပ်ပါ့ထ်အန်းဝစ်စယ်ဆိုတဲ့ ကောင်လေး
ပြောဖူးတယ် ရေပုတ်သင်ငယ်ရဲ့ အမြီးပြတ်သွားပြီး အဲဒီအမြီးက အသ
ရှင်နေသေးတယ်ဆိုရင် အဲဒီအကောင်ထက် ဆယ်ဆကြီးတဲ့ နောက်
ရေပုတ်သင်ငယ်တစ်ကောင် ဖြစ်လာနိုင်တယ်တဲ့၊ မိချောင်းခေါင်းတို အ
လောက် ရှိမှာပေါ့၊ သူပြောတာကို လာဇန်ဒါ သိပ်မယုံဘူး၊ ဒါပေမယ့် အဲဒီ
ဖြစ်လာဖို့ စိမ်ခေါ်ရဲလောက်တဲ့အထိတော့ သူမ မပြင်ဆင်ထားရသေး

နောက်ဆုံးတော့ ကွန်ပါဘူးအဖုံးကို အိမ်ရောက်မှပဲ အသာ
ပိတ်လိုက်တယ်၊ ရေပုတ်သင်ငယ်က သူမ ကိုယ်ပိုင်ဖြစ်သွားပြီ၊ ပြီးတော့ နော
တစ်ခါ စဉ်းစားမိလိုက်တဲ့အချိန်မှာ ကွန်ပါဘူးအဖုံးကို အသာလေး ပြန်ဟ
ထားလိုက်တယ်၊ အဲဒါဆိုတော့ ဒီသတ္တဝါ အသက်ရှူလို့ ရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ကျတော့ လျှို့ဝှက်လက်နက်ကို သူမရဲ့လွယ်အိတ်ထဲ ထည့်ပြီး ကျောင်းကိုသယ်လာခဲ့လိုက်တယ်၊ စိတ်လှုပ်ရှားလွန်းလို့ ရွစိရွစိ ဖြစ်နေသလားတောင် အောက်မေ့ရတယ်၊ တိုက်ပွဲအတွက် သူမရဲ့ ဗျူဟာတွေကို မတေးဒါကို ပြောပြချင်နေတာပါ၊ ဒီထက်ဆိုးတဲ့နည်းနဲ့ နှိပ်စက်မယ်ဆိုရင်တောင် ဘယ်သူ့ကိုမှ မပြောပြတာ ပိုကောင်းလိမ့်မယ်၊ အဲဒါဆို လက်သည်တရားခံဆိုတာ သူမမှန်း ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့။

နေ့လည်စာစားချိန် ရောက်လာပြီ၊ ဒီနေ့က ဝက်အူချောင်းနဲ့ စည်သွပ်ပဲဟင်း၊ လာဇန်ဒါ အကြိုက်ဆုံးပေါ့၊ ဒါပေမယ့် သူမ ကောင်းကောင်း မစားနိုင်ဘူး။

"နေကောင်းရဲ့လား လာဇန်ဒါ" ထိပ်ကစားပွဲမှာ ထိုင်နေတဲ့ မစ္စ ဟန်နီက မေးလိုက်တာပါ။

"သမီး မနက်စာကို အများကြီးစားလာလို့ပါ၊ အဲဒါကြောင့် ဘာမှ မစားနိုင်တော့တာပါ"

နေ့လည်စာ စားပြီးပြီးချင်း မီးဖိုချောင်ထဲ အမြန်ပြေပြီး မစ္စထရန်ဘူလ်ရဲ့ နာမည်ကြီး ရေကရားတစ်ခုကို သွားယူတယ်၊ အပြာရောင် ပန်းခက် ပန်းလက်တွေနဲ့ ပုံဖော်ထားတဲ့ စူဖောင်းဖောင်း ပစ္စည်းတစ်ခုပါ၊ အဲဒီ ရေကရားထဲ ရေတစ်ဝက်လောက်ဖြည့်ပြီး ဖန်ခွက်တစ်ခွက်နဲ့အတူ အခန်းထဲကို ပြန်ဝင်လာတယ်၊ အားလုံးကို ဆရာမစားပွဲပေါ်မှာ တင်ထားလိုက်တယ်၊ အခန်းထဲမှာ တစ်ယောက်မှ မရှိသေးဘူး၊ မျက်တောင်တစ်ခတ် အမြန်နှုန်းနဲ့ သူမလွယ်အိတ်ထဲက ကွန်ပါဘူးကို အမြန်သွားယူပြီး၊ ကွန်ပါဘူးအဖုံးကို အသာလေး ဖွင့်ကြည့်လိုက်တယ်၊ ရေပုတ်သင်ငယ်က အထဲမှာ ငြိမ်ငြိမ်လေး ရှိနေတုန်းပဲ၊ သေသေချာချာ သတိထားပြီး ကွန်ပါဘူးကို ရေကရားရဲ့ နှုတ်ခမ်းအပေါ်ဘက်မှာထား အဖုံးကိုဖွင့်ပြီး ပုတ်သင်ငယ်ကို နေရာပြောင်းပေးလိုက်တယ်၊ ရေကရားထဲ ရောက်သွားချိန်မှာ ပလုံဆိုတဲ့ အသံတစ်သံ ထွက်လာပြီး၊ တော်တော်ကြာတဲ့အထိ လျှောက်ပြီး လူးလိမ့်နေသေးတယ်၊ ပြီးတော့မှ ငြိမ်ကျသွားတာ၊ ရေပုတ်သင်ငယ်အတွက် အိမ်နဲ့ပိုတူအောင် လုပ်ပေးဖို့ ကွန်ပါဘူးထဲမှာပဲ သယ်လာတဲ့ ရေမှော်ပင်လေးတွေကို ရေကရားထဲ ထည့်လိုက်တယ်

မဟာဗျူဟာကြီးတော့ ပြီးသွားပြီ၊ အားလုံး အဆင်သင့်ပဲ၊ သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခဲတံတွေကို စိုထိုင်းထိုင်းဖြစ်နေတဲ့ ကွန်ပါဘူးထဲ ပြန်ထည့်လိုက်ပြီး သူ့ရဲ့ စားပွဲပေါ်မှာပဲ ပြန်တင်ထားလိုက်တယ်၊ ပြီးတော့ အပြင်ကို ပြေးထွက်သွားပြီး ကျောင်းတက်ခေါင်းလောင်း ထိုးတဲ့အချိန်ထိ ကစားကွင်းထဲမှာ တခြားလူတွေနဲ့ ရောနေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

နှစ်နာရီတိတိမှာ အတန်းထဲ လူပြန်စုကြတယ်၊ ရေကရားတို့ဖန်ခွက်တို့ နေရာတကျရှိရဲ့လားဆိုပြီး စစ်ဆေးတဲ့ မစ္စဟန်နီလည်း အပါအဝင်ပေါ့ ပြီးတော့ သူမက အတန်းရဲ့ နောက်ဘက်မှာ နေရာယူပြီး ရပ်နေလိုက်တယ် အားလုံး စောင့်နေကြတယ်၊ ရုတ်တရက်ပဲ အစိမ်းရောင် မြင်းစီးဘောင်းဘီ ကြီးနဲ့ ခါးပတ်ပတ်ထားတဲ့ သင်တိုင်းကြီးကိုဝတ်ထားတဲ့ ကျောင်းအုပ်ဆရာ မကြီးရဲ့ ရောမရုပ်ပုံလွှာကြီး ပေါ်ထွက်လာတယ်။

"မင်္ဂလာပါ ကလေးတို့"လို့ သူမက ဟိန်းလိုက်တယ်။

"မင်္ဂလာပါ ဆရာမကြီး"လို့ သူတို့ ပြိုင်တူအော်ကြတယ်။

သူတို့နေရာလေးတွေမှာ ငြိမ်ငြိမ်လေးထိုင်နေပြီး သူမကို စိတ်လှုပ် ရှားစွာ ကြည့်နေကြတဲ့ ကောင်လေး၊ ကောင်မလေး သေးသေးလေးတွေကို ခြေထောက်နှစ်ဘက်ကား ခါးထောက်ပြီး မစ္စထရန့်ဘူလ် အတန်းရှေ့ကနေ မတ်တတ်ရပ် ကြည့်နေတယ်။

"သိပ်ပြီး ကြည့်ပျော် ရှုပျော်ရှိတဲ့ မြင်ကွင်းတော့ မဟုတ်ဘူး"ဆိုပြီး ပြောတယ်၊ သူမရဲ့ အမူအယာက ကြမ်းပြင်အလယ်မှာ ခွေးချေးယိုထားတာ ကို ကြည့်နေရတာမျိုးနဲ့ လုံးဝ ဆင်တူနေတယ်။

"မသတီစရာ ပိစိညှောင့်တောင့်လေးတွေပါလား"

သူမကပဲဆက်ပြီး "နင်တို့လို အမှိုက်ထုပ်လေးတွေကို ငါ့ကျောင်းမှာ နောက်ခြောက်နှစ်လောက် ဆက်တိုက်ထားရဦးမယ်ဆိုတာကို စဉ်းစားမိတိုင်း အန်ချင်တယ်၊ စိတ်မဖောက်သွားအောင် ငါကိုယ်ငါ ကယ်နိုင်ဖို့အတွက် နင်တို့ တွေထဲက အတော်များများကို ဖြစ်နိုင်ရင် အမြန်ဆုံး ထုတ်ပစ်ရမယ်" စကား ပြောတာ ခဏရပ်လိုက်ပြီး အချိန်အတော်ကြာတဲ့အထိ နှာမှုတ်နေပြန်တယ်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကျယ်တဲ့ နှာမှုတ်သံကြီးပဲ၊ မြင်းဖောင်းမှာ မြင်းတွေ အစာသွား ချိန်လောက်မှာ ဖြတ်သွားရင် ကြားရတဲ့အသံနဲ့ တစ်ထပ်တည်းပဲ၊ သူမက ကားကို ပြန်ဆက်ပြန်တယ် "နင်တို့ အဖေတွေ အမေတွေက နင်တို့ကို တော်တယ်လို့ ပြောကြမယ်ထင်တယ်၊ အေး. . . ငါ ဒီမှာရောက်နေတာက နင်တို့ကို ဆန့်ကျင်ဘက် ပြောဖို့ပဲ၊ ပြီးတော့ ငါပြောတာကို ကောင်းကောင်း မှတ်ထားကြ၊ အခု အားလုံး မတ်တတ်ရပ်"

ကလေးတွေ သူတို့ခြေထောက်ပေါ်ကို သူတို့ အမြန်ရောက်သွား ကြတယ်။

"လက်တွေကို ရှေ့လုတ်၊ ငါ ဖြတ်သွားတာနဲ့ လက်တွေကို ဟိုဘက် ဒီဘက် လှန်ပြ၊ အဲဒါဆို နှစ်ဘက်စလုံး သန့်ရဲ့လားဆိုတာ ငါ ကြည့်လို့ရမယ်"

မစ္စထရန့်ဘူလ် တစ်တန်းချင်းစီက ကလေးတွေရဲ့လက်တွေ သန့် ရှင်းမှု ရှိ၊ မရှိဆိုတာ စစ်ဆေးဖို့ တဖြည်းဖြည်းချင်း ချီတက်သွားတယ်၊ ဒုတိယ တန်းက ကောင်လေး သေးသေးလေးဆီ မရောက်ခင်အချိန်ထိ အားလုံးအဆင် ပြေနေသေးတယ်။

"နင့်နာမည် ဘယ်လိုခေါ်လဲ" သူမအသံက ဟိန်းထွက်လာတယ်။

"နိုင်ဂျဲလ်ပါ" ကောင်လေးက ပြန်ဖြေတယ်။

"ဘာ နိုင်ဂျဲလ်လဲ"

"နိုင်ဂျဲလ်ဟစ်ခ်ပါ"

"ဘာ နိုင်ဂျဲလ်ဟစ်ခ် လဲ" မစ္စထရန့်ဘူလ်က စူးစူးဝါးဝါး အော်နေ တယ်၊ သူမရဲ့အသံက ကျယ်လွန်းလို့ အနားမှာရှိတဲ့ ကောင်လေးကို ပြတင်း ပေါက်အပြင်ဘက်အထိ မှုတ်ထုတ်လို့တောင် ရပါတယ်။

"အဲဒါပဲလေ. . " နိုင်ဂျဲလ်ဆိုတဲ့ကောင်လေးက ပြောတယ်၊ "ဆရာမ ကြီးသာ ကျွန်တော့်ရဲ့ အလယ်နာမည် မလိုချင်ဘူးဆိုရင်ပေါ့" သတ္တိရှိတဲ့ ကောင်လေးပါ၊ သူ့အပေါ် လွှမ်းပြီး ရပ်နေတဲ့ ဆရာမကြီးကိုလည်း မကြောက် ဖိအောင် အတင်းကြိုးစားနေတယ်ဆိုတာ သိသာတယ်။

"နင့်ရဲ့ အလယ်နာမည်တွေကို ငါက ဘာလုပ်ရမှာလဲ ကောင်မလေး လေးရဲ့" မစ္စထရန့်ဘူလ်က နောက်တစ်ခါ စူးစူးဝါးဝါးအော်ပြန်တယ်၊ "ငါ နာမည် ဘာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com




"မစ္စထရန့်ဘူလ်ပါ" နိုင်ဂျဲလ်က သတိကြီးစွာနဲ့ ပြန်ဖြေတယ်။

"အေး. . . နောက်တစ်ခါ ငါနဲ့စကားပြောရင် ငါ့နာမည်ကိုသုံး ကြားလား။ ကဲ. . . အခု ပြန်စမ်းကြည့်ရအောင်၊ နင့်နာမည် ဘယ်လိုခေါ်လဲ"

"နိုင်ဂျဲလ်ဟာစ်ခ်ပါ၊ မစ္စထရန့်ဘူလ်"

"ဟုတ်ပြီ၊ နင့်လက်တွေက ညစ်ပတ်နေတာပဲ ဘယ်အချိန်က နောက်ဆုံး ဆေးခဲ့တာလဲ"

"အင်း. . . စဉ်းစားပါရစေဦး" နိုင်ဂျဲလ်က ဆိုတယ်၊ "သေသေချာချာ မှတ်မိဖို့ ခက်တယ်ဗျ၊ မနေ့ကလား ဒါမမှုတ်ရင် တမြန်မနေ့ကလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးလေထိုးတံနဲ့ ထိုးထည့်လိုက်သလို မစ္စထရန့်ဘူလ်ရဲ့ မျက်နှာကြီး ပွဖောင်းသွားတယ်။

"ငါသိတယ်" အော်ပြန်ပြီ၊ "နင့်ကို မြင်လိုက်ကတည်းက နင်က ခစင်တစ်ပုံသာသာပဲ ရှိတယ်ဆိုတာ ငါသိတယ်၊ နင့်အဖေက ဘာလုပ်လဲ မီးလွှာပိုက်ပြင်တာလား"

"ဆရာဝန်တစ်ယောက်ပါ၊ အဖေ့အလုပ်က အတော်ဝင်ငွေကောင်းပါတယ်၊ အဖေကပြောတယ် ကျွန်တော်တို့အကုန်လုံးကို ပိုးကောင်လေးတွေ ဒုံးအုပ်ထားတာတဲ့၊ အဲဒါကြောင့် နည်းနည်းညစ်ပတ်သွားရုံနဲ့ ဘယ်သူမှ ဒုက္ခမရောက်နိုင်ဘူးတဲ့"

"တော်သေးတာပေါ့ အဲဒီဆရာဝန်နဲ့ ငါ မပြမိလို့" လို့ မစ္စထရန့်ဘူလ်က ပြောတယ်၊ "ဒါနဲ့ နေစမ်းပါဦး၊ နင့် အကျီပေါ်မှာ ဘာကြောင့် ပဲစေ့တွေ ပေနေရတာလဲ"

"အဲဒါ ဒီနေ့ နေ့လည်စာအနေနဲ့ စားရပါတယ်၊ မစ္စထရန့်ဘူလ်"

"ဒါဆိုရင် နင် နေ့လည်စာကို အကျီပေါ် အမြဲတင်စားတာလား၊ နိုင်ဂျဲလ် အဲဒါ နင့်ရဲ့အဖေ နာမည်ကြီး ဆရာဝန်ကြီးက သင်ထားပေးတာလား"

"စည်သွပ်ပဲတွေက စားဖို့ခက်တယ် မစ္စထရန့်ဘူလ်၊ ကျွန်တော့်ခက်ရင်းထဲကနေ ခဏခဏ ထွက်ကျတယ်"

"တော်တော် စိတ်ပျက်စရာ ကောင်းတာပဲ" မစ္စထရန့်ဘူလ်က ကောင်လေးရဲ့စကားကို ဆုံးအောင်နားမထောင်ဘဲ ကြားဖြတ်ဝင်ပြောတာပါ၊ "နင်ကလေ ခြေသလုံးအိမ်တိုင်သမားတွေလိုပဲ ဒီနေ့အတွက် နင့်ကို ငါ မကြည့်ချင်တော့ဘူး၊ ဟိုထောင့်မှာ နံရံဘက်မျက်နှာလှည့်ပြီး ခြေထောက်တစ်ဖက်နဲ့ သွားရပ်နေ"

"ဒါပေမယ့် . . မစ္စထရန့်ဘူလ် . . "

"ငါနဲ့ မငြင်းနဲ့ကောင်လေး၊ နို့မဟုတ်ရင် နင် ခေါင်းနဲ့မတ်တတ်ရပ်နေရအောင် လုပ်လိုက်မယ်၊ ခိုင်းတဲ့အတိုင်းလုပ်"

နိုင်ဂျဲလ် ထွက်သွားတယ်။

"နင် အခုရောက်နေတဲ့ နေရာမှာနေ၊ ပြီးခဲ့တဲ့အပတ်က နင်သင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စာလုံးပေါင်းတွေ ရ၊ မရ ငါစစ်မယ်၊ စကားပြောနေတုန်း နင့်မျက်နှာ ဒီဘက် လှည့်မလာနဲ့၊ နင့် မျက်ခွက်သေးသေးလေးကို နံရံဘက်ပဲ လှည့်ထား ကဲ. . အခု "ရိုက်ထိ"ကို စာလုံးပေါင်းစမ်း"

"ဘယ် ရိုက်ထိလဲ" နိုင်ဂျဲလ်ကမေးတယ်၊ "ခဲတံနဲ့ရေးရတဲ့ ရိုက်ထိ လား၊ အမှားရဲ့ဆန့်ကျင်ဘက် ရိုက်ထိလား" ဒီကောင်လေးကို ကြည့်ရတာ ထူးထူးခြားခြား ဉာဏ်ကောင်းနေတယ်၊ အိမ်မှာ စာဖတ်တာ၊ စာလုံးပေါ တာနဲ့ ပတ်သက်ပြီး၊ သူ့အမေ ကောင်းကောင်း အပင်ပန်းခံလိုက်ပုံ ရတယ်

"ခဲတံနဲ့ရေးတဲ့ ရိုက်ထိကိုပြောတာ ငတုံးလေးရဲ့"

မစ္စထရန့်ဘူလ် အံ့ဩသွားလောက်အောင်ကို နိုင်ဂျဲလ်က မှန်အောင် စာလုံးပေါင်းပြလိုက်နိုင်တယ်၊ မသင်ရသေးဘူးထင်တဲ့ စာလုံးကို မစ္စထ ဘူလ် အကွက်ဆင်ပြီးမေးလိုက်တာပါ၊ သူ ပေါင်းတာမှန်သွားတော့ မစ္စထ ဘူလ်ကို ပိုပြီး ကျွဲမြီးတိုသွားစေတယ်၊ ပြီးတော့ နံရံဘက်ကို မျက်နှာမူပြီ ခြေထောက်တစ်ဖက်တည်းနဲ့ ကြိုးစားရပ်နေရင်းက "မစ္စဟန်နီက စာလုံးပေါ အသစ်အရှည်ကြီး တစ်လုံးကို ဘယ်လိုပေါင်းရမလဲဆိုတာ မနေ့က သင်ပေး တယ်"

"အဲဒါ ဘာစာလုံးလဲ" မစ္စထရန့်ဘူလ်က နူးညံ့စွာမေးလိုက်တယ် သူမအသံ ပိုနူးညံ့လာလေ၊ ပိုပြီး အန္တရာယ်ရှိလာလေပဲ၊ ဒါကို နိုင်ဂျဲလ်တစ် ယောက် သိပုံမပေါ်ဘူး။

"ဒစ်ဖစ်ကပ်တီးပါ. . ၊ ဒီ အတန်းထဲမှာရှိတဲ့လူတိုင်း အဲဒါကို စာ ပေါင်းတတ်တယ်"

"အဓိပ္ပာယ်မရှိလိုက်တာ နင်တို့ ရှစ်နှစ် ကိုးနှစ်လောက်အထိ မရော သေးသရွေ့ စာလုံးပေါင်းအရှည်ကြီးတွေကို မသင်ရသေးဘူး၊ ပြီးတော့ အဲ စာလုံးကို ဒီ အတန်းထဲက လူတိုင်းပေါင်းတတ်တယ်ဆိုတာမျိုး ငါ့ကို လာ မပြောနဲ့၊ နင် ငါ့ကို ညာနေတာပဲ နိုင်ဂျဲလ်"

"တစ်ယောက်ယောက်ကို စမ်းကြည့်လိုက်" အခွင့်အရေးကောင်းထဲ ယူပြီး နိုင်ဂျဲလ်ကလည်း ခွန်းတုန့်ပြန်လိုက်တယ်၊ "ကြိုက်တဲ့လူကို စမ်းကြည့် လိုက်ပါ"

မစ္စထရန့်ဘူလ်ရဲ့ အန္တရာယ်ရှိတဲ့ မီး ဝင်းဝင်းတောက် မျက်လုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းတစ်ဝိုက်ကို ဝေ့ဝဲသွားတယ်၊ "နင်ထစမ်း"ဆိုပြီး ဝိန်ဝိန်သေးသေး ကြောင်တိကြောင်တောင် ပရှားဒန့်စ်ဆိုတဲ့ ကောင်မလေးကို လက်ညှိုးထိုးပြီး မေးတယ်၊ "ဒစ်ဖ်ကတ်တီးကို စာလုံးပေါင်းစမ်း"

အံ့ဩစရာကောင်းလောက်အောင်ပဲ ပရှားဒန့်စ်က အဲဒါကို မှန်မှန် တန်ကန်နဲ့ တစ်ချက်မှမနားဘဲ ပေါင်းနိုင်တယ်။

မစ္စထရန့်ဘူလ် တော်တော်အံ့အားသင့်သွားတယ်၊ "ဟား. . .'သူမတော လှောင်သလိုလို မျက်နှာအမူအယာမျိုးနဲ့ "ဒီ ခက်ခက်ခဲခဲ စာလုံးပေါင်းတစ် သုံးကို သင်နေတာနဲ့ပဲ မနေ့က စာသင်ချိန်တစ်ချိန်လုံးကို မစ္စဟန်နီ ဖြုန်းလိုက် တယ်နဲ့တူတယ်"

"အိုး. . မဟုတ်ပါဘူး၊ သူ အဲဒီလို မလုပ်ဘူး" နိုင်ဂျဲလ်က အသံ စူးစူးလေးနဲ့ ပြန်ပြောတယ်၊ "အဲဒီစာလုံးကို သုံးမိနစ်နဲ့ မစ္စဟန်နီက အပြီး သင်ပေးတာပါ၊ အဲဒါကြောင့် ကျွန်တော်တို့ လုံးဝ မမေ့တော့တာ၊ တခြား စကားလုံးတွေ အများကြီးကိုလည်း သုံးမိနစ်နဲ့ပဲ အပြီးသင်ပေးတာပါ"

"ဒါဆို ဘယ်လို မျက်လှည့်ပညာကိုများ သုံးလိုက်တာလဲ မစ္စဟန်နီ"

"ကျွန်တော်ပြောပြမယ်" သတ္တိခဲ နိုင်ဂျဲလ်က မစ္စဟန်နီကို ကာကွယ်ဖို့ နောက်တစ်ကြိမ် အသံစူးစူးလေးနဲ့ ပြောပြန်တယ်၊ "ကျွန်တော်ပြောပြနေတုန်း နောက်ခြေထောက်တစ်ဘက်ကို ချပြီး ဒီဘက်ကို လှည့်လို့ရမလား" .

"နှစ်ခုစလုံး မလုပ်နဲ့" မစ္စထရန့်ဘူလ်ကတော့ အသံမာမာပဲ၊ "နင် အခုနေနေတဲ့ ဒီပုံစံအတိုင်းနဲ့ပဲ ငါ့ကို ပြောပြ"

"ကောင်းပါပြီ" ခြေထောက်တစ်ဘက်တည်းပေါ်မှာ ဒယီးဒယိုင်ရပ် နေရင်းနဲ့ပဲ နိုင်ဂျဲလ်ကဆက်ပြီး "မစ္စဟန်နီက စာလုံးပေါင်းတစ်ခုစီအတွက် သီချင်း တစ်ပုဒ်စီပေးပါတယ်၊ အဲဒါကို အတူတူ ဝိုင်းဆိုလိုက်ကြတာ၊ သိပ် အချိန်မကုန်လိုက်ဘဲနဲ့ စာလုံးပေါင်းတတ်သွားတာ၊ ဒစ်ဖတ်ကတ်တီအတွက် သီချင်းလေး နားထောင်ချင်လား"

"နားထောင်လို့ကောင်းမှာပါ" မစ္စထရန့်ဘူလ်ရဲ့ အသံထဲမှာ ထေ့လုံး ငေါ့လုံးတွေ ပါနေတယ်။

"ဒီလိုပါ"

"မစ္စဒီ၊ မစ္စအိုင်၊ မစ္စအက်ဖ်အက်ဖ်အိုင်

www.burmeseclassic.com

www.burmeseclassic.com



မစ္စစီ၊ မစ္စယူ၊ မစ္စအယ်လ်တီဝိုင်"

"အဲဒါ အားလုံးပေါင်းလိုက်ရင် ဒစ်ဖ်ကတ်တီးပဲ"

"ဘယ်လောက်တောင် စိတ်ပျက်ဖို့ကောင်းသလဲ" မစ္စထရန့်ဘူလ်က နှာမှုတ်ရင်း ပြောပြန်တယ်။

"ဒီမိန်းမတွေအားလုံးက ဘာဖြစ်လို့ မင်္ဂလာဆောင်ရတာလဲ၊ ပြီးတော့ စာလုံးပေါင်းသင်နေတဲ့အချိန်မှာ ကဗျာသင်ခွင့်မရှိဘူး၊ အဲဒါမျိုး နောက်တ မလုပ်ပါနဲ့ မစ္စဟန်နီ"

"ဒါပေမယ့် အဲဒီလိုသင်လို့ ဒီထက်ခက်တဲ့ စာလုံးတွေကိုတောင် သူတို့ ပေါင်းတတ်နေပါပြီ" မစ္စဟန်နီက ရေရွတ်သလိုနဲ့ ပြောတယ်။

"ငါနဲ့ လာမငြင်းနဲ့ မစ္စဟန်နီ၊ ငါ ပြောတဲ့အတိုင်းလုပ်၊ အခု မစ္စဟန်နီ အလီဇဘားတွေ သင်ပြီး၊ မပြီး ငါ စစ်မယ်"

မစ္စထရန့်ဘူလ်က အတန်းရှေ့က သူမနေရာကို ပြန်သွားပြီး၊ သူမရဲ့ အလွန်တရာမှ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အကြည့်က တပည့်လေးတွေ ကြားထဲမှာ တဖြည်းဖြည်း ရွေ့သွားတယ်၊ "နင်" ပထမတန်းမှာ ထိုင်နေတဲ့ ရှုးပေါ့ထ်ဆိုတဲ့ကောင်လေးကို လက်ညှိုးထိုးပြီး၊ ရုတ်တရက် ထ,ဟိန်းပြန်တယ် "နှစ် ခုနှစ်လီ ဘယ်လောက်လဲ"

"ဆယ်ခြောက်ပါ" ရှုးပေါ့ထ်ဆိုတဲ့ကောင်လေးက တကယ်ပဲ လက်လွတ် စပယ်ဖြေလိုက်တာပါ၊ ကျားမကြီးတစ်ကောင် သမင်ပေါက်လေးဆီ ချဉ်းကပ် သွားတဲ့ ပုံစံမျိုးနဲ့ ရှုးပေါ့ထ်ဆီကို မစ္စထရန့်ဘူလ် ဖြေးဖြေးချင်း တစ်လှမ်း ချင်းစီတိုးပြီး ချဉ်းကပ်သွားတယ်၊ အန္တရာယ်ရဲ့ အရိပ်လက္ခဏာကို ရှုးပေါ့ထ် ရုတ်တရက် ခံစားမိလာပြီး၊ နောက်တစ်ကြိမ် အလျင်အမြန် ကြိုးစားကြည့် သေးတယ်၊ "ဆယ့်ရှစ်ပါ" သူအော်ပြောတယ်၊ "နှစ် ခုနှစ်လီ ဆယ့်ရှစ်ပါ ဆယ့်ခြောက် မဟုတ်ဘူး"

"ဥာဏ်မရှိတဲ့ကောင်၊ ဦးနှောက်မရှိတဲ့ကောင်၊ ဗလာခေါင်းနဲ့ ကြွက်စုတ်" ရှုးပေါ့ထ်ရှေ့မှာ သူမ ရပ်လိုက်ပြီး၊ တင်းနစ်ရိုက်တံလောက်ရှိတဲ့ သူမရဲ့လက်ကို ဖြန့်ထုတ်လိုက်ပြီး၊ ရှုးပေါ့ထ်ခေါင်းပေါ်က ဆံပင်တွေအားလုံး ကို သူမလက်သီးကြီးနဲ့ ဆုပ်ယူလိုက်တယ်၊ ရှုးပေါ့ထ်ရဲ့ဆံပင်က ရွှေရောင်လေး တွေပါ၊ သူ့အမေက ဆံပင်ရွှေရောင်လေးက ကြည့်လို့ကောင်းပြီး၊ အရှည်

www.burmeseclassic.com

www.burmeseclassic.com



ထားရင် ပိုပြီးဆွဲဆောင်မှုရှိတယ်လို့ ထင်ထားတယ်၊ ဒါပေမယ့် မစ္စထရန့်ဘူလ်ကတော့ ယောကျ်ားလေးတွေ ဆံပင်ရှည်နေတာကို မိန်းကလေးတွေ ဆံမြိတ်ချပြီး ကျစ်ထားသလိုမျိုးပဲ အတော်လေးအမြင်ကပ်တယ်၊ အဲဒါကို သူမ သတိသေပြတော့မယ်၊ ရှူးပါ့ထ်ရဲ့ ရွှေရောင်ဆံနွယ်စုတွေကို သူမရဲ့လက်ကြီးနဲ့ တစ်ချက်ဆုပ်ကိုင်ပြီး၊ သူမရဲ့ ကြွက်သားအပြည့် ညာဘက်လက်မောင်းကြီးကနေ မြှောက်ထားတယ်၊ ခိုကိုးရာမဲ့ကောင်လေးကို သူ့ကုလားထိုင်တနေ့မ,တင်လိုက်ပြီး၊ လေထဲမှာ မြှောက်တင်ထားတယ်။

ရှူးပါ့ထ်က အော်တယ်၊ တွန့်တယ်၊ လူးလိမ့်တယ်၊ လေကို ကန်တယ်ပြီးတော့တစ်ခါ အမြီးညှပ်နေတဲ့ဝက်လို အော်ပြန်တယ်၊ မစ္စထရန့်ဘူလ်က

"နှစ် ခုနှစ်လီ ဆယ့်လေး၊ နှစ် ခုနှစ်လီ ဆယ့်လေး၊ နင် မဆိုမချင်း ငါ မလွှတ်ပေးဘူး"

အတန်းရဲ့ နောက်ဘက်ကနေပြီး မစ္စဟန်နီ လှမ်းအော်တယ်၊"မစ္စထရန့်ဘူလ် သူ့ကိုလွှတ်လိုက်ပါ၊ သူ နာနေပြီ၊ သူ့ဆံပင်တွေ အကုန် ထွက်လာတော့မယ်"

"အေး. . သူ တွန့်လိမ်နေတာ မရပ်ရင် ထွက်လာမှာပဲ"လို့ မစ္စထရန့်ဘူလ်က ပြန်အော်တယ်၊ "ငြိမ်ငြိမ်နေစမ်း တိရိစ္ဆာန်လေး"

ဒီလို ကြီးမားလှတဲ့ ကျောင်းအုပ်ဆရာမကြီးက ကောင်လေး သေးသေးလေးကို လေထဲမှာ မြှောက်တင်ထားတာကို ကြည့်ရတာ အတော်လေး မြင်ရခဲတဲ့ မြင်ကွင်းစစ်စစ်တစ်ခုပဲ၊ ပြီးတော့ အဲဒီကောင်လေးကလည်း ကြိုးတစ်ချောင်းလို တွန့်လိမ်လည်ပတ်နေပြီး၊ သူ့ခေါင်းကြီး ပြုတ်ထွက်လာမလားလို့တောင် အောက်မေ့ရတယ်။

"ပြောစမ်း. . နှစ် ခုနှစ်လီ ဆယ့်လေး၊ မြန်မြန်ပြောစမ်း၊ မပြောရင် နင့် ဆံပင်တွေ တကယ်ပြုတ်ထွက်လာအောင် ငါ ဆောင့်ဆွဲတော့မှာနော်၊ အဲဒါဆိုရင် ဆိုဖာထဲထည့်ဖို့ အတော်ပဲ၊ မြန်မြန်ပြော ကောင်လေး၊ နှစ် ခုနှစ်လီ ဆယ့်လေးကိုပြော ပြောရင် ငါလွှတ်ပေးမယ်"

"နှစ်. . နှစ်. . နှစ် ခုနှစ်လီ ဆယ့်. . ဆယ့်. . လေးပါ" ရှူးပါ့ထ်က ထစ်ငေ့ါငေ့ါနဲ့ ဆိုတယ်၊ မစ္စထရန့်ဘူလ်က သူမစကားအတိုင်းပဲလက်ကိုဖွင့်ပြီး၊ ကောင်လေးကို အသက်ချမ်းသာပေးလိုက်တယ်၊ သူက ကမ္ဘာမြေကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတော်အလှမ်းဝေးတဲ့ နေရာမှာ ရှိနေတာဆိုတော့ သူမလည်း လွတ်ဖေး လိုက်ရော ကမ္ဘာပေါ်ကို ပြန်ဆင်းလာပြီး၊ ကြမ်းပြင်နဲ့ထိပြီး ဘောလုံးလို ခုန်ဆွခုန်ဆွ ဖြစ်နေသေးတယ်။

"ထစမ်း၊ တအီအီနဲ့ အသံထွက်မနေနဲ့" မစ္စထရန့်ဘူလ်က ဟိန်းပြီး အော်လိုက်သေးတယ်။

ရှုးပ့်ါထ် ထ,ပြီး သူ့ဦးရေပြားကို လက်နှစ်ဖက်နဲ့ နှိပ်နယ်ရင်းနဲ့ သူ စားပွဲရှိရာကို ပြန်သွားတယ်၊ အတန်းရှေ့ဘက်ကို မစ္စထရန့်ဘူလ် ပြန်သွား တယ်၊ အတန်းထဲက ဘယ်သူကမှ ဒီလိုအဖြစ်မျိုးကို မမြင်ဖူးကြဘူး၊ တော် တော်ကြည့်ကောင်းတဲ့ ဖျော်ဖြေမှုပဲ၊ နတ်သမီးပုံပြင်ကို သရုပ်ဖော်ထားတဲ့ ပြဇာတ်ထက်တောင် ပိုကြည့်လို့ကောင်းသေးတယ်၊ ဒါပေမယ့် ခပ်ကြီးကြီး တစ်ခုကတော့ ကွာတယ်၊ ဒီအခန်းထဲမှာ ရောမ လူသားဗုံးကြီးတစ်လုံး သူတို့ အားလုံးရှေ့မှာ ရောက်နေပြီး၊ အချိန်မရွေးထ,ပေါက်ကွဲနိုင်ပြီး၊ ဘယ်သူ့ကို မဆို အသက်ပျောက်သွားစေနိုင်တယ်၊ ကလေးတွေရဲ့ မျက်လုံးတွေက ကျောင်း အုပ်ဆရာမကြီးကိုပဲ မမှိတ်မသုန် စိုက်ကြည့်နေကြတယ်၊ "လူသေးသေးလေး တွေကို ငါ မကြိုက်ဘူး" သူမကပဲ ပြောနေတယ်၊ "လူသေးသေးလေးတွေက လူအမြင်မခံသင့်ဘူး၊ ကလစ်တွေ ကြယ်သီးတွေထားသလိုမျိုး ဘူးလေးတွေ ထဲမှာထည့်ပြီး လူမမြင်ကွယ်ရာမှာ ထားရမှာ ကလေးတွေ ကြီးလာတဲ့အချိန်ထိ စောင့်ကြည့်ဖို့ ငါ့မှာ အချိန်မရှိဘူး၊ သူတို့တတွေက တမင်သက်သက် အကြီး နှေးအောင် လုပ်နေကြတာလို့ ထင်တယ်"

ရှေ့ဆုံးတန်းက နောက်ထပ် အာဂသတ္တိခဲလေး တစ်ယောက်က"ဒါ ပေမယ့် ဆရာမကြီးလည်း တစ်ချိန်တုန်းက လူသေးသေးလေး ဖြစ်ခဲ့ဖူးတာပဲ လေ"

"ငါ ဘယ်တုန်းကမှ လူသေးသေးလေး မဖြစ်ခဲ့ဖူးဘူး၊ ငါ့ဘဝတစ် လျှောက်လုံးမှာ ကြီးလာတာ၊ ပြီးတော့ တခြားလူတွေ ဘာကြောင့် မကြီးနိုင် တာလဲဆိုတာ ငါ မသိဘူး"

"ဒါပေမယ့် အုဝဲလေးဘဝကနေ စ,ခဲ့ရတာပဲ မဟုတ်လား"လို့ကောင် လေးက အထွန့်တက်ပြန်တယ်။

"ငါက အုဝဲတစ်ကောင် ဟုတ်လား၊ နင်က ဘယ်လောက်သတ္တိရှိလို့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုစကားမျိုး ပြောရဲတာလဲ၊ သေနာလေး၊ အမှိုက်ထုပ်လေး နင့် နာမည် ဘယ်လိုခေါ်လဲ ကောင်လေး၊ ငါ့ကို စကားပြောရင် မတ်တတ်ရပ်ပြော"

ကောင်လေးက မတ်တတ်ရပ်ပြီး "ကျွန်တော့်နာမည် အီရစ်ခ်အင့်ခ်ပါ မစ္စထရန့်ဘူလ်"

"အီရစ်ခ် . . ဘာ" မစ္စထရန့်ဘူလ်က အော်မေးပြန်တယ်။

"အင့်ခ်ပါ"

"ရူးကြောင်ကြောင် လာမလုပ်နဲ့၊ ဒီကမ္ဘာမှာ အဲဒီလိုနာမည်မျိုး မရှိဘူး"

"တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ကြည့်လိုက်ပါ အင့်ခ်ဆိုတဲ့ အောက်မှာ ကျွန်တော့်အဖေနာမည်ကို တွေ့ရလိမ့်မယ်"

"ကောင်းပြီ၊ မင်းက အင့်ခ်ဖြစ်ချင်ဖြစ်မယ် ငါပြောတာကို သေချာနားထောင်၊ နင့်ကို အစွန်းချတ်မရဘူးဆိုတာ မရှိဘူး၊ နင့်ကိုနင် ဟုတ်လှပြီထင်နေရင် သိပ်မကြာခင်မှာ ငါ ရအောင်ချတ်ပြမယ်၊ ဝှတ်ထ်ကိုပေါင်းစမ်း"

"ကျွန်တော် နားမလည်ဘူး၊ ကျွန်တော့်ကို ဘာ ပေါင်းခိုင်းတာလဲ"

"ဝှတ်ထ်ကိုပေါင်းခိုင်းတာ ငတုံးရဲ့ ၊ စာလုံး ဝှတ်ထ်ကို ပေါင်းခိုင်းတာ"

"ဒဗလျူ . . အိုး . . တီ" အီရစ်ခ်က အဖြေကို အလျင်မြန်ဆုံး ပေးလိုက်တယ်။

အဲဒီအချိန်မှာ တော်တော် တိတ်ဆိတ်သွားသေးတယ်။

"နင့်ကို နောက်တစ်ခါ အခွင့်အရေး ထပ်ပေးမယ်" မစ္စထရန့်ဘူလ်က မလှုပ်ပဲ ထပ်ပြောလိုက်တယ်။

"အော် . . ဟုတ်ပြီ၊ သိပြီ . . အလယ်မှာ အိပ်ချ်ပါသေးတယ်လေ၊ ဒဗလျူ အိပ်ချ် အို တီပါ လွယ်လွယ်လေးပဲ"

ခြေလှမ်းကျဲကြီး နှစ်လှမ်းလောက် လှမ်းလိုက်တာနဲ့ မစ္စထရန့်ဘူလ် အီရစ်ခ်ရဲ့ခုံနောက်ကို ရောက်သွားပြီ၊ အဲဒီနေရာမှာ ရပ်နေလိုက်တယ်၊ ပြိုင် တိုင်လုံးကြီးက အားကိုးရာမဲ့နေတဲ့ ကောင်လေးရဲ့နောက်မှာ မားမားကြီး ရပ်နေတယ်၊ အီရစ်ခ်ကလည်း ကြောက်လန့်တကြားနဲ့ ရောမဘုရားဝါကြီးကို ကြည့်ပြီး "ကျွန်တော်ပြောတာ မှန်တယ်မို့လားဟင်"လို့ တိုးတိုးလေး အရဲ

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပြီး ပြောကြည့်တယ်။

"နင်ပြောတာ မှားတယ်၊ တကယ်တော့ မျက်နှာပေါ်က ကျောက်ပေါက်မာတွေ နေရာအထားမှားသလို နင် အမြဲတမ်း မှားနေတာ၊ ထိုင်တာမှားတယ်၊ မြင်ရတာမှားတယ်၊ စကားပြောတာမှားတယ်၊ နင့်ပတ်လည် အကုန်လုံးမှာ မှားနေတာချည်းပဲ၊ အမှန်ရအောင် နောက်ထပ် အခွင့်အရေး ပေးမယ်၊ ဝှတ်ထိကို ပြန်ပေါင်းစမ်း"

အီရစ်ခ် ခဏတိတ်သွားတယ်၊ ပြီးတော့မှ ဖြေးဖြေးလေးနဲ့"အဲဒါ ဒဗလျူ . . အို . တီလည်း မဟုတ်ဘူး၊ ဒဗလျူ အိပ်ချ် အို တီလည်းမဟုတ်ဘူး အား . . သိပြီ၊ အဲဒါ ဒဗလျူ . . အိပ်ချ် . . အို . . တီ . . တီပဲဖြစ်ရမယ်"

အီရစ်ခ်ရဲ့နောက်မှာ မတ်တတ်ရပ်နေတဲ့ မစ္စထရန့်ဘူလ်က ကောင်လေးရဲ့ နားရွက်တစ်ဖက်စီကို သူမရဲ့ လက်မနဲ့လက်ညှိုးကိုသုံးပြီး ညှစ်လိုက်တယ်။

"အား . . ." အီရစ်ခ် ငိုမတတ် အော်တယ်၊ "အား . . နာတယ်ဗျ"

"ငါ စ,တောင် မစ,ရသေးဘူး" မစ္စထရန့်ဘူလ်က ခပ်သွက်သွက်ပြောတယ်၊ ပြီးတော့ သူ့ရဲ့နားနှစ်ဖက်ကို သေသေချာချာကိုင်ပြီး၊ သူ့ထိုင်ခုံကနေ လွတ်လွတ်ကျွတ်ကျွတ်ကြီး မ,တင်ပြီး၊ လေထဲမှာ မြှောက်ထားလိုက်တယ်။

သူ့ရှေ့က ရှူးပါ့ထ်လိုပဲ အီရစ်ခ်လည်း တွန့်လိမ်ကောက်ကွေးနေတော့တာပေါ့။

အတန်းရဲ့ နောက်ဘက်မှာရပ်နေတဲ့ မစ္စဟန်နီက "မစ္စထရန့်ဘူလ် မလုပ်ပါနဲ့၊ သူ့ကို ချထားလိုက်ပါ၊ သူ့နားရွက်တွေ ပြတ်ထွက်လာတော့မယ်" ဆိုပြီး တောင်းပန်တယ်။

"ဘယ်တော့မှ ပြတ်မထွက်ဘူး" မစ္စထရန့်ဘူလ်ကလည်း ပြန်အော်တယ်၊"အတွေ့အကြုံတွေ အများကြီးကို ငါ ဖြတ်သန်းပြီးသွားပြီ မစ္စဟန်နီ ကောင်လေး သေးသေးလေးတွေရဲ့ နားရွက်တွေက သူတို့ခေါင်းမှာ တော်တော်ခိုင်ခိုင်လေး တွဲထားတယ်"

"သူ့ကို လွှတ်လိုက်ပါ မစ္စထရန့်ဘူလ်ရယ်၊ ကျေးဇူးပြုပြီး" မစ္စဟန်နီက တောင်းပန်စကား ဆိုတယ်၊ "သူ့ကို ဒဏ်ရာရအောင် လုပ်မိလိမ့်မယ်၊ နားရွက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဆွဲဖြုတ်သလို ဖြစ်သွားလိမ့်မယ်"

"နားရွက်တွေဆိုတာ ဘယ်တော့မှ ပြုတ်ထွက်မလာဘူး အရှင်အခြေ ခံတယ်၊ ဒီလို နားရွက်မျိုးတွေပေ့ါ၊ ဘယ်တော့မှ ပြုတ်ထွက်မလာဘူးဆိုတာ ငါ တာဝန်ယူတယ်"

အီရစ်ခ်က အရင်ထက်ပိုပြီး အသံကျယ်လာတယ်၊ သူ့ခြေထောက် တွေနဲ့ လေထဲမှာ လှော်ခတ်နေတယ်။

မတေးဒါအနေနဲ့ကတော့ ဒီလိုကောင်လေး၊ ဒါမှမဟုတ် တခြားတစ် ယောက်ယောက်ကိုလည်း ဒီလို အကြောင်းမျိုးကြောင့် နားရွက်ကနေကိုင်ပြီး လေထဲမှာ အမြှောက်ခံထားရကို မမြင်ဖူးဘူး၊ မစ္စဟန်နီလိုပဲ ဒီလိုအလေးချိန် မျိုးနဲ့သာဆိုရင် နားချက်နှစ်ဖက်စလုံး အချိန်မရွေး ပြုတ်ထွက်သွားနိုင်တယ်လို့ သူမလည်း ခံစားနေမိတယ်။

မစ္စထရန့်ဘူလ်က အော်တယ်"ဝှတ်ထ်ကို ဒဗလျူ အိပ်ချ် အေ တီလို့ ပေါင်းတယ်၊ ပြန်ပေါင်းစမ်း ငနာလေး"

အီရစ်ခ် တစ်ချက်မှ မတွန့်ဘူး၊ ရှုးပွဲ့ထ်ဆီကနေ သင်ခန်းစာယူထား တာဆိုတော့ မြန်မြန်ပြန်ဖြေလေ မြန်မြန်လွှတ်ပေးလေဆိုတာ သိထားတယ်

"ဒဗလျူ အိပ်ချ် အေ တီ ဝှက်ထ်ပါ"

ကောင်လေးရဲ့နားရွက်ကို ကိုင်ထားနေရင်းကနေ မစ္စထရန့်ဘူလ်က သူစားပွဲနောက်က ကုလားထိုင်ပေါ်ကို ပြန်ချပေးလိုက်တယ်၊ ပြီးတော့ အတန်း ရှေ့ကို ပြန်သွားပြီး၊ ညစ်ညစ်ပတ်ပတ် တစ်ခုခုကို ကိုင်မိတဲ့လူတစ်ယောက်လို သူမရဲ့လက်နှစ်ဖက်ကို ဖုန်ခါနေသေးတယ်။

"အဲဒီလိုနည်းနဲ့ပဲ သူတို့ကို တတ်အောင်သင်လို့ရမှာ မစ္စဟန်နီ၊ ငါ ဆီကနေ အတုယူထား၊ သူတို့ကို ပြောနေရုံနဲ့ အသုံးမဝင်ဘူး၊ သူတို့နားထဲကို ရိုက်သွင်းရမှာ သူတို့ မှတ်မိသွားအောင် နည်းနည်းလေး ကလိပေးလိုက် လိမ်လှည့်ပေးလိုက်ရတာနဲ့ မတူဘူး၊ အဲဒါက သူတို့ရဲ့စိတ် အံ့ဩစရာကောင်း လောက်အောင်ပဲ အာရုံစူးစိုက်ပေးတယ်လေ"

"ဆရာမကြီးကြောင့် သူတို့မှာ သေရာပါ အမာရွတ်တွေ၊ ဒဏ်ရာ တွေ ရသွားနိုင်တယ်"လို့ မစ္စဟန်နီက ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com





"အို. . ဒါပေါ့၊ သိပ်သေချာတာပေါ့"လို့ မစ္စထရန့်ဘူလ်က မဲ့ရွဲ့ပြီး ပြောတယ်၊ "တအောင့်လောက်နေရင် အီရစ်ခ်ရဲ့ နားရွက်တွေ အရင်ကထက် ပိုရှည်ထွက်လာလိမ့်မယ်၊ အဲဒါအတွက်နဲ့ပတ်သက်ပြီး မှားစရာ မရှိတော့ဘူး မစ္စဟာန်နီ၊ ကျန်တဲ့ သူ့ဘဝတစ်လျှောက်လုံးမှာ စိတ်ဝင်စားစရာ မှင်စာပုံစံကလေး ဖြစ်သွားလိမ့်မယ်"

"ဒါပေမယ့်. . . မစ္စထရန့်ဘူလ်. . "

"အို. . ပါးစပ်ပိတ်ထားစမ်း မစ္စဟာန်နီ၊ နင်က ဒီကလေးတွေအတိုင်းပဲ အတော်ပျော့ညံ့တယ်၊ တကယ်လို့ နင် ဒီနေရာမှာသာ ကောင်းကောင်း မအုပ်ချုပ်နိုင်ဘူးဆိုရင် ထွက်သွားပြီး ချမ်းသာတဲ့ သတ္တဝါလေးတွေရှိတဲ့ ပုဂ္ဂလိကကျောင်းတွေမှာ အလုပ်သွားရှာ၊ ငါ စာသင်တဲ့အချိန်အတိုင်းအတာလောက်အထိသာ နင် သင်ဖူးသွားပြီဆိုရင် ဒီကလေးတွေကို ကြင်နာနေလို့လည်း ဘာမှအကျိုးမရှိဘူးဆိုတာ နင်သိလာလိမ့်မယ်၊ မစ္စတာဒစ်ကင်းရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



နစ်ကိုးလပ်စ်နစ်ကယ်ဘီကို ဖတ်ကြည့် မစ္စဟန်နီ၊ အဲဒီအထဲက ဒူသယ်ဘွိုင်းစ်ကျောင်းက လေးစားစရာကောင်းတဲ့ ကျောင်းအုပ်ဆရာကြီး မစ္စတာဝက်ခ်ဖော့ဒ်စတွီးယားစ် အကြောင်းကို ဖတ်ကြည့်၊ ဒီလိုတီရိစ္ဆာန်လေးတွေကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ သူ ကောင်းကောင်းသိတယ်၊ ကြိမ်လုံးကို ဘယ်လို အသုံးချရမလဲဆိုတာလည်း သူ ကောင်းကောင်းသိတယ်၊ ဒီကလေးတွေရဲ့ နောက်ကျောဘက်တွေကို သူက အမြဲတမ်းပူနွေးနေအောင် ထားတာများ ကြက်ဥတို့ ဝက်ဆားနယ်ခြောက်တို့တောင် ကြော်လို့ရတယ်လေ၊ သိပ်ကောင်းတဲ့ စာအုပ်တစ်အုပ်ပဲ၊ ဒါပေမယ့် ဒီက ဦးနှောက်နည်းတဲ့သူတွေ အဲဒီစာအုပ်ကို ဖတ်ဖူးလိမ့်မယ်လို့ ငါ မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့ကို ကြည့်လိုက်တာနဲ့ ဘာ စာတစ်လုံးမှတတ်အောင် သင်နိုင်မှာ မဟုတ်ဘူးဆိုတာ သိနေလို့ပဲ"

"အဲဒီစာအုပ်ကို ဖတ်ပြီးသွားပါပြီ" မတေးဒါက တိုးတိုးလေးဆိုတယ်။

မစ္စထရန့်ဘူလ်က သူမရဲ့ခေါင်းကို တစ်ချက်လှည့်လိုက်ပြီး ဒုတိယတန်းမှာထိုင်နေတဲ့ အညိုရင့်ရောင်မျက်လုံးနဲ့ အနက်ရောင်ဆံပင်ရှိတဲ့ ကောင်မလေးကို သေသေချာချာကြည့်လိုက်တယ်၊ "နင် ဘာပြောလိုက်တာလဲ" သူမက အသံခပ်စူးစူးနဲ့ မေးလိုက်တယ်။

"အဲဒီစာအုပ်ကို ဖတ်ပြီးသွားပြီလို့ ပြောတာပါ"

"ဘာစာအုပ်လဲ"

"နစ်ကိုးလပ်စ်နစ်ကယ်ဘီပါ၊ ဆရာမကြီး"

"နင် ငါ့ကို လာညာနေတာပဲ မိန်းကလေး"မတေးဒါကိုကြည့်ရင်းနဲ့ မစ္စထရန့်ဘူလ်က အော်လိုက်တာပါ၊ "ဒီကျောင်းတစ်ကျောင်းလုံးမှာ အဲဒီစာအုပ်ကို ဖတ်ဖူးတဲ့သူ တစ်ယောက်တစ်လေတောင် ရှိပါ့မလားဆိုပြီး ငါ သံသယဖြစ်နေသေးတယ်၊ အခုတော့ ဟောဒီမှာ ဥတောင်မပေါက်သေးတဲ့ ပုစွန်ဆိတ်မလေးက အောက်ဆုံးအတန်းမှာထိုင်နေပြီး အဲဒီလိုမျိုး ရောမအလိမ်အညာကြီးပြောဖို့ ငါ့ကို ကြိုးစားနေတယ်၊ ဘာကြောင့် အဲဒီလို လုပ်ရတာလဲ၊ ငါ့ကို အရူးလို့ ထင်နေလို့ပဲ ဖြစ်ရမယ်၊ နင် ငါ့ကို အရူးလို့ထင်နေတယ်မို့လား ကောင်မလေး"

"သမီး. . . "မတေးဒါက စကားစ,တယ်၊ ပြီးတော့ ခဏရပ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မအနေနဲ့ကတော့ "ဟုတ်ကဲ့၊ အဲဒီလိုမျိုးပဲထင်ပါတယ်"လို့ဆိုပြီးပြောချင်တာ၊ ဒါပေမယ့် အဲဒီလိုပြောလိုက်ရင် ကိုယ့်ကိုကိုယ် သတ်သေလိုဖြစ်သွားမယ်၊ "သမီး. . "သူ့မ ထပ်ပြောပြန်တယ်၊ ဒါပေမယ့် တွန့်ဆုတ်တွန့်ဆုတ်နဲ့ "မထင်မိပါဘူး"လို့ ပြောဖို့ ငြင်းဆန်ချင်နေတုန်း။

ဒီကလေး ဘာတွေစဉ်းစားနေလဲဆိုတာ မစ္စထရန့်ဘူလ် ရိပ်မိတယ် အဲဒါကို သူ့မအနေနဲ့ မနှစ်သက်ဘူး၊ "ငါ့ကို စကားပြောရင် မတ်တတ်ရပ်ပြော၊ မင်းနာမည် ဘယ်လိုခေါ်လဲ"လို့ ခပ်တင်းတင်းနဲ့ပြောတယ်။

မတေးဒါက မတ်တတ်ရပ်ပြီး "သမီးနာမည် မတေးဒါဝမ်းဝုဒ်ပါ"

"ဝမ်းဝုဒ်ဟုတ်လား၊ အဲဒါဆိုရင် ဝမ်းဝုဒ်မော်တော်ကားဆိုင် ပိုင်ရှင်ရဲ့ သမီးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက လူလိမ်လူညစ်ပဲ" မစ္စထရန့်ဘူလ် စိတ်ကို မထိန်းနိုင်တော့ဘူးနဲ့တူတယ်၊ "လွန်ခဲ့တဲ့ တစ်ပတ်လောက်က အသစ်နီးပါးလောက်ကောင်းတယ်ဆိုပြီး ကားဟောင်းတစ်စီး ငါ့ကို ထိုးရောင်းလိုက်တယ်၊ အဲဒီတုန်းက ငါကလည်း သူ့ကို သိပ်ဖော်ရွေတဲ့လူတစ်ယောက်လို့ ထင်နေတာ၊ ဒါပေမယ့် ဒီနေ့မနက် ရွာထဲကနေဖြတ်ပြီး အဲဒီကားကို မောင်းလာနေတုန်း လမ်းပေါ်မှာ အင်ဂျင်တုံးကြီးတစ်ခုလုံး ပြုတ်ကျသွားတယ်၊ စက်တစ်ခုလုံးထဲမှာ လွှစာမှုန့်တွေ ဖြည့်ထည့်ထားတာကိုး၊ အဲဒီလူက သူခိုး ဓားပြလိုပဲ၊ နင် စောင့်ကြည့်နေ သူ့အရေခွံကိုနွာပြီး လူအူချောင်း လုပ်ပစ်မယ်"

"သူက သူ့စီးပွားရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တာပါ"လို့ မတေးဒါက သူ့မဖခင်ဘက်က ကာကွယ်ပြီး ငြင်းတယ်။


"ဘာ ကျွမ်းကျင်တာလဲ နင်လည်း ကိုယ့်ကိုကိုယ် တော်လှပြီထင်နေတယ်လို့ မစ္စဟန်နီပြောတယ်၊ ဒီမယ် မိန်းကလေး သိပ်တော်တဲ့လူတွေ ငါ မကြိုက်ဘူး၊ သူတို့အားလုံးက ကလိမ်ကကျစ်တွေချည်းပဲ၊ နင်လည်း ကလိမ်ကကျစ်ပဲနေမှာ နင့်အဖေနဲ့ငါ ပြဿနာမတက်ခင်တုန်းက နင် အိမ်မှာပြုနေထိုင်တဲ့ပုံစံနဲ့ပတ်သက်ပြီး သိပ်နားထောင်မကောင်းတဲ့ ဇာတ်လမ်းတွေကို ငါ့ကို ပြောပြဖူးတယ်၊ ဒါပေမယ့် ဒီကျောင်းမှာ အဲဒါမျိုးတွေလုပ်ဖို့ မကြိုးစားရင် ကောင်းလိမ့်မယ်ထင်တယ်၊ အခုချိန်ကစပြီး နင့်ကို ငါ သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေမယ်၊ ထိုင်ပြီး ပါးစပ်ပိတ်နေတော့"



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

မတေးဒါ သူမစားပွဲမှာ ပြန်ထိုင်လိုက်တယ်၊ မစ္စထရန့်ဘူလ်ကလည်း ဆရာ့စားပွဲရဲ့နောက်က ကုလားထိုင်မှာ နေရာယူလိုက်တယ် စာသင်နေတဲ့အချိန်မှာထိုင်တာ ဒါ သူမအတွက် ပထမဆုံးအကြိမ်ပဲ၊ ပြီးတော့ ရေကရားကို သူမ လှမ်းယူလိုက်တယ်၊ ရေကရားကို ကိုင်ထားပေမယ့် မမြော့က် သေးဘဲနဲ့ ပြောလိုက်တယ်၊ "ဒီ ကလေးသေးသေးလေးတွေ ဘာကြောင့် စိတ်ပျက်စရာကောင်းသလဲဆိုတာ ငါ ဘယ်တုန်းကမှ နားမလည်ခဲ့ဘူး၊ သူတို့ ကို ငါ့ဘဝအတွက် ပြဿနာလေးတွေလို့ပဲ၊ ပိုးမွှားတွေလိုမျိုးပေါ့၊ တတ်နိုင် သမျှ အမြန်ဆုံး သူတို့ကို ဖယ်ရှားပစ်ရမယ်၊ ယင်ကောင်တွေကို ပိုးသတ် ဆေးဖြန်းပြီး သတ်သလိုမျိုး၊ ယင်ကောင်ကပ် စက္ကူတွေချိတ်ထားပြီး သတ် သလိုမျိုးပေါ့၊ ဒီကလေးတွေကို ဖယ်ရှားဖို့ ဖြန်းဆေးတစ်မျိုးလောက် တီထွင်ဖို့ ငါ မကြာခဏ စဉ်းစားဖူးတယ်၊ ဒီအခန်းထဲကို အဲဒီလို ရောမဖြန်းဆေးတစ် ဘူးလောက်ယူလာပြီး လျှောက်ဖြန်းပစ်ရတာလောက် အရသာမျိုး မရှိနိုင် လောက်ဘူး၊ ဒါမှမဟုတ်ရင် ဒီထက်ပိုကောင်းတဲ့ လူကိုကပ်နိုင်တဲ့ စက္ကူမျိုး တွေဆိုရင်လည်း မဆိုးဘူး၊ အဲဒီဟာတွေကို တစ်ကျောင်းလုံး နေရာအနှံ့ထ ထားလိုက်ရင် နင်တို့တတွေအားလုံး အဲဒီမှာ သွားကပ်နေကြမှာ ဒါဆိုရင် ကိစ္စပြတ်ပြီ၊ အဲဒီအကြံ မကောင်းဘူးလား မစ္စဟန်နီ"

မစ္စဟန်နီက အတန်းရဲ့နောက်ဘက်ကနေပြီး "အဲဒါကို ပျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုလိုသဘောထားပြီး ပြောတာဆိုရင်တော့ အဲဒါက သိပ်ရယ်စရာမကောင်း ဘဲ့ပျက်လုံးပဲလို့ ထင်ပါတယ်"

"ရယ်စရာမကောင်းဘူး ဟုတ်လား မစ္စဟန်နီ၊ အဲဒါတို ဘာသအနေနဲ့ လုပ်ပြောနေတာမှ မဟုတ်တာ၊ ငါ့စိတ်ကူးထဲမှာ ပြီးပြည့်စုံတဲ့ကျောင်းတစ်ကျောင်း ဆောက်ဖို့ရှိတယ် မစ္စဟန်နီ၊ ကလေးတစ်ယောက်မှ မရှိတဲ့ကျောင်းမျိုးပေါ့၊ တစ်နေ့နေ့တော့ အဲဒီကျောင်းမျိုးကို စတည်ထောင်ဖို့ စဉ်းစားထားတယ်၊ သိပ်အောင်မြင်လိမ့်မယ်လို့ ထင်တယ်"

မစ္စထရန့်ဘူလ်က အပြာရောင် ပန်းကနုတ်ရေကရားကြီးကိုမ,ပြီး ဖန်ခွက်ထဲကို ရေနည်းနည်းငှဲ့ထည့်လိုက်တယ်၊ ရုတ်တရက်မှာပဲ ရေနဲ့အတူ သေးသေးရှည်ရှည် ရေပုတ်သင်ငယ်က ဖန်ခွက်ထဲကို "ပလုတ်"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မစ္စထရန့်ဘူလ် တအားကျုံးအော်လိုက်ပြီး ကုလားထိုင်ပေါ်ကနေ ထ,ခုန်လိုက်တာများ၊ ဖျောက်အိုးတစ်လုံး သူမအောက်ထဲ ဝင်သွားတဲ့ပုံစံအတိုင်းပဲ၊ ပြီးတော့ အခုဆိုရင် ကလေးတွေအားလုံးကလည်း သေးသေးရှည်ရှည် ဝမ်းဗိုက်အပြာရောင်နဲ့ အိမ်မြှောင်လိုလို၊ ပုတ်သင်ညိုလိုလို အကောင်လေး ဖန်ခွက်ထဲမှာ ခွေခေါက်ပြီး တွန့်လိမ်နေတာကို တွေ့သွားကြပြီ၊ ထ,ခုန်ပြေးလွှားကြ၊ အော်ဟစ်ကြနဲ့ပေါ့ "အဲဒါ ဘာကောင်ကြီးလဲ၊ အမလေး. . . အသည်းရားစရာကြီးပါလားနော်၊ အဲဒါ မြွေဖြစ်ရမယ်၊ မဟုတ်ဘူး၊ အဲဒါ မိကျောင်းပေါက်စ,လေး၊ အဲဒါ ပုတ်သင်ညိုလား"

"သတိထား ဆရာမကြီး" လာဗန်ဒါက ထ,အော်တယ်၊ "အဲဒီ အကောင်က ကိုက်တတ်တယ်နဲ့တူတယ်"

မစ္စထရန့်ဘူလ်က မတ်တတ်ရပ်နေရင်းနဲ့ ကျောက်ကျောတုံးထိ တုန်ခါနေတယ်၊ သူမ အဓိကစိတ်ဆိုးတာက ကိုယ့်ကိုကိုယ် သူရဲကောင်းကြီးလို့ ဂုဏ်ယူနေတဲ့သူမကို အခုလို ထ,ခုန်ပြီး ကြောက်လန့်တကြားဖြစ်သွားအောင် လုပ်တဲ့ စီမံကိန်းကြီးကို တစ်ယောက်ယောက်က အကောင်အထည်ဖော်နိုင် သွားတဲ့အတွက်ကြောင့်ပါ၊ ဖန်ခွက်ထဲမှာ တွန့်လိမ်ကောက်ကွေးနေတဲ့ သတ္တဝါကို သူမ ကြည့်လိုက်တယ်၊ ဒီလို ရေပုတ်သင်ငယ်တစ်ကောင်ကို သူမ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူးဆိုတာ သေချာသလောက်ပဲ၊ သဘာဝသမိုင်းဘာသာရပ်ကိုလည်း သူမ မကျွမ်းကျင်ဘူး၊ ဒီသတ္တဝါဟာ ဘာကောင်လဲဆိုတာအတွက် အကောင်းဆုံးအကြံဉာဏ် သူမမှာ မရှိဘူး၊ ကြည့်ရတာတော့ တော်တော်လေး ရုပ်ဆိုးလွန်းတယ်၊ သူမရဲ့ ကုလားထိုင်မှာ ဖြည်းဖြည်းချင်း ပြန်ထိုင်လိုက်တယ်၊ ဒီအချိန်မှာတော့ မစ္စထရန့်ဘူလ်ကိုကြည့်ရတာ အရင့်အရင်ကထက် ပိုကြောက်စရာကောင်းနေတယ်၊ မုန်းတီးမှုတွေ၊ အမျက်ဒေါသတွေက သူမရဲ့ မျက်ဆံသေးသေးလေးတွေထဲမှာ တဖွားဖွားတောက်လောင်နေတယ်၊

"မတေးဒါ ထစမ်း"

"ဘယ်သူ. . သမီးဟုတ်လား၊ သမီး ဘာလုပ်လို့လဲ"

"မတ်တတ်ရပ်စမ်း၊ ကောင်းကျိုးမပေးတဲ့ ပိုးဟတ်မ"

"သမီး ဘာမှမလုပ်ဘူး ဆရာမကြီး၊ တကယ်ပြောတာပါ၊ ဘာမှမသိဘူး၊ ဒီလို ပိန်ပိန်သေးသေးကောင်လေးကိုလည်း အရင်က မမြင်ခဲ့ဖူးပါဘူး

www.burmeseclassic.com



"အခုချက်ချင်း မတ်တတ်ရပ်စမ်း တီရီစ္စာနိမလေး"

စိတ်မပါ့တပါနဲ့ မတေးဒါ မတ်တတ်ရပ်လိုက်တယ်၊ သူမဟာ ဒုတိယ အတန်းမှာပါ၊ သူမရဲ့ နောက်တန်းမှာထိုင်နေတဲ့ လာဗန်ဒါတစ်ယောက် အပြစ် ရှိသလို ခံစားမိနေပြီး စိတ်ညစ်နေတယ်၊ သူမရဲ့သူငယ်ချင်းတို့ ဒုက္ခရောက် သွားဖို့ သူမ မရည်ရွယ်ခဲ့တာ အမှန်၊ ဒါပေမယ့်လည်း ကိုယ့်အပြစ်ကို ခံခဲ့ လောက်တဲ့အထိလည်း သူမမှာ သတ္တိမရှိသေးဘူး။

"နင်ဟာလေ မသတီစရာ၊ ရွံစရာ၊ တန်ဖိုးမရှိတဲ့ သတ္တဝါပဲ"လို့ မစ္စ ထရန့်ဘူလ် စ,အော်ပြောတယ်၊ "ဒီကျောင်းမှာ နင် မနေသင့်ဘူး၊ သံတိုင် တွေနောက်မှာပဲ ရှိနေသင့်တယ်၊ ငါ့ကို ဒီလိုသိက္ခာချတဲ့ နင့်ရဲ့လုပ်ရပ်အပေါ် နင့်ကို အပြစ် ကောင်းကောင်းပေးရမယ်၊ နင့်ကို ဟော်ကီရိုက်တဲ့တုတ်တံနဲ့ အရှေ့တံခါးဘက်ကနေ ရိုက်ထုတ်ပြီး ကော်ရီဒါကနေ ရိုက်ချပစ်မယ်၊ နင် အိမ်ပြန်တဲ့လမ်းမှာ လက်နက်ကိုင်ထားတဲ့ အချုပ်သားအစောင့်တွေကိုလည်း ထည့်ပေးလိုက်မယ်၊ ပြီးရင် ဆိုးသွမ်းတဲ့မိန်းကလေးတွေကို ပို့တဲ့ စာရိတ္တပြု ပြင်ရေးကျောင်းကို ပို့ပြီး အဲဒီမှာ အနည်းဆုံး အနှစ်လေးဆယ်လောက် နေ စေရမယ်"

မစ္စထရန့်ဘူလ်ရဲ့ မျက်နှာအငွေ့အသက်က ပွက်ပွက်ဆူနေတဲ့ တစ်ခု ခုလို့ထင်ရလောက်ပြီး၊ သူမပါးစပ်ရဲ့ ထောင့်လေးတွေပါ တံတွေးစ,လေးတွေ စုနေသေးတယ်၊ ဒါပေမယ့် သူမတစ်ယောက်တည်း ဒေါသမွှန်နေတာတော့ မဟုတ်ဘူး၊ မတေးဒါရဲ့ မျက်နှာမှာလည်း တဖြည်းဖြည်း နီရဲစ,ပြုလာပါပြီ၊ သူမ တကယ်လုပ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး စွပ်စွဲခံရတာ သူမဝန်မလေးဘူး၊ ဒါပေမယ့် သူမ မကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် အစွပ်စွဲခံရတာ သူမအဖို့ အတွေ့ အကြုံ အသစ်တစ်ခုလို ဖြစ်နေတယ်၊ ဖန်ခွက်ထဲက ဘာကောင်မှန်းမသိတဲ့ သတ္တဝါနဲ့ပတ်သက်ပြီး သူမ ဘာတစ်ခုမှ မလုပ်ခဲ့ဘူးဆိုတာ အမှန်ပါ၊ ကံက သည်း အတော်ကောင်းပုံရတယ်လို့ သူမ တွေးမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မစ္စထရန့်ဘူလ်ကြီးက အပြစ်တွေကို သူမအပေါ် လုံးဝပုံချနေလို့ပါပဲ။

"သမီး မလုပ်ဘူး"လို့ သူမ အသံကုန်ဟစ်တယ်။

"အိုး. . ဟုတ်တယ်၊ အဲဒါ နင်လုပ်တာ"လို့ မစ္စထရန့်ဘူလ်ကလည်း ပြန်ဟိန်းတယ်၊ "တခြားဘယ်သူကမှ ဒီလို ဥာဏ်နီဥာဏ်နက်မျိုးကို စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မိမှာမဟုတ်ဘူး၊ နင်နဲ့ပတ်သက်ပြီး နင့်အဖေကို ငါ သတိပေးလိုက်တာ မှန်တယ်" ဒီအမျိုးသမီးကြီးကို ကြည့်ရတာ ကိုယ့်ကိုကိုယ် လုံးဝ မထိန်းချုပ်နိုင်တော့ဘူးနဲ့တူတယ်၊ စိတ်ဖောက်နေသူ တစ်ယောက်လိုပဲ အသံကျယ်ကျယ်နဲ့ တွေကရာ လျှောက်ပြောနေတော့တယ် "နင်. . ဒီကျောင်းမှာ ပြီးဆုံးသွားပြီ နင့်ခေါင်းပေါ်ကို ကျိုးကန်းချေးတောင် ပါချလို့မရနိုင်တဲ့နေရာကို နင်ရောက်သွားနိုင်တယ်ဆိုတာ ငါ့အမြင်အရ ပြောနိုင်တယ်၊ နေ့အလင်းရောင်ကို နင် ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး"

"အဲဒါ သမီးလုပ်တာ မဟုတ်ပါဘူးလို့ ပြောနေတယ်လေ" မတေးဒါ သံကုန်ဟစ်ပြန်တယ်၊ "အဲဒီလိုမျိုး သတ္တဝါကို သမီးဘဝတစ်လျှောက်လုံးမှာ တစ်ခါမှ မမြင်ဖူးဘူး"

"ငါသောက်မယ့် ရေထဲမှာ မိ. . မိ. . မိကျောင်းတစ်ကောင် ထည့်ထားတယ်"လို့ မစ္စထရန့်ဘူလ်ကလည်း ပြန်ဟစ်တယ်၊ "ကျောင်းအုပ်ဆရာမကြီးကို အဲဒီလိုလုပ်တာလောက် ဆိုးတဲ့ ရာဇဝတ်မှုမျိုး ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူး၊ ထိုင်တော့ စကားတစ်လုံးမှ မပြောနဲ့တော့၊ အခုချက်ချင်း မြန်မြန် ထိုင်စမ်း"

"ဒါပေမယ့်. . သမီး" ထိုင်ဖို့ငြင်းဆန်ဟန်နဲ့ မတေးဒါက အော်ဟစ်နေဆဲ။

"နင့်ကို ပါးစပ်ပိတ်ထားလို့ ငါ ပြောနေတယ်" မစ္စထရန့်ဘူလ်ကလည်း အော်ဟစ်ဆဲ၊ "နင် အခုချက်ချင်း ပါးစပ်ပိတ်ပြီး မထိုင်ဘူးဆိုရင် ခါးပတ်ခေါင်းကြီးကြီးရှိတဲ့ ငါ့ခါးပတ်ကိုဖြုတ်ပြီး နင့်ကို ပေးလိုက်မယ်နော်"

မတေးဒါ ဖြည်းဖြည်းချင်းထိုင်လိုက်တယ်၊ အိုး. . အယုတ်ရှုတ်ဆုံးတာပဲ၊ လုံးဝမတရားမှုကြီးပဲ၊ သူမ မလုပ်တဲ့တစ်ခုခုအတွက် ဘယ်လောက်များတောင် သူမကို စွပ်စွဲဝံ့သလဲ။

မတေးဒါ ပိုပြီး စိတ်ဆိုးလာတယ်၊ ပြီးတော့ ပိုစိတ်တို၊ အရမ်းဒေါသ မခံနိုင်လောက်အောင် ဖြစ်သွားပြီး၊ သူမရဲ့ အတွင်းမှာ တစ်ခုခုက မကြာခင် ပေါက်ကွဲတော့မယ်အထိ ခံစားရတယ်။

ရေထည့်ထားတဲ့ ဖန်ခွက်ရှည်ရှည်ထဲက ရေပုတ်သင်ညိုကတော့ တွန့်လိမ်လို့ကောင်းတုန်း၊ ဖန်ခွက်က သူ့ခန္ဓာကိုယ်နဲ့ဆို သေးလွန်းနေတယ်

www.burmeseclassic.com



မစ္စထရန့်ဘူလ်ကို မတေးဒါ စိုက်ကြည့်လိုက်တယ်၊ မုန်းလိုက်တာနော်. . ပြီးတော့ ရေပုတ်သင်ငယ်ထည့်ထားတဲ့ ဖန်ခွက်ကို စိုက်ကြည့်လိုက်တယ်၊ အဲဒီနေရာကိုသွား ဖန်ခွက်ကို ဆွဲယူပြီး၊ ဖန်ခွက်ထဲမှာရှိတဲ့ ပါဝင်ပစ္စည်းတွေ အကုန်လုံးကို မစ္စထရန့်ဘူလ်ခေါင်းပေါ်ကနေ သူမ လောင်းချချင်လိုက်တာ၊ သူမသာ အဲဒီလိုလုပ်လိုက်ရင် ဘယ်လိုတုန့်ပြန်မလဲဆိုတာကိုတော့ မတေးဒါ ဆက်မတွေးဝံ့တော့ဘူး။

မစ္စထရန့်ဘူလ်က ဆရာ့စားပွဲရဲ့နောက်မှာ ထိုင်နေရင်း ဖန်ခွက်ထဲက တွန့်လိမ်နေတဲ့ ရေပုတ်သင်ငယ်ကို ကြောက်ရွံ့စိတ်နဲ့ စူးစမ်းလိုစိတ်ရောပြီး၊ စိုက်ကြည့်နေတယ်၊ မတေးဒါရဲ့ မျက်လုံးတွေကလည်း ဖန်ခွက်ပေါ်မှာ သံမှို စွဲထားသလိုပဲ၊ အခု မတေးဒါရဲ့ ကိုယ်ပေါ်မှာ ထူးဆန်းပြီး ထူးခြားတဲ့ ခံစား ချက်တစ်ခု ဖြစ်ပေါ်နေတယ်၊ ခံစားချက်က မျက်လုံးထဲမှာ အဓိကဖြစ်နေတာ၊ လျှပ်စစ်လိုမျိုးအရာတွေက မျက်လုံးအတွင်းဘက်မှာ စုစည်းနေတဲ့ပုံပဲ၊ စွမ်းအားတစ်မျိုးက သူမရဲ့မျက်လုံးထဲမှာ အစပျိုးနေပြီ၊ ခွန်အားက အဲဒီထဲမှာ ခြေကုတ်ယူထားတယ်၊ ဒါပေမယ့် အဲဒီထဲမှာ သူမ နားမလည်နိုင်တဲ့ နောက် ထပ်ခံစားချက် တစ်မျိုးရှိသေးတယ်၊ အလင်းရောင်တွေ ပြိုးပြိုးပြက်ပြက် ထွက် နေသလိုမျိုးပဲ၊ သူမရဲ့ မျက်လုံးအိမ်က တဖြည်းဖြည်းနဲ့ ပူလာပြီး အဲဒီထဲမှာ စွမ်းအင် အများကြီး ပြည့်နေသလိုမျိုး၊ တကယ်အံ့ဩစရာကောင်းတဲ့ အာရုံ တစ်မျိုးပဲ၊ သူမမျက်လုံးတွေကိုတော့ ဖန်ခွက်ပေါ်မှာပဲ ထားထားဆဲ၊ ပြီးတော့ အခုဆိုရင် မျက်လုံးတစ်လုံးစီရဲ့ အတွင်းပိုင်းထဲက စွမ်းအင်က ပိုကြီးလာပြီး မမြင်နိုင်တဲ့လက်ကလေးတွေ သူတို့ကိုယ်ပေါ်မှာ ရှိသလိုမျိုးနဲ့ သူမစိုက်ကြည့် နေတဲ့ ဖန်ခွက်ဆီကို တဟုန်ထိုးထွက်သွားကြပြီး. .

"မှောက်ချလိုက်" မတေးဒါ တိုးတိုးလေး ဆိုနေတယ်၊ "မှောက်ချ လိုက်စမ်း" ဖန်ခွပ်လှုပ်နေတာကို သူမ မြင်နေရတယ်၊ အနောက်ဘက်ကို တစ်လက်မလောက် စောင်းသွားပြီး အရင်အတိုင်း ပြန်ဖြစ်သွားတယ်၊ သူမရဲ့ မျက်လုံးအစုံ အလယ်ဗဟိုတည့်တည့် အနက်ဆံပိုင်းလေးထဲကနေ စွမ်းအား တွေ ဖြာထွက်လာသလို ခံစားနေရင်းနဲ့ပဲ၊ သူမ မျက်လုံးကနေ အဲဒီ မမြင်နိုင် တဲ့ လက်ကလေးတွေ၊ လက်ချောင်းလေးတွေနဲ့ ဖန်ခွက်ကို ဆက်တွန်းနေဆဲ၊

"မှောက်ချလိုက်"သူမ တိုးတိုးလေး ဆိုပြန်တယ်၊ "မှောက်ချလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်က နောက်တစ်ခါ လှုပ်နေပြန်တယ်၊ သူမ မျက်လုံးထဲက စွမ်းအားတွေကို ပိုထုတ်နေရင်းနဲ့ ကြိုးစားပြီး ဖန်ခွက်ကို တွန်းနေဆဲပင် ပြီးတော့ တဖြည်းဖြည်းနဲ့ သူမ ဘာမှ မမြင်နိုင်လောက်တဲ့အချိန်မှာ ဖန်ခွက်က



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကို ယိမ်းလိုက်၊ အနောက်ဘက်ကို ယိမ်းလိုက်နဲ့ ဖန်ခွက်အစွန်း တစ်ဘက်တည်းမှာပဲ အခြေပြုနေတဲ့အထိကို ယိမ်းထိုးနေတယ်၊ စားပွဲပေါ်မှာ နောက်ဆုံး ခလွမ်းဆိုတဲ့ မြည်သံနဲ့ ပြုတ်မကျခင်အထိကို ဒယိမ်းဒယိုင်နဲ့ လျှောက်သွားနေသေးတာ၊ ဖန်ခွက်ထဲမှာရှိတဲ့ ရေရော တွန့်လိမ်နေတဲ့ ရေ ပုတ်သင်ငယ်လေးပါ မစ္စထရန့်ဘူလ်ရဲ့ ကြီးမားလှတဲ့ ရင်အုံကြီးပေါ်ကို မှောက် ကျကုန်တယ်၊ အဆောက်အဦကြီးမှာရှိတဲ့ ပြတင်းပေါက်တွေ တုန်ခါသွားစေ လောက်တဲ့ အော်သံကြီးတစ်ခုကို ထုတ်လိုက်ပြီး၊ နောက်ငါးမိနစ်အတွင်းမှာ တော့ ဖုံးကျည်တစ်တောင့်လို သူမရဲ့ ကုလားထိုင်ပေါ်ကနေ ကမူးရှူးထိုး ထ,ပြေးတော့တယ်၊ ကြီးလွန်းလှတဲ့ ဝမ်းဗိုက်ကြီးကို ကာကွယ်ပေးထားတဲ့ ကော်တွန်သား သင်တိုင်းမှာ ခြေသည်းပါတဲ့ ခြေထောက်သေးသေးလေတွေနဲ့ ရေပုတ်သင်ငယ်ကလည်း တွယ်ကပ်နေတယ်၊ မစ္စထရန့်ဘူလ်က အောက်ကို ကြည့်လိုက်ပြီး အဲဒီအကောင်ကိုလည်း မြင်သွားရော ပိုကျယ်တဲ့အသံကြီးနဲ့ နောက်တစ်ခါ ထပ်တွန်လိုက်ပြီး၊ လက်နဲ့ပုတ်ချလိုက်လို့ အဲဒီသတ္တဝါ စာသင် ခန်းထဲမှာ လွင့်စင်သွားတော့တယ်၊ လာဗန်ဒါရဲ့ စားပွဲနားလည်း ကျသွားရော သူမ အလျင်အမြန်ကောက်ပြီး သူမရဲ့ ကွန်ပါဘူးထဲမှာ နောက်တစ်ခါ ထပ် သိမ်းထားလိုက်တယ်၊ ရေပုတ်သင်ငယ်ဆိုတာ သူမအမြင်အရတော့ ကိုယ်နဲ့ ခကွာသိမ်းထားသင့်တဲ့ အသုံးဝင်ပစ္စည်းတစ်ခုပဲ။

မစ္စထရန့်ဘူလ်တစ်ယောက် အတန်းရှေ့မှာ အမျက်ဒေါသ ချောင်း ချောင်းထ,ပြီး မတ်တတ်ရပ်နေတယ်၊ သူမရဲ့ မျက်နှာကလည်း ပြုတ်ထားတဲ့ ဂဏန်းပေါင်းခြောက်ကြီးနဲ့ ပိုပိုတူလာတယ်၊ သူမရဲ့ ကြီးမားလှတဲ့ ရင်အုံကြီးက လည်း အသက်ရှူသံပြင်းပြင်းနဲ့အတူ နိမ့်ချီ မြင့်ချီနဲ့၊ ပြီးတော့ ရေမှောက်ကျ သွားလို့ စဉ်သွားတဲ့နေရာမှာလည်း အကွက်ထ,နေတော့ သူမရဲ့ အသားထဲ အထိ စိုနေမှာ သေချာတယ်။

"ဘယ်သူလုပ်တာလဲ" သူမပေါက်ကွဲပြီး၊ "ထွက်ခဲ့စမ်း၊ အမှားကို ဝန်ခံစမ်း၊ အရှေ့ကိုလာခဲ့၊ ဒီတစ်ခါတော့ လွတ်မှာမဟုတ်ဘူးလို့သာမှတ် ဒီလို မဟုတ်တရုတ်အလုပ်အတွက် ဘယ်သူ့မှာ တာဝန်ရှိလဲ၊ ဒီဖန်ခွက်ကို ဘယ်သူ တွန်းလိုက်တာလဲ"

ဘယ်သူမှ မဖြေကြဘူး၊ တစ်တန်းလုံး တိတ်ဆိတ်နေလိုက်ကြတာ

www.burmeseclassic.com



သချိုင်းကျနေတာပဲ။

"မတေးဒါ" သူမက ဒီတစ်ခါ နာမည်ထပ်ခေါ်ပြီး "အဲဒါနင်ပဲ၊ နင်လုပ်တယ်ဆိုတာ ငါသိတယ်" ဒုတိယတန်းမှာ ထိုင်နေတဲ့ မတေးဒါက ဘာမှ မပြောတဲ့အပြင် တုတ်တုတ်တောင် မလှုပ်ဘူး၊ ထူးထူးဆန်းဆန်း တည်ငြိမ်အေးချမ်းပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ ခံစားချက်က သူမ တစ်ကိုယ်လုံးမှာ ဖုံးလွှမ်းနေတယ်၊ ပြီးတော့ တခဏအတွင်းမှာ သူမ သိရှိလိုက်တာက ဒီကမ္ဘာပေါ်မှာ သူမကြောက်ရွံ့နေရမယ့်သူ တစ်ဦးတစ်ယောက်မှ မရှိဘူးဆိုတာပဲ၊ မျက်လုံးစွမ်းအင် တစ်မျိုးတည်းနဲ့ ရေခွက်ကို မှောက်ချခိုင်းပြီး၊ အဲဒီထဲမှာရှိတဲ့ အရာအားလုံးကို ဆိုးသွမ်းလွန်းတဲ့ မစ္စထရန့်ဘူလ်အပေါ်ကို သွန်ချခိုင်းပြီးပြီ၊ ဒါဆိုရင် အဲဒီလိုမျိုး လုပ်နိုင်တဲ့လူက ဘာမဆို လုပ်နိုင်တာပေါ့။



"စကားပြောစမ်း" မစ္စထရန့်ဘူလ်ကတော့ အော်နေပြီ၊ "နင်လုပ်ခဲ့တာကို ဝန်ခံစမ်း"၊ ဒေါသမီးတွေတောက်နေတဲ့ ဒီ ရောမ မိန်းမကြီးရဲ့ မျက်လုံးအစုံကို မတေးဒါက စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ၊ လုံးဝတည်ငြိမ်တဲ့ အမူအယာနဲ့ပဲ ပြောလိုက်တယ် "ဒီ စာသင်ချိန် စ,ကတည်းက သမီးစားပွဲက ဘယ်မှ မသွားပါဘူး၊ ဒီထက်ပိုပြီး ဘာမှ မပြောနိုင်တော့ပါဘူး"

ရုတ်တရက်ဆိုသလိုပဲ တစ်ခန်းလုံးကလည်း ကျောင်းအုပ်ဆရာမကြီးကို ဆန့်ကျင်တဲ့ပုံစံနဲ့ ထ,ကြွတော့တာပဲ၊ "သူမှ လုံးဝမရွေ့တာ" ဆိုပြီး အော်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မတေးဒါ လုံးဝမရှေ့ဘူး၊ ဘယ်သူမှ မရှေ့ဘူး၊ ကိုယ့်ဘာသာကိုယ် တိုက်မိသွားတာပဲ ဖြစ်ရမယ်"

"ငါ လုံးဝ မတိုက်မိဘူး" မစ္စထရန့်ဘူလ်ကလည်း ပြန်အော်တယ်၊ "ငါ့ကို အဲဒီလို ပြောရဲရအောင် နင်တို့ တော်တော်သတ္တိကောင်းနေကြပါလား ဟင်၊ ပြောစမ်း မစ္စဟန်နီ နင် အားလုံးကို မြင်လိုက်လိမ့်မယ်၊ ဒီဗန်ခွက်ကို ဘယ်သူ တိုက်ချလိုက်တာလဲ"

"ဘယ်ကလေးမှတော့ မတိုက်ချဘူး" မစ္စဟန်နီက ပြန်ဖြေတယ်၊ "ဆရာမကြီး ဒီကို ရောက်နေကတည်းက ဘယ်သူမှ သူတို့စားပွဲကနေ မရွှေ့ကြဘူး၊ နိုင်ဂျဲလ်က လွဲရင်ပေါ့၊ ဒါပေမယ့် သူလည်း ဒီထောင့်ကနေ မရွှေ့ပါဘူး"

မစ္စထရန့်ဘူလ်က မစ္စဟန်နီကို တစ်ချက်လှည့်ကြည့်လိုက်တယ်၊ မစ္စဟန်နီကလည်း တစ်ချက်မှ တွန့်မသွားဘဲ သူမကို ပြန်ကြည့်နေလိုက်တယ်၊ "ကျွန်မ အမှန်အတိုင်းပြောတာပါ၊ ဆရာမကြီး သတိမထားမိဘဲ ကိုယ့်ဘာသာကိုယ် တိုက်ချမိလိုက်တာ ဖြစ်မှာပါ၊ ဒီလိုကိစ္စမျိုးက အလွယ်တကူ ဖြစ်တတ်တာပဲလေ"

"နင်တို့လို အသုံးမဝင် လူစင်မမီတဲ့ဟာလေးတွေကို ငါ တော်တော် စိတ်ပျက်လာပြီ"လို့ မစ္စထရန့်ဘူလ်က အော်တယ်၊ "ငါ့ရဲ့ တန်ဘိုးရှိတဲ့ အချိန်တွေကို ဒီမှာဖြုန်းဖို့ဆိုရင် ငါ ငြင်းရတော့မယ်"လို့ဆိုပြီး အခန်းတံခါးကို ဆောင့်ပိတ်ပြီး ပြန်လည်ချီတက်သွားတော့တယ်။

အဲဒီလိုမျိုးနဲ့ တစ်ခန်းလုံး တိတ်ဆိတ်သွားပြီးတဲ့နောက်မှာ မစ္စဟန်နီက အတန်းရှေ့ကို လျှောက်သွားပြီး၊ သူမ စားပွဲရဲ့နောက်မှာ မတ်တတ်ရပ်လိုက်တယ်။

"ဖူး. . ." သူမက စ,ပြီးစကားဆိုလိုက်တယ်၊ "ဒီတစ်နေ့အတွက်တော့ သင်ခန်းစာ လုံလောက်ပြီလို့ ဆရာမထင်တယ်၊ အတန်းပြီးသွားပြီ၊ မင်းတို့အားလုံး အပြင်ထွက်ပြီး မင်းတို့မိဘတွေ လာကြိုမှာကို ကစားကွင်းထဲမှာ ကစားရင်းနဲ့ စောင့်နေကြပေါ့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

အတန်းအပြင်ဘက်ကို ဝရန်းသုန်းကားနဲ့ ထွက်သွားတဲ့ လူအုပ်
မှာ မတေးဒါ ပါမသွားဘူး၊ ကလေးတွေအားလုံး မရှိတော့တဲ့အထိ သူမစား
မှာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေပြီး စဉ်းစားခန်းဝင်နေတယ်၊ ဖန်ခွက်
ပတ်သက်ပြီး ဖြစ်ပျက်ခဲ့တာကို တစ်ယောက်ယောက်ကို ပြောမှဖြစ်မယ်
တာ သူမ သိနေတယ်၊ သူမရဲ့ စိတ်အတွင်းထဲမှာ အစိုင်အခဲလိုဖြစ်နေ
လျှို့ဝှက်ချက်ကြီးတစ်ခုကို ဘယ်လိုမှ ထိန်းမထားနိုင်ဘူး၊ သူမ အခုလို
နေတာက လူတစ်ယောက်၊ ပညာဉာဏ်ရှိပြီး စာနာ နားလည်ပေးနိုင်တဲ့ အ
ရောက် လူတစ်ယောက်၊ ဒီလို အရမ်းထူးဆန်းတဲ့ အဖြစ်အပျက်မျိုးရဲ့ အဓိပ္ပာ
ကို ကူညီရှာဖွေပေးနိုင်မယ့် လူမျိုးပေါ့။

သူမရဲ့ မိခင်ရော၊ ဖခင်ပါ ဒီစာရင်းထဲမှာ လုံးဝ မပါဘူး၊ သူ
ဇာတ်လမ်းကို သူတို့ ယုံခဲ့တယ်ဆိုရင် (ယုံ ၊ မယုံဆိုတာ မသေချာဘူး) အဲဒီ
ယုံခဲ့တယ်ဆိုရင်တောင်မှ ဒီနေ့နေ့လည် အတန်းထဲက အဖြစ်အပျက်က အ
ကို ထူးဆန်းအံ့သြစရာကြီးပါလား ဆိုတာမျိုးကိုတော့ သူတို့ လက်ခံမှာ မဟု
ဘူး၊ ရုတ်တရက်ပဲ သူမရဲ့ အတွင်းရေးကို ဖွင့်တိုင်ပင်လို့ရတဲ့လူက မစ္စဟန်နီ
ဆိုပြီး အတွေးပေါ်လာတယ်။

စာသင်ခန်းထဲမှာ အခုဆိုရင် မတေးဒါနဲ့ မစ္စဟန်နီတို့ နှစ်ယောက်
ရှိတော့တယ်၊ မစ္စဟန်နီကတော့ သူမရဲ့စားပွဲမှာပဲ ထိုင်နေပြီး ဘာရွက်
ရွက်ကို လှန်လှောရင်း အလုပ်ရှုပ်နေတယ်၊ ပြီးတော့ မော့ကြည့်ပြီး"မတေး

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေနဲ့ အပြင်မသွားဘူးလား"လို့ မေးလိုက်တယ်။

"ဆရာမနဲ့ ခဏလောက် စကားပြောလို့ ရမလား"

"ရပါတယ်၊ ဘာတွေများ ပြဿနာ ဖြစ်နေလို့လဲ"

"အရမ်း ထူးဆန်းတာတစ်ခု သမီးဆီမှာ ဖြစ်ပျက်သွားတယ် ဆရာမ"

ချက်ချင်းဆိုသလို မစ္စဟန်နီ တစ်ကိုယ်လုံး သတိအနေအထားမျိုး ဖြစ်သွားတယ်၊ မတေးဒါနဲ့ပတ်သက်ပြီး ဆိုးရွားတဲ့ တွေ့ဆုံမှုနှစ်ခုကို ရင်ဆိုင်ပြီးကတည်းက ဒီကလေးမအကြောင်း သူမ တော်တော်များများ စဉ်းစားမိနေပြီ၊ သူမအနေနဲ့ ဘာများ ကူညီနိုင်မလဲဆိုပြီးတော့လည်း အမြဲတွေးတောနေမိတယ်၊ ဆိုးရွားတဲ့ တွေ့ဆုံမှုနှစ်ခုဆိုတာကတော့ ကျောင်းအုပ်ဆရာမကြီးနဲ့ တစ်ခါ၊ ပြီးတော့ စိတ်ပျက်စရာကောင်းလှတဲ့ ဝမ်းဝုဒ်စုံတွဲနဲ့တစ်ခါကို ဆိုလိုတာပါ၊ အခုတော့ မျက်နှာပေါ်မှာ ပီတိဖြာနေပြီး အတန်းထဲမှာ တစ်ကိုယ်တည်း နှုတ်ဆိတ်နေတဲ့ မတေးဒါက သူမနဲ့ စကားပြောလို့ရမလားလို့ မေးနေတယ်၊ မတေးဒါကို အခုလိုမျိုး မျက်လုံးအပြူးသားနဲ့ ထူးထူးဆန်းဆန်းပုံစံဖြစ်နေတာကို မစ္စဟန်နီ တစ်ခါမှ မမြင်ဖူးဘူး။

"အင်း. . . မတေးဒါ၊ သမီးဆီမှာ ဘာတွေများ ထူးထူးဆန်းဆန်း ဖြစ်သွားလဲဆိုတာ ဆရာမကို ပြောပြ"

"မစ္စထရန့်ဘူလ်က သမီးကို ကျောင်းမထုတ်ပါဘူးနော်၊ သူ့ရေခွက်ထဲက အကောင်ကို သမီးထည့်ပေးတာ မဟုတ်ပါဘူး"

"ဆရာမသိပါတယ်"လို့ မစ္စဟန်နီက ပြောတယ်။

"သမီး ကျောင်းထုတ်ခံရတော့မှာလားဟင်. . ."

"ဆရာမတော့ အဲဒီလို မထင်ပါဘူး၊ ကျောင်းအုပ်ဆရာမကြီးက နည်းနည်း စိတ်လှုပ်ရှားလွန်သွားတာပါ၊ ဒါလောက်ပါပဲ. . ."

"ဒါဆိုရင် ကောင်းတာပေါ့၊ ဒါပေမယ့် သမီးပြောပြချင်တာက အဲဒါ မဟုတ်ဘူး"

"ဘာအကြောင်း ပြောချင်တာလဲ မတေးဒါ"

"ရေဖန်ခွက်နဲ့ အဲဒီထဲမှာရှိတဲ့ သတ္တဝါအကြောင်း ပြောပြချင်တာပါ၊ မစ္စထရန့်ဘူလ်အပေါ်ကို အဲဒါမှောက်ကျသွားတာ ဆရာမ မြင်လိုက်တယ် မလား"

www.burmeseclassic.com

www.burmeseclassic.com



"မြင်လိုက်တာပေ့ါ"

"ဟုတ်ကဲ့ . . အဲဒါကို သမီး မသိပါဘူး၊ အဲဒီနားကိုတောင် မသွားခဲ့ပါဘူး"

"သမီး မသွားဘူးဆိုတာ ဆရာမသိပါတယ်၊ အဲဒါကြောင့် အဲဒီလိုလုပ်တာ သမီးမဟုတ်ပါဘူးလို့တောင် ကျောင်းအုပ်ဆရာမကြီးကို ဆရာမငြင်းနေတာ သမီးကြားတယ်မို့လား"

"ဟုတ်ကဲ့ . . ဒါပေမယ့်၊ အဲဒါ သမီးပါ ဆရာမကိုပြောပြချင်နေတာ အဲဒါပါပဲ"

"သမီးပြောတာ ဆရာမ နားမရှင်းဘူး"

"သမီး မလုပ်တဲ့ကိစ္စတစ်ခုကို စွပ်စွဲခံရတော့ အရမ်းဒေါသထွက်ပြီး အဲဒီလိုဖြစ်အောင် လုပ်လိုက်တာပါ"

"ဘယ်လိုဖြစ်အောင် လုပ်လိုက်တာလဲ မတေးဒါ"

"ဖန်ခွက်ကို မှောက်ချလိုက်တယ်"

"သမီးဆိုလိုတာကို ဆရာမ နားမလည်သေးဘူး"

"သမီး မျက်လုံးနဲ့ပဲ လုပ်လိုက်တာပါ၊ အဲဒါကို စိုက်ကြည့်နေပြီး မှောက်ကျသွားဖို့ ဆုတောင်းနေတာ၊ နောက်ပြီးတော့ သမီးမျက်လုံးတွေပူလာပြီး အဲဒီထဲကနေ ထူးဆန်းတဲ့တစ်မျိုး ထွက်လာတယ်၊ ပြီးတော့ ဖန်ခွက် မှောက်ကျသွားတော့တာပဲ"

မစ္စဟန်နီက မတေးဒါကို သူမရဲ့ စတီးလ်ကွတ်မျက်မှန်ဝိုင်းထဲကနေ သေသေချာချာ အကဲခတ်ကြည့်လိုက်တယ်၊ မတေးဒါကလည်း မစ္စဟန်နီကို တည်တည်ငြိမ်ငြိမ်နဲ့ ပြန်စိုက်ကြည့်နေတယ်။

"ဆရာမ အခုအချိန်ထိ သမီးပြောတာကို နားမလည်သေးဘူး၊ ဒီ ဖန်ခွက်မှောက်ကျသွားအောင် စိတ်ထဲကနေ ဆုတောင်းလိုက်တာကို ပြောချင်တာလား"

"ဟုတ်ပါတယ်၊ မျက်လုံးကနေ တစ်ဆင့်ပါ"

အတန်ကြာတဲ့ ... ထိ မစ္စဟန်နီ တိတ်ဆိတ်သွားတယ်၊ မတေးဒါ လိမ်လည်ပြောနေတယ်လို့လည်း သူမ မထင်ဘူး၊ ကွဲကွဲပြားပြားသိလိုက်ရတဲ့ အိပ်မက်တစ်ခုကြောင့် အခုလို ကယောင်ကတမ်း လျှောက်ပြောနေတာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်၊ "သမီး ရှိနေတဲ့နေရာကနေ ဖန်ခွက်ကို မှောက်ချဖို့ပြောလိုက်တော့ သူက မှောက်ကျသွားတယ်လို့ ဆိုလိုချင်တာလား"

"အဲဒီလိုမျိုးပါ ဆရာမ"

"အဲဒီလိုမျိုးသာ တကယ်လုပ်ခဲ့တာဆိုရင် ဘုရားသခင်ပေါ်ပြီး ခေတ်ကာလနောက်ပိုင်းမှာ လူသားတစ်ယောက်အနေနဲ့ လုပ်ဆောင်တဲ့ အထူးခြားဆုံး အံ့ဖွယ်တစ်ပါးပဲ"

"တကယ်လုပ်လိုက်တာပါ ဆရာမ"

ထူးဆန်းတာပဲလို့ မစ္စဟာန်နီ တွေးနေမိတယ်၊ ဒီလိုမျိုး စိတ်ကူးယဉ်ဆန်ဆန်စကားတွေကို ဒီကလေးသေးသေးလေးဆီမှာ ဘယ်နှစ်ကြိမ်လောက်များ ရှိနေတတ်ပါလိမ့်၊ ဒီကိစ္စကို အငြင်းသာဆုံးနဲ့ ဖြစ်နိုင်သမျှ အဆုံးသတ်ဖို့ သူမ ဆုံးဖြတ်လိုက်တယ်၊ "ဆရာမကို ပြန်လုပ်ပြလို့ ရမလား" သူမ မညာမတာပြောလိုက်တာတော့ မဟုတ်ပါဘူး။

"သမီး သိပ်တော့မသေချာဘူး၊ ဒါပေမယ့် လုပ်နိုင်လိမ့်လို့တော့ ထင်ပါတယ်"

မစ္စဟာန်နီက အခုအလွတ်ဖြစ်သွားတဲ့ ဖန်ခွက်ကို စားပွဲပေါ်ကို ရွှေ့လိုက်တယ်၊ "ရေထည့်လိုက်ရမလား" သူမက ခပ်စစ,ပြုံးပြီး မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com




"အဲဒါနဲ့ သိပ်မဆိုင်ဘူးနဲ့တူတယ်"

"ကောင်းပြီ၊ ဆက်လုပ်ပါ မှောက်ချလိုက်"

"အချိန်တော့ နည်းနည်းကြာလိမ့်မယ်"

"ကြိုက်သလောက်သာ အချိန်ယူပါကွယ်၊ ဆရာမ အလျင်မလိုပါဘူး"

မတေးဒါက မစ္စဟန်နီနဲ့ ဆယ်ပေလောက်ဝေးတဲ့ ဒုတိယအတန်းမှာ ထိုင်ပြီး၊ စားပွဲပေါ်ကို လက်ထောက်ရင်းနဲ့ သူမရဲ့ မျက်နှာလေးကို လက်နှစ်ခု ကြားမှာ ထည့်ထားတယ်၊ ဒီတစ်ကြိမ်မှာတော့ အစကတည်းက အမိန့်ပေး တော့တာပဲ၊ "ဖန်ခွက်ကို မှောက်ချလိုက်၊ မှောက်ချလိုက်"ဆိုပြီး သူမ အမိန့် ပေးနေတယ်၊ ဒါပေမယ့် သူမရဲ့ နှုတ်ခမ်းတွေကတော့ မလှုပ်ဘူး၊ အသံလည်း မထွက်ဘူး၊ ဒီစကားလုံးတွေကို သူမခေါင်းထဲမှာသာ ကျယ်ကျယ်လောင်လောင် အော်ဟစ်နေတာပါ။ အခုချိန်မှာ သူမရဲ့ စိတ်အာရုံတစ်ခုလုံးကို စုစည်းလိုက် တယ်၊ သူမရဲ့ ဦးနှောက်နဲ့ စိတ်စွမ်းအားကတော့ မျက်လုံးမှာ ရောက်နေပြီ ဒီတစ်ကြိမ်မှာတော့ လျှပ်စစ်ဓာတ်အားလိုမျိုး အားတွေစုစည်းတာ၊ စွမ်းအင် တွေ တစ်ရှိန်ထိုးတက်လာတာ၊ ပြီးတော့ မျက်လုံးထဲကို အပူရှိန်ဝင်လာတာ တွေက အရင်တစ်ကြိမ်ကထက် ပိုမြန်သလို သူမခံစားနေရတယ်၊ ပြီးတော့ သေးလွန်းလို့ မမြင်နိုင်တဲ့ လက်တွေရှိတဲ့ အရာလေးတွေက ဖန်ခွက်ရှိရာဆီကို တဟုန်ထိုးပြေးထွက်သွားကြတယ်၊ သူမလည်း အသံလုံးဝမထွက်ဘဲ ဖန်ခွက်



www.burmeseclassic.com



မှောက်ကျသွားဖို့ကို သူမခေါင်းထဲကပဲ အော်ဟစ်စေခိုင်းနေတယ်၊ ဓန်ခွက် လှုပ်နေတာကို သူမ မြင်နေရပြီ၊ ပြီးတော့ ယိမ်းထိုးလာပြီ၊ ပြီးတော့ ထဲတ သွားပြီး မစ္စဟန်နီရဲ့လက်နဲ့ ဆယ့်နှစ်လက်မလောက်တောင် မဝေးတဲ့ စားပွဲ အစွန်းနားလေးအထိကို လိမ့်သွားတယ်။

မစ္စဟန်နီ ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားပြီး၊ သူမရဲ့ မျက်လုံးတွေ ပြူးကျယ်သွားလိုက်တာများ မျက်လုံးပတ်လည်မှာ အဖြူရောင်တွေချည်းပဲ မြင်ရတော့တယ်၊ သူမ စကားတစ်လုံးမှ မပြောဘူး(မပြောနိုင်တော့ဘူးလေ) အံ့ဖွယ်သရုပ်ပြကွက်ကို မျက်ဝါးဝါးထင်ထင် တွေ့လိုက်ရတာဟာ သူမကို နှုတ် ပိတ်လိုက်သလို ဖြစ်သွားတယ်၊ ဖန်ခွက်ကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့် နေပြီး၊ အန္တရာယ်ပစ္စည်းအလား အဲဒါနဲ့ ဝေးရာဘက်ကို ကိုယ်ကိုသိမ်းလိုက် တယ်၊ ပြီးရော့ သူမရဲ့ဦးခေါင်းကို တဖြည်းဖြည်းပြန်မ,တင်ပြီး မတေးဒါကို ကြည့်လိုက်တယ်၊ မတေးဒါလေးမှာ မျက်နှာက ဖြူဆွတ်နေပြီး၊ တစ်ကိုယ်လုံး လည်း တုန်ခါနေပြီး ရှေ့တည့်တည့်ကို ငေးကြည့်နေပါလျက်နဲ့ ဘာမှ မမြင် ရတဲ့ပုံစံမျိုး ဖြစ်နေတယ်၊ မျက်နှာတစ်ခုလုံးလည်း အရင်ကနဲ့မတူ ပြောင်းလဲ နေပြီး၊ မျက်လုံးတွေက ဝိုင်းစက်တောက်ပနေတယ်၊ ပြီးတော့ သူမထိုင်နေတဲ့ နေရာမှာပဲ စကားသံကင်းမဲ့စွာနဲ့ တိတ်တဆိတ်ထိုင်နေတယ်။

ကိုယ့်ကိုကိုယ် သတိပေးရင်းနဲ့ အသက်ဝင်လှုပ်ရှားလာပြီး၊ ကလေး ငယ်ကို ကြည့်နေရင်း မစ္စဟန်နီ စောင့်နေလိုက်တယ်၊ ပြီးတော့ ရုတ်တရက်ပဲ ကလေးငယ်ရဲ့ မျက်နှာပေါ်မှာ ပကတိ ပီတိဖြာပြီး ငြိမ်းချမ်းတဲ့ အမူအယာ ဖြတ်ပြေးသွားတာကို မြင်လိုက်ရတယ်၊ "သမီးအဆင်ပြေပါတယ်" သူမက ပြုံးလျက်နဲ့ပြောတယ်၊ "သမီးအဆင်ပြေပါတယ်၊ ဆရာမ မလန့်ပါနဲ့"

"အဝေးကြီးကို ရောက်သွားသလိုပဲနော်" မစ္စဟန်နီက မှင်တက်မိ နေရာကနေ တိုးတိုးလေး ဆိုလိုက်တယ်။

"ဟုတ်တယ်. . ငွေရောင်တောင်ပံပေါ်ကနေ ကြယ်တွေဖြတ်ပြီး ပျံ သွားသလိုပဲ အရမ်းထူးဆန်းတယ်"

မစ္စဟန်နီကတော့ ကလေးငယ်ကို "ဖန်တီးရှင်"၊ "ကမ္ဘာဦးရဲ့အစ" "နေ့တစ်နေ့ရဲ့အစ"သဖွယ် အံ့သြတကြီးနဲ့ ငေးကြည့်နေဆဲ။

"ဒီတစ်ကြိမ်မှာ ပိုလွယ်တယ်"လို့ မတေးဒါက တိုးတိုးလေးပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး"ဆိုပြီး မစ္စဟန်နီက အသက်ခပ်ပြင်းပြင်း ရှူလိုက်တယ် "ငါ မယုံနိုင်ဘူး၊ ယုံကို မယုံနိုင်တာ" သူမရဲ့မျက်စိကို ပိတ်လိုက်ပြီး. . . အတော်ကြာတဲ့အထိ ပိတ်ထားလိုက်တယ်၊ ပြန်ဖွင့်လာတဲ့အခါမှာတော့ သူမရဲ့ စိတ်အာရုံကို ပြန်စုစည်းမိသွားတဲ့ပုံစံမျိုး။


"ဆရာမရဲ့အိမ်မှာ လဖက်ရည် လိုက်သောက်ချင်လား မတေးဒါ"

"အို. . သောက်ချင်ပါတယ်"

"ကောင်းတယ်. . ၊ အဲဒါဆိုရင် ပစ္စည်းတွေကို သိမ်းလိုက်၊ ပြီးရင် အပြင်မှာ စောင့်နေ၊ ခဏနေရင် ဆရာမ လာခဲ့မယ်"

"ဒီကိစ္စ သမီးအခုလို လုပ်လိုက်တဲ့ကိစ္စကြီးကို ဆရာမ ဘယ်သူ့ကိုမှ မပြောပါဘူးနော်. . . "

"စဉ်းစားတောင် မစဉ်းစားတော့ပါဘူးကွယ်"လို့ မစ္စဟန်နီက ကတိ ပေးသလိုနဲ့ ပြောလိုက်တယ်။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

မစ္စဟန်နီနဲ့ မတေးဒါတို့ ကျောင်းဂိတ်ဝတံခါးရဲ့ အပြင်ဘက်မှာပြန်ဆုံကြပြီး၊ ရွာလမ်းမကြီးကိုဖြတ်လို့ နှစ်ယောက်သား တိတ်တိတ်ဆိတ်ဆိတ်နဲ့ လမ်းလျှောက်လာကြတယ်၊ ပြတင်းပေါက်မှာ လိမ္မော်သီး၊ ပန်းသီးတွေနဲ့ပြည့်နေတဲ့သစ်သီးဆိုင်၊ သွေးရဲရဲနဲ့ အသားတုံးတွေကို ပြထားပြီး၊ ကိုယ်လုံးတီးကြက်ကောင်လုံးတွေကို ချိတ်ထားတဲ့ သားငါးဆိုင်၊ ဘဏ်အသေးစားလေးတစ်ခု၊ ကုန်စုံဆိုင်တစ်ဆိုင်၊ ပြီးတော့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်တို့ကိုဖြတ်ပြီးလျှောက်လာခဲ့ကြတယ်၊ အဲဒီနောက်မှာ လူသူနည်းပါးပြီး မော်တော်ကားအနည်းငယ်သာရှိတော့တဲ့ ရွာရဲ့အပြင်ဘက်က လမ်းကျဉ်းလေးတစ်ခုကိုရောက်လာကြတယ်။

သူတို့နှစ်ယောက်တည်းပဲ ရှိတော့တာဆိုတော့ အခုချိန်မှာ မတေးဒါတစ်ယောက် တော်တော်လေး သက်ဝင်လှုပ်ရှားလာတယ်၊ သူမရဲ့အတွင်းပိုင်းကအဆို့ရှင်တစ်ခု ဖောက်ထွက်သွားပြီး အင်အားတွေ ရုတ်တရက် ပန်းထွက်လာသလိုမျိုး၊ မစ္စဟန်နီရဲ့ဘေးနားမှာ ခုန်ဆွခုန်ဆွလုပ်ရင်းနဲ့ အပြေးတပိုင်းလျှောက်နေတယ်၊ သူမရဲ့လက်ချောင်းလေးတွေကလည်း လေထဲမှာ ဝဲပျံနေလိုက်တာ၊ လေကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ပိုင်းတော့မယ့်အတိုင်းပဲ၊ သူမရဲ့စကားသံတွေကတော့ အင်မတန်မြန်တဲ့အရှိန်နဲ့ ပွင့်ထွက်နေလိုက်တာ မီးရှူးမီးပန်းတွေအတိုင်းပဲ၊ ဆရာမရယ်. . ဒီလို၊ ဆရာမရေ. . ဟိုလိုပြီးတော့. . သမီး၊ တကယ်ပြောတာပါ ဆရာမရယ်၊ ဖန်ခွက်လိုမျိုးပစ္စည်းသေး

www.burmeseclassic.com

www.burmeseclassic.com



သေးလေးတွေ မှောက်ချရုံတင်မကဘူး၊ ဒီကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ပစ္စည်းကို မဆို ရွှေ့နိုင်သလို ခံစားရတယ်၊ သမီးလေ. . . စားပွဲတို့၊ ကုလားထိုင်တို့ကို တောင် ရွှေ့နိုင်သလိုပဲ၊. . . ကုလားထိုင်ပေါ်မှာ လူတွေထိုင်နေရင်တောင်မှ တွန်းနိုင်တယ်ထင်တယ်၊ ဒီထက်ကြီးတဲ့ ပစ္စည်းတွေကိုရောပဲ၊ ကုလားထိုင်တို့ စားပွဲတို့ထက် ပိုကြီးတဲ့ ပစ္စည်းတွေကိုပါ ရွှေ့နိုင်တယ်၊ . . . သမီးမျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အင်အား ကောင်းလာအောင် အချိန်ယူရုံပဲ၊ ပြီးရင် တွန်းထုတ်နိုင်ပြီ အဲဒီ ပစ္စည်းကို ကြာကြာစိုက်ကြည့်သလောက် အင်အားတောင်းလာပြီပဲ . . အဲဒါကို ခပ်စူးစူးစိုက်ကြည့်ရုံပဲ ဆရာမ၊ ခပ်စူးစူးလေးပေါ့၊ ပြီးရင် သမီးမျက်လုံးနောက်မှာ ဖြစ်နေတာတွေ အကုန်လုံးကို ခံစားနိုင်ပြီ၊ ပြီးရင် မျက်လုံးက ပူလွန်းလို့ မီးလောင်နေတဲ့အတိုင်းပဲ၊ ဒါပေမယ့် အဲဒါအတွက် သမီးစိတ်ထဲမှာ ဘယ်လိုမှ မနေပါဘူး. . . ဆရာမ. . .။

"စိတ်ငြိမ်ငြိမ်ထား. . . ကလေး၊ စိတ်ငြိမ်ငြိမ်ထား"လို့ မစ္စဟန်နီက ပြောတယ်၊ "ဒီကိစ္စ `ပတ်သက်ပြီး ဆရာမတို့ သိပ်ဆန္ဒစောလို့ မဖြစ်ဘူး"

"ဒါပေမယ်. . အဲဒါကို စိတ်ဝင်စားစရာကောင်းတယ်လို့ ဆရာမ မထင်ဘူးလား"

"အိုး. . ဒါပေါ့၊ အရမ်း စိတ်ဝင်စားစရာ ကောင်းတာပေါ့၊ စိတ်ဝင်စားစရာကောင်းတာထက်တောင် ပိုသေးတယ်၊ ဒါပေမယ့်. . အခုချိန်ကနေစပြီး ဆရာမတို့ သေသေချာချာ ဂရုစိုက်ရတော့မယ်"

"ဘာဖြစ်လို့ သေသေချာချာ ဂရုစိုက်ရမှာလဲ ဆရာမ"

"ဘာကြောင့်လဲဆိုတော့ ဆရာမတို့က ထူးဆန်းပြီး အမည်မသိရတဲ့ အင်အားတွေနဲ့ ဆက်ဆံနေရတာလေ ကလေးရဲ့၊ ဆိုးယုတ်တဲ့အရာတွေလို့တော့ ဆရာမ မထင်ဘူး၊ ကောင်းနိုင်တယ်၊ သိပ်မြင့်မြတ်တဲ့ တန်ခိုးစွမ်းအားတွေတောင် ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အဲဒါတွေကို ဆရာမတို့ ကောင်းကောင်း ကိုင်တွယ်ကြတာပေါ့"

ဒါတွေကတော့ ပညာရှိဆီက ကြားရတဲ့ စကားသံတွေပါ၊ ဒါပေမယ့် မတေးဒါကတော့ အဲဒီလို မမြင်နိုင်လောက်အောင်ကို ရှုးရှူးရှားရှားဖြစ်နေတယ်လေ၊ "ဘာကြောင့် သတိထားရမလဲဆိုတာကို သမီးနာမလည်ဘူး"ခုန်ဆွခုန်ဆွလုပ်နေရင်းနဲ့ ပြောတယ်။

"ဆရာမလည်း မတေးဒါနားလည်အောင် ကြိုးစားပြီးရှင်းပြနေတာ" မစ္စဟန်နီကတော့ စိတ်ရှည်လက်ရှည်နဲ့ ပြောပြနေတယ်၊ "ဘာမှန်းမသိရတဲ့ အရာနဲ့ ဆရာမတို့က ဆက်ဆံနေရတာလေ၊ ဘယ်လိုမှ ရှင်းပြလို့မရနိုင်တဲ့ အရာ၊ အဲဒီအတွက် အမှန်ဆုံးစကားလုံးကို ရွေးရမယ်ဆိုရင် အံ့ဖွယ်ဖြစ်ရပ်ပေါ့၊ ဟုတ်တယ်၊ အံ့ဖွယ်တစ်ပါးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဲဖွယ်ပုဂ္ဂိုလ်လား"

"အဲဒီလိုမျိုးလည်း ဖြစ်နိုင်တယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ သမီးကိုယ်သမီး တသီးတခြားကြီး မထင်စေချင်ဘူး၊ ဆရာမ စဉ်းစားနေတာက ဆရာမတို့ နှစ်ယောက်အတူတူ ပူးပေါင်းပြီး၊ ဒီအဲ့ဖွယ်ကိစ္စကို ဒိုထက်ပိုပြီး သိအောင် နည်းနည်းလေးဖြစ်ဖြစ် ရှာဖွေရမယ်၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အရာအားလုံးကို သတိထားရမယ်"

"ဒါဆိုရင် သမီးကို ဖန်ခွက်ရွှေ့တာထက် ပိုပြီးလုပ်စေချင်တာလား"

"ဆရာမ အကြံပေးချင်တာလည်း အဲဒါပဲလေ"လို့ မစ္စဟန်နီက သတိခပ်ဆဆနဲ့ ပြောလိုက်တယ်။

"ကောင်းပါတယ်လေ"

"ဆရာမကိုယ်တိုင်က မတေးဒါထက်ပိုပြီး၊ မတေးဒါလုပ်နိုင်ခဲ့တဲ့ အပေါ်မှာ စိတ်လှုပ်ရှားနေတာ၊ ပြီးတော့လည်း မတေးဒါကို အကျိုးအကြောင်း ခိုင်ခိုင်လုံလုံနဲ့ ရှင်းပြနိုင်ဖို့ ကြိုးစားနေတာ"

"ဘယ်လိုဟာမျိုးကိုလဲ"

"ဥပမာဆိုရင် ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ သမီးအရွယ်နဲ့ မလိုက်အောင် ရှိနေတာမျိုးပေါ့"

"တကယ်လား. . . ဟင်. . "

"အမှန်ပေါ့၊ အဲဒါနဲ့ပတ်သက်ပြီး သတိထားရမယ်၊ သမီးရဲ့ စာဖတ်အားကို ကြည့်လေ၊ ပြီးတော့ သင်္ချာနဲ့ပတ်သက်တဲ့ စွမ်းဆောင်နိုင်မှုကို ကြည့်လေ. . . "

"ဆရာမပြောတာ မှန်တယ်လို့ ထင်တယ်"

ဒီကလေးရဲ့ ဘဝင်မမြင့်တတ်တဲ့ပုံနဲ့ ကိုယ့်ကိုယ်ကို သတိထားတတ်တဲ့ ပုံစံလေးတွေကို မစ္စဟန်နီ သဘောကျသွားတယ်။

"ဆရာမအနေနဲ့ စဉ်းစားလို့မရတာက ဒီစွမ်းအားတွေက ရုတ်တရက် ဖြစ်လာတာလား၊ ပစ္စည်းတွေကို မထိဘဲနဲ့ ရွှေ့နိုင်တဲ့စွမ်းအားကို ပြောတာပါ၊ ဒါမှမဟုတ် သမီးရဲ့ကိုယ်ပိုင် ဦးနှောက်စွမ်းအားနဲ့ပဲ လုံးလုံးသက်ဆိုင်ဘူးလား ဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမပြောချင်တာက သမီးရဲ့ခေါင်းထဲမှာ ဦးနှောက်တွေအတွက် နေရာမရှိတော့လို့ တစ်ခုခုကို တွန်းထုတ်ချင်နေတာဆိုတဲ့ သဘောလားဟင်"

"ဆရာမပြောချင်တာ အဲဒီလိုမျိုးမဟုတ်ပါဘူး"လို့ မစ္စဟန်နီက ခပ်ပြုံးပြုံးလေးနဲ့ ပြန်ပြောတယ်၊ "ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ ထပ်ပြောရမယ်ဆိုရင် အခုအချိန်ကစပြီး ဆရာမတို့ သတိထားသွားရမယ်၊ ဒုတိယဓနိခွက်ကို မှောက်ပြီးသွားတုန်းက ထူးထူးဆန်းဆန်းနဲ့ အလှမ်းဝေးသွားသလိုမျိုး ဖြစ်သွားတဲ့ သမီးမျက်နှာပေါ်က အမူအရာကို ဆရာမ မမေ့နိုင်သေးဘူး"

"အဲဒီလိုလုပ်လို့ သမီးကို ထိခိုက်လိမ့်မယ်လို့ ဆရာမထင်လားဟင်၊ ဆရာမစဉ်းစားနေတာ အဲဒါပဲလား. . ."

"ထူးထူးခြားခြား ခံစားရသလိုပဲမို့လား"

"စိတ်ထဲမှာ ကြည်နူးသွားသလိုမျိုးပဲ၊ တခဏအတွင်းမှာ ငွေရောင်တောင်ပံတွေကပေါ်နေ ကြယ်တွေကိုဖြတ်ပြီး ပျံသွားသလိုပဲ၊ အဲဒီအကြောင်း ဆရာမကို ပြောပြပြီးသွားပါပြီ၊ ပြီးတော့ နောက်တစ်ခု ပြောပြရဦးမလား ဆရာမ၊ ဒုတိယတစ်ခါရွှေ့တုန်းက ပိုပြီးလွယ်လာတယ်၊ တခြားကိစ္စတွေလိုမျိုးပဲနဲ့တူတယ်၊ များများလေ့ကျင့်လေ ပိုလွယ်လာလေပဲ"

မစ္စဟန်နီက ကလေးငယ်လေး အပြေးတစ်ပိုင်းနဲ့ အမြန်လိုက်စရာမလိုဘဲ သူမကိုမှီအောင် ဖြေးဖြေးလေးလျှောက်နေတယ်၊ တောလမ်းကျဉ်းလေးပေါ်မှာ လမ်းလျှောက်ရတာ အတော်လေးကို ငြိမ်းချမ်းတယ်၊ အခုဆိုရင် ရွာကလည်း သူတို့နောက်ဘက်မှာ ကျန်ခဲ့ပြီ၊ ဒီအချိန်က ဆောင်းဦးပေါက်ရဲ့ နေ့လည်ခင်းတစ်ခုလည်းဖြစ်တယ်၊ ချုံတန်းတွေပေါ်မှာ ဆူးချုံပင်ရိုင်းတွေပြီးတော့ အဖိုးအိုကြီးတစ်ယောက်ရဲ့ မုတ်ဆိတ်မွေးစတွေ တွဲလဲခိုနေကြတယ် ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ ဆောင်းတွင်းမှာ ငှက်ကလေးတွေအတွက် ဟော်သွန်သီးတွေကလည်း နီနီရဲရဲ မှည့်တင်းနေကြပြီ၊ သစ်ပင်အရှည်ကြီးတွေက ဟိုဘက် ဒီဘက် ဘေးတစ်ဘက်တစ်ချက်စီမှာ အစီအရီ၊ ဝက်သစ်ချပင်၊ သဖန်းပင်၊ သစ်မာပင် ပြီးတော့ တစ်ခါတလေကျရင် သစ်အယ်ပင်တောင် ပါလိုက်သေးရဲ့ အခုလောလောဆယ် အကြောင်းအရာကို ခဏပြောင်းဖို့ဆန္ဒရှိနေတဲ့ မစ္စဟန်နီက မတေးဒါကို အဲဒီအပင်တွေရဲ့ နာမည်တွေကို ပြောပြနေပြီး၊ သူတို့ရဲ့အရွက်နဲ့ သူတို့ပင်စည်က အခေါက်ပုံစံကိုကြည့်ပြီး ဘယ်လို

www.burmeseclassic.com



မှတ်ရမယ်ဆိုတာကို ရှင်းပြနေတယ်၊ မတေးဒါ အားလုံးကို သေသေချာချာ မှတ်ထားပြီး သူမခေါင်းထဲမှာ ဗဟုသုတတွေကို အစီအစဉ်တကျ ထားသိုနေတယ်။

သစ်ချောင်း ငါးချောင်းနဲ့ရိုက်ထားတဲ့ ဂိတ်တစ်ခုရှိတဲ့ လမ်းရဲ့ဘယ်ဘက်ခြုံနွယ်ကြားထဲက ခပ်ဟဟလေးဖြစ်နေတဲ့ နေရာလေးတစ်ခုကို သူတို့ရောက်လာကြတယ်၊ "ဒီလမ်းအတိုင်းပဲ" မစ္စဟာန်နီက ပြောရင်းနဲ့ ဂိတ်တံခါးကိုဖွင့်ပြီး မတေးဒါကို ဝင်စေတယ်၊ သူမက နောက်ကနေလိုက်ဝင်ပြီး ဂိတ်တံခါးကို ပိတ်လိုက်တယ်၊ လှည်းဘီးရာတောင် တွေ့ဖို့မလွယ်တောတဲ့ လမ်းကျဉ်းလေးအတိုင်း သူတို့ လျှောက်လာကြတယ်၊ လမ်းရဲ့ ဘေးတစ်ဘက်စီမှာ ဟေဇယ်ပင်ချုံတန်းမြင့်ကြီးတွေရှိပြီး၊ အစိမ်းရောင်ကုတ်အကျီတွေ တင်ထားဆဲဖြစ်တဲ့ အညိုရောင်အသီးတွေ အပြွတ်လိုက်သီးနေတာကိုလည်း တွေ့ရတယ်၊ သိပ်မကြာခင်မှာ ရှဉ့်ငပေါ်လေးတွေ လာကောက်ကြပြီး အရမ်းအေးတဲ့လတွေအတွက် ရိက္ခာစုဆောင်းကြတော့မှာလို့ မစ္စဟာန်နီက ပြောတယ်။

"ဆရာမက ဒီထဲမှာနေတာလားဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"ဆိုပြီး မစွဟန်နီက တုန့်ပြန်တယ်၊ ဒါပေမယ့် ဒီ့ထက် ပိုပြီး ဘာမှ မပြောဘူး။

မစွဟန်နီ ဘယ်မှာများ နေသလဲဆိုတာ မတေးဒါ တစ်ခါမှ မစဉ်းစားဖူးဘူး၊ သူမကို ဆရာမတစ်ယောက်အနေနဲ့သာ ခပ်ရှင်းရှင်းလေး သတ်မှတ်ထားပြီး၊ ဘယ်နေရာကမှန်းမသိ ပေါ်လာတဲ့လူတစ်ယောက်၊ ပြီးတော့ ကျောင်းမှာ စာသင်တယ်၊ ပြီးရင် ပြန်ထွက်သွားတယ်လို့သာ အထင်ရှိတာပါ၊ ကျုပ်တို့ ကလေးဘဝတုန်းကလည်း ကျောင်းမှာစာသင်ပြီးသွားတာနဲ့ ဆရာမတွေ ဘယ်ကိုသွားလဲလို့ မေးဖူးလို့လား၊ အိမ်မှာ တစ်ယောက်တည်း နေနေတာလား၊ ဒါမှမဟုတ် အမေ၊ ညီမ၊ ယောကျ်ားရှိလားဆိုပြီး စူးစမ်းဖူးလား။

"ဆရာမ တစ်ယောက်တည်းနေတာလား. . ဟင်"ဆိုပြီး မတေးဒါက တိုးတိုးလေး မေးလိုက်တယ်။

"ဟုတ်တယ်. . အဲဒီအတိုင်းပဲ" အခုဆိုရင် သူတို့နှစ်ယောက်စလုံး နေရောင်ကြောင့် မာနေတဲ့ ရွှံ့လမ်းကြောင်းပေါ်မှာ လျှောက်နေကြတယ်၊ အဲဒီလမ်းပေါ်မှာ လမ်းလျှောက်နေပြီဆိုရင်တော့ ခင်ဗျားရဲ့ခြေထောက်ကိုသာ ခေါက်ပြီးလဲမသွားစေချင်ရင် ဘယ်နေရာကို ခြေထောက်ချမလဲဆိုတာ အရင်ကြည့်ရမယ်၊ ဟေဇယ်ပင်ရဲ့ သစ်ကိုင်းတွေပေါ်မှာ ငှက်သေးသေးလေးတွေ တော့ရှိတယ်၊ ဒါပေမယ့် အဲဒါ အကုန်ပဲ။

ဒီအိမ်က လယ်သမားတစ်ယောက် ပိုင်တာဆိုတော့ သိပ်ပြီးတော့ အထင်မကြီးနဲ့ပေါ့၊ အဲဒီအိမ်နားကို နီးလာပြီ။

လမ်းရဲ့ညာဘက်မှာ ဟေဇယ်ပင်တွေကြားထဲ တစ်ဝက်မြုတ်နေတဲ့ အစိမ်းရောင် ဂိတ်ပေါက်ဝလေးကို သူတို့ရောက်လာကြပြီ၊ မစွဟန်နီက ဂိတ်တံခါးကို လက်နဲ့တွန်းလိုက်ပြီး "ရောက်ပြီ၊ ဒါ ဆရာမနေတဲ့ နေရာပဲလေ"လို့ ပြောလိုက်တယ်။

အနီရောင် အုပ်ခဲတိုက်အိမ်ကလေးရှိရာကိုသွားတဲ့ မသတ်မရပ်လမ်းကျဉ်းကျဉ်းလေးကို မတေးဒါ လှမ်းမြင်နေရတယ်၊ တိုက်အိမ်ကလေးက အသားသွန်းလို့ သက်ရှိလူသားတစ်ယောက်နေတဲ့အိမ်ထက် အရုပ်အိမ်တစ်လုံးနဲ့ပိုတူနေတယ်၊ ဆောက်ထားတဲ့ အုပ်နီခဲတွေကလည်း အိုဟောင်းပြီး အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖျော့ဖျော့နဲ့ ကြေလွယ်တဲ့ပုံစံမျိုး ဖြစ်နေကြပြီ၊ မီးခိုးရင့်ရောင် အုပ်ကြွ ခေါင်မိုးနဲ့ ခပ်သေးသေး မီးခိုးခေါင်းတိုင်လေးရှိပြီး အိမ်အရှေ့ဘက်မှာတော့ ပြတင်းပေါက် ခပ်သေးသေးနှစ်ပေါက်၊ ပြတင်းပေါက်တွေက လူပိန်းကြီး သတင်းစာတစ်ရွက်ထက် ပိုပြီးမကြီးလောက်ဘူး၊ အိမ်အပေါ်ထပ်မရှိဘူးဆိုတာ တော့ အသေအချာပေါ့၊ လမ်းကျဉ်းလေးရဲ့ တစ်ဘက်စီမှာတော့ ဖက်ယာ ပင်ရဲ့ခက်ထန်မှု၊ ဆူးချုံပင်ရဲ့ အဆူးစိမ်းတွေ၊ ပြီးတော့ အညိုရောင်မျက်ပ ရှည်ကြီးတွေ ရှိနေတယ်၊ ကြီးမားလှတဲ့ ဝက်သစ်ချပင်ကြီးက တိုက်အိမ်လေး အုပ်မိုးထားပြီး မားမားကြီးရပ်နေတယ်၊ ထူထပ်လွန်းတဲ့ ချုံနွယ်ပင်တွေ ဒီအဆောက်အဦသေးသေးလေးကို လွှမ်းခြုံပြီး ပွေ့ဖက်ထားသလိုပဲ၊ ဒါမှမဟု ရင် ကမ္ဘာကြီးဆီကနေ ဖွက်ထားပေးသလိုပေါ့။

ဂိတ်တံခါးဝပေါ် လက်တင်ထားဆဲဖြစ်တဲ့ မစ္စဟန်နီက မတေးဒ ဘက်လှည့်ပြီး ပြောလိုက်တယ် "ဒီလမ်းလေးအတိုင်း လျှောက်သွားတဲ့ အခ တိုင်းမှာ ကဗျာဆရာ ဒိုင်လန်သောမတ်စ်ရဲ့ တစ်ချို့စာသားလေးတွေ ဆရာမ အမြဲသတိရနေမိတယ်"

မတေးဒါက စောင့်နေတယ်၊ ပြီးတော့ မစ္စဟန်နီက သာယာလှ အသံလေးနဲ့ ကဗျာကို စ,ရွတ်တော့တယ်။

*"ဘယ်တုန်း ဘယ်တုန်းကမှ မိန်းကလေးဟာ နေရာအနှံ့ မရော ခဲ့ဖူးပါဘူး*
*အများပြောကြတဲ့ ပုံပြင်ထဲမှာတော့ ကျိန်စာမိပြီး အိပ်ပျော် သွားသတဲ့*
*သိုးယောင်ဆောင်ထားတဲ့ မြေခွေးရောက်လာတာဟာ၊ ယုံကြ မှုလား ကြောက်ရွံ့မှုသက်သက်လား*
*ကျွမ်းထိုးမှောက်ခုံနဲ့ အပူအပင်ကင်းမဲ့တဲ့ သိုးသံက မြည်တ အို . . သခင် . . .*
*နှင်းစက်တွေဝေနေတဲ့နှစ်မှာ သစ်ရွက်စုတွေထဲက လူညာ ယောက်*
*နီတျာတျာသစ်တောအုပ်အိမ်ထဲက မင်းရဲ့အသံနှလုံးကို အ လုပ်မလို့တဲ့"*

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်တဲ့ အချိန်လေးတစ်ခု ဖြတ်သန်းသွားပြီးတော့ ဒီလိုသာယာနာပျော်ဖွယ်ကောင်းတဲ့ ကဗျာရွတ်သံကို တစ်ခါမှမကြားဖူးရှာတဲ့ မေတေးဒါလေးက လေးလေးနက်နက် ပြောတယ် "သီချင်းလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းပါပဲကွယ်"လို့ မစ္စဟန်နီက ပြန်ဖြေတယ်၊ ပြီးတော့ သူမဘဝရဲ့ လျှို့ဝှက်ချက်တစ်စိတ်တဒေသကို ဖော်ထုတ်ခဲ့လိုက်ရလို့ ရှက်ကိုးရှက်ကန်းဖြစ်သွားသလိုမျိုးနဲ့ ဂိတ်တံခါးဝကို အလျင်အမြန်တွန်းဖွင့်လိုက်ပြီး လမ်းကျဉ်းလေးအတိုင်း လျှောက်သွားတယ်။

မတေးဒါက နောက်မှာကျန်နေခဲ့တယ်၊ အခု ဒီနေရာကို နည်းနည်းကြောက်တဲ့စိတ် သူမမှာ ဖြစ်နေတယ်၊ ကြည့်ရတာ တကယ့်ဖြစ်ရပ်မှန်မဟုတ်သလိုနဲ့ ဒီကမ္ဘာကြီးကနေ ဝေးကွာပြီး တသီးတခြား တည်ရှိနေတဲ့အတိုင်းပဲ ဂရင်မ် ဒါမှမဟုတ် ဟန့်စ်အင်ဒါဆန်ထဲက ရုပ်ပြပုံတစ်ခုလိုပဲ၊ ဟန်ဆယ်ထ် ဂရီတယ်တို့နဲ့အတူ ဆင်းရဲသား သစ်ခုတ်သမားနေခဲ့တဲ့အိမ်၊ ပြီးတော့ ဝတ်ရုံအနီရောင်ပိုင်ရှင် အဘွားအိုကြီးရဲ့နေရာ၊ ပြီးတော့ လူပုလေးခုနှစ်ယောက် ဝက်ဝံသုံးကောင်နဲ့ ကျန်တဲ့လူတွေနေတဲ့ အိမ်လိုပဲ တကယ့်ကို နတ်သမီးပုံပြင်ထဲက အိမ်လေးအတိုင်းပဲ။

"လာလေ . . ကလေး" မစ္စဟန်နီက နောက်ပြန်လှည့်ပြီး ခေါ်တယ်၊ မတေးဒါက လမ်းကလေးအတိုင်းလျှောက်ပြီး သူမနောက်ကနေ လိုက်သွားတယ်။

အိမ်ရှေ့တံခါးကို အစိမ်းခပ်ရင့်ရင့် သုတ်ထားတယ်၊ သော့ပေါက်တော့မရှိဘူး၊ မစ္စဟန်နီက တံခါးကို အသာလေး မ,တွန်းဖွင့်ပြီး အထဲကိုဝင်သွားတယ်၊ သူမ အရပ်သိပ်မမြင့်လှပေမယ့် တံခါးပေါက်ကိုတော့ ခေါင်းငုံ့ဝင်ပြီး ဖြတ်သွားရတယ်၊ သူမနောက်ကနေ မတေးဒါ လိုက်သွားပြီးတော့ မှောင်မှောင်မည်းမည်းနဲ့ ခပ်ကျဉ်းကျဉ်းလှိုင်ခေါင်းတစ်ခုထဲကို ရောက်သွားသလိုမျိုး ခံစားလိုက်ရတယ်။

"မီးဖိုချောင်ထဲလိုက်ခဲ့ပြီး လဘက်ရည်ဖျော်ဖို့ ဆရာမကို ဝိုင်းကူပေးပါလား" မစ္စဟန်နီကပြောပြီး လှိုင်ခေါင်းကနေတစ်ဆင့် မီးဖိုချောင်ထဲဦးဆောင်ခေါ်သွားတယ်၊ အဲဒီအခန်းကို မီးဖိုချောင်လို့ သတ်မှတ်မယ်ဆိုရင်ပေါ့။

အဲဒီအခန်းက အဝတ်အစားထည့်တဲ့ ခပ်ကြီးကြီးဗီရိုတစ်လုံးထက် ပိုမကြီးလောက်ဘူး၊ ပြီးတော့ နောက်ဘက်နံရံမှာ ပြတင်းပေါက်လေးတစ်ပေါက်ရှိပြီး ပြတင်းပေါက်ရဲ့ အောက်တည့်တည့်မှာ ပန်းကန်ဆေးစင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဒါပေမယ့် ရေပိုက်ခေါင်းတော့ မရှိဘူး၊ နောက် နံရံတစ်ဘက်မှာ စင်အသေးစားလေး တစ်ခုရှိတယ်၊ အစားအသောက်တွေ ပြင်ဆင်ဖို့အတွက်ပဲ ဖြစ်မှာပါ၊ အဲဒီစင်လေးရဲ့အပေါ်မှာ တစ်ခုတည်းသော ဗီရိုကလေးက နံရံမှာ ကပ်နေတယ်၊ စင်ပေါ်မှာ ရေနံဆီမီးဖိုငယ်လေးတစ်ခု၊ ဒယ်အိုးတစ်လုံးနဲ့ နွားနို့တစ်ဝက်လောက်ရှိတဲ့ ပုလင်းတစ်လုံး၊ ရေနံဆီမီးဖိုဆိုတာ ခရီးဆောင် မီးဖိုငယ်မျိုးလေးပါ၊ အဲဒီထဲမှာ ရေနံဆီထည့်၊ မီးညှိပြီး မီးတောက်အတွက် ဒီအားရအောင် ခပ်ပြင်းပြင်းတစ်ချက်လောက် လေမှုတ်လိုက်ရုံပါ။



"မီးဖိုကို မီးညှိနေတုန်း ဆရာမအတွက် ရေခပ်ပေးလို့ ရမလား" ခွဲဟန်နီက မတေးဒါကို မေးလိုက်တယ်၊ "ရေတွင်းက အိမ်နောက်ဖေး ခြပြင်ဘက်မှာရှိတယ်၊ ရေပုံးယူသွားလိုက်၊ ရော့. . . ဒီမှာ၊ ရေတွင်းထဲမှာ ကြိုးတစ်ချောင်းကို တွေ့လိမ့်မယ်၊ ကြိုးရဲ့အဆုံးမှာ ပုံးကိုချိတ်လိုက်ပြီး အောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို နှိမ့်ချလိုက်၊ ရေတွင်းထဲကိုလည်း သမိးပြုတ်မကျသွားစေနဲ့ဦးနော်"

အရင်ကထက်ပိုပြီး ဇဝေဇဝါဖြစ်နေပုံရတဲ့ မတေးဒါက ရေပုံးကို ယူပြီး အိမ်အနောက်ဘက်ကို သယ်လာခဲ့လိုက်တယ်၊ ရေတွင်းရဲ့အပေါ်မှာ သစ်သားအမိုးလေးတစ်ခုရှိပြီး လက်လှည့်စက်ကလေးတစ်ခုကိုလည်း တပ်ထားသေးတယ်၊ အဲဒီစက်တန်းလေးမှာတော့ အဆုံးမဲ့တွင်းကြီးထဲကိုချဖို့ ကြိုးတစ်ချောင်းချိထားတယ်၊ မတေးဒါက ကြိုးကိုဆွဲယူလိုက်ပြီး ကြိုးရဲ့အဆုံးမှာ ရေပုံးလက်ကိုင်ကို ချိတ်လိုက်တယ်၊ ပြီးတော့ ဗွမ်းဆိုတဲ့အသံကို ကြားရတဲ့ အထိ ရေပုံးကို အောက်ကိုလျှောချလိုက်တယ်၊ ကြိုးလည်း လျော့ရဲရဲဖြစ်သွားတယ်၊ ရေပုံးကို ပြန်မ,တင်လိုက်တော့ အလို. . ကြည့်စမ်းပါဦး. . ၊.ရေပုံးထဲမှာ ရေတွေ ပါလာပြီ။

ရေပုံးကို အိမ်ထဲသယ်သွားပြီး မေးလိုက်တယ်။

"လောက်ပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လောက်ပါတယ်"လို့ မစ္စဟန်နီ ပြန်ဖြေတယ်၊ "အဲဒီလို အသုပ်မျိုး အရင်တုန်းက မတေးဒါ မလုပ်ဖူးဘူးလို့ ထင်တယ်"

"မလုပ်ဖူးပါဘူး၊ ဒါပေမယ့်. . ပျော်စရာကောင်းတယ်နော်၊ ဆရာမ ရေချိုးဖို့အတွက် ရေအလုံလောက်ကျတော့ရော ဘယ်လိုလုပ်လဲ"

"ဆရာမ ရေမချိုးပါဘူးကွယ်၊ မတ်တတ်ရပ်ရင်းနဲ့ပဲ ကိုယ်လက်ဆေး ကြောတယ်၊ ရေပုံးနဲ့အပြည့် ရေခပ်လိုက်တယ်၊ ဒီမီးဖိုသေးသေးလေးပေါ်မှာ တင်ပြီးရင် အဝတ်အစားတွေချွတ်ပြီး၊ တစ်ကိုယ်လုံး ပွတ်တိုက်ဆေးပစ်တယ်"

"အဲဒီအတိုင်းပဲ လုပ်တာလားဟင်"

"ဒါပေါ့. . အဲဒီအတိုင်းပဲ၊ သိပ်မကြာခင်ကာလအထိ အင်္ဂလန်မှာ ရှိတဲ့ လူဆင်းရဲတိုင်း အဲဒီလိုပဲ ကိုယ့်ကိုကိုယ် ဆေးကြောလေ့ရှိတယ်၊ ဒါပေ မယ့် သူတို့ဆီမှာတော့ ဒီလိုမျိုး ရေနံဆီမီးဖို မရှိဘူးပေါ့၊ မီးလင်းဖိုပေါ်မှာပဲ တင်ပြီး ရေကို အပူပေးရတယ်"

"ဆရာမက ဆင်းရဲလားဟင်"

"အင်း. . အရမ်းဆင်းရဲတယ်လို့ ပြောရမှာပေါ့၊ ဒီမီးဖိုလေး ကောင်း တယ်မဟုတ်လားဟင်"

ရေနံဆီမီးဖိုမှာ အင်အားကြီးတဲ့ အပြာရောင်မီးတောက်တွေ တဟုန်း ဟုန်းတောက်နေပြီး၊ ဒယ်အိုးထဲကရေမှာလည်း ပလုံစီလေးတွေ ပေါ်စပြုနေ ပြီ၊ မစ္စဟန်နီက ဗီရိုထဲကနေ လဘက်ရည်ကရားတစ်လုံးကို ယူလိုက်ပြီး လက်ဖက်ခြောက် နည်းနည်းထည့်လိုက်တယ်၊ အညိုရောင်ရှိတဲ့ ပေါင်မုန့်လုံးရဲ့ အစ်ဝက်ကိုလည်း ယူလိုက်တယ်၊ အဲဒါကို နှစ်ချပ်ခွဲပြီး ပလပ်စတစ်ဘူးထဲကနေ မာဂျရင်းနည်းနည်းယူပြီး ပေါင်မုန့်ချပ်တွေပေါ်ကို သုတ်လိုက်တယ်။

မာဂျရင်းပါလားလို့ မတေးဒါတွေးလိုက်မိတယ်၊ ဆရာမ တကယ်ပဲ ဆင်းရဲတာကိုး။

မစ္စဟန်နီက လင်ပန်းတစ်ချပ်ယူပြီး အဲဒီအပေါ်မှာ ခွက်နှစ်ခွက် သတ်ဘက်ရည်ကရား၊ နွားနို့တစ်ဝက်ရှိတဲ့ ပုလင်းပေါင်မုန့်နှစ်ချပ် ထည့်ထား တဲ့ ပန်းကန်ပြားတွေကို တင်လိုက်တယ်၊ "ဆရာမဆီမှာ သကြားမရှိလို့အတွက် အားနာလိုက်တာ" သူမက မတေးဒါကိုကြည့်ပြီး ပြောတယ်၊ "အဲဒါကို ဆရာမ ဘယ်တုန်းကမှ မသုံးဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ညှိခန်းထဲမှာ သွားစားကြရအောင်" မစ္စဟန်နီက လင်ပန်းကို ကောက်ယူလိုက်ပြီး၊ မီးဖိုချောင်လေးထဲကနေထွက်ရင်း ခပ်မှောင်မှောင် လှိုင်ခေါင်းကျဉ်းလေးကနေတစ်ဆင့် အိမ်ရှေ့ကအခန်းထဲကို ဦးဆောင်ဝင်လိုက်တယ်၊ မတေးဒါက သူမနောက်ကနေ လိုက်သွားတယ်၊ ဒါပေမယ့် တံခါးပေါက်ရဲ့ အတွင်းဘက်က ညှိခန်းလို့ခေါ်တဲ့ နေရာကိုရောက်တော့ မတေးဒါရပ်ပြီး သူမရဲ့ ဘေးပတ်ပတ်လည်ကို လုံးဝ အံ့ဩမှင်တက်သလို ငေးကြည့်နေတယ်၊ အခန်းက အကျဉ်းခန်းလိုမျိုး သေးငယ်ပြီး လေးထောင့်ကျကျနဲ့ ဗလာကျင်းနေတယ်၊ နေအလင်းရောင်ဖျော့ဖျော့က အရှေ့နံရံဘက်ကနေ ပြတင်းပေါက် သေးသေးလေးကို ဖြတ်ကျော်ပြီး ဝင်လာတယ်၊ ဒါပေမယ့် အဲဒီမှာ လိုက်ကာတွေတော့ မရှိဘူး၊ အခန်းတစ်ခန်းလုံးမှာ ရှိတဲ့အရာတွေကတော့ ကုလားထိုင်အနေနဲ့ အသုံးပြုခံရတဲ့ ဒေါင်လိုက်ထောင်ထားတဲ့ သစ်သားသေတ္တာ နှစ်လုံးနဲ့ အဲဒီနှစ်ခုကြားက စားပွဲသဘောမျိုး ချထားတဲ့ တတိယမြောက် သေတ္တာတစ်လုံးပဲ ရှိတယ်၊ အဲဒါ အကုန်ပဲ၊ နံရံပေါ်မှာ ချိတ်ထားတဲ့ ပန်းချီကားဆိုတာလည်း မရှိ၊ ကြမ်းပြင်ပေါ်မှာ ခင်းထားတဲ့ ကော်ဇောဆိုတာမျိုး လည်း မတွေ့၊ ပေါလစ်မတိုက်ထားတဲ့ ခပ်ကြမ်းကြမ်း ပျဉ်ပြားတွေပဲ ကြမ်းပြင်မှာ ခင်းထားတယ်၊ ပျဉ်ပြားတွေကြားထဲမှာ အမှုန်တွေ အမှိုက်တွေ ဝင်နေတဲ့ ခပ်ဟာဟာနေရာလေးတွေလည်း ရှိတယ်၊ မျက်နှာကျက်က နိမ့်လွန်းလို့ မတေးဒါ တစ်ချက်ခုန်လိုက်တာနဲ့ သူမရဲ့ လက်ချောင်းလေးတွေနဲ့ ထိလုနီးပါး ပဲ၊ နံရံကတော့ အဖြူရောင်၊ ဒါပေမယ့် ဆေးသုတ်ထားတဲ့ အဖြူရောင်မျိုးတော့ မဟုတ်ဘူး၊ အဲဒါကို သူမလက်ဝါးလေးတွေနဲ့ ပွတ်သပ်ကြည့်လိုက်တော့ ဖြူဖွေးဖွေး အမှုန့်တွေ ကပ်ပါလာတယ်၊ ထုံးဖြူအမှုန့်တွေပဲ၊ နွားခြံတို့ မြင်းဇောင်းတို့ ပြီးတော့ ကြက်ခြံတွေမှာ သုတ်ထားတဲ့ ဈေးပေါပေါနဲ့ရတဲ့ ပစ္စည်းပဲ။

မတေးဒါ အတော်လေးကို တုန်လှုပ်သွားတယ်၊ ဒါ အမြဲတမ်း သပ်သပ်ရပ်ရပ် ချပ်ချပ်ရပ်ရပ် ဝတ်ဆင်တတ်တဲ့ သူမရဲ့ ဆရာမလေးနေတဲ့ နေရာ အမှန်ပဲလား၊ တစ်နေ့ အလုပ်လုပ်ပြီးသွားတာနဲ့ သူပြန်လာတဲ့နေရာလား မယုံနိုင်စရာဘဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ ဒီနေရာမှာ ထူးဆန်းတာတစ်ခု ဖြစ်နေတာတော့ အသေအချာပဲ။

မစ္စဟန်နီက လင်ပန်းကို ဒေါင်လိုက်ထောင်ထားတဲ့ သစ်သားတစ်ခု

www.burmeseclassic.com



ပေါ်တင်လိုက်တယ်၊ "ထိုင်လေ ကလေး၊ ထိုင်လေ"လို့ သူမက ဆိုတယ်၊ "ရေနွေးပူပူလေး တစ်ခွက်လောက် သောက်ကြတာပေါ့၊ ဆရာမ အိမ်ပြန်ရောက်လာရင် ဘယ်တော့မှ အစာစားလေ့မရှိဘူး၊ ကျောင်းကတွေ့တဲ့ နေ့လည်စာကို ဆရာမ ဗိုက်တင်းအောင် စားလာတာဆိုတော့ နောက်တစ်နေ့မနက်အထိ မစားဘဲနေလို့ရတယ်လေ"

မတေးဒါက သေတ္တာသေးသေးလေးတစ်လုံးပေါ်မှာ ဂရုတစိုက်နဲ့ တက်ထိုင်လိုက်ပြီး၊ အရာအားလုံးထက် ပိုပြီးနူးညံ့တဲ့အမှုအရာမျိုးနဲ့ မာဂျရင်းသုတ်ထားတဲ့ ပေါင်မုန့်တစ်ချပ်ကို ယူပြီးစားလိုက်တယ်၊ အိမ်မှာဆိုရင်တော့ ထောပတ်ပေါင်မုန့်မီးကင်ကို စတော်ဘယ်ရီယိုနဲ့စားပြီး အစားပိတ်အနေနဲ့ ကိတ်မုန့်ပွတစ်လုံးကိုလည်း စားချင်စားမှာ ဒါကတော့ ပိုပြီး စိတ်ဝင်စားစရာကောင်းပါတယ်လေ၊ ဒီအိမ်ထဲမှာ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိရမယ်၊ သိပ်ကြီးမားတဲ့ လျှို့ဝှက်ချက်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ သံသယဖြစ်စရာတော့ မရှိဘူး၊ အဲဒီလျှို့ဝှက်ချက်က ဘာလဲဆိုတာ မတေးဒါဆီမှာ သိလိုစိတ်ပြင်းပြနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စဟန်နီက ရေနွေးကြမ်းကို ငှဲ့လိုက်ပြီး နှစ်ခွက်စလုံးထဲကို နွားနို့ နည်းနည်းစီ ထည့်လိုက်တယ်၊ သူမကိုကြည့်ရတာ ဗလာရှင်းတဲ့အခန်းထဲက ထောင်ထားတဲ့ သေတ္တာပေါ်မှာထိုင်နေတာ သက်တောင့်သက်သာပါပဲ၊ ပေါင် ပေါ်မှာတင်ပြီး ထိန်းကိုင်ထားတဲ့ ခွက်ထဲက ရေနွေးကြမ်းကိုလည်း စိတ်လို လက်ရနဲ့ သောက်နေတယ်။

"မတေးဒါ သိလား" သူမကပဲ စကားစပြီး ပြောတယ်၊ "အဲဒီ ဖန်ခွက်ကို သမီးလုပ်လိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆရာမ တော်တော်လေး စဉ်းစားနေတာ သိပ်ထူးခြားတဲ့ စွမ်းအားတစ်မျိုးကို ရလိုက်တာပဲ ကလေးရဲ့၊ အဲဒါကို သိရဲ့ လား"

"ဟုတ်ကဲ့ ဆရာမ၊ သမီး သိပါတယ်"လို့ မတေးဒါဟာ သူမရဲ့မာဂျရင် သုတ် ပေါင်မုန့်ကို ဝါးရင်းနဲ့ ပြောလိုက်တယ်။

မစ္စဟန်နီကပဲ ဆက်ပြီး "ဆရာမ သိရသလောက်တော့ ဒီကမ္ဘာရဲ့ သမိုင်းတစ်လျှောက်မှာ ပစ္စည်းတစ်ခုကို မထိဘဲ၊ မမှုတ်ထုတ်ဘဲ ပြီးတော့ ပြင်ပအကူအညီ မယူဘဲ ရွှေ့သွားနိုင်အောင် ခိုင်းစေနိုင်တဲ့သူ တစ်ယောက်မှ မရှိသေးဘူး"

မတေးဒါက ခေါင်းငြိမ့်တယ်၊ ဒါပေမယ့် . . ဘာမှတော့မပြောဘူး။

"သမီးဆီမှာရှိတဲ့ အဲဒီတန်ခိုးစွမ်းအားရဲ့ အတိုင်းအတာကို သိအောင် လုပ်လို့ရရင် ကောင်းမယ်နော်၊ ဘယ်ပစ္စည်းကိုမဆို သမီး ရွှေ့နိုင်တယ်ဆိုပြီး ထင်နေတာ ဆရာမ သိပါတယ်၊ ဒါပေမယ့် ဆရာမအနေနဲ့ နည်းနည်းတော့ သံသယဖြစ်မိတယ်"

"တကယ်ကြီးတဲ့ ပစ္စည်းတစ်ခုကို သမီး စမ်းကြည့်ချင်ပါတယ်"

"ဝေးတဲ့နေရာက ပစ္စည်းဆိုရင်ရော၊ ကိုယ်တွန်းမယ့် ပစ္စည်းတွေနဲ့ အမြဲတမ်း နီးနေရမလား"

"သမီးလည်း မသိဘူး၊ ဒါပေမယ့် အဲဒါကို သိရရင်တော့ စိတ်ဝင် စားစရာ ကောင်းမှာပါ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာမတို့ အရမ်းလောကြီးလို့တော့ မဖြစ်ဘူး၊ ကဲ. . . ရေနွေးကြမ်း နောက်တစ်ခွက်လောက် ထပ်သောက်ကြရအောင်၊ နောက်ထပ် ပေါင်မုန့်တစ်ချပ်လည်း စားလိုက်ပါဦး. . ဗိုက်ဆာနေမှာပေါ့. . "

မတေးဒါက ဒုတိယမြောက် တစ်ချပ်ကိုယူလိုက်ပြီး ဖြည်းဖြည်းချင်း စားနေတယ်၊ မာဂျရင်းက လုံးဝအဆိုးကြီးတော့မဟုတ်ဘူး၊ သူမ လုံးလုံးမသိသေးတဲ့ ကိစ္စတွေများ ရှိနေသေးသလားဆိုတာ သံသယဖြစ်နေတယ်။

"ဆရာမ" မတေးဒါက စားနေရာကနေ ရုတ်တရက်ပြောလိုက်တယ်၊ "ကျောင်းကပေးတဲ့ လစာက အရမ်းနည်းလားဟင်. . . "

မစ္စဟန်နီက ဆတ်ခနဲ တစ်ချက်မော့ကြည့်ပြီး ပြောတယ်"သိပ်မဆိုးသူပါဘူး၊ တခြားလူတွေ ရသလောက်နီးပါး ရတာပဲ"

"ဒါပေမယ့် ဆရာမ ဒီလောက်ထိ ဆင်းရဲနေတယ်ဆိုတော့ တော်တော်နည်းလို့ပဲဖြစ်ရမယ်၊ တခြားဆရာမတွေရော ဒီလိုပဲ ပရိဘောဂ အသုံးအဆောင်မရှိ၊ မီးဖိုကောင်းမရှိ၊ ရေချိုးခန်းမရှိဘဲ နေရတာပဲလား"

"ဟင့်အင်း. . မဟုတ်ပါဘူး" မစ္စဟန်နီက ခပ်တောင့်တောင့် ပြန်ပြောတယ်၊ "ဆရာမက ချွင်းချက်တစ်ခုလို ဖြစ်နေတာပါ"

"ဒါဆိုရင် ဆရာမက ရိုးရိုးရှင်းရှင်းပုံစံလေးနဲ့ နေရတာကို ကြိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ရမယ်" နည်းနည်း အစ်အောက်ကြည့်ရင်းနဲ့ မတေးဒါက ပြောလိုက်တယ်
"အိမ်ကို သန့်ရှင်းရေးလုပ်ရတာ အများကြီး သက်သာသွားမယ်၊ အမြဲတမ်း ပေါလစ်တိုက်ပေးနေရတဲ့ ပရိဘောဂတွေ မရှိဘူး၊ နေ့တိုင်း ဖုန်သုတ်ပေးနေရတဲ့ ဟိုတစ်စ၊ ဒီတစ်စဖြစ်နေတဲ့ တန်ဆာပလာတွေလည်း မရှိဘူး၊ ပြီးတော့ ရေခဲသေတ္တာမရှိတော့ အပြင်ထွက်ပြီး ကြက်ဥတို့၊ ရှာလကာရည်တို့၊ ဆီတို့ အချဉ်ရည်တို့၊ ရေခဲမုန့်တို့လို တိုလီမုတ်စနတွေ ဝယ်စရာ မလိုတော့ဘူးပေါ့ တစ်ခါတည်း စျေးဖိုးချွေတာပြီးသား ဖြစ်သွားတာပေါ့"

အဲဒီအချိန်မှာ မစ္စဟန်နီရဲ့ မျက်နှာပေါ်မှာ တည်ငြိမ်ပြီး ထူးဆန်းတဲ့ အမူအယာမျိုးဖြစ်သွားတာကို မတေးဒါ သတိထားမိလိုက်တယ်၊ သူမရဲ့ခန္ဓာကိုယ် တစ်ခုလုံး တောင့်တောင့်ကြီး ဖြစ်သွားတယ်၊ ပုခုံးနှစ်ဘက်ကို ခပ်မြင့်မြင့်လေး ကိုင်ထားပြီး၊ နှုတ်ခမ်းတွေကိုလည်း ခပ်တင်းတင်း ဖိစေ့ထားသေးတယ် ပြီးတော့ သိပ်ပြီးအနှောင့်အသွား မလွတ်တဲ့မေးခွန်းတွေအတွက် အဖြေကို သူမရဲ့ လက်နှစ်ဖက်နဲ့ ဆုတ်ကိုင်ထားတဲ့ လက်ဘက်ရည်ခွက်ထဲကို စိုက်ကြည့် ရင်းနဲ့ ရှာဖွေနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာ တုန်လှုပ်စရာတိတ်ဆိတ်မှုကြီးက အချိန်ကြာကြာ နေရာယူထားတယ်၊ စက္ကန့်သုံးဆယ်အတွင်း အခန်းကျဉ်းလေးထဲမှာ ဝတ်ခန်းတွင်အခြေအနေက လုံးဝပြောင်းလဲသွားပြီး စိတ်ကသိကအောင့်ဖြစ်စရာတွေ သို့ဝှက်ချက်တွေနဲ့ ပြည့်လျှံသွားတယ်၊ မတေးဒါက "အဲဒီမေးခွန်းတွေကို မေးလိုက်မိတဲ့အတွက် တောင်းပန်ပါတယ် ဆရာမ၊ အဲဒါ သမီးနဲ့ မဆိုင်ပါဘူး လေ"

အဲဒီအချိန်မှာ မစ္စဟန်နီတစ်ယောက် သူမကိုယ်သူမ လှုပ်နိုးလိုက်သလို ဖြစ်သွားတယ်၊ သူမ ပုခုံးကို တစ်ချက်ခါရမ်းလိုက်ပြီး ရေနွေးကြမ်းခွက်ကို သင်ပန်းပေါ် သေသေချာချာ တင်လိုက်တယ်။

"ဘာကြောင့် မမေးရမှာလဲ"လို့ သူမက ပြောရင်းနဲ့စကားစ,တယ်၊ "နောက်ဆုံးမှာ အဲဒီလို မေးဖို့အတွက် ဖြစ်လာတာပဲလေ၊ သတိမထားမိဘဲ နေနိုင်လောက်အောင်ကို သမီးက ထက်မြက်လွန်းတယ်လေ၊ သမီးကို ဆရာမက မေးစေချင်နေတာလည်း ဖြစ်လောက်ပါတယ်၊ အဲဒီအတွက်ကြောင့် ဒီနေရာကို ဖိတ်ခေါ်လိုက်တာလည်း ဖြစ်နိုင်တယ်၊ အမှန်အတိုင်းပြောရရင် တော့ ဆရာမ ဒီကိုပြောင်းလာတဲ့ နှစ်နှစ်အတွင်းမှာ မတေးဒါက ပထမဆုံး သာလည်တဲ့ ဧည့်သည်ပဲ"

မတေးဒါကတော့ ဘာမှမပြောဘူး၊ အခန်းထဲမှာ တင်းမာမှုတစ်ခု ဖြည်းဖြည်းနဲ့ အစပျိုးလာတာကို သူမ ခံစားမိတယ်။

"သမီးက ကိုယ့်အသက်အရွယ်ထက်ကို ပိုပြီး ပညာရှိလွန်းတယ်၊ အဲဒါက ဆရာမကို အံ့သြစေတာ အမှန်ပဲ၊ ကလေးတစ်ယောက်နဲ့တူပေမယ့် သမီးဦးနှောက်နဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ စိတ်စွမ်းအားက အပြည့်အဝအရွယ် ရောက်နေတဲ့ လူကြီးတစ်ယောက်လိုပါပဲ၊ အဲဒါကြောင့် သမီးကို အရွယ်ရောက် သာတဲ့ ကလေးတစ်ယောက်လို့ ခေါ်သင့်တယ် ထင်တယ်၊ ဆရာမ ဆိုလိုတာကို သမီး သဘောပေါက်နိုင်လောက်မှာပါ"

မတေးဒါက ဘာမှပြန်မပြောဘူး၊ နောက်ထပ် ဘာတွေဖြစ်လာမလဲ ဆိုတာ စောင့်နေတယ်။

မစ္စဟန်နီကပဲ ဆက်ပြီး "အခုအချိန်ထိ ဆရာမရဲ့ ပြဿနာတွေကို ပြောပြနိုင်တဲ့ တစ်ယောက်တစ်လေကိုမှ မတွေ့ရသေးပါဘူး၊ ဝန်ချက်ရမှာကို

www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ရဲပဲ ဖြစ်နေတယ်၊ ပြီးတော့ သတ္တိလည်း မရှိဘူး၊ ဘယ်သတ္တိမဆို ဆရာမ ငယ်ငယ်ကလေးတည်းက ဆရာမကိုယ်ထဲကနေ အထုတ်ခံလိုက်ရပြီ ဒါပေမယ့် . . အခုတော့ ရုတ်တရက်လို့ ပြောရမှာပဲ၊ တစ်စုံတစ်ယောက်ကို အရာအားလုံး ပြောပြချင်တဲ့စိတ်တွေ ပြင်းပြနေတယ်၊ မတေးဒါက ခပ်သေး သေး မိန်းကလေးတစ်ယောက်ဆိုတာ ဆရာမ သိပါတယ်၊ ဒါပေမယ့် သမီး ဆီမှာ ထူးခြားတဲ့စွမ်းအားတစ်မျိုး ရှိနေတယ်၊ အဲဒါကို ဆရာမရဲ့ ကိုယ်ပိုင် မျက်လုံးတွေနဲ့ မြင်နေရတယ်"

မတေးဒါ အသင့်အနေအထားအတိုင်း ဖြစ်သွားတယ်၊ သူမကြား နေရတဲ့ အသံက အကူအညီတောင်းခံနေတဲ့ အသံဆိုတာ သေချာတယ်၊ ဟုတ် မှာပါပဲ၊ ဟုတ်ကိုဟုတ်တယ်။

ပြီးတော့ အသံက စကားပြောပြန်ပြီ "ရေနွေးကြမ်း ထပ်သောက်ပါ ဦး၊ အထဲမှာ နည်းနည်းတော့ ကျန်သေးတယ်ထင်တယ်"

မတေးဒါ ခေါင်းငြိမ့်ပြလိုက်တယ်။

မစ္စဟန်နီက ကျန်တဲ့လက်ဖက်ရည်ကြမ်းကို ခွက်နှစ်ခွက်ထဲ အညီ အမျှခွဲထည့်လိုက်ပြီး နွားနို့ရောလိုက်တယ်၊ ပြီးတော့ သူမရဲ့ခွက်ကို လက်နှစ် ဘက်နဲ့ဆုပ်ကိုင်ထားပြီး နည်းနည်းချင်းစီ စုပ်သောက်နေတယ်။

သူမ စကားမပြောခင်အချိန်ထိ အကြာကြီးတိတ်ဆိတ်သွားတယ် "ဆရာမ ဇာတ်လမ်းတစ်ပုဒ် ပြောပြရမလား"

"ဆရာမ အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီ၊ ဆရာမကို မွေးလာတဲ့အချိန် မှာ အဖေက ဒီရွာထဲက ဆရာဝန်တစ်ယောက်၊ ဆရာမတို့ဆီမှာ အုပ်ခဲအနီ ရောင်တွေနဲ့ ဆောက်ထားပြီး တော်တော်ကြီးတဲ့ အိမ်ကောင်းကောင်း တစ်လုံး ရှိတယ်၊ အဲဒီအိမ်က တောင်ကုန်းတွေရဲ့ အနောက်ဘက် သစ်တောထဲမှာ ပုန်းနေသလိုမျိုးပဲ၊ သမီးတော့ မသိလောက်ဘူး ထင်တယ်"

*မတေးဒါကတော့ အသံတိတ်နေတယ်။*

"အဲဒီမှာ ဆရာမကို မွေးလာတာ၊ ပြီးတော့ ပထမဆုံး အဖြစ်ဆိုး တစ်ခု ရောက်လာတော့ဝ၁ပဲ၊ အသက်နှစ်နှစ်လောက်မှာ ဆရာမ အမေဆုံး သွားတယ်၊ အဖေက အလုပ်များတဲ့ ဆရာဝန်တစ်ယောက်ဆိုတော့ အိမ်မှု တွင်တဲဖို့နဲ့ ဆရာမကို ထိန်းကျောင်းပေးဖို့ တစ်ယောက်ယောက် လိုအပ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ အဲဒါနဲ့ သူက ဆရာမရဲ့အဒေါ်ပေါ့၊ သူ့ကို ဆရာမတို့နဲ့ လာနေဖို့ ခေါ်လိုက်တယ်၊ သူကလည်း သဘောတူပြီး လာနေတယ်"

မတေးဒါကတော့ စူးစူးစိုက်စိုက် နားထောင်နေတယ်။

"ဆရာမအဒေါ် ပြောင်းလာတော့ သူက အသက်ဘယ်လောက်ရှိပြီလဲ"လို့ မတေးဒါက မေးလိုက်တယ်။

"သိပ်မကြီးသေးဘူး၊ သုံးဆယ်လောက်ပေါ့၊ ဒါပေမယ့် ဆရာမတော့ သူ့ကို မုန်းတော့တာပဲ၊ အမေ့ကိုလည်း အရမ်းသတိရတယ်၊ ပြီးတော့ အဒေါ်က သိပ်ပြီးကြင်နာတတ်တဲ့လူ မဟုတ်ဘူး၊ ဒါတွေကိုအဖေက မသိဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ အဖေက အိမ်မှာရှိတာ နည်းတယ်လေ၊ ဒါပေမယ့် အဖေရှိတဲ့အခါကျပြန်တော့လည်း အဒေါ်က တစ်မျိုးတစ်ဖုံ ဆက်ဆံပြန်ရော"

မစ္စဟန်နီက ခဏနားပြီး သူမရဲ့ကော်ဖီကို ငုံ့သောက်နေပြန်တယ်၊ "မတေးဒါကို ဘာကြောင့် ဒါတွေပြောပြနေသလဲဆိုတာကို ဆရာမ စဉ်းစားလို့ မရတော့ဘူး" သူမ အနည်းငယ် အရှက်ရသွားဟန်နဲ့ ပြောပြန်တယ်။

"ဆက်ပြောပါ ဆရာမ"

"အင်း. . အဲဒီလိုနဲ့ ဒုတိယ အဖြစ်ဆိုးတစ်ခု ထပ်ရောက်လာပြန်တယ်၊ ဆရာမ အသက်ငါးနှစ်လောက်ရောက်တော့ ဆရာမအဖေ ရုတ်တရက်ဆုံးသွားတယ်၊ ဒီနေ့မှာ မြင်နေရပြီး နောက်တစ်နေ့ကျတော့ ပျောက်သွားသလိုမျိုးပေါ့၊ အဲဒါနဲ့ ဆရာမလည်း တစ်ယောက်တည်း ကျန်ခဲ့ပြီး အဒေါ်နဲ့ပဲနေရတော့တယ်၊ သူက ဆရာမရဲ့ တရားဝင်အုပ်ထိန်းသူ ဖြစ်လာတာပေါ့၊ မိဘတစ်ယောက်ရဲ့ အာဏာပါဝါတွေကို သူ အကုန်ရသွားတယ်၊ တစ်နည်းနည်းနဲ့ သူက အိမ်ရဲ့ပိုင်ရှင်အစစ် ဖြစ်လာတယ်"

"ဆရာမရဲ့အဖေက ဘယ်လို ဆုံးသွားတာလဲ"

"*အဲဒါက အတော်စိတ်ဝင်စားစရာကောင်းတယ်*၊ မေးသင့်တဲ့မေးခွန်းပါ၊ ဆရာမကိုယ်တိုင်က အဲဒီအချိန်က အရမ်းငယ်သေးတော့ အဲဒါနဲ့ပတ်သက်ပြီး မေးခွန်းထုတ်ရမယ်ဆိုတာ မသိခဲ့ဘူး၊ ဒါပေမယ့် နောက်ကျတော့မှ သိလာရတာက သူ့ရဲ့သေဆုံးမှုဟာ မသင်္ကာစရာတွေ အများကြီးရှိနေတယ်ဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်လိုသေသွားသလဲဆိုတာ မသိကြဘူးလား"

"ဟင့်အင်း . . အတိအကျ မသိကြဘူး၊ အဖေ အဲဒီလို လုပ်သွားတယ်ဆိုရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ အဖေက သဘာဝကျကျ နေတတ်ပြီး စဉ်းစားချင့်ချိန်တတ်တဲ့ လူတစ်ယောက်လေ"

"ဘာ လုပ်သွားလို့လဲဟင် . . ."

"ကိုယ့်ကိုကိုယ် သတ်သေသွားတယ်"

"တကယ်" မတေးဒါရဲ့အသံမှာ နည်းနည်းတုန်ခါနေသယောင် ရှိနေတယ်။

"အဲဒီလိုပုံစံမျိုးပေါက်နေတယ်၊ ဒါပေမယ့် ဘယ်သူ သိနိုင်မှာလဲ" သူမက မယုံကြည်ဟန်နဲ့ ပုခုံးတစ်ချက်တွန့်ပြီး ပြတင်းပေါက်သေးသေးလေး ရဲ့ အပြင်ဘက်ကို ငေးကြည့်နေတယ်။

"ဆရာမ ဘာစဉ်းစားနေသလဲဆိုတာ သမီးသိပါတယ်၊ ဆရာမထင် နေတာ ဆရာမရဲ့အဒေါ်က သူ့ကိုသတ်လိုက်ပြီး သူ့ကိုယ်သူ သတ်သေတဲ့ ပုံစံမျိုး တမင်ဖန်တီးထားတာလို့ ထင်နေတာမဟုတ်လား"

"ဆရာမ ဘာကိုမှ မမှန်းဆပါဘူး၊ သက်သေပြစရာမရှိဘဲနဲ့ အဲဒီလို ကိစ္စတွေကို အမှန်ထင်ပြီး ယူဆလို့ မရဘူးလေ"

အခန်းငယ်လေးက တိတ်ဆိတ်သွားပြန်တယ်၊ ရေချွေးကြမ်းထည် ထားတဲ့လက်တွေ နည်းနည်းတုန်နေတာကို မတေးဒါ သတိထားမိလိုက်တယ် "အဲဒါပြီးတော့ ဘာဖြစ်သွားလဲဟင်"လို့ သူမကပဲ ဆက်မေးလိုက်တယ် "အဒေါ်နဲ့ပဲ ကျန်ခဲ့ပြီးတော့ ဘာတွေဆက်ဖြစ်လဲဟင်၊ သူက ဆရာမအဒေါ် မှာ မကောင်းဘူးလား"

"လုံးဝပဲ၊ သူက မကောင်းဆိုးဝါး တစ်ကောင်လိုပဲ၊ အဖေဆုံးပြီးပြီး ချင်း သူက တကယ့်ကို အော်ဂလီဆန်ချင်စရာ ဖြစ်လာတယ်၊ ဆရာမရဲ့ ဘဝကတော့ အိပ်မက်ဆိုးတစ်ခုလိုပဲပေါ့"

"သူက ဆရာ‌မကို ဘာတွေလုပ်လဲဟင်"

"အဲဒီအကြောင်းတွေကိုတော့ မပြောချင်တော့ဘူး၊ တကယ်ခြောက် ဖို့ကောင်းတယ်၊ အဆုံးကျတော့ သူ့ကို အရမ်းကြောက်လာပြီး ဆရာမအခန်း ထဲကို သူဝင်လာပြီဆိုတာနဲ့ တစ်ကိုယ်လုံး တုန်ခါနေတော့တာပဲ၊ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



မတေးဒါလိုမျိုး သတ္တိရှိတဲ့လူတစ်ယောက် မဟုတ်ဘူးလေ၊ အမြဲတမ်းရှုတ်နဲ့ နေတတ်ပြီး အရှုံးပေးနေတတ်တာ"

"တခြားဆွေမျိုးတွေ မရှိဘူးလား၊ တခြား ဦးလေးတို့၊ အဒေါ်တို့၊ အဘိုး အဘွားတို့က လာမကြည့်ကြဘူးလား"

"တစ်ယောက်မှကို ဆရာမ မသိဘူး၊ ဆုံးတဲ့သူကဆုံး ခြစခြေးလူ ထွက်သွားတဲ့သူက ထွက်သွားကြပြီ၊ ဆွေမျိုးတွေနဲ့ ပတ်သက်လို့ကတော့ အခုထိ အဲဒီအတိုင်းပဲလေ"

"ဒါဆို အဲဒီအိမ်မှာပဲ အဒေါ်နဲ့ကြီးပြင်းခဲ့တာပေါ့၊ ဒါပေမယ့် ကျောင်း တော့ တက်ခဲ့ရမှာပေါ့"

"ဒါပေါ့. . အခု မတေးဒါတက်နေတဲ့ ကျောင်းပဲလေ၊ ဒါပေမယ့်. . အဲဒီအိမ်မှာပဲ နေခဲ့ရတာပါ" မစ္စဟန်နီက ခဏနားပြီး ဘာမှမရှိတဲ့ သူမရဲ့ ရေနွေးကြမ်းခွက်ထဲကို ငုံ့ကြည့်နေတယ်၊ "သမီးကိုရှင်းပြဖို့ ကြိုးစားနေတာ ဘတော့ နှစ်တွေအများကြီး ကုန်ဆုံးပြီးသွားတော့ အဒေါ်က အမိန့်တစ်ခု ပေးလိုက်တာနဲ့ ဘယ်လိုအမိန့်မျိုးပဲဖြစ်ဖြစ် ချက်ချင်းနာခံပြီး ထ,လုပ်တော့ တဲ့အထိကို ဆရာမက လုံးဝသတ္တိကြောင်သွားပြီး အဲဒီ မကောင်းဆိုးဝါးလို အဒေါ်ရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရတယ်၊ အသက်ဆယ်နှစ်လောက်ကျတော့ သူ့ရဲ့ကျွန်ဖြစ်သွားပြီ၊ အိမ်အလုပ်တွေ အကုန်လုပ်ရတယ်၊ သူ့အိပ်ယာကို သိမ်းပေးရတယ်၊ သူ့အတွက် အဝတ်လျှော်၊ မီးပူတိုက်ပေးရတယ်၊ မီးဖိုချောင် ဒယ်ချာဝစ္စလည်း အကုန်လုပ်ရတယ်၊ အားလုံးကို လုပ်တတ်အောင် သင်ထား နေတယ်"

"ဒါပေမယ့်. . တစ်ယောက်ယောက်ကိုတော့ တိုင်မှာပေါ့"

"ဘယ်သူ့ကို တိုင်ရမှာလဲ၊ ပြီးတော့ တိုင်လောက်တဲ့သတ္တိလည်း ဆရာမမှာ မရှိဘူးလေ၊ ပြီးတော့ မတေးဒါကို ပြောပြထားတယ်မို့လား၊ ဆရာမက သူ့ရဲ့ကျွန်ပါလို့"

"ဆရာမကို ရိုက်သေးလား"

"အသေးစိတ်ကိုတော့ မပြောကြရအောင်ကွယ်"

"တော်တော် ဆိုးတာပဲနော်. . ၊ တစ်ချိန်လုံးနီးပါး ငိုနေတာပေါ့"

"တစ်ယောက်တည်း ရှိနေတဲ့အချိန်ကျမှသာပါ၊ သူ့ရှေ့မှာ ငိုခွင့်

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလေ၊ ဒါပေမယ့် အမြဲတမ်း ကြောက်ကြောက်လန့်လန့်နဲ့ နေခဲ့ရတယ်

"ကျောင်းပြီးသွားတော့ရော"

"ဆရာမက ထက်မြက်တဲ့ကျောင်းသူတစ်ယောက်လေ၊ တက္ကသိုလ် အလွယ်တကူရောက်နိုင်တယ်၊ ဒါပေမယ့် အဲဒါနဲ့ပတ်သက်ပြီးတော့ ဘာ ခွန်းမှ မေးစရာမလိုဘူး"

"ဘာဖြစ်လို့လဲ ဆရာမ"

"ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာအလုပ်လုပ်ဖို့ ဆရာမကို လိုအ တယ်လေ"

"ဒါဆိုရင် ဘယ်လိုလုပ်ပြီး ဆရာမဖြစ်လာတာလဲ"

"ရိုးဒင်းမှာ ဆရာ၊ ဆရာမတွေအတွက် လေ့ကျင့်ရေးကောလိပ်တ ရှိတယ်လေ၊ ဒီကနေဆိုရင် မိနစ်လေးဆယ်လောက် ဘတ်စ်ကားစီးရုံပဲ၊ အ အယူတစ်ခုနဲ့ ဆရာမ အဲဒီကျောင်းကို တက်ခွင့်ရတယ်၊ နေ့လည်ဆို အိမ်ကိုတစ်ခေါက်ပြန်လာပြီး အဝတ်လျှော်၊ မီးပူတိုက်၊ အိမ်သန့်ရှင်းရေး ပြီး ညစာအတွက် ချက်ပြုတ်ရတယ်"

"အဲဒီအချိန်တုန်းက အသက်ဘယ်လောက်ရှိသွားပြီလဲ"

"လေ့ကျင့်ရေးကောလိပ်မှာ ကျောင်းစ,တက်တော့ ဆရာမ အသ ဆယ့်ရှစ်နှစ်"

"ဆရာမက ကိုယ့်အထုပ်ကိုဆွဲပြီး ထွက်သွားသင့်တာ"

"အလုပ်မရခင် အချိန်အထိပေါ့၊ ပြီးတော့ အဲဒီအချိန်တုန်းက အ လို မလုပ်ရဲလောက်အောင်ကို ဆရာမအဒေါ်ရဲ့လွှမ်းမိုးမှုကို ခံခဲ့ရတာ၊ အ အင်အားကြီးတဲ့ စရိုက်လက္ခဏာရှိတဲ့ လူတစ်ယောက်ရဲ့ လွှမ်းမိုးမှုကိုခံလို ရတာ ဘာနဲ့တူသလဲဆိုတာကို ပုံဖော်ကြည့်လို့တောင် ရမှာမဟုတ်ဘူး၊ ဂျယ် တုံးလို မျိုးပြောင်းသွားစေနိုင်တယ်၊ အဲဒီလိုပဲ၊ အဲဒါကတော့ ဆရာမဘ ဝမ်းနည်းစရာကောင်းတဲ့ ဇာတ်လမ်းပဲ၊ တော်တော်များလည်း ပြောပြီးသွ

"မရပ်ပါနဲ့ဦး၊ ဆရာမပြောတာ မပြီးသေးဘူး၊ သူ့လက်ထဲက လွတ်အောင် ဘယ်လိုရုန်းထွက်နိုင်ခဲ့တာလဲ၊ ထွက်လာပြီး ဒီထူးဆန်း သေးသေးလေးထဲမှာ ဘယ်လိုလာနေတာလဲ"

"အာ. . အဲဒါကတော့ တခြားအကြောင်းအရာ တစ်ခုပေါ့၊ အဲ

www.burmeseclassic.com

www.burmeseclassic.com



တတ်သက်ပြီး ဆရာမ ကိုယ့်ကိုကိုယ် ဂုဏ်ယူနေတာ"

"ပြောပြပါ" မတေးဒါကိုကြည့်ရတာ အတော်လေး စိတ်ပါလက်ပါ နားစွင့်နေပုံ။

"အင်း. . ဆရာမအလုပ်လည်းရရော၊ အဒေါ်က သူ့ကို အတွေး ဆပ်စရာတွေ အများကြီးရှိတယ်လို့ပြောတယ်၊ ဘာဖြစ်လို့လဲလို့ ဆရာမက လည်း မေးလိုက်တယ်၊ သူက ဘာကြောင့်လဲဆိုတော့ ဒီလောက်နှစ်တွေအ ကြာကြီး နင့်ကိုကျွေးမွေးထားရတာ၊ ဖိနပ်တွေ အဝတ်အစားတွေ ဝယ်ပေး ရတာအတွက်ကြောင့်ပဲတဲ့၊ သူပြောတာက အားလုံးပေါင်းလိုက်ရင် သောင်းနဲ့ ချီတယ်၊ အဲဒါတွေကို နောက်ဆယ်နှစ်အထိ ဆရာမရဲ့ လစာထဲကနေ ဖဲ့ဖဲ့ ဆပ်ရမယ်တဲ့လေ၊ ပြီးတော့ သူကပြောသေးတယ်၊ တစ်ပတ်ကို တစ်ပေါင် မုန့်ဖိုးပေးမယ်တဲ့၊ ဒါပေမယ့် အဲဒါ အကုန်ပဲတဲ့၊ ဆရာမရဲ့လစာတွေကို သူ့ ဘဏ်စာအုပ်ထဲကို တိုက်ရိုက်ရောက်သွားအောင် ကျောင်းကတာဝန်ရှိသူ တွေနဲ့ သူက စီစဉ်ထားသေးတယ်၊ ပြီးတော့ စာချုပ်ပေါ်မှာ လက်မှတ်ထိုး ခိုင်းတယ်"

"ဆရာမ မထိုးလိုက်သင့်ဘူး၊ လစာက ဆရာမရဲ့ လွတ်လပ်ခွင့်ပဲ လေ"

"သိတယ်၊ သိတယ်၊ ဒါပေမယ့် ဆရာမရဲ့ ဘဝတစ်လျှောက်လုံးနီး ပါး သူ့ရဲ့ကျွန်ဖြစ်ခဲ့တာ၊ ပြီးတော့ အဲဒီလောဘသားကောင်ကြီးကို ငြင်းဖို့ ဆရာမဆီမှာ သတ္တိမရှိဘူး၊ သူက ဆရာမကို ဆိုးဆိုးဝါးဝါး နာကျင်စေတုန်း ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုလုပ် လွတ်အောင်ကြိုးစားခဲ့တာလဲ"

"အာ" မစ္စဟာန်နီက ပထမဆုံးအကြိမ် ပြုံးရင်းနဲ့ပြောတယ်"အဲဒါကတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပေါ့၊ အဲဒါ ဆရာမရဲ့ အကြီးမားဆုံးသော အောင်ပွဲပဲလေ"

"သမီးကို ပြောပြပါ"

"ဆရာမက မနက်အစောကြီးထ,ပြီး ဆရာမအဒေါ် အိပ်နေတဲ့အချိန် လမ်းလျှောက်ထွက်လေ့ရှိတယ်၊ တစ်နေ့ကျတော့ ဒီတိုက်အိမ်သေးသေးလေးကို အမှတ်မထင်တွေ့လိုက်ရတယ်၊ အိမ်က အလွတ်ကြီးလေ၊ ဘယ်သူပိုင်လဲဆိုတာ ဆရာမ သိသွားတယ်၊ လယ်သမားတစ်ယောက်ပဲ၊ ဆရာမ သွားတွေ့လိုက်တယ်၊ လယ်သမားတွေဆိုတာလည်း မနက်အစောကြီးထ,တယ်လေ အဲဒီအချိန်တုန်းက သူက နွားနို့ညှစ်နေတယ်၊ သူ့ရဲ့ တိုက်အိမ်လေးကို ငှားလို့ရမလားလို့ မေးလိုက်တယ်၊ သူက အဲဒီမှာနေလို့မဖြစ်ဘူးတဲ့၊ သက်တောင့်သက်သာမရှိဘူးတဲ့၊ ကျွန်မနေချင်ပါတယ်လို့ ဆရာမလည်းပြောလိုက်တယ် ပြီးတော့ ကျွန်မ စိတ်ကူးယဉ်ဆန်ဆန်နေချင်တာ ဒီအိမ်လေးကို အရမ်းသဘောကျနေပြီ၊ ကျွန်မကို ငှားပါလို့ ပြောလိုက်တယ်၊ သူက ရူးနေပြီနဲ့တူတယ်တဲ့၊ နင်လိုချင်ရင် ရပါတယ် လာခဲ့ပါတဲ့၊ တစ်ပတ်ကို ဆယ်ပဲနိပေးတဲ့၊ ဟောဒီမှာ တစ်လစာအတွက် ကြိုပေးထားမယ်ဆိုပြီး သူ့ကို ပဲနိလေးဆယ်ပေးလိုက်တယ်၊ ပြီးတော့ ကျေးဇူးအရမ်းတင်ပါတယ်လို့လည်း ပြောလိုက်တယ်"

"တကယ် စံပဲဟေ့"လို့ မတေးဒါက သူမရဲ့ဆရာမကို လှိုက်လှိုက်လှဲလှဲ ချီးမွမ်းခန်းဖွင့်လိုက်တယ်၊ "ဒါဆို ရုတ်ခြည်းမှာပဲ ကိုယ်ပိုင်အိမ်လေးရှိသွားတာပေါ့၊ ဒါပေမယ့် ဆရာမရဲ့အဒေါ်ကို ပြောပြဖို့ရော သတ္တိတွေဘယ်လိုရှိလာတာလဲ"

"အဲဒါကတော့ ခက်တယ်၊ ဒါပေမယ့် ကိုယ့်ကိုကိုယ် စိတ်တင်းထားရတာပေါ့၊ တစ်ညကျတော့ သူ့အတွက် ညစာလည်းချက်ပြီးရော အပေါ်ထပ်တက်သွားပြီး ဆရာမပိုင်ဆိုင်တဲ့ ပစ္စည်းလေးတွေကို စက္ကူပုံထဲထည့်ပြီး အောက်ဆင်းလာလိုက်တယ်၊ ပြီးတော့ အိမ်တစ်လုံးငှားပြီးသွားပြီ၊ ဒီအိမ်ကထွက်သွားတော့မယ်လို့ ကြေညာလိုက်တယ်၊ အဒေါ်လည်း ထ,ပေါက်ကွဲတော့တယ်၊ အိမ်တစ်လုံး ငှားထားတယ် ဟုတ်လားဆိုပြီး အော်တယ်၊ ပြီးတော့

www.burmeseclassic.com



ပြောသေးတယ်၊ တစ်ပတ်မှာ တစ်ပေါင်ပဲရတဲ့ဆရာ ဒီကမ္ဘာပေါ်မှာ ဘယ်လို အိမ်မျိုး နင် ငှားနေနိုင်တာလဲတဲ့၊ ငှားပြီးသွားပြီလို့ပဲ ပြောလိုက်တယ်၊ အစား အသောက်ကျတော့ ဘယ်လိုလုပ်မှာလဲလို့ မေးတယ်၊ စီစဉ်နိုင်မှာပါလို့ပြောပြီး အိမ်ရှေ့ခန်းက တစ်ခါတည်းပြေးထွက်လာလိုက်တယ်"

"အိုး. တော်လိုက်တာ၊ နောက်ဆုံးတော့ ဆရာမ လွတ်မြောက်သွား ပြီးပေါ့"

"ဟုတ်တယ်. . အဆုံးကျတော့ လွတ်မြောက်သွားတာပဲလေ၊ ဘယ် လောက် ပျော်စရာကောင်းသလဲဆိုတာ ပြောတောင် မပြောပြတတ်တော့ဘူး"

"ဒါပေမယ့် ဒီနေရာမှာ တစ်ပတ်ကို တစ်ပေါင်ပဲရပြီး ကြိုးစားနေ လာခဲ့ရတာပေါ့" မတေးဒါရဲ့အသံမှာ ဂရုဏာစွက်နေတယ်။

"ဟုတ်တယ်၊ အိမ်ငှားခအတွက် ဆယ်ပဲနိပေးလိုက်တယ်၊ ပြီးတော့ ကျန်တဲ့ပိုက်ဆံတွေကို မီးဖို၊ ရေနံဆီ၊ မီးအိမ်၊ နွားနို့နည်းနည်း၊ လက်ဖက် ခြောက်၊ ပေါင်မုန့်နဲ့ မာဂျရင်းတို့ ဝယ်ရတယ်လေ၊ ဆရာမ တကယ်လိုအပ် တာလည်း အဲဒါ အကုန်ပဲလေ၊ သမီးကို ဆရာမပြောပြီးသွားပြီလေ၊ ကျောင်းက ကျွေးတဲ့နေ့လည်စာကို ဗိုက်တော်တော်လေးတင်းသွားအောင် စားလာခဲ့လိုက် တယ်"

မတေးဒါက သူမကို ငေးကြည့်နေတယ်၊ ချီးကျူးစရာကောင်းလောက် အောင် သတ္တိရှိတဲ့ကိစ္စတစ်ခုကို မစ္စဟန်နီလုပ်ဆောင်ခဲ့တာပဲ၊ ရုတ်တရက် မှာပဲ သူမဟာ မတေးဒါရဲ့ မျက်လုံးထဲမှာ သူရဲကောင်းတစ်ယောက်လို ဖြစ် လာတာ၊ "ဆောင်းတွင်းမှာ အရမ်းမအေးဘူးလားဟင်"လို့ မတေးဒါက ဂရု ဏာသက်စွာနဲ့ မေးလိုက်တယ်။

"ရေနံဆီမီးဖိုလေး ရှိတယ်လေ၊ ဒီထဲမှာ နွေးနွေးထွေးထွေးဖြစ်သွား အောင် ဘယ်လိုလုပ်လိုက်သလဲဆိုတာ သိရင် အရမ်းအံ့သြသွားမှာ"

"အိပ်ရာရောရှိရဲ့လား ဆရာမ"

"မရှိပါဘူး" မစ္စဟန်နီက နောက်တစ်ကြိမ်ပြုံးရင်းနဲ့ ပြောတယ်၊"ဒါ ပေမယ့် မာတဲ့မျက်နှာပြင်ပေါ်မှာအိပ်ရင် ကျန်းမာရေးကောင်းတယ်လို့ သူ များတွေပြောတာ ကြားဖူးတယ်"

တပြိုင်နက်တည်းမှာ ကိစ္စတစ်ခုလုံးကို လုံးဝရှင်းရှင်းကြီး မတေးဒါ

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရပြီ၊ မစ္စဟန်နီမှာ အကူအညီလိုအပ်နေတယ်၊ ဒီလိုအခြေအနေမျိုးနဲ့ ဆက်နေစရာအကြောင်းလုံးဝမရှိဘူး၊ "ဆရာမ အလုပ်ကထွက်လိုက်ပြီး၊ အလုပ်လက်မဲ့ထောက်ပံ့ကြေးနဲ့ နေမယ်ဆိုရင်တောင် ဒီ့ထက် ပိုအဆင်ပြေမယ်ထင်တယ်နော်"

"အဲဒီလိုမျိုး မလုပ်နိုင်ဘူး၊ စာသင်ရတာကို ဆရာမကြိုက်တယ်"

"တော်တော်ဆိုးတဲ့ အဒေါ်ပဲနော်၊ သမီးထင်တာကတော့ သူ ဆရာမရဲ့ အိမ်ကောင်းကောင်းကြီးထဲမှာ နေနေတုန်းနဲ့တူတယ်"

"အတိအကျပဲ၊ သူက အခုဆို ငါးဆယ်လောက်ပဲ ရှိသေးတယ်၊ အဲဒီမှာ သူနေနေတာ အတော်ကြာနေပြီ"

"ဒါဆို ဆရာမရဲ့အဖေက သူ့ကို အဲဒီအိမ် တကယ်ပေးခဲ့တယ်လို့ ထင်လား"

"မပေးခဲ့ဘူးဆိုတာတော့ သေချာတယ်၊ မိဘတွေက အုပ်ထိန်းသူတို့ အချိန်အတိုင်းအတာ တစ်ခုအထိ အိမ်ပိုင်ဆိုင်ခွင့် လွှဲပေးတယ်၊ ဒါပေမယ့် များသောအားဖြင့် ကလေးအတွက် ပေးခဲ့တာချည်းပဲလေ၊ ကလေးအရွယ်ရောက်လာတာနဲ့ သူတို့ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ဖြစ်သွားရော"

"ဒါဆို အဲဒါ ဆရာမရဲ့အိမ်ပေါ့"

"အဖေရဲ့ သေတမ်းစာကိုတော့ ရှာမတွေ့ဘူး၊ တစ်ယောက်ယောက်က ဖျက်ဆီးလိုက်တဲ့ပုံပဲ"

"ဘယ်သူဆိုတာ မခန့်မှန်းနိုင်ဘူးပေါ့"

"ဟင့်အင်း"

"ဒါပေမယ့် သေတမ်းစာ မရှိတော့ဘူးဆိုရင်တောင်မှ အဲဒီအိမ်က အလိုအလျောက် ဆရာမလက်ထဲ ရောက်လာရမှာပေါ့၊ ဆရာမက သူ့ရဲ့ဆွေမျိုးရင်းချာပဲဥစ္စာ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဒေါ်က အဖေရေးခဲ့တယ်ဆိုတဲ့ စာရွက်တစ်ရွက်ကို ထုတ်ပြတယ်၊ အဲဒီစာရွက်ထဲမှာ ဆရာမကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာမရဲ့အဒေါ်ကို ဒီအိမ်ပေးခဲ့တယ်ဆိုပြီး ရေးထားတယ်၊ အဲဒီသေတမ်းစာက အတုကြီးမှန်း ဆရာမ သေချာသိတယ်၊ ဒါပေမယ့် သက်သေမပြနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မကြိုးစားကြည့်ဘူးလား၊ ရှေ့နေ ကောင်းကောင်းတစ်ယောက်ငှား ပြီး ပြန်မလုဘူးလား"

"အဲဒီလိုလုပ်ဖို့ ပိုက်ဆံမရှိဘူး၊ ပြီးတော့ အခေါ်က ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ လေးစားခံရတဲ့ပုဂ္ဂိုလ်လေ၊ သူ့မှာ အရှိန်အဝါတော်တော် ရှိတယ်"

"သူက ဘယ်သူလဲဟင်"

တော်တော်ကြာတဲ့အထိ မစ္စဟန်နီ တိတ်ဆိတ်သွားတယ်၊ ပြီးမှဖြေး ဖြေးချင်း "မစ္စထရန့်ဘူလ်ပါ"တဲ့။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

"မစ္စထရန့်ဘူလ် ဟုတ်လား. ." လေထဲကို တစ်ပေလောက်မြင့်တက်သွားတယ်လို့ ထင်ရတယ်၊ "သူက ဆရာမရဲ့ အဒေါ် ဟုတ်လား၊ သူက ဆရာမကို စောင့်ရှောက်ခဲ့တာပေါ့ ဟုတ်လား. . ."

"ဟုတ်ပါတယ်"

"ဆရာမ သူ့ကို ကြောက်နေတာ အံ့သြစရာမရှိပါဘူးလေ၊ ဟိုတစ်နေ့တုန်းက ကောင်မလေးတစ်ယောက်ကို ကျစ်ဆံမြီးကဆွဲပြီး ခြံစည်းရိုးကို ကျော်အောင် လွှင့်ပစ်လိုက်တယ်"

"တခြားဟာတွေကို သမီး မမြင်ဖူးသေးပါဘူး၊ အဖေလည်းဆုံးသွားပြီးရော ဆရာမ ငါးနှစ်ခွဲလောက်မှာ ကိုယ့်ဘာသာကိုယ် ရေချိုးရတယ်၊ ပြီးရင် သူကတက်လာပြီး သေချာမချိုးထားဘူးလို့ထင်ရင် ဆရာမခေါင်းကို ရေထဲ တွန်းထည့်လိုက်ပြီး အဲဒီမှာ နှစ်ထားတယ်၊ ဒါပေမယ့် သူဘယ်လိုနှိပ်စက်တယ်ဆိုတာတွေကို မပြောကြရအောင်၊ အဲဒါတွေက ဆရာမတို့အတွက် အကျိုးမရှိပါဘူး"

"ဟုတ်တယ်. . အကျိုးမရှိဘူး"

"ဆရာမတို့ သမီးအကြောင်းကိုပြောဖို့ ဒီကိုလာတာ အခုတော့ အရူးတစ်ယောက်လို့ပဲ ကိုယ့်အကြောင်းကို တစ်ချိန်လုံး ပြောနေမိတယ်

www.burmeseclassic.com



သမီးရဲ့ အံဩစရာကောင်းတဲ့ မျက်လုံးတွေနဲ့ ဘယ်လောက်အထိလုပ်နိုင်သလဲ ဆိုတာ ဆရာမ အရမ်းစိတ်ဝင်စားနေတာ"

"ပစ္စည်းတွေကို ရွှေ့နိုင်တယ်၊ လုပ်နိုင်တယ်ဆိုတာ.သိတယ်၊ ပစ္စည်းတွေကို မှောက်လည်းမှောက်ချနိုင်တယ်"

"ပစ္စည်းတွေကို ဘယ်လောက်ထိ ရွှေ့နိုင်၊ တွန်းနိုင်သလဲဆိုတာကို အခု စမ်းကြည့်ရင်ရော ဘယ်လိုနေမလဲ"

မတေးဒါက "ဆရာမ စိတ်ကသိကအောင့် မဖြစ်ဘူးဆိုရင် သမီး အခု မစမ်းကြည့်ချင်ဘူး၊ သမီး အိမ်ကိုပြန်ပြီး အခုညနေကြားခဲ့ရတာတွေအကုန်လုံးကို ပြန်စဉ်းစားကြည့်ချင်တယ်"

မစ္စဟန်နီက ချက်ချင်းပဲ မတ်တတ်ရပ်ပြီး "ရပါတယ်"လို့ ပြောတယ်၊ "သမီးကို ဒီမှာခေါ်ထားတာ အတော်ကြာနေပြီ၊ အမေစိတ်ပူနေလိမ့်မှာပေါ့"

"ဘယ်တော့မှ စိတ်မပူဘူး"လို့ မတေးဒါက ပြုံးရင်းနဲ့ပြောတယ်၊ "ဒါပေမယ့် အခုလောလောဆယ်တော့ သမီး အိမ်ကိုပြန်ချင်ပါတယ် ဆရာမ"

"ဒါဆိုလည်း သွားကြတာပေ့ါ၊ သမီးကို ခပ်ညံ့ညံ့ရေနွေးကြမ်းနဲ့ ဧည့်ခံရတဲ့အတွက်တော့ ဆရာမ အားနာပါတယ်ကွယ်"

"လုံးဝမညံ့ပါဘူး၊ သမီးကြိုက်ပါတယ်"

မတေးဒါရဲ့ အိမ်ဘက်ဆီကို သူတို့နှစ်ယောက်သား တိတ်ဆိတ်စွာနဲ့ လျှောက်လာခဲ့ကြတယ်၊ မတေးဒါက အဲဒီလိုမျိုး ဖြစ်ချင်နေတယ်ဆိုတာကို မစ္စဟန်နီ ခံစားမိတယ်၊ ကလေးငယ်က အတွေးထဲမှာ လုံးဝနစ်မျောနေပြီး သူမ ဘယ်လိုလမ်းလျှောက်နေသလဲဆိုတာတောင် မြင်တဲ့ပုံမပေါ်ဘူး၊ မတေးဒါတို့အိမ်ရဲ့ တံခါးဝကိုရောက်တော့ မစ္စဟန်နီက "ဒီနေ့ည ဆရာမပြောခဲ့တာတွေအကုန်လုံးကို မေ့ပစ်လိုက်ရင် ပိုကောင်းလိမ့်မယ် မတေးဒါ"

"အဲဒီလိုမျိုးလုပ်ဖို့အတွက်တော့ သမီး ကတိမပေးနိုင်ဘူး၊ ဒါပေမယ့် ဒီအကြောင်းကို ဘယ်သူ့ကိုမှ ထပ်မပြောတော့ဘူးဆိုတာကိုတော့ ကတိပေးပါတယ်၊ ဆရာမကိုတောင် ထပ်မပြောတော့ပါဘူး"

"အဲဒါဆိုရင် အကောင်းဆုံးပဲ"

"အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး စဉ်းစားတာရပ်ဖို့တော့ သမီးကတိမပေးနိုင်ပါဘူး၊ ဆရာမရဲ့ တိုက်အိမ်ကပြန်လာတဲ့ လမ်းတလျှောက်လုံးမှာ

www.burmeseclassic.com

www.burmeseclassic.com


ဒီအကြောင်းပဲ သမီးစဉ်းစားလာတာ၊ အကြံသေးသေးလေးတစ်ခု ရပြီလို့တော့ သမီးထင်တယ်"

"မလုပ်ရဘူး မတေးဒါ၊ အဲဒီကိစ္စတွေကို မေ့ပစ်လိုက်ပါ"

"အဲဒီအကြောင်း ပြောတာမရပ်ခင် နောက်ဆုံးမေးခွန်း သုံးခုမေးချင်ပါတယ်၊ သမီးမေးခွန်းတွေကို ဖြေပေးမယ်မဟုတ်လား ဆရာမ"



မစ္စဟန်နီက ပြုံးတယ်၊ တော်တော်ထူးဆန်းတာပဲ၊ ဒီလိုကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေးက သူမရဲ့ ပြဿနာတွေအတွက် ကိုယ့်ကိုကိုယ် တာဝန်ပေးနေပြီ အာဏာရှိတဲ့ပုံစံမျိုးလေးနဲ့ ဂိုက်ဖမ်းနေသေးတယ်၊ "အင်း. . အဲဒါကတော့ သမီးရဲ့ မေးခွန်းတွေပေါ်မှာ မူတည်တယ်"

"ပထမဆုံးမေးခွန်းက မစ္စထရန့်ဘူလ်က ဆရာမရဲ့ အဖေကို အိမ်မှာနေရင် ဘယ်လိုခေါ်လဲ"

"အဖေ့ကို မက်နက်စ်လို့ခေါ်တာ သေချာတယ်၊ အဲဒါ အဖေ့ရဲ့ ပထမနာမည်လေ"

"ဒါဆိုရင် ဆရာမအဖေကရော မစ္စထရန့်ဘူလ်ကို ဘယ်လိုခေါ်လဲ"

"သူ့နာမည်က အဂ္ဂါသာလေ၊ အဲဒီလိုပဲ ခေါ်တယ်"

"ပြီးတော့ နောက်ဆုံးတစ်ခုက မစ္စထရန့်ဘူလ်က ဆရာမကို ဘယ်လို ခေါ်လဲ"

"ဂျင်းနီလို့ခေါ်တယ်"

မတေးဒါက အဖြေတွေအားလုံးကို တွေးတွေးဆဆနဲ့ အကုန်မှတ်သားနေတယ်၊ "ဒါဆိုရင် သမီးမှတ်ထားတာ မှန်၊ မမှန် ပြန်စစ်ကြည့်ရအောင်၊ ဆရာမရဲ့အဖေက မက်နက်စ်၊ မစ္စထရန့်ဘူလ်က အဂ္ဂါသာ၊ ပြီးတော့ ဆရာမက ဂျင်းနီ၊ သမီးပြောတာ မှန်ပါတယ်နော်. . "

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်" မတေးဒါကပဲ ဆက်ပြီး "ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး နောက်ထပ် မဆွေးနွေးတော့ပါဘူး"

ဒီကလေးရဲ့ စိတ်ကူးထဲမှာ ဘာတွေဝင်နေသလဲဆိုတာ မစ္စဟန်နီ သိချင်နေတယ်၊ "မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်" သူမက သတိပေးသလိုနဲ့ ပြောလိုက်တယ်။

မတေးဒါက ရယ်တယ်၊ လှည့်ထွက်သွားတယ်၊ ပြီးတော့ အိမ်ရှေ့တံခါးပေါက်ဆီသွားရာ လမ်းကလေးပေါ် ပြေးတက်သွားပြီး၊ နောက်ပြန်လှည့်အော်တယ် "သွားပြီနော် ဆရာမ၊ ရေနွေးကြမ်းနဲ့ ပေါင်မုန့်အတွက် ကျေးဇူးတင်ပါတယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

မတေးဒါတို့အိမ်မှာတော့ ထုံးစံအတိုင်း ဘယ်သူမှမရှိဘူး၊ သူမရဲ့ ဖခင်က အလုပ်က ပြန်မရောက်သေး၊ မိခင်ကလည်း ဘင်ဂိုဝိုင်းက ပြန်မလာ သေးဘူး၊ သူမရဲ့ အစ်ကိုကတော့ တစ်နေရာရာကို ရောက်နေလိမ့်မယ်၊ စံ ခန်းထဲကို တန်းသွားပြီး၊ သူမဖခင်ရဲ့ ဆေးပြင်းလိပ်ဘူးထားတဲ့ ဗီရိုအံဆွဲ ဖွင့်လိုက်တယ်၊ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး သူမအိပ်ခန်းထဲ ယူသွားတယ်၊ ပြီးတော့ အခန်းတံခါးကို ပိတ်လိုက်တယ်။

လေ့ကျင့်ဖို့ အချိန်ရောက်ပြီဆိုပြီး သူမဘာသာ တိုးတိုးရေရွတ်နေ တယ်၊ ခက်တော့ခက်လိမ့်မယ်၊ ဒါပေမယ့် အဲဒါကို မဖြစ်ဖြစ်အောင်လုပ် သူမ စိတ်ပိုင်းဖြတ်ပြီးသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



မစ္စဟန်နီကိုကူညီမယ့် သူမရဲ့အစီအစဉ်က သူမခေါင်းထဲမှာ လှလှပပ ပုံဖော်မိနေပြီ၊ အကုန်လုံးကို အသေးစိတ်နီးပါး အကွက်ချ ပြီးသွားပြီ၊ ဒါပေမယ့် အဆုံးကျရင် အားလုံးက သူမမျက်လုံးစွမ်းအား လုပ်နိုင်၊ မလုပ်နိုင်တဲ့ အပေါ်မှာ မူတည်နေတယ်၊ သူမအနေနဲ့ ချက်ချင်းလုပ်လို့မရဘူးဆိုတာကို သိနေတယ်၊ ဒါပေမယ့် တော်တော်လေ့ကျင့်ပြီး အားစိုက်လိုက်ရင် နောက်ဆုံးမှာ အောင်မြင်မှုရမယ်ဆိုတာကို သူမ ယုံကြည်နေတယ်၊ ဆေးပြင်းလိပ်က မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းဖြစ်နေတယ်၊ သူမလိုချင်နေတာထက် နည်းနည်းလေးပဲ ထူမယ်၊ဒါပေမယ့် အလေးချိန်ကတော့ ဒီလောက်ပါပဲ၊ လေ့ကျင့်ဖို့အတွက် အနေတော်လောက်ပဲ။

မတေးဒါရဲ့ အိပ်ခန်းထဲမှာ သူမရဲ့ခေါင်းဘီးနဲ့ စာကြည့်တိုက်က စာအုပ်နှစ်အုပ်လောက် အမြဲတမ်းတင်ထားလေ့ရှိတဲ့ မှန်တင်ခုံအသေးစားလေး တစ်ခုရှိတယ်၊ အဲဒီပစ္စည်းတွေ အကုန်လုံးကို ဘေးတစ်ဘက်ကို ပို့လိုက်ပြီး ဆေးပြင်းလိပ်ကို မှန်တင်ခုံအလယ်မှာ ချထားလိုက်တယ်၊ ပြီးတော့ လျှောက်သွားပြီး အိပ်ရာပေါ်မှာ ထိုင်နေလိုက်တယ်၊ အခုဆိုရင် သူမ ဆေးပြင်းလိပ်နဲ့ ဆယ်ပေလောက် အကွာအဝေးမှာရှိနေတယ်။



သူမကိုယ်သူမ စိတ်ငြိမ်အောင်ကြိုးစားပြီး အာရုံစုစည်းလိုက်တယ်၊ ဒီတစ်ကြိမ်မှာတော့ လျှပ်စစ်ဓာတ်အားတွေ သူမခေါင်းထဲမှာ စီးဆင်းနေတာကို

www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုတိုအတွင်းမှာ ခံစားရတယ်၊ အဲဒီလျှပ်စစ်ဓာတ်အားတွေက မျက်လုံးနောက်မှာ စုစည်းသွားပြီး မျက်လုံးထဲမှာ ပူလာတယ်၊ ပြီးတော့ မမြင်နိုင်တဲ့ လက်သေးသေးလေး သန်းပေါင်းများစွာက ဆေးပြင်းလိပ်ဆီကို တွန်းထုတ်သွားကြတာ မီးပွားတွေအတိုင်းပဲ၊ "ရွေ့စမ်း. ." သူမ တိုးတိုးလေးဆိုလိုက်တယ်၊ ပြီးတော့ သူမကို တော်တော်လေး အံ့အားသင့်သွားစေတာကတော့ အလယ်လောက်မှာ အနီရောင်နဲ့ရွှေဝါရောင် စက္ကူပတ်တွေပတ်ထားတဲ့ ဆေးပြင်းလိပ်က ချက်ချင်းဆိုသလိုပဲ မှန်တင်ခုံပေါ်ကနေ လိမ့်ဆင်းသွားပြီး ကော်ဇောပေါ်ကို ပြုတ်ကျသွားတယ်။

အဲဒါကို မတေးဒါ အတော်လေး သဘောကျသွားတယ်၊ အဲဒီလိုလုပ်ရတာ ကြည်နူးစရာကောင်းလှတယ်၊ မီးပွားလေးတွေက သူမခေါင်းထဲမှာလည်နေပြီး သူမမျက်စိထဲကနေ ထွက်လာသလို ခံစားရတယ်၊ နူးညံ့သိမ်မွေ့တဲ့ စွမ်းအင်တစ်မျိုးကို သူမ ပိုင်ဆိုင်ထားသလိုပဲ၊ ဒီတစ်ကြိမ်မှာ ဘယ်လောက်လွယ်လိုက်သလဲ၊ ဘယ်လောက်တောင် ရိုးရှင်းလိုက်သလဲ။



သူမ ထ,သွားပြီး ဆေးပြင်းလိပ်ကို မှန်တင်ခုံပေါ် ပြန်တောက်ထား

www.burmeseclassic.com


လိုက်တယ်၊ ဒီတစ်ခါတော့ ခက်တဲ့တစ်ခုလာပြီလို့ သူမတွေးနေမိတယ်၊ တကယ်လို့ ငါ့မှာသာ "တွန်း"နိုင်တဲ့စွမ်းအားရှိရင် "မ"နိုင်တဲ့စွမ်းအားလည်း ရှိရမှာပေါ့၊ ဘယ်လို မ,ရမလဲဆိုတာ အရေးတကြီး သင်ကိုသင်ရမယ်၊ လေထဲကို မ,တင်တာကို ငါသင်ရမယ်၊ သိပ်လေးတဲ့ ပစ္စည်းမှမဟုတ်တာ ဆေးပြင်းလိပ် တစ်လိပ်ပဲ။

အိပ်ရာရဲ့အစွန်းမှာ သူမ ထိုင်လိုက်ပြီး စတင်တော့တယ်၊ သူမမျက်စိနောက်က စွမ်းအားကို စေခိုင်းတာ ဒီတစ်ကြိမ်မှာ အတော်လေး လွယ်ကူနေပြီ၊ ဦးနှောက်ထဲက ခလုပ်တစ်ခုကို တွန်းလိုက်သလိုမျိုးပဲ၊ "မ,စမ်း"တိုးတိုးလေး ရေရွတ်လိုက်တယ်၊ "မ,စမ်း"

ပထမတော့ ဆေးပြင်းလိပ်က လိမ့်သွားတယ်၊ ဒါပေမယ့် မတေးဒါရဲ့ ကောင်းကောင်းအာရုံစိုက်မှုအောက်မှာ ခုံပေါ်ကနေ တစ်လက်မလောက် မြင့်တက်လာတယ်၊ အား တော်တော်စိုက်လိုက်ရပြီး အဲဒီနေရာမှာ ဆယ်စက္ကန့်လောက်ကြာအောင် သူမစေခိုင်းနိုင်တယ်၊ ပြီးတော့ အောက်ကိုပြန်ကျသွားတယ်။

"ဖူး. . ." သူမ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်တယ်၊ "ငါရခါနီးနေပြီ၊ ငါ အဲဒါကို လုပ်နိုင်တော့မယ်"

နောက်တစ်နာရီအထိ မတေးဒါ လေ့ကျင့်နေပြီး၊ အဆုံးမှာတော့ သူမရဲ့ မျက်လုံးစွမ်းအားသက်သက်နဲ့ ဆေးပြင်းလိပ်တစ်လိပ်လုံးကို ခုံပေါ်ကနေ ခြောက်လက်မလောက်မြင့်တဲ့အထိ လေထဲမှာ မြှောက်တင်ထားနိုင်ပြီး အဲဒီနေရာမှာပဲ တစ်မိနစ်လောက်ကြာအောင် ထိန်းထားနိုင်တယ်၊ ပြီးတော့ ရုတ်တရက် သူမ အရမ်းမောပမ်းလာပြီး အိပ်ရာပေါ်လှဲချလိုက်တာ တစ်ခါတည်း အိပ်ပျော်သွားရော။

အဲဒီညနေက သူမကို အဲဒီပုံစံအတိုင်းပဲ သူမရဲ့မိခင်က တွေ့သွားတယ်။

"ဘာဖြစ်လို့လဲ"လို့ သူမကိုနှိုးရင်း မေးတယ်၊ "နေမကောင်းဘူးလား"

"အိုး. . " ထ,ထိုင်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်ရင်းနဲ့ ပြောတယ်၊ "ဟင့်အင်း ကောင်းပါတယ်၊ နည်းနည်းပင်ပမ်းသွားလို့ပါ ဒီလောက်ပါပဲ"

အဲဒီအချိန်ကစပြီး ကျောင်းကပြန်လာတိုင်း အခန်းထဲခါးပိတ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



ဆေးပြင်းလိပ်နဲ့ လေ့ကျင့်တော့တယ်၊ သိပ်မကြာခင်မှာပဲ အားလုံးက သိပ်အံ့သြစရာကောင်းလောက်အောင်ကို ဖြစ်လာပြီ၊ ခြောက်ရက်ကြာပြီး ဗုဒ္ဓဟူးနေ့ညနေမှာ ဆေးပြင်းလိပ်ကို လေထဲကို မြှောက်တင်နိုင်ရုံတင်မကပဲ လေထဲမှာ သူမစေခိုင်းသလို ရွေ့လို့ရနေပြီ၊ အတော်လေး ကြည့်လို့ကောင်းတယ်၊ "ငါလုပ်နိုင်ပြီ"လို့ သူမ တစ်ကိုယ်တည်း ကြုံးဝါးနေမိတယ်၊ "တကယ်လုပ်နိုင်နေပြီ၊ ဆေးပြင်းလိပ်ကို ငါ့ရဲ့မျက်လုံးစွမ်းအားနဲ့ ကောက်ယူပြီး လေထဲမှာ ငါလိုသလို တွန်းနိုင် ဆွဲနိုင်ပြီ"

အခုအချိန်မှာ သူမလုပ်ဖို့ လိုအပ်တာကတော့ သူမရဲ့မဟာအစီအစဉ်ကြီးကို လက်တွေ့ အကောင်အထည်ဖော်ဖို့ပဲ။



❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

နောက်တစ်နေ့ကတော့ ကြာသပတေးနေ့ပါ၊ မစ္စဟန်နီရဲ့ အတန်းတစ်တန်းလုံး နေ့လည်စာစားပြီးတာနဲ့ (သိကြတဲ့အတိုင်းပဲ) ပထမဆုံးသင်ခန်းစာအချိန်ကို ကျောင်းအုပ်ဆရာမကြီးက တာဝန်ယူမယ့် နေ့ပါ။

မနက်ပိုင်းမှာကတည်းက မစ္စဟန်နီက သူတို့အားလုံးကို ပြောထားတယ်၊ "ဆရာမကြီး အရင်တစ်ခေါက် စာလာသင်တုန်းက မင်းတို့ထဲက တစ်ယောက် နှစ်ယောက်လောက်နဲ့ သိပ်အဆင်မပြေ ဖြစ်သွားတယ်၊ ဒါပေမယ့် ဒီနေ့တော့ အားလုံး ကျွမ်းကျင်လိမ်မာစွာနဲ့ နေကြရအောင်၊ အီးရစ်ခ် . . ဆရာမကြီးနဲ့ အရင်တစ်ခေါက် တွေ့ပြီးကတည်းက မင်းနားရွက်တွေ ဘယ်လိုနေသေးလဲ"

"သူ ဆွဲဆန့်လိုက်တယ်လေ၊ အမေကပြောတယ် နားရွက်တွေက အရင်ထက် ပိုကြီးလာတယ်တဲ့"

"ရှူးပါ့ထ်ရော လွန်ခဲ့တဲ့ ကြာသပတေးနေ့ပြီးသွားတော့ မင်းရဲ့ဆံပင်တွေ ကျွတ်ထွက်သွားမလားဆိုပြီး ဆရာမ စိုးရိမ်နေတာ"

"ပြီးသွားတော့ ကျွန်တော့်ခေါင်း နာလိုက်တာဗျာ" ရှူးပါ့ထ်က သူ့ခေါင်းလေးကို ပွတ်ရင်းနဲ့ပြောတယ်။

"နိုင်ဂျဲလ်ရော ဘယ်လိုလဲ၊ ဒီနေ့တော့ ဆရာမကြီးနဲ့ယှဉ်ပြီးတော့ ငါသိတယ်၊ ငါတတ်တယ်မလုပ်ပါနဲ့၊ ပြီးခဲ့တဲ့အပတ်က ဆရာမကြီးကို မချေ

www.burmeseclassic.com



မင် ပြောလိုက်တာပဲ"

"သူ့ကို အရမ်းမုန်းတယ်" နိုင်ဂျဲလ်က အံတကြိတ်ကြိတ်နဲ့ပြောတယ်။

"အဲဒါကို သိပ်ပြီးမသိသာစေနဲ့၊ အကျိုးမရှိဘူးလေ၊ သူက အရမ်းသန်မာထွားကြိုင်းတဲ့ မိန်းမကြီး၊ သူ့ဆီမှာ စတီးလ်ကြိုးလိုမျိုး ကြွက်သားတွေချည်းပဲ"

"ကျွန်တော် မြန်မြန်အရွယ်ရောက်ပါစေလို့ ဆုတောင်းတယ်၊ အဲဒါမှ သူ့ကို အပြတ်တီးထည့်လိုက်နိုင်မှာ"

"မင်း လုပ်နိုင်ပါ့မလားလို့ ဆရာမတော့ သံသယ ဖြစ်မိတယ်၊ သူ့ကို အဲဒီလို ရှင်းနိုင်တဲ့လူ တစ်ယောက်မှ မရှိသေးဘူး"

"ဒီနေ့ နေ့လည် သမီးတို့ကို ဘာစစ်မှာလဲ"လို့ ကောင်မလေး သေးသေးလေး တစ်ယောက်က မေးတယ်။

"သုံးအလီဇယားပေါ့၊ ပြီးခဲ့တဲ့အပတ်မှာ အဲဒါ သင်ခဲ့ပြီးပြီလို့ သတိမှတ်ထားတယ်လေ၊ သေသေချာချာ ရအောင်လုပ်ထားကြဦးနော်. . "

နေ့လည်စာက ရောက်လာပြီး ပြန်ထွက်သွားတယ်။

နေ့လည်စာ စားပြီးသွားတော့ အခန်းထဲမှာ လူပြန်စုကြတယ်၊ ဓနှေ ဟန်နီက အခန်းရဲ့တစ်ဘက်မှာ မတ်တတ်ရပ်နေတယ်၊ သူတို့အားလုံး တိတ်တိတ်ဆိတ်ဆိတ် စိုးရိမ်တကြီးနဲ့ စောင့်နေကြတယ်၊ အဲ. ပြီးတော့ ဗြိုလ်ဆိုးနဲ့ ပုံရိပ်မျိုးလိုပဲ၊ ချည်ထည်သင်တိုင်းနဲ့ အစိမ်းရောင် မြင်းစီးဘောင်းဘီကိုဝတ်ပြီး မစ္စထရန့်ဘူလ်ကြီး အခန်းထဲကို တရှိန်ထိုးချီတက်လာတယ်၊ သူ့ရေနွေး ရေကရားရှိရာကို တန်းသွားတယ်၊ ပြီးတော့ လက်ကိုင်ကနေ မြှောက်ကြည့်လိုက်ပြီး အထဲကို သေသေချာချာကြည့်လိုက်တယ်။

"ဒီတစ်ခါတော့ ငါ့ရဲ့သောက်ရေထဲမှာ ဘာပိန်ပိန်သေးသေးအကောင်မှ မတွေ့ရတာ ဝမ်းသာပါတယ်၊ ရှိခဲ့ရင်တော့ ဒီအခန်းရဲ့ အတန်းသားတစ်ယောက်ချင်းစီအတွက် ထူးထူးခြားခြား ဆိုးရွားတာတွေ ဖြစ်သွားစေရမယ်၊ နင်လည်း အပါအဝင်ပဲ မစ္စဟန်နီ"

အတန်းကတော့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ စိတ်အိုက်နေပုံရတယ်၊ ဒီကျားမကြီးအကြောင်းကို နည်းနည်းသိသွားကြပြီဆိုတော့ ဘယ်သူမှ ဓောင် မဟတ်ရဲကြတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ" ထုံးစံအတိုင်း မစ္စထရန့်ဘူလ်က ဟိန်းပြီ၊ "သုံးအလီဇယားကို ဘယ်လောက်ကောင်းကောင်း သင်ထားလဲဆိုတာ ကြည့်ကြရအောင် ဒါမှမဟုတ် ပြောင်းပြန်အနေနဲ့ ပြောရမယ်ဆိုရင် မင်းတို့ကို မစ္စဟန်နီက ဘယ်လောက်ညံ့အောင် သင်ထားလဲဆိုတာ ကြည့်ကြရအောင်" မစ္စထရန့်ဘူလ်က အတန်းရဲ့ အခြားတစ်ဘက်မှာရပ်နေတဲ့ မစ္စဟန်နီကို အတန်းရှေ့မှာ ရပ်ပြီး ခြေထောက်ကား ခါးထောက်ပြီး သုန်သုန်မှုန်မှုန်ကြည့်နေလိုက်တယ်။

ဒုတိယအတန်းက သူမရဲ့စားပွဲမှာ ခံစားချက်ကင်းမဲ့တဲ့ပုံစံနဲ့ ထိုင်နေတဲ့ မတေးဒါကတော့ အရာအားလုံးကို သေသေချာချာ စောင့်ကြည့်နေတယ်။

"နင်. ."ဆိုပြီး အပ်ချည်လုံးလောက်ရှိတဲ့ လက်ညှိုးနဲ့ထိုးပြီး ဝေဖရက်ဒီလို့ခေါ်တဲ့ ကောင်လေးတစ်ယောက်ကို အော်လိုက်တယ်၊ ဝေဖရက်ဒီကလည်း ရှေ့ဆုံးတန်းမှာ ထိုင်နေတာ၊ "မတ်တတ်ရပ်စမ်း"

ဝေဖရက်ဒီ မတ်တတ်ထ,ရပ်တယ်။

"သုံးအလီဇယားကို နောက်ပြန်ဆိုစမ်း"ဆိုပြီး စ,အနိုင်ကျင့်တော့တယ်။

"နောက်ပြန်လား" ဝေဖရက်ဒီက ထစ်ထစ်ငေါ့ငေါ့နဲ့ ပြန်ပြောတယ်၊ "နောက်ပြန်သင်ထားတာမှ မဟုတ်တာ"

"အဲဒါပဲ" မစ္စထရန့်ဘူလ်က အောင်မြင်တဲ့အသံနဲ့ အော်လိုက်တယ်၊ "နင်တို့ကို သူ ဘာမှ မသင်ပေးထားဘူး၊ ကဲ. . မစ္စဟန်နီ ပြီးခဲ့တဲ့အပတ်က သူတို့ကို ဘာဖြစ်လို့ ဘာတစ်လုံးမှ မသင်ဘဲနေရတာလဲ"

"အဲဒါကတော့ မမှန်ဘူးထင်တယ် ဆရာမကြီး" မစ္စဟန်နီက အရဲစွန့်ပြီး "သုံးအလီဇယားကို သူတို့အားလုံး သင်ပြီးသွားပြီ၊ ဒါပေမယ့် နောက်ပြန်သင်စရာအကြောင်းတော့ မရှိဘူးလို့ထင်တယ်၊ ဘယ်အရာကိုမဆို နောက်ပြန်သင်စရာ အကြောင်းမရှိဘူး၊ ဘဝရဲ့ဖြစ်စဉ်တစ်ခုလုံးကလည်း ဆရာမကြီး ရှေ့ကိုပဲသွားတာ. . ၊ ဥပမာပြောရရင် ဆရာမကြီး နောက်ပြန်စာလုံးပေါင်းနိုင်ပါ့မလားလို့ ကျွန်မ အရဲစွန့်ပြီး မေးကြည့်ချင်ပါတယ်၊ လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကျွန်မ တထစ်ချပြောရဲတယ်"

"ငါ့ကို ရှိုင်းရှိုင်းစိုင်းစိုင်း မဆက်ဆံနဲ့ မစ္စဟန်နီ" မစ္စထရန့်ဘူလ်က ခပ်ဒေါမာပြောလိုက်ပြီး ကံမကောင်း အကြောင်းမလှတဲ့ ဝေဖရက်ဒ်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်သွားပြန်တယ်။

"ကောင်းပြီကောင်လေး၊ ဒါဆို ငါမေးတာကို ဖြေ၊ ငါ့ဆီမှာ ပန်းသီး ခုနှစ်လုံး၊ လိမ္မော်သီးခုနှစ်လုံးနဲ့ ငှက်ပျောသီး ခုနှစ်လုံးရှိတယ်၊ ဒါဆိုရင် ငါ့ဆီမှာ အသီးအားလုံးပေါင်း ဘယ်နှစ်လုံးရှိပြီလဲ မြန်မြန်ဖြေ၊ မြန်မြန်တွက်၊ အဖြေပြန်ပေး"

"အဲဒါက ပေါင်းတာပဲ၊ သုံးအလီဇယားမှ မဟုတ်တာ"

"အသုံးမကျတဲ့ အစုတ်ပလုပ်ကောင်၊ လောက်လိုအကောင်၊ သုံးစားမရတဲ့ သတ္တဝါ၊ အဲဒါ သုံးအလီဇယားပဲ၊ အမျိုးမတူတဲ့ အသီးသုံးမျိုးနဲ့ ခုနှစ်လုံးစီ ရှိတယ်လေ၊ သုံး ခုနှစ်လီ နှစ်ဆယ့်တစ်ပေါ့၊ ဒါတောင် မသိဘူးလား၊ တုံးရဲ့၊ နောက်တစ်ခါ အခွင့်အရေး ထပ်ပေးမယ်၊ ငါ့ဆီမှာ အုံးသီး ရှစ်လုံး၊ မျောက်လွှဲကျော် ရှစ်ကောင်နဲ့ နင့်လို တုံးအေ ရှစ်ယောက်ရှိတယ်၊ အဲဒါဆို ငါ့ဆီမှာ စုစုပေါင်း အရေအတွက် ဘယ်လောက်ရှိလဲ၊ မြန်မြန်ဖြေစမ်း"

သနားစရာ ဝေဖရက်ဒ်ခမျာ တော်တော်လေးကို ပျာယာခပ်သွားတယ်၊ "နေဦး"ဆိုပြီး အော်တယ်၊ ပြီးတော့ "ခဏလေး နေပါဦး၊ ပေါင်းရဦးမယ်၊ အုန်းသီး ရှစ်လုံးရယ်၊ မျောက်လွှဲကျော် ခုနှစ်ကောင်ရယ်. . "၊ သူ့လက်ချောင်းတွေကိုသုံးပြီး စ,ပေါင်းတယ်။

"အသုံးမကျတဲ့ကောင်" မစ္စထရန့်ဘူလ်တစ်ယောက် စိတ်မထိန်းနိုင်တော့ဘူးနဲ့တူတယ်၊ "ဘာတွေစားနေလို့ ဦးနှောက်မရှိရတာလဲ၊ အဲဒါ ပေါင်းတာ မဟုတ်ဘူး၊ မြှောက်တာ၊ သုံး ရှစ်လီ ဒါမှမဟုတ် ရှစ် သုံးလီလား၊ သုံး ရှစ်လီနဲ့ ရှစ် သုံးလီက ဘာကွာလဲပြောစမ်း၊ ကောင်စုတ်လေး မြန်မြန်ဖြေ"

အခုဆိုရင် ဝေဖရက်ဒ်တစ်ယောက် အကြောက်လွန်ပြီး စကားပြောဖို့တောင် အသံမထွက်နိုင်တော့ဘူး ထင်တယ်။

ခြေနှစ်လှမ်းလောက်နဲ့ သူ့နားကို မစ္စထရန့်ဘူလ်ရောက်သွားပြီ ပြီးတော့ အံသြစရာကောင်းလှတဲ့ ကျွမ်းဘားအကကွက် ဆန်းဆန်းပေါ့တွေလား၊ ဒါမှမဟုတ် ဂျူဒို ကရာတေးလား မသိတဲ့ အကွက်တွေနဲ့ မျက်လှည့်ပြလိုက်တာ ဝေဖရက်ဒ်ကို ခြေတစ်ဖက်ကနေကိုင်ပြီး လေထဲမှာ ဇောက်ထိုး

www.burmeseclassic.com



မိုးမျှော် မြှောက်ပြီးသား ဖြစ်သွားတယ်၊ အသားဆိုင်တွေမှာ ကိုယ်လုံးတီး ကြက်တွေ တွဲလဲချိတ်ထားတဲ့အတိုင်းပေါ့။

ဝေဖရက်ဒ်ကို သူ့ရဲ့ခြေကျင်းဝတ်ကနေကိုင်ပြီး ဟိုဖက် ဒီဖက်လွှဲရင်းနဲ့ "ရှစ် သုံးလီနဲ့ သုံး ရှစ်လီက အတူတူပဲ၊ ပြီးတော့ အဖြေက နှစ်ဆယ့်လေး၊ ပြန်ဆိုစမ်း"

အဲဒီအချိန်မှာပဲ အတန်းရဲ့ ဟိုဘက်မှာရှိနေတဲ့ နိုင်ဂျဲလ်က မတ်တတ်ထရပ်၊ ကျောက်သင်ပုန်းကိုကြည့်ပြီး စိတ်လှုပ်ရှားစွာနဲ့ ထ,အော်တယ်၊ "မြေဖြူ. မြေဖြူ. . မြေဖြူကို ကြည့်ပါဦး. . ၊ သူ့ဘာသာသူ ရွေ့နေတယ်. . "

ကယောင်ချောက်ချားနဲ့ စူးစူးဝါးဝါးအော်လိုက်တဲ့ နိုင်ဂျဲလ်ရဲ့သံကုန်ဟစ်လိုက်တဲ့အသံကြောင့် မစ္စထရန့်ဘူလ်အပါအဝင် တတန်းလုံးမှာရှိတဲ့လူတွေအကုန်လုံး ကျောက်သင်ပုန်းကို မော်ကြည့်လိုက်ကြတယ်၊ အား. . ဟုတ်ပါ့ မြေဖြူခဲ အသစ်စက်စက်လေး တစ်တောင့်က ကျောက်သင်ပုန်းရဲ့အပေါ်မှာ သူ့ဘာသာသူ ရစ်သီရစ်သီနဲ့ စာရေးနေတော့တယ်။

"တစ်ခုခုရေးနေတာ၊ မြေဖြူခဲက တစ်ခုခုရေးနေတာ" နိုင်ဂျဲလ်က ထ,အော်ပြန်တယ်။

သိပ်သေချာတာပေါ့။

*''အဂ္ဂါသာ''*



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာတွေလဲ" မစ္စထရန့်ဘူလ် ထ,အော်ပြန်တယ်၊ သူမရဲ့ ပထမနာမည်ကို မမြင်နိုင်တဲ့လက်က ရေးနေတဲ့အတွက် သူမ တော်တော် ချောက်ချားနေပုံရတယ်၊ ဝေဖရက်ဒ်ကို အောက်ပြန်ချလိုက်တယ်၊ ပြီးတော့ ဘယ်သူ့ကိုမှန်းမသိ အော်နေပြန်တယ်၊ "ဘယ်သူလုပ်တာလဲ၊ အဲဒါ ဘယ်သူ ရေးနေတာလဲ" မြေဖြူခဲကတော့ သူ့ဘာသာသူ အေးအေးဆေးဆေး ရေးနေဆဲပဲ။

*"အဂ္ဂါသာ၊ ငါ မက်နက်စ်ပါ"*

*"မက်နက်စ်ပါ"*

အဲဒီနေရာမှာရှိတဲ့လူတိုင်း မစ္စထရန့်ဘူလ် လည်ချောင်းထဲက ဂလု ဆိုတဲ့အသံကြီးကို ကြားလိုက်တယ်။

*"မက်နက်စ်ပါ"*

*"အဲဒါကိုယုံပါ"*

မစ္စဟန်နီက မတေးဒါရှိတဲ့နေရာကို အလျှင်အမြန် လှမ်းကြည့်လိုက်တယ်၊ ကလေးငယ်က သူမရဲ့စားပွဲမှာပဲ ကိုယ်ကိုမတ်မတ်ထားပြီး ထိုင်နေတယ်၊ ခေါင်းကိုလည်း ခပ်မြင့်မြင့်လေးထားပြီး၊ ပါးစပ်ကိုတော့ တင်းတင်းစေ့ထားတယ်၊ မျက်လုံးတွေကလည်း ကြယ်တွေလိုပဲ အရောင်တောက်နေတယ်။

*"အဂ္ဂါသာ ချင်းနီကို အိမ်ပြန်ပေးလိုက်ပါ"*

အကြောင်းတစ်ခုခုကြောင့် လူတိုင်းက မစ္စထရန့်ဘူလ်ကို လှမ်းကြည့်ကြတယ်၊ ဒီမိန်းမကြီးရဲ့မျက်နှာမှာ အခုဆိုရင် နှင်းမှုန်တွေလို ဖြူစပ်ဖြူရော်ဖြစ်သွားပြီး သူမရဲ့ပါးစပ်ကလည်း ရေနည်းငါးလို ဖွင့်လိုက် ပိတ်လိုက်နဲ့ အသက်ပြင်းပြင်းရှူသံ၊ နှာမှုတ်သံတွေကို ဆက်တိုက်ကြားနေရတယ်၊

*"ချင်းနီကို ဘူလစာပေးလိုက်*
*ချင်းနီကို အိမ်ပြန်ပေးလိုက်*
*ပြီးရင် ဒီကနေ ထွက်သွား*
*အဲဒီအတိုင်း သာ မလုပ်ရင် နင့်ကို လာသတ်မယ်*
*နင် ငါ့ကို သတ်ခဲ့သလို နင့်ကို လာသတ်မယ်*
*နင့်ကို ငါ စောင့်ကြည့်နေတယ် အဂ္ဂါသာ"*

www.burmeseclassic.com

www.burmeseclassic.com



မြေဖြူခဲက ရေးတာရပ်သွားပြီး၊ အဲဒီနေရာမှာ ဟိုရွှေ့ ဒီရွှေ့လုပ်နေတယ်၊ ပြီးတော့ ရုတ်တရက်ပြုတ်ကျသွားပြီး နှစ်ပိုင်းကျိုးသွားတယ်။

ရှေ့ဆုံးတန်းက ကိုယ့်ခုံမှာ ပြန်ထိုင်လိုက်နိုင်တဲ့ ဝေဖရက်ဒ်က သံကုန်ဟစ်တော့တယ်၊ "မစ္စထရန့်ဘူလ် လဲကျသွားပြီ၊ မစ္စထရန့်ဘူလ် ကြမ်းပြင်ပေါ်မှာ လဲကျနေပြီ"

အဲဒီအချိန်က တကယ့်ကို ကျက်ကျက်အညံဆုံး အချိန်ဖြစ်ပြီး၊ တစ်တန်းလုံးက မြင်ကွင်းကောင်းကောင်းတစ်ခုကို မြင်နိုင်ဖို့ သူတို့နေရာကနေ အပြေးအလွှား ထ,ကြည့်ကြတယ်၊ ကျောင်းအုပ်ဆရာမကြီးရဲ့ ရောမ ခန္ဓာကိုယ်ကြီးက ကြမ်းပြင်ပေါ်မှာ ခြေကားယား၊ လက်ကားယားနဲ့ ခြေကုန်လက်ပန်းကျနေတယ်။

မစ္စဟန်နီက အတန်းရှေ့ကို ပြေးသွားပြီး၊ ဗုန်းဗုန်းလဲနေတဲ့ မစ္စထရန့်ဘူလ်ရဲ့ဘေးနားမှာ ဒူးထောက်လိုက်တယ်၊ "သူမေ့လဲသွားတာ"ဆိုပြီး အားလုံးကို အော်ပြောလိုက်တယ်၊ "သူ သတိမေ့နေတာ တစ်ယောက်ယောက် သူနာပြုဆရာမကို သွားခေါ်ပေးပါဦး" ကလေးသုံးယောက် အတန်းထဲကနေ ပြေးထွက်သွားတယ်။

ဒါမျိုးဆို အမြဲတမ်း အဆင်သင့်ဖြစ်နေတတ်တဲ့ နိုင်ဂျဲလ်က ဆရာမစားပွဲခုံပေါ်က ရေကရားကို အမြန်ယူလိုက်တယ်၊ "ကျွန်တော့်အဖေ ပြောဖူးတယ်၊ သတိမေ့နေတဲ့သူဆိုရင် ရေက အကောင်းဆုံးပဲတဲ့" ပြောပြောဆိုဆိုနဲ့ ရေကရားထဲမှာရှိတဲ့ ပါဝင်ပစ္စည်းတွေအားလုံးကို မစ္စထရန့်ဘူလ်ရဲ့ ခေါင်းပေါ်ကို လောင်းချလိုက်တယ်၊ ဘယ်သူ့ဘယ်သူကမှ အဲဒီလိုမလုပ်ဖို့ မကန့်ကွက်ကြဘူး။

မတေးဒါကတော့ သူမရဲ့စားပွဲမှာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေတုန်းပဲ၊ သူမအနေနဲ့ အတော်လေးကို သဘောကျနေတယ်၊ ဒီကမ္ဘာကြီးထဲက ရောက်တဲ့ ကောင်းကင်ရဲ့အမြင့်ဆုံးဖြစ်တဲ့နေရာ အဝေးဆုံးကြယ်ကို ထိတွေ့လိုက်သလို ခံစားနေရတယ်၊ သူမရဲ့ မျက်လုံးနောက်ကွယ်က စွမ်းအားတွေ စုစည်းလာပြီး ဦးခေါင်းအတွင်းပိုင်းက ပူပူနွေးနွေးအရည်တွေ ပန်းထွက်လာသလိုတောင် ခံစားသိနေတယ်၊ ပြီးတော့ မျက်လုံးတွေက ပူသထက်ပူလာသလို အရင်တုန်းကထက်တောင် ပိုပူလာပြီး မျက်တွင်းထဲကနေ အရှ၊ဝတ္တု၊

www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေးတွေ ပြေးထွက်သွားတယ်၊ ပြီးတော့ မြေဖြူခဲတစ်တောင့်ကို သူတို့ဘာသာမ,ပြီး စ,ရေးတော့တာပဲ၊ အဲဒီအဖြစ်အပျက်တွေအားလုံးက ရိုးရှင်းလွန်းလို့ သူမ ဘာမှ မလုပ်လိုက်သလိုပါပဲ။

ဆရာ၊ ဆရာမငါးယောက်နဲ့ ကျောင်းသူနာပြုဆရာမတို့ အတန်းထဲကို အပြေးတပိုင်းဝင်လာကြတယ်။

"အိုး. . ဟို နောက်ဆုံးတော့လည်း ကြမ်းပြင်ပေါ် ရောက်ပြီပေါ့"လို့ ဆရာတစ်ယောက်က အော်ပြောလိုက်တယ်၊ ပြီးတော့ ပြုံးဖြီးဖြီးနဲ့ "ဂုဏ်ယူပါတယ် မစ္စဟန်နီ"တဲ့။

"သူ့အပေါ် ဘယ်သူ ရေလောင်းချလိုက်တာလဲ"လို့ သူနာပြုဆရာမက မေးတယ်၊ နိုင်ဂျဲလ်ကလည်း ဂုဏ်ယူဝင့်ကြွားစွာနဲ့ "ကျွန်တော်လုပ်လိုက်တာပါ"လို့ ပြန်ဖြေတယ်၊ "တော်တယ်ကွယ့်"လို့ တခြားဆရာမတစ်ယောက်က ပြောတယ်၊ "နောက်ထပ် လောင်းလိုက်ရဦးမလား"လို့ မေးပြန်တယ်။

သူနာပြုဆရာမက "တော်ပြီ၊ သူ့ကို လူနာခန်းထဲ အမြန်သယ်သွားရမယ်"လို့ ပြောလိုက်ရတယ်။

မစ္စထရန့်ဘူလ်ကို ဆရာ၊ ဆရာမ ငါးယောက်စလုံးမနိုင်လို့ သူနာပြုဆရာမပါ ဝိုင်းမ,ရတယ်၊ ဒါတောင် ဒယိုးဒယိုင်နဲ့ အတန်းထဲကနေ ထွက်သွားကြရတာ။

မစ္စဟန်နီက ကလေးတွေဘက်လှည့်ပြီး "မင်းတို့အားလုံး ကစားကွင်းထဲသွားပြီး နောက်သင်ခန်းစာအချိန် ရောက်တဲ့အထိ ဆော့နေကြပေါ့"လို့ ပြောလိုက်တယ်၊ ပြီးတော့ သူမ ကျောက်သင်ပုန်းဘက်ကို လျှောက်သွားပြီး မြေဖြူခဲရေးခဲ့တာတွေ အကုန်လုံးကို ဖျက်ပစ်လိုက်တယ်။

ကလေးတွေအားလုံး အတန်းထဲက တန်းစီထွက်သွားကြပြီး၊ မတေးဒါလည်း သူတို့နဲ့အတူ ထွက်သွားဖို့ ပြင်ဆင်နေပြီ၊ ဒါပေမယ့် မစ္စဟန်နီနားကနေ သူမဖြတ်သွားတဲ့အချိန်မှာ သူမရဲ့ မှိတ်တုတ်မှိတ်တုတ်မျက်လုံးလေးတွေနဲ့ ဆရာမရဲ့မျက်လုံးတွေ အကြည့်ချင်းဆုံသွားတယ်၊ ဆရာမက သူမနားရောက်လာပြီး သူမကို နွေးနွေးထွေးထွေး ပွေ့ဖက်လိုက်တယ်၊ ပြီးတော့ အနမ်းတစ်ချက် ခပ်ဖွဖွလေး ပေးလိုက်တော့တယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com


(၂၀)

အဲဒီနေ့ညနေမှာ ကျောင်းအုပ်ဆရာမကြီး သတိပြန်လည်လာပြီး ချက်နှာဖြူဖတ်ဖြူရော်နဲ့ ပါးစပ်ပိတ်ပြီး ကျောင်းပရိဝုဏ်ထဲကနေ ထွက်ခွာသွားတယ်ဆိုတဲ့သတင်းက ပျံ့နှံ့လို့နေတော့တယ်။

နောက်နေ့မနက်မှာ မစ္စထရန့်ဘူလ် ကျောင်းကိုရောက်မလာပြန်ဘူး၊ နေ့လည်စာ စားချိန်မှာ ဒုကျောင်းအုပ်ဆရာကြီး မစ္စတာထရေးဘီက သူမ နေကောင်း၊ မကောင်းကို စုံစမ်းဖို့အတွက် သူမအိမ်ကို ဖုန်းဆက်ကြည့်ပါသေးတယ်၊ ဒါပေမယ့် ဘယ်သူမှ ဖုန်းမကိုင်ဘူး။

ကျောင်းဆင်းသွားတော့ အကျိုးအကြောင်းသိရအောင် မစ္စထရန့်ဘူလ်နေထိုင်တဲ့ ရွာရဲ့အစွန်ဘက် တောင်ကုန်းတွေနောက်က သစ်တောတွေကြားထဲမှာ မြုတ်နေတဲ့ အနီရောင်အိမ်လို့တွင်ပြီး ဂျော်ဂျီယန်ပုံစံဆောက်ထားတဲ့ ချစ်စဖွယ်အဆောက်အဦရှိရာကို မစ္စတာထရေးဘီ လမ်းလျှောက်ထွက်လာခဲ့တယ်။

ဘဲလ်တီးလိုက်တယ်၊ အသံမကြားရဘူး။

တံခါးကို ခပ်ကျယ်ကျယ်ခေါက်လိုက်တယ်၊ အသံ မကြားရဘူး။

"အထဲမှာ လူရှိလားဗျို့"လို့ အော်ခေါ်ကြည့်တော့ သော့ခပ်ထားတာကို အံသြစွာနဲ့ပဲ တွေ့ရတယ်၊ ဝင်သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ တိတ်ဆိတ်နေပြီး၊ တစ်ယောက်မှ မရှိဘူး၊ ဒါပေမယ့် ပစ္စည်းတွေကတော့ နေသားတကျပဲ၊ မစ္စတာထရေးဘီက အပေါ်ထပ်က အိပ်ခန်းမဆောင်ကို တက်သွားလိုက်တယ်၊ ဗီရိုတွေဖွင့်၊ အံဆွဲတွေကို ဆွဲ မကြည့်ခင်ထိ အရာအားလုံးက ပုံမှန်အတိုင်းပဲလို့ ထင်ရလောက်တယ်၊ ဒါပေမယ့် အကျီတွေ၊ အတွင်းခံတွေ၊ ဖိနပ်တွေ တစ်ခုမှ မရှိတော့ဘူး၊ အားလုံး ထွက်သွားကြပြီ။

သူကတော့ ခြေရာဖျောက်သွားပြီလို့ မစ္စတာထရေးဘီ တစ်ကိုယ်တည်း ရေရွတ်လိုက်တယ်၊ ပြီးတော့ ကျောင်းအုပ်ဆရာမကြီး ပျောက်သွားပြီဆိုတာကို ကျောင်းကတာဝန်ရှိသူတွေဆီ အကြောင်းကြားဖို့ ပြန်လာခဲ့လိုက်တယ်။

နောက်တစ်နေ့မနက်မှာ မစ္စဟန်နီရဲ့ဖခင် ဒေါက်တာဟန်နီရဲ့ နောက်ဆုံးသေတမ်းစာနဲ့ အထောက်အထားတွေကို တွေ့ရှိပြီဆိုတဲ့ တရားရုံးရှေ့နေဆီက အကြောင်းကြားစာကို စာတိုက်ကနေတစ်ဆင့် မစ္စဟန်နီ လက်ခံရရှိလိုက်တယ်၊ အဲဒီ သေတမ်းစာထဲမှာတော့ အခုအချိန်ထိ မစ္စအဂ္ဂါသာထရေးဘူလ် အပိုင်စီးထားတဲ့ ရွာရဲ့အစွန်ဘက်က အနီရောင်အိမ်ကြီးရဲ့ ပိုင်ရှင် အစစ်ကတော့ မစ္စဟန်နီလို့ ဆိုထားတယ်၊ နောက်ထပ်ပါရှိတာကတော့ သူ့ဖခင် တစ်သက်တာ စုဆောင်းထားတာတွေကိုလည်း သူမကိုပဲ လွှဲပေးခဲ့တယ်၊ တရားရုံးရှေ့နေရဲ့ စာထဲမှာ မစ္စဟန်နီအနေနဲ့ တတ်နိုင်သမျှ အမြန်ဆုံး တရားရုံးကို ဆက်သွယ်ပေးဖို့ ပြောထားပြီး၊ အဲဒါမှသာ ပိုင်ဆိုင်တဲ့ပစ္စည်းတွေနဲ့ ငွေတွေကို သူမရဲ့နာမည်နဲ့ အမြန်ဆုံးလွှဲပြောင်းပေးနိုင်မှာလို့ ဆိုထားတယ်။

မစ္စဟန်နီလည်း အဲဒီအတိုင်းပဲ ဆောင်ရွက်ခဲ့ပြီး၊ နောက်ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ သူမကြီးပြင်းခဲ့ရာ မိသားစုပိုင် ပရိဘောဂနဲ့ စာအုပ်တွေ အရင်အတိုင်းရှိနေသေးတဲ့ အနီရောင်စံအိမ်ကို သူမပြောင်းသွားနိုင်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး ကျောင်းဆင်းပြီး ညနေတိုင်း မတေးဒါကို အနီရောင်အိမ်ကြီးက တံခါးမရှိကြိုဆိုနေတယ်၊ ပြီးတော့ ဆရာမနဲ့ ကလေးငယ်တို့ရဲ့ ခင်မင်မှုကလည်း ပိုပြီးခိုင်မြဲလာတယ်။

ကျောင်းမှာတော့ တော်တော်ထူးခြားတဲ့ ပြောင်းလဲမှုတွေ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မစ္စထရန့်ဘူလ် လုံးဝပျောက်ကွယ်သွားပြီဆိုတာ သေချာသလောက် ဖြစ်သွားပြီးပြီးချင်း တကယ်စိတ်ရင်းကောင်းတဲ့ မစ္စတာထရေးဘီကို သူမနေရာမှာ အစားထိုးခန့်အပ်လိုက်တယ်၊ အဲဒီနောက် သိပ်မကြာခင်မှာဘဲ မတေးဒါကို အမြင့်ဆုံးအတန်းမှာ သင်ကြားစေခဲ့တယ်၊ မစ္စဟန်နီပြောသလိုပဲ ဒီကလေးဟာ တော်တော်လေးဉာဏ်ထက်တာကို မတေးဒါရဲ့ အတန်းပိုင်ဆရာမ မစ္စပလင်းစိုး သိလာခဲ့တယ်။

တစ်ညနေမှာတော့ ကျောင်းဆင်းတာနဲ့ မစ္စဟန်နီရဲ့ အနီရောင်စံအိမ်ထဲက မီးဖိုချောင်ခန်းထဲမှာ မတေးဒါနဲ့ မစ္စဟန်နီတို့ ထုံးစံအတိုင်း လက်ဖက်ရည်သောက်နေကြတုန်း မတေးဒါက ရုတ်တရက်ပြောလိုက်တယ်၊ "သမီးဆီမှာ ထူးဆန်းတာတစ်ခု ဖြစ်သွားတယ် ဆရာမ"

"ပြောပါဦး"

"ဒီနေ့မနက်မှာ သမီးက အပျော်သဘောနဲ့ တစ်ခုခုကို သမီးမျက်လုံးသုံးပြီး ရွှေ့ကြည့်တော့ ရွှေ့လို့မရတော့ဘူး၊ ဘာမှရွှေ့မသွားဘူး၊ မျက်လုံးနောက်က အပူဓာတ်ကိုတောင် မခံစားမိတော့ဘူး၊ တန်ခိုးစွမ်းအားတွေ မရှိတော့ဘူး၊ လုံးဝ ပျောက်သွားပြီလို့ ထင်တယ်"

မစ္စဟန်နီက ပေါင်မုန့်တစ်ချပ်ကို ထောပတ်နဲ့ သေသေချာချာသုပ်လိုက်ပြီး၊ အဲဒီအပေါ်ကနေ စတော်ဘယ်ရီယို နည်းနည်းထပ်တင်လိုက်တယ်၊ "အဲဒီလိုမျိုး ဖြစ်လိမ့်မယ်လို့ ဆရာမ ထင်ထားပြီးသားပါ"

"သိပြီးသားဟုတ်လား. . ဘာကြောင့်လဲ"

"အင်း. . ဆရာမ တွေးကြည့်တာပါ၊ အတန်းထဲမှာ သမီးနေရတုန်းက ဘာမှလုပ်စရာ မရှိဘူးလေ၊ လှုပ်ရှားရုန်းကန်ရတယ်ဆိုတာ မရှိဘူးလေ၊ အဲဒီတော့ သမီးရဲ့ဦးနှောက်ကြီးက စိတ်ဓာတ်ကျလွန်းလို့ ရူးမတတ်ဖြစ်နေတာပေါ့ သမီးခေါင်းထဲမှာ ပွက်ပွက်ဆူပြီး ပလုံစီထ,သလိုမျိုး ဖြစ်နေတယ်၊ အဲဒီထဲမှာ စုနေတဲ့စွမ်းအင်တွေက သွားစရာနေရာ မရှိဘူးဖြစ်နေတယ်၊ အဲဒီစွမ်းအင်တွေကိုထုတ်ပြီး အရာဝတ္ထုတွေကို တွန်းနိုင်တာ၊ ဒါပေမယ့် အခုကျတော့ အားလုံးကပြောင်းလဲသွားပြီ၊ သမီးထက် အသက်နှစ်ဆပိုကြီးတဲ့ကလေးတွေနဲ့ ယှဉ်ပြိုင်ပြီး ထိပ်ဆုံးအတန်းမှာ တက်နေရတာဆိုတော့ ဒီတစ်စွမ်းအားတွေအတုန်လုံး အတန်းထဲမှာပဲ အသုံးချနေရတယ်၊ သမီးရဲ့ဦးနှောက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံးအကြိမ် လှုပ်ရှားရုန်းကန်ပြီး အလုပ်များနေတယ်၊ ကောင်းတဲ့ လက္ခဏာတစ်ရပ်ပေ့ါ၊ အဲဒါကတော့ သမီးမှတ်ထားရမယ့် သီအိုရီတစ်ခုပဲ"



"အဲဒီလို ဖြစ်သွားတဲ့အတွက်လည်း သမီး ဝမ်းသာပါတယ်၊ သမီး ဘဝတစ်လျှောက်လုံးမှာ အံ့ဖွယ်သားကောင်းအဖြစ်နဲ့ မနေချင်ဘူး"

"သမီးအနေနဲ့ တော်တော်လေး လုပ်ဆောင်ခဲ့ပြီးပါပြီ၊ ဆရာမအတွက် သမီးလုပ်ပေးခဲ့တာတွေကို ဆရာမဖြင့် ယုံတောင်မယုံနိုင်ဘူး"

ခွေးခြေရှည်ပေါ်မှာထိုင်ပြီး မီးဖိုချောင်စားပွဲပေါ်ကိုမှီနေတဲ့ မတေးဒါ သူမရဲ့ပေါင်မုန့်နဲ့ယိုကို ဖြေးဖြေးချင်းဝါးစားနေတယ်၊ မစ္စဟန်နီနဲ့အတူနေ တဲ့ ဒီလိုနေ့လည်ခင်းတွေကို သူမ သိပ်နှစ်သက်မိတယ်၊ မစ္စဟန်နီကလည်း သူမရှိနေတဲ့အတွက် စိတ်အနှောင့်အယှက်မဖြစ်မိဘဲ နှစ်ယောက်သား ညီ ညီမျှ စကားတွေဖောင်ဖွဲ့လေ့ရှိတယ်။

"ဆရာမ သိလား၊ ကြွက်တစ်ကောင်ရဲ့ နှလုံးခုန်နှုန်းက တစ်မိနစ် ခြောက်ရာ့ငါးဆယ်ကြိမ် ရှိတယ်တဲ့"

"ဟင့်အင်း၊ ဆရာမ မသိဘူး၊ စိတ်ဝင်စားစရာကောင်းလိုက်တာ သမီး ဘယ်စာအုပ်ထဲကနေ ဖတ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စာကြည့်တိုက်က စာအုပ်တစ်အုပ်ထဲကပါ၊ အရမ်းမြန်လွန်းတော့ နှလုံးခုံသံ တစ်ခုနဲ့တစ်ခုကို သေချာခွဲခြားပြီး မကြားနိုင်ဟော့ဘူး၊ တစ်စီစီ မြည်သံလို ဖြစ်နေမှာပဲ"

"ဟုတ်မယ်နော်"

"ဖွတ်တစ်ကောင်ရဲ့ နှလုံးခုန်နှုန်းကရော ဘယ်လောက်ထိမြန်လဲ သိလား ဆရာမ"

"ပြောပြပါဦး" မစ္စဟန်နီက ခပ်ပြုံးပြုံးနဲ့။

"ကြွက်လောက်တော့ မမြန်ဘူး၊ တစ်မိနစ်ကို အကြိမ်သုံးရာနှုန်း ခုန်တယ်၊ ဒါပေမယ့် အရမ်းမြန်တဲ့ သတ္တဝါကျတော့ နှလုံးခုန်နှုန်း အရမ်းနှေးတယ်ဆိုတာ ဆရာမ မသိဘူးမို့လား"

"မသိဘူး၊ ပြောပြပါဦး"

"မြင်းလေ. . . အရမ်းနှေးတယ်၊ တစ်မိနစ်ကို လေးကြိမ်ပဲခုန်တယ်"

ဒီကလေးကြည့်ရတာ အားလုံးကို စပ်စပ်စုစုနဲ့ စိတ်ဝင်စားတယ်လို့ မစ္စဟန်နီ တွေးနေမိတယ်၊ သူနဲ့အတူ နေလို့ကတော့ ဘယ်တော့မှ ပျင်းရမှာ မဟုတ်ဘူး။

သူတို့နှစ်ယောက်က မီးဖိုချောင်ထဲမှာ တစ်နာရီ ဒါမှမဟုတ် ဒီ့ထက် ကြာတဲ့အထိ ထိုင်ပြီး စကားပြောနေလေ့ရှိတယ်၊ ညနေခြောက်နာရီလောက် ကျတော့ မတေးဒါက မစ္စဟန်နီကိုနှုတ်ဆက်ပြီး ရှစ်မိနစ်လောက်သာလမ်း လျှောက်ရတဲ့ သူမမိဘအိမ်ကို ပြန်လာတယ်၊ သူမအိမ်ကိုရောက်တော့ အပြင် ဘက်မှာ အနက်ရောက် မာစီးဒီးကားကြီးတစ်စီး ရပ်ထားတာကို တွေ့ရတယ်၊ အဲဒီကားကို သူမ သိပ်ဂရုစိုက်မနေပါဘူး၊ သူမအဖေရဲ့ အလုပ်ရုံမှာဆိုရင် ဒီ့ထက်ထူးဆန်းတဲ့ကားတွေတောင် မကြာခဏရပ်ထားလေ့ရှိသေးတာပဲ၊ ဒါ ပေမယ့် အိမ်ထဲကိုဝင်လိုက်တော့ လုံးဝပြောင်းဆန်ခတ်နေတာကို သူမ ထိတ်လန့် တကြားနဲ့ တွေ့လိုက်ရတယ်၊ သူမအဖေရော အမေရော အဝတ်အစားတွေနဲ့ အခြားပစ္စည်းတွေကို ခရီးဆောင်သေတ္တာတွေထဲ စိတ်လှုပ်ရှားစွာနဲ့ ထိုးသိပ် ထည့်နေကြတယ်။

"ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘာတွေဖြစ်နေကြတာလဲ ဖေဖေ"

"ငါတို့ သွားတော့မယ်" သူမ ဖခင်က မော်တောင်ကြည့်နိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အပြေးတစ်ပိုင်း ပြန်ဖြေတယ်၊ "လေဆိပ်ကို နောက်နာရီဝက်အတွင်း ရောက်သွားရမယ်၊ အဲဒီတော့ နင့်ပစ္စည်းတွေ မြန်မြန်ထည့် နင့်အစ်ကိုက အပေါ်ထပ်မှာ အဆင်သင့်ဖြစ်နေပြီ၊ မြန်မြန်လုပ် ကောင်မလေး၊ မြန်မြန်သွား"



"ထွက်သွားမယ် ဟုတ်လား၊ ဘယ်ကိုလဲ"

"စပိန်. . အဲဒီမှာ ဒီနိုင်ငံစုတ်ထက် ရာသီဥတုကောင်းတယ်"

"စပိန်. . . သမီး စပိန်ကို မသွားချင်ဘူး၊ သမီး ကျောင်းမှာပဲ သင်ချင်တယ်"

"ပြင်းတာရပ်ပြီး၊ ခိုင်းတဲ့အတိုင်းလုပ်စမ်း၊ နင်မရှိဘဲနဲ့ကိုငါမှာ တော်ပြဿနာရှုပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် . . . ဖေဖေ"

"ပါးစပ် ပိတ်ထားစမ်း၊ နောက်နာရီဝက်အတွင်း ထွက်သွားမယ်၊ အဲဒီလေယာဉ်ကို လွတ်သွားလို့ မဖြစ်ဘူး"

"ဘယ်လောက်ကြာကြာနေမှာလဲ ဖေဖေ၊ ဘယ်တော့လောက် ပြန်လာမှာလဲ"

"ပြန်မလာတော့ဘူး၊ ကဲ. . တော်ပြီ၊ ငါ အလုပ်ရှုပ်နေတယ်"

မတေးဒါ လှည့်ထွက်ခဲ့ပြီး အရှေ့တံခါးကနေ အပြေးတစ်ပိုင်း ထွက်ခဲ့တယ်၊ လမ်းပေါ်ရောက်တာနဲ့ စ,ပြေးတော့တာပဲ၊ မစ္စဟန်နီအိမ်ကို တည့်တည့် ဦးတည်နေပြီ၊ အဲဒီကို လေးမိနစ်မပြည့်တပြည့်မှာ ရောက်သွားတယ်၊ တရှူးထိုးပြေးဝင်သွားပြီး အရှေ့ဥယျာဉ်လေးမှာ သစ်ကိုင်းညှပ်ကပ်ကျေးတစ်ချောင်းနဲ့ နှင်းဆီပန်းခင်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ မစ္စဟန်နီကို တွေ့လိုက်ရတယ်၊ ကျောက်စရစ်ခဲလေးတွေအပေါ်က ဖြတ်ပြေးလာတဲ့ မတေးဒါရဲ့ ခြေသံတို မစ္စဟန်နီကလည်း ကြားနေရပြီ၊ ကလေးငယ် အပြေးရောက်လာတဲ့အချိန်မှာ သူမကလည်း နှင်းဆီပန်းခင်းထဲကအထွက်၊ အပြင်မှာ မတ်တတ်ရပ်မိရက်သားပဲ။

"အိုး. . အိုး. . ဘယ်လိုဖြစ်လာရတာတုန်း"

သူမရှေ့မှာ မတ်တတ်မရပ်ခင် မတေးဒါရဲ့ မျက်နှာတစ်ခုလုံး ကြက်သွေးရောင် ဖုံးလွှမ်းနေပြီး လူကလည်း ဟောဟဲလိုက်နေတယ်။

"သူတို့ ထွက်သွားတော့မယ်၊ သူတို့အားလုံး ရူးသွားကြပြီ၊ သူတို့အားလုံး သေတ္တာတွေထဲ ပစ္စည်းတွေ သိမ်းထည့်နေပြီ၊ စပိန်နိုင်ငံကို နောက်နာရီဝက်အတွင်း ထွက်သွားတော့မယ်တဲ့"

"ဘယ်သူတွေလဲ" မစ္စဟန်နီကလည်း ညင်ညင်သာသာလေးပဲ မေးလိုက်တယ်။

"ဖေဖေ၊ မေမေနဲ့ သမီးအစ်ကို မိုက်ကယ်ပေါ့၊ သမီးလည်း သူတို့နဲ့ အတူသွားရမယ်လို့ ပြောတယ်"

"အပန်းဖြေ ခရီးထွက်ကြမှာလား"

"တစ်သက်လုံးနေမှာ၊ ဖေဖေကပြောတယ် ဒီကို တစ်သက်လုံး ပြန်လာတော့ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခဏလောက်တိတ်ဆိတ်သွားပြီး၊ မစ္စဟန်နီက "တကယ်တော့ ဆရာမ မအံ့ဩမိတာ အမှန်ပဲ"

"သူတို့သွားမယ်ဆိုတာ ဆရာမ သိနေတယ်ပေါ့"

"မဟုတ်ဘူး ကလေး၊ သူတို့ ထွက်သွားမယ်ဆိုတာ ဆရာမ မသိပါဘူး၊ ဒါပေမယ့် ဒီသတင်းကတော့ ဆရာမကို လုံးဝမအံ့ဩစေဘူး"

"ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲဆိုတာ ပြောပြပါ" သူမကတော့ ပြေးထားရတဲ့အရှိန်နဲ့ တုန်လှုပ်မှုတွေရောထွေးပြီး၊ အသက်ရှူမဝသေးဘူး ဖြစ်နေတယ်။

"ဘာကြောင့်လဲဆိုတော့ သမီးရဲ့အဖေက ရာဇဝတ်မှု တော်တော်များများထဲမှာ ပါဝင်ထားလို့ပဲ၊ အဲဒီအကြောင်းကို ရွာထဲက လူတိုင်းသိပါတယ်၊ ဆရာမ အထင်အရတော့ တစ်နိုင်ငံလုံးကနေ ခိုးလာတဲ့ကားတွေကို သူက လက်ခံပြီးဝယ်တယ်လေ၊ အဲဒီလုပ်ငန်းထဲမှာ သူ အတော်ပျော်ဝင်နေပြီ"

သူမကို မတေးဒါ ပါးစပ်အဟောင်းသားလေးနဲ့ ငေးကြည့်နေတယ်။

မစ္စဟန်နီက ဆက်ပြောတယ် "လူတွေက ခိုးလာတဲ့ကားတွေ သမီးအဖေရဲ့ ကားအလုပ်ရုံဆီကို ယူလာတယ်၊ အဲဒီမှာ သမီးရဲ့အဖေက ကားနံပတ်ပြားကိုလဲပြီး ကားဘော်ဒီနဲ့ ကျန်တဲ့နေရာတွေကို ဆေးအရောင်ပြောင်းသုတ်လိုက်တယ်၊ အခုတော့ တစ်စုံတစ်ယောက်က သူ့အကြောင်းကို ရဲတွေဆီသတင်းပေးလိုက်ပုံရတယ်၊ အဲဒီတော့ သူတို့လိုလူမျိုးတွေ လုပ်နေကျအတိုင်း ရဲတွေမဖမ်းနိုင်တဲ့ စပိန်လိုနိုင်ငံမျိုးကို ထွက်ပြေးတော့မှာပေါ့၊ အဲဒီကို သူ ငွေတွေ အားလုံးပို့ထားပြီးသွားပြီလေ၊ သူရောက်လာဖို့အတွက်ကိုပဲ ဟိုမှာ အဆင်သင့် စောင့်နေကြတယ်"

လှပတဲ့ အနီရောင်ကြွေပြားတွေကပ်ထားပြီး မီးခိုးခေါင်းတိုင်ရှည်တစ်ခု ပိုင်ဆိုင်တဲ့ အနီရောင်စံအိမ်ရှေ့က မျက်ခင်းပေါ်မှာ သူတို့နှစ်ယောက် မတ်တတ်ရပ်နေကြတယ်၊ မစ္စဟန်နီရဲ့ လက်ထဲမှာတော့ ကပ်ကြေးကို ကိုင်ထားဆဲ၊ အဲဒီအချိန်က နွေးထွေးတဲ့ရွှေအိုရောင် ညနေခင်းလေးတစ်ခုပါ၊ မြေလူးငှက်တစ်ကောင်ကလည်း အနီးနားတစ်နေရာရာမှာ သီချင်းတညည်းနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ လိုက်မသွားချင်ဘူး" မတေးဒါက ရုတ်တရက် ထ,အော်တယ်၊ "သူတို့နဲ့ မသွားဘူး"

"သမီး သွားရလိမ့်မယ်"

"ဆရာမနဲ့ပဲ ဒီမှာ နေခဲ့ချင်တယ်၊ သမီးကို ဆရာမနဲ့ နေခွင့်ပြုပါ"

"ဆရာမ ဆုတောင်းရုံကလွဲပြီး မတတ်နိုင်ဘူး၊ အဲဒါ မဖြစ်နိုင်ဘူးလေ၊ သမီး မနေချင်တာနဲ့ သမီးရဲ့မိဘတွေကို စွန့်ပစ်လိုက်လို့ မရဘူးလေ၊ သမီးကို သူတို့နဲ့အတူ ခေါ်ဆောင်သွားခွင့် ရှိတယ်"

"သူတို့ သဘောတူတယ်ဆိုရင်ရော သူတို့က ဟုတ်ကဲ့လို့ ပြောရင်ရော၊ ဆရာမနဲ့အတူ နေလို့ရမလား၊ အဲဒါဆိုရင် ဆရာမနဲ့အတူ ပေးနေမှာလား. . . ဟင်" မတေးဒါက စိတ်အားထက်သန်စွာနဲ့ မေးလိုက်တယ်။

"အင်းပေါ့. . အဲဒါဆိုရင်တော့ အကောင်းဆုံးပေါ့"

"သူတို့ ခွင့်ပြုလိမ့်မယ်လို့ သမီးထင်တယ်၊ သူတို့ ခွင့်ပြုမှာသေချာတယ်၊ သမီးကို သူတို့က နည်းနည်းလေးမှတောင် ဂရုမစိုက်ဘူး"

"သိပ်မမြန်နဲ့ ကလေး"

"မြန်မြန်သွားမှ ဖြစ်မှာ၊ သူတို့က အချိန်မရွေး ထွက်သွားကြတော့မှာ၊ မြန်မြန်လာ ဆရာမ" မတေးဒါက မစ္စဟန်နီရဲ့လက်ကို အပြေးတပိုင်းဆွဲပြီး အော်ပြောတယ်။



"သမီးနဲ့လိုက်ခဲ့ပြီး သူတို့ကို မေးကြည့်ပေးပါ၊ ဒါပေမယ့် မြန်မြန်သွားမှ ဖြစ်မှာ၊ ပြေးရမယ်"

နောက်တခဏမှာတော့ သူတို့နှစ်ယောက်စလုံး အပြေးသုတ်ထွက်လာကြပြီး လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုရောက်လာကြတယ်၊ မတေးဒါက ရှေ့ကနေပြီး မစ္စဟန်နီရဲ့လက်ကို ဆွဲပြီး တော်တော်မြန်တဲ့အရှိန်နဲ့ တောလမ်းတစ်လျှောက်၊ အဲဒီနောက် ရွာလယ်ခေါင်လမ်းမကြီးကိုဖြတ်ပြီး မတေးဒါ မိဘတွေနေထိုင်ရာ အိမ်ကို ရောက်လာကြတယ်၊ အနက်ရောင် မာစီးဒီးကားကြီးက အပြင်မှာရပ်ထားတုန်း အခု ကားရဲ့ နောက်ဖုံးနဲ့တံခါးတွေအားလုံးကို ဖွင့်ထားပြီး ဝမ်းဝုဒ်စုံတွဲရော မတေးဒါရဲ့အစ်ကို မိုက်ကယ်ပါ ပုရွက်ဆိတ်လေးတွေ အစာစုတဲ့အတိုင်း ပစ္စည်းတွေ တနင့်တပိုး သယ်ထုတ်လာကြတယ်၊ မတေးဒါနဲ့ မစ္စဟန်နီတို့ ရောက်သွားတဲ့အချိန်က အတော်ပါပဲ။

"ဖေဖေနဲ့မေမေ" မတေးဒါ ဟောဟဲလိုက်ရင်း ပြောလိုက်တယ်၊ "ဖေဖေ တို့နဲ့ သမီးမလိုက်ချင်ဘူး၊ ဒီမှာပဲ မစ္စဟန်နီနဲ့ အတူနေခဲ့ချင်တယ်၊ ဖေဖေတို့ သာခွင့်ပြုမယ်ဆိုရင် နေလို့ရတယ်လို့ ဆရာမက ပြောတယ်၊ ခွင့်ပြုတယ်လို့ ပြောပါဖေဖေ၊ မြန်မြန်ပြောပါ၊ မေမေ ခွင့်ပြုတယ်လို့ မြန်မြန်ပြောပါ"

ဖခင်ဖြစ်သူက မစ္စဟန်နီကို လှည့်ကြည့်ပြီး "ဟိုတစ်ခါက ကျုပ်တို့ ကို လာတွေ့တဲ့ ဆရာမ မို့လား"လို့ ပြောပြီး ကားထဲကို သေတ္တာတွေ ထိုး သိပ်ထည့်ဖို့ ပြန်လှည့်ထွက်သွားတယ်။

သူ့ရဲ့ဇနီးသည်က "ဒီသေတ္တာတွေကိုတော့ နောက်ထိုင်ခုံတွေမှာ ဘင်လိုက်၊ ကားနောက်ခန်းထဲမှာ မဆံ့တော့ဘူး"

"မတေးဒါကို လိုချင်ပါတယ်၊ သူ့ကို ကောင်းကောင်း စောင့်ရှော မှာပါ မစ္စတာဝမ်းဝုဒ်၊ ကုန်ကျစရိတ်တွေအားလုံးကို ကျွန်မတာဝန်ယူသွား မှာပါ၊ အဲဒီအတွက် မစ္စတာဝမ်းဝုဒ်ကို ပဲနီတပြားမှ မကုန်စေရပါဘူး၊ ဒါ မယ့် အဲဒါကတော့ ကျွန်မရဲ့အကြံအစည်မဟုတ်ပါဘူး၊ မတေးဒါရဲ့ အကြံ ဒါပေမယ့် လိုလိုလားလားနဲ့ လိုက်လျောတဲ့ခွင့်ပြုချက်မပါဘဲနဲ့လည်း သူ့ ခေါ်မထားပါဘူး"

"မြန်မြန်လုပ် ဟယ်ရီ" သေတ္တာတစ်လုံးကို ကားနောက်ခန်းထဲ ရင်း မစ္စစ်ဝမ်းဝုဒ်က ပြောလိုက်တယ်၊ "သူ သွားချင်နေတာပဲ၊ ခွင့်ပြု ပေါ့၊ ကျုပ်တို့အကျက် ထိန်းဖို့ တစ်ယောက်သက်သာသွားတာပေါ့"

"ကျုပ် ချင်လိုနေတယ် ဒီလေယာဉ်ပျံကို မီမှဖြစ်မယ် တက

ချင်တယ်ဆိုရင်လည်း နေခွင့်ပြုလိုက်ပါ၊ ကျုပ်ဘက်က ကိစ္စမရှိပါ

www.burmeseclassic.com

www.burmeseclassic.com



မတေးဒါက မစ္စဟန်နီကို ချီခိုင်းပြီး၊ သူမကို ဖက်တွယ်လိုက်တယ်၊ မစ္စဟန်နီကလည်း ပြန်ဖက်ထားလိုက်တယ်၊ ပြီးတော့ အဖေ အမေနဲ့ အစ်ကို ဖြစ်သူတို့ သုံးယောက်သား ကားထဲဝင်သွားပြီး တာယာတွေငြီးတွားသံနဲ့အတူ ကားက အဝေးကို ထွက်ခွာသွားတယ်၊ အစ်ကိုဖြစ်သူက ကားနောက်မှန်ကနေ လက်ပြနေပေမယ့် ကျန်တဲ့နှစ်ယောက်ကတော့ လှည့်တောင်မကြည့်ကြဘူး၊ မစ္စဟန်နီက ကလေးငယ်ကို ပွေ့ချီထားဆဲဖြစ်ပြီး၊ သူတို့နှစ်ယောက်စလုံး လမ်းရဲ့အဆုံး အလွန်ဝေးကွာတဲ့နေရာမှာ အနက်ရောင်ကားကြီး ထာဝရ ပျောက်ကွယ်သွားတဲ့အထိ စကားတစ်လုံးမှမပြောကြဘဲ မတ်တတ်ရပ်ကျန်ရှိ နေခဲ့တော့တယ်။



ရှင်မိမယွန်း
(၁၇ - ၄ - ၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com



ရိုးလ်ဒ်ဒေါလ်
**Roald Dahl**

စာရေးဆရာ ရိုးလ်ဒ်ဒေါလ်ကို ၁၉၁၆ ခုနှစ်က ဝေလပြည်နယ်၊ လန်ဒက်ဖ်မှာ မွေးဖွားခဲ့ပါတယ်၊ စိန့်ပီတာမှာရှိတဲ့ လန်ဒက်ဖ်ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ ပညာသင်ကြားခဲ့ပြီး၊ ရှဲလ်ရေနံကုမ္ပဏီရဲ့ အရှေ့အာဖရိက ကိုယ်စားလှယ်၊ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဗြိတိသျှဘုရင့်တော်ဝင်လေတပ်ရဲ့လေယာဉ်မှူး၊ လေတပ်စစ်သံမှူး၊ စာရေးဆရာ စတဲ့လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။

စာရေးဆရာ ရိုးလ်ဒ်ဒေါလ်က ကလေးတစ်ယောက်ရဲ့ဘဝမှာနေထိုင်တဲ့ပုံစံကို အမြဲမှတ်မိနေပြီး၊ "မတေးဒါ"ကို ရေးတဲ့အချိန်မှာ အဲဒါကို ခေါင်းထဲမှာ အမြဲထည့်ထားခဲ့တယ်လို့ဆိုပါတယ်၊ တစ်ခါတုန်းက သူပြောဖူးတာကတော့ "ကလေးရှုထောင့်ကနေ ဘဝကိုကြည့်ချင်ရင် ဒူးထောက်၊ လက်ထောက်ပြီး ကိုယ့်ကိုလွှမ်းမိုးနေတဲ့ လူကြီးတွေကို မော်ကြည့်ရမယ်"တဲ့ သူမရဲ့ဘဝမှာ ဆိုးသွမ်းတဲ့လူကြီးတွေကို အနိုင်ယူခဲ့တဲ့ မတေးဒါရဲ့ အောင်မြင်မှုတွေ အဲဒီသီအိုရီကို အခြေခံထားတာပါ။

မတေးဒါ စာအုပ်ဟာ ၁၉၈၈ခုနှစ်နဲ့ ၁၉၉၉ခုနှစ်များအတွင်း ကလေး စာပေဆုရရှိခဲ့ပြီး၊ ခုနှစ်နှစ်ကနေ ဆယ့်တစ်နှစ်အရွယ် ကလေးငယ်ပေါင်း တစ်သောင်းငါးထောင်ကို သုတေသနလုပ်ထားတဲ့ "*World Book Day*" မှာ လူကြိုက်အများဆုံး ကလေးစာအုပ်အဖြစ် အရွေးခံခဲ့ရပါသေးတယ်၊

၁၉၉၀ခုနှစ် ကွယ်လွန်ချိန်မှာတော့ ရိုးလ်ဒ်ဒေါလ် အသက်ခုနှစ်ဆယ့် လေးနှစ်ရှိပါပြီ၊ အောက်ပါ စာတန်းလေးတွေကတော့ "မတေးဒါ"ကိုဖန်တီး ခဲ့တဲ့ စာရေးဆရာ ရိုးလ်ဒ်ဒေါလ် ဘဝတစ်လျှောက်လုံး လက်စွဲကျင့်သုံးခဲ့တဲ့ ဆောင်ပုဒ်လေးပါပဲ။

*"My candle burns at both ends*
*It will not last the night*
*But ah my foes and oh my friends*
*It gives a lovely light"*

အဲဒီဆောင်ပုဒ်လေးကို ဝေမျှခံစားရင်း "မတေးဒါ"ကိုဖတ်ရှု ပေးကြတဲ့ ပရိတ်သတ်ကြီးကို အစဉ်လေးစားလျက်. .

ရှင်

www.burmeseclassic.com